www.burmeseclassic.com

# နှင်းသမီး

လွတ်လပ်စွာ မြတ်နိုးခွင့်



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖျူးစာပေ)

အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊

(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

အတွင်းဖလင်

ကိုပေါက်ဖုန်း: ၀၉ ၄၂၀ ၂၄၃၃၃၂၇

ပုံနှိပ်ခြင်း

ပထမအကြိမ်၊

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး

ဖျူးစာပေ

၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃

နတ်သမီး

လွတ်လပ်စွာ မြတ်နိုးခွင့်

ဖျူးစာပေ ၊ ၂၀၁၄။

၂၅၆ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) လွတ်လပ်စွာ မြတ်နိုးခွင့်

## အခန်း (၁)

ဘရပ်(ရှ်) ကြီးကြီးဖွားဖွား နူးနူးညံ့ညံ့လေးက ကျွန်မပါးပြင်တစ်လျှောက် လူးချည်ဆန်ချည် ရွေ့လျားနေ၏။ ဒါက ကျွန်မရဲ့ပါးမို့လေးကို တောက်ပလင်းလက်သွားစေအောင် ဖန်တီးဆင်ယင်ခြယ်သနေခြင်းဖြစ်သည်။

ထိုင်မသိမ်းဝတ်စုံ အနီရောင်၊ အနီရောင်မှ တကယ့်ကို အနီရဲရဲ၊ စိုလက်တောက်ပနေသော အနီရောင်။ အပေါ်က ရွှေအိုရောင်ကျောက်စီလေးများ ကျဲပက်ထားသော အနီ။ ထိုအနီနှင့်ထပ်တူထပ်မျှ ရှုန်းစိုကြွရွနေစေသည့် အနီရောင်တောက်တောက် နှုတ်ခမ်းဆိုးဆေး။

ကမ္ဘာပေါ်က ရှိသမျှသော သတို့သမီးတို့၏အပြုံးများထဲတွင် ဒီကနေ့ ဒီအချိန် ဒီဟိုတယ်ခန်းမမှာ မိန်းမတစ်ယောက်၏အလှပဆုံးအချိန်အတွက် ပြင်ဆင်ခြယ်သခံနေရသော ကျွန်မ၏အပြုံးက အတောက်အလင်းလက်ဆုံး ဖြစ်ပါလိမ့်မည်။

ဖျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲဆိုတော့ ဒီမင်္ဂလာပွဲဟာ ကျွန်မအဖြစ်ချင်ဆုံး အောင်မြင်မှုတစ်ခုဖြစ်နေခဲ့လို့ပင်။ တစ်ခုပဲ အဲဒီအောင်မြင်မှုနောက်မှာ ပျော်ရွှင်ခြင်းတွေ ကပ်ပါလာစေချင်မိသည်။ အဲဒီအတွက်လည်း ကျွန်မ အမြဲတမ်း ကြိုးစားအားထုတ်ခဲ့ရတာ။

ခုချိန်မှာ ကျွန်မအတောင့်တရဆုံးတစ်ခုက ကျွန်မဘဝတစ်လျှောက်လုံး အသက်တမျှ ချစ်ရသူနှင့် ပျော်ရွှင်ချမ်းမြေ့သာယာမှုကို အတူတကွ ရရှိပိုင်ဆိုင်လိုခြင်းပင် ဖြစ်၏။

ဒါဟာ ဘဝနှစ်ခု ပေါင်းစပ်ခြင်း၊ တစ်ခုတည်းဖြစ်သွားသော ဘဝကိုတစ်ယောက်တစ်ဝက် ခွဲဝေတာဝန်ယူရခြင်း။

ဒီလိုဆို ကျွန်မလိုပဲ သူကရော ပျော်ရွှင်အောင်၊ စိတ်ချမ်းသာအောင် လုပ်ဆောင်ပေးပါ့မလား။ ကျွန်မသည် မြတ်နိုးတန်ဖိုးထားအပ်သော မိန်းမတစ်ယောက်အဖြစ် ဆက်ဆံခံရပါ့မလား။

အို ကျွန်မရဲ့ချစ်လှစွာသော သတို့သားဆီကပေါ့။ ဘယ်သူ့ဆီကများ ထပ်ဖြစ်နိုင်သေးလို့လဲ။

''သတို့သမီးရေ စိတ်ကူးတွေယဉ်ပြီး ပြုံးနေတာလား၊ နောက်တစ်နာရီလောက်ဆို အဲဒီစိတ်ကူးတွေ တကယ်ဖြစ်လာတော့မှာပဲဟာ''

အလှပြင်ပေးနေသည့် မာမီက မျက်လုံးမှိတ်ပြုံးနေမိသော ကျွန်မကို စကားဆို၏။ ကျွန်မအတွေးတွေ အဝေးတစ်နေရာဆီ လွင့်စင်ထွက်ပြေးကုန်ပြီး မျက်လုံးကို သာသာလေး ဖွင့်လိုက်သည်။ အဲဒီလို သာသာလေးမဖွင့်လို့လည်း မရ။ ထူထူစိပ်စိပ် မျက်တောင်တုတွေကို





ကျွန်မရဲ့မျက်ခွံလေးတွေက မနိုင်မနင်း ထမ်းပိုးထားရသည်လေ။

''စိတ်ကူးတွေယဉ်ရတာပေါ့ရှင်၊ ဒီအချိန်အတွက်ကို ဘယ်လောက်တောင် မျှော်လင့်ခဲ့ရတာလဲ၊ မာမီကတော့ ဒါမျိုးတွေ ဘယ်သိမလဲ ဟွန့်''

''အမယ်လေး ဒါမျိုးတွေ စိတ်မဝင်စားလို့ တစ်ကိုယ်တည်း အပျိုကြီးလုပ်နေတာပေါ့လို့''

ကျွန်မသည် မိန်းမစိတ်ပေါက်နေသောယောကျ်ားတွေရဲ့ စကားပြောပုံ ခပ်နွဲ့နွဲ့လေယူလေသိမ်းကို ကြားမိတိုင်း စိတ်မထိန်းနိုင်စွာ ရယ်ချင်မိတတ်သူပီပီ ခုလည်း ထိန်းထားသည့်ကြားက မျက်နှာက ပြုံးစိစိဖြစ်သွားရ၏။

''ဘာတုံး သတို့သမီးက တို့ပြောတာကို မယုံလို့လား၊ မျက်နှာက ပြုံးစိစိနဲ့ ဟင်း''

သူက စိတ်ကောက်သွားဟန် လုပ်နေလေပြန်တော့ ကျွန်မ မထိန်းသိမ်းနိုင်တော့စွာပင် ရယ်လိုက်မိ၏။

''ကဲပါ ကျွန်မကို စိတ်ကောက်မနေနဲ့တော့နော်၊ တော်ကြာ စိတ်ကောက်ပြီး ပြင်ပေးလို့ ကျွန်မမလှတော့ရင် ဘယ်လိုလုပ်မလဲ''

''အမလေး စိတ်ချ ဒါမျိုးကတော့ ဘယ်တော့မှ မဖြစ်စေရဘူး၊ မိတ်ကပ်လောကမှာ နာမည်တစ်လုံးနဲ့နေလာတာ၊ ဘယ်လို ဘယ်အနေအထားမှာပြင်ပြင် ဒီလက်က ဒီလက်ပဲ၊ လျှော့မသွားစေရဘူး၊ အထူးသဖြင့် သတို့သမီးလေးတွေကိုဆို အားလုံးထက် လှစေချင်တာ တို့ဆန္ဒပဲ''



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ကိုနောက်ဘက်သို့ အပြောင်သိမ်းပြီး တစ်ပတ်လျှို့ဆံထုံး ပုံလေးထုံးကာ ညာဘက်ဆီကနေ ရှေ့ရင်ဘတ်မှ ခါးဆီထိ ရှည်ကျနေသော ဆံတုတစ်ခုထည့်သည်။ အဲဒီ ဆံတုရဲ့အထက်ဆီမှာမှ ကြက်သွေးရောင်ရွှန်းစိုနေသည့် အပွင့်ကားကား ပန်းပွင့်တစ်ပွင့် ပန်ဆင်ပေး၏။ ဆံပင်၏ပြင်ဆင်မှုက သိပ်မကြာလိုက်ဘဲ ပြီးဆုံးသွားခဲ့ပြီ။

စိန်တစ်လုံးတည်း နားကပ်တစ်စုံ၊ လည်ပင်းမှာ စိန်လည်ကပ်တစ်ခု၊ ဦးခေါင်းပိုင်းအပြင်အဆင်ကို ထိုမျှသာ ရိုးရိုးရှင်းရှင်း ပြင်ဆင်စေဖို့ ကျွန်မကိုယ်တိုင် အကြံဉာဏ်ပေးခဲ့ခြင်းဖြစ်၏။ ကျွန်မရဲ့ချစ်လှစွာသော သတို့သားက ရှုပ်ရှုပ်ယှက်ယှက်တွေ မနှစ်သက်တတ်ဘဲ တည်ငြိမ်သော အလှကိုသာ ခံစားတတ်သူဖြစ်သည်။

''ကဲ အချိန်လည်းကပ်နေပြီ၊ ထိုင်မသိမ်း လဲဝတ်ရအောင်''

အင်္ကျီလဲဝတ်ရန် မှန်တင်ခုံပေါ်မှအထ အခန်းထဲသို့ မာန် ရောက်လာပြီး

''ခုထိ မလဲရသေးဘူးလား၊ ဒီမှာ သတို့သားတောင် အားလုံး ပြီးနေပြီ''

''ခုပဲ လဲတော့မလို့ပါ မာန်ရယ်''

''တကတည်း သူ့ကိုကျ မျက်နှာကို နည်းနည်းပါးပါး မိးထိုး မှန်ထိုးနဲ့ ပုံထွက်ကောင်းအောင် လိမ်းဖြီးပေးပါ့မယ်ဆိုတာကို ဖွတ်ငြင်းနေပြီး စောစောပြီးနေမှာပေါ့၊ သတို့သမီးဆိုတာမျိုးက တစ်သက်မှာ တစ်မင်္ဂလာပဲရှိတာ၊ အလှဆုံးဖြစ်အောင် ပြင်ရဆင်ရတာမျိုး၊ သွား





သတို့သား အပြင်ပြန်ထွက်တော့၊ ဒီမှာ ထိုင်မသိမ်းလဲတော့မယ်''

မာမို့စကားကြောင့် မာန် မျက်လုံးပြူးသွားသည်။

''မာမီကျတော့ အခန်းထဲမှာ ဆက်နေမှာမို့လား''

''ဟယ် ထိုင်မသိမ်းဆိုတာ ခုခေတ်ဂါဝန်တွေလို စွပ်ချလိုက်ရုံနဲ့ ပြီးတာမျိုးမှ မဟုတ်တာအေ၊ ကူရလုပ်ရဦးမှာပေါ့''

''တခြားမိန်းကလေးတွေ မရှိတော့ဘူးလားဗျာ၊ ခုဟာက မာမီကိုယ်တိုင်လဲပေးမှ ဖြစ်မှာတဲ့လား''

မာန့်မျက်နှာက အပျက်ပျက်။ ကျွန်မပင် မာန့်ကိုကြည့်ပြီး ရယ်ချင်လာမိ၏။

''ဩော် ကလေးတွေ အဝတ်လဲပေးသလိုမျိုး တစ်ခုချင်းစီ မာမီက လဲပေးမှာ မဟုတ်ပါဘူး၊ သူ့ဘာသာလုပ်ပြီးမှ လိုတာပိုတာလေး ပြင်ပေးမှာပါ၊ တကတည်း ဒီသတို့သားနှယ် ကဲရန်ကော''

မာမီ မျက်စောင်းထိုးကာ ထိုးကာနှင့် မာန့်ကို ပြစ်တင်လိုက်မှ မာန့်ခမျာ တောင်ရှည်လေးမ,ပြီး လှည့်ကြည့်လှည့်ကြည့်နှင့် ထွက်သွားတော့၏။

''တကယ် အကဲပိုတဲ့ သတို့သားပဲ ကြို ကြိုဖူးပေါင်တော်''

မာမီက မဲ့ကာရွဲ့ကာနှင့် ရေရွတ်ပြန်သည်။ ကျွန်မကတော့ မာန့်အကြောင်းကိုသိပြီးသူမို့ ဘာမှပြန်ပြောမနေတော့ဘဲ ပြုံးရုံသာ ပြုံးနေလိုက်မိ၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မာန်နဲ့ကျွန်မ စတွေ့ကြပုံက သိပ်တော့ မဆန်းကြယ်ပါ။ ကျွန်မ သူငယ်ချင်းတစ်ယောက်၏မိတ်ဆက်ပေးမှုဖြင့် သိကျွမ်းခဲ့ကြခြင်း ဖြစ်သည်။ စတွေ့သည့်နေ့တည်းက ကျွန်မကို စူးစိုက်ကြည့်နေခဲ့သော မာန့်မျက်ဝန်းတွေကို ကျွန်မ သတိထားမိခဲ့ခြင်းဖြစ်သည်။

ကျွန်မအသက်က နှစ်ဆယ့်ငါးနှစ်။ ဆယ်ကျော်သက်မိန်းကလေးတစ်ယောက်လိုမျိုး ယောကျ်ားတစ်ယောက်ရဲ့အကြည့်စူးစူးတွေမှာ ရင်ခုန်ရခြင်းမျိုး မဖြစ်ခဲ့ပေမယ့် မာန့်အကြည့်တွေကိုတော့ မှတ်မှတ်ထင်ထင် ရှိခဲ့သည်။

အဲဒီအကြည့်တွေက ရိုင်းပျသော တပ်မက်မှုအကြည့်တွေ မဟုတ်မှန်းလည်း ကျွန်မ သိသည်။ အဲဒါကြောင့်လည်း ထိုအကြည့်တစ်ခုတည်းနဲ့တင် မာန့်ကို သတိထားမိခဲ့ရသည်။ ဒါဟာ အချစ်တစ်ခုရဲ့အစ





ပျိုးခြင်းမှန်း ကျွန်မ မသိခဲ့တာတော့ အမှန်။ အဲဒီ အချစ်ဆိုတာကြီးကို ကျွန်မတစ်သက်နဲ့တစ်ကိုယ် မာန်နှင့်မှ စတင်သိကျွမ်းခဲ့ရခြင်းဖြစ်၏။

မာန်တို့အလုပ်နှင့်ကျွန်မတို့ကုမ္ပဏီက မနီးမဝေး။ ပြန်ရသည့် လမ်းကြောင်းကလည်း အတူတူမို့ တစ်ယောက်ကိုတစ်ယောက် မိတ်ဆက်ပေးခံရပြီးနောက်မှာ ကျွန်မတို့နှစ်ယောက်၏အိမ်ပြန်ချိန်တွေသည် အတူတကွ စကားတပြောပြော ဖြစ်လာခဲ့၏။

ကျွန်မ ငယ်ငယ်တုန်းက ခြံချင်းကပ်ကြီးပြင်းခဲ့ဖူးပြီးသည့် သူငယ်ချင်းလည်းဖြစ်၊ မာန်နဲ့တက္ကသိုလ်မှာ ကျောင်းနေဘက်သူငယ်ချင်းလည်းဖြစ်ခဲ့ပြီး ကျွန်မတို့နှစ်ယောက်ကို တွေ့ဆုံမိတ်ဆက်ပေးခဲ့သည့် ကျော်ကျော်တို့မိသားစုလိုက် နိုင်ငံရပ်ခြားသို့ ပြောင်းသွားပြီးနောက်မှာတော့ ကျွန်မတို့နှစ်ယောက်သည် တခြားသော သူငယ်ချင်းတွေထက် တစ်ယောက်ကိုတစ်ယောက် ပိုတွယ်တာလာမိ၏။ ပိုရင်းနှီး ပိုပွင့်လင်းလာခဲ့၏။

"အချစ်ဆိုတာ ငါတော့ သိပ်လက်မခံချင်သေးဘူး၊ ရည်းစားတွေအများကြီးထားဖူးပေမယ့် ငါ့ကိုသူတို့နားက ထွက်မသွားအောင် ဘယ်မိန်းမမှ ဆွဲမထားနိုင်သေးဘူး"

မာန်က ကောင်မလေးတွေတော်တော်များများနှင့်တွဲခဲ့ဖူးပေမယ့် အချစ်ဆိုတာကို သူ မသိသေးပါလို့ ဖွင့်ဟ၏။ ကျွန်မသည်လည်း ဘယ်ယောကျ်ားလေးနဲ့မှ မတွဲဖူးသည့်အတွက် အချစ်ဆိုတာကို မသိသေးကြောင်း တစ်ယောက်ကိုတစ်ယောက် ရင်ဖွင့်ခဲ့ကြဖူး၏။

www.burmeseclassic.com



မာန့်မှာပြတ်စဲသွားသော ရည်းစားဟောင်းပေါင်းများစွာနှင့် အတူ လက်ရှိတွဲနေသော ကောင်မလေးတစ်ယောက်ပါ ရှိနေကြောင်း သိခွင့်ရခဲ့သည့်နေ့ကတော့ ကျွန်မ ဘာကိုမှန်းမသိ စိတ်ပျက်လက်ပျက် ခံစားခဲ့ရဖူးသည်။

တစ်ခုခုကို လက်လွှတ်လိုက်ရသော ခံစားချက်မျိုး၊ လိုချင်နေသည့်ပစ္စည်းလေးကို တခြားသူတစ်ယောက်လက်ထဲမှာ ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်ထားတာ တွေ့လိုက်ရသော ခံစားချက်မျိုး။

အဲဒီခံစားချက်ကို ထိုအချိန်တုန်းကတော့ ဘာမှန်းရေရေရာရာ မပြောပြနိုင်ခဲ့ပေမယ့် ဒါဟာ အချစ်နဲ့ပတ်သက်ဆက်နွယ်နေမှန်း နောက်ပိုင်းမှာ သူ့အလိုလို သိခွင့်ရလာခဲ့သည်။ ဒါပေမဲ့ ကျွန်မရဲ့အချစ်တွေက သိပ်နောက်ကျနေခဲ့မှန်းလည်း ကျွန်မကိုယ်တိုင် သိနေခဲ့ပြီးသား ပဲလေ။

ကျွန်မအချစ်တွေကို မာန် မသိအောင် မနိုင်မနင်း ဖုံးဖိနေရပေမယ့် မာန့်ဆီက လိုတာထက်ပိုနေသော ဂရုစိုက်မှုလေးတွေကို ရလာချိန်မှာတော့ ကျွန်မ လောဘတက်လာမိပြန်၏။ ကျွန်မရင်ထဲက ခံစားချက်တွေကို မာန့်ကိုသိစေချင်လာမိ၏။ ဒါပေမဲ့ ကျွန်မဟာ မိန်းကလေး တစ်ယောက် မဟုတ်လား။ ဘယ်နိုင်ငံက မိန်းကလေးတွေ ဘယ်လောက်ပဲ ရည်းစားစကားစပြောကြသည့်နည်းစနစ်ကို ကျင့်သုံးနေပါစေ ကျွန်မကတော့ မိန်းကလေးတစ်ယောက်၏ချိုးနှိမ်မြဲသိပ်မှုကိုသာ ရွေးချယ်ခဲ့မိသည်။





"မြူ နင်ရော ရည်းစားလေးဘာလေး မထားချင်ဘူးလား"

"ပေါက်ပေါက်ရှာရှာဟယ် နင့်လိုမျိုး တွေ့တဲ့သူ ကြိုက်ရမှာ မျိုးလား"

ကျွန်မက မာန့်ကိုနှိပ်ကွပ်လိုက်သော စကားကြောင့် မာန့် မျက်လုံးတွေ ပြူးကျယ်ကုန်ပြီး

"အောင်မာ ငါက ဘယ်မှာ တွေ့ကရာ မိန်းကလေးကို ကြိုက် နေလို့တုန်း၊ ငါတွဲခဲ့တဲ့ မိန်းမတွေအားလုံး အလန်းလေးတွေ အမိုက်စား လေးတွေချည်းပဲ၊ သူ့ဟာနဲ့သူ ရှိပြီးသားတွေ၊ တစ်ယောက်မှ ပေါက်လွှတ် ပဲစား မပါဘူး"

"သြော် ဒါဆိုလည်း ငါမှားသွားပါတယ်၊ ခွင့်လွှတ်ပါနော် ဒါပေမဲ့ ငါ့ကိုရည်းစားထားဖို့တော့ မတိုက်တွန်းနဲ့ ဟုတ်ပြီလား"

"ဘာလဲ အပျိုကြီးမဖြစ်တော့မှာဆိုတော့ ခုတည်းက ခွ ခေါင်းအုံးလေးဖက်ပြီး အကျင့်လုပ်နေပြီပေါ့"

"ဟယ် ကြည့်စမ်း နင်မိုက်ရိုင်းလှချည်လား"

မာန့်လက်မောင်းကို တဖြန်းဖြန်းရိုက်ပစ်လိုက်ပေမယ့် မာန်က မရှောင်ဘဲ ကျွန်မကိုကြည့်ကာ ဟားတိုက်ရယ်မောနေခဲ့၏။

အကြည့်တစ်ခုကြောင့် ပေါက်ဖွားလာသော ကျွန်မရင်ထဲက အချစ်သည် အခုလိုမျိုး အနေနီးစပ်သည့်အခြေအနေများကြောင့် သံယောဇဉ်များပါ ထပ်မံတိုးပွားလာခဲ့ရသည်။ ဒီလိုဆို မာန်ကရော မိန်း ကလေးတွေနဲ့ နီးနီးစပ်စပ် ရှိနေခြင်းမျိုးများကို ရိုးနေခဲ့ပြီလား။ မာန့်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရော ကျွန်မခံစားရသလိုမျိုး ပူရှိန်းနွေးမြမှုတွေ မခံစားရဘူးလား။

မာန့်အတွက် ရိုးအီနေလောက်သော်လည်း ကျွန်မအတွက်က တော့ ယောကျ်ားလေးတစ်ယောက်နှင့်အလုပ်အတူပြန် စကားအတူပြော ရယ်မောပျော်ရွှင်ရင်ခုန်ရမှုမျိုးကို မာန်နဲ့မှ ပထမဆုံးအကြိမ် ကြုံတွေ့ ခံစားရခြင်းမို့ တစ်ကိုယ်လုံးက သွေးကြောတွေ ခပ်မြန်မြန် စီးဆင်းနေ သလို နွေးထွေးရှိန်းမြနေရ၏။

နှစ်ဦးနှစ်ဖက် သဘောတူကြည်ဖြူစွာ ချစ်ကြည်နူးခြင်းမဟုတ် ဘဲ တစ်ဦးတည်းကသာ တစ်ဖက်သတ် ချစ်နေရတာတောင် အချစ်ဆို တာက ဒီလောက်ထိ ကြည်နူးနွေးထွေးမှုကို ပေးစွမ်းနိုင်သတဲ့လား။ တစ်ယောက်ကိုတစ်ယောက် မြတ်နိုးတန်ဖိုးထားစွာ ချစ်မိသွားကြရင် အချစ်ဆိုတာ ဒီထက်အဆပေါင်းများစွာ ပျော်ရွှင်ချမ်းမြေ့သာယာမှုတွေ ကို ပေးစွမ်းနိုင်မှာပေါ့။

ကျွန်မသည် မာန့်ဆီက အချစ်တွေကို တမ်းတမ်းတတ လိုချင် လာမိ၏။ သို့သော် ဖွင့်ဟပန်ခံဖို့ကလည်း ဘယ်လိုမှ မဖြစ်နိုင်သည်မို့ တစ်ယောက်တည်း အိပ်ပျက်ခဲ့ရသည့် ညတွေကသာ များပြားလာခဲ့ရ သည်။

"ဒီရက်ပိုင်း နင်ဘာတွေဖြစ်နေတာလဲ မြူ"

မာန့်မေးခွန်းက ကျွန်မကို နေရထိုင်ရခက်စေခဲ့၏။ ကျွန်မ အမူအရာတွေက ပုံမှန်ထက်ပျက်ယွင်းနေခဲ့ပြီလား။

"ဘာဖြစ်လို့လဲဟ၊ နင်ကလည်း မေးပုံကြီးက"





"ဩော် ခက်တော့တာပဲ၊ ငါကအကောင်းမေးတာပါဟာ၊ နင့် ကြည့်ရတာ ထိုင်းထိုင်းမှိုင်းမှိုင်းနဲ့၊ ငါသိတဲ့ မြူက အမြဲပြုံးပြီး စနောက် နေတတ်တာ မဟုတ်လား"

ဟုတ်ပါရဲ့နော်။

ဒီရက်တွေမှာ ကျွန်မတစ်ယောက်တည်း မာန့်ဆီကအချစ်တွေ ကို တိတ်တခိုး မျှော်လင့်နေစိတ်တွေနဲ့ လုံးလည်ချာလည်လိုက်ကာ အရင်လို တက်တက်ကြွကြွ စနောက်ရယ်မောဖို့တောင် ခပ်မေ့မေ့ဖြစ် နေခဲ့သည်။

"နင် နေရောကောင်းရဲ့လား"

"ငါနေကောင်းပါတယ်၊ ဒီတိုင်းပဲ လကုန်ရက်ဆိုတော့ အလုပ် ပိတဲ့ဒဏ်တွေကြောင့် နည်းနည်းစိတ်ရှုပ်နေတာပါ"

"မသိပါဘူးဟာ၊ ငါက နင် ရည်းစားပူမိနေတယ်မှတ်လို့ ဟင်း ဟင်း"

"နင်ဘယ်လိုပြောလိုက်တာလဲ မာန်"

တကယ်ဆို မာန်က ကျွန်မကို အဲလိုပဲ ခဏခဏ စ,နေကျ။ ဒီတစ်ခါတော့ ကျွန်မ အရိုက်တည့်တည့်ကို ထိမှန်သွားသည်မို့ ကျွန်မရဲ့ တုန့်ပြန်လိုက်သည့်လေသံကလည်း အနည်းငယ် မာရေကျောရေနိုင်သွား ခဲ့သည်။

ကျွန်မရဲ့နီရဲသွားသော မျက်နှာနှင့် မြန်ဆန်သွားသော အသက် ရှူနှုန်းကြောင့် မာန်က ရယ်ကျဲကျဲမျက်နှာပေးကို ချက်ချင်း တည်မ



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"ငါက စ,တာပါဟ"

"နင် စ,တာဆိုရင်လည်း လူတစ်ဖက်သားကို စော်စော်ကားကားပုံစံမျိုးတော့ မလုပ်သင့်ဘူးမဟုတ်လား"

"နင်တကယ်စိတ်ဆိုးသွားတာလား မြူ"

ကျွန်မ ဘာစကားမှ ပြန်မဖြေခဲ့ဘဲ မာန့်ရှေ့မှ လှည့်ထွက်ခဲ့၏။ အချိန်တိုလေးအတွင်းမှာ ကျွန်မ မျက်နှာကိုကြည့်ပြီး ဘာခံစားနေရမှန်း အတပ်ပြောနိုင်လောက်သည်အထိ မာန် တော်ပါသည်။ စတာပဲဖြစ်ဖြစ် နောက်တာပဲဖြစ်ဖြစ် မာန်သည် ကျွန်မကိုအကဲခတ်သည့်နေရာမှာတော့ သိပ်ကိုတိကျမှန်ကန်နေခဲ့၏။

မာန့်ရှေ့မှာ ကြာကြာနေလျှင် ကျွန်မရဲ့မလုံတဲ့စိတ်တွေ ထပ်ထပ်ပြီး အလိမ်ပေါ်ဖို့သာ ရှိတော့သည်မို့ ခပ်မြန်မြန် ထွက်လာခဲ့ရခြင်းပါ။

အဲဒီလိုဖြစ်ပြီး နှစ်ရက်လောက်ထိ ကျွန်မသည် အလုပ်ကအပြန်တိုင်း မာန်နှင့်ဆုံနေကျ ရှမ်းခေါက်ဆွဲဆိုင်လေးသို့ မသွားတော့ဘဲ တခြားလမ်းကနေ တစ်ယောက်တည်း တိတ်ဆိတ်စွာ ပြန်ဖြစ်ခဲ့၏။ ကိုယ့်ကိုယ်ကိုယ်လည်း ထိုညက အပြက်အပျက်တွေက စိတ်ပျက်နေမိ၏။

တကယ်ဆို မာန်က ကျွန်မကို စ,နေနောက်နေကျပဲ။ ကျွန်မကသာ ကိုယ့်စိတ်ကို မလုံခြုံမှုတွေနဲ့ မှုပျက်ခဲ့ရတာ။ ကိုယ့်ကိုယ်ကိုယ် မထိန်းချုပ်နိုင်လိုက်တာ။

ကျွန်မ ညံ့လိုက်တာနော်။





မာန့်လို ကျွန်မကို အကဲခတ်တော်သည့်သူတစ်ယောက်အနေနဲ့ အဲဒီညက ကျွန်မ အမူအရာတွေကို ပြန်တွေးမိရင်တောင် ကျွန်မရင်ထဲက သူ့အတွက်ခံစားချက်တွေကို ရှာဖွေတွေ့ရှိသွားနိုင်ပါသည်။ အရင်လို မာန့်ကို မျက်နှာချင်းဆိုင်ဖို့မပြောနှင့်၊ ကိုယ့်ကိုယ်ကိုယ်တောင် ရှက်မိလွန်းလို့ ထိုအဖြစ်ကို ခဏခဏ ပြန်မတွေးရဲ။

ကျွန်မ နှလုံးသားရဲ့ ပထမဆုံးဖြစ်တည်လာသော ချစ်ခြင်းတရားသည် ဒီလိုမျိုး တစ်ဖက်သတ် သို့ဝှက်စွာဖြင့် နေထိုင်သွားရမည်လား။ ဒါဟာ တရားရဲ့လား။ အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူးဆို။

ဒီလိုသာဆို မာန့်မှာရည်းစားဘယ်နှယောက်ရှိရှိ ကျွန်မက ဘာမှုနေရဦးမှာလဲ။ မာန် ချစ်လာအောင် တစ်နည်းနည်းနဲ့ ကြိုးစားကြည့်လို့ရတာပဲမဟုတ်လား။ ကျွန်မဘက်ကစလို့ ဖွင့်ပြောသည့်နည်းကလွဲရင် တခြားသောနည်းတွေလမ်းတွေနဲ့ ကြိုးစားကြည့်လို့ရတာပဲ မဟုတ်လား။

ဟုတ်တယ်။ ကျွန်မမှာလည်း ကြိုးစားပိုင်ခွင့်ရှိရမယ်။ ဘာဖြစ်လို့လဲဆိုတော့ မာန့်ကိုချစ်သော ကျွန်မအချစ်တွေက ဘယ်သူ့အချစ်နဲ့ယှဉ်ယှဉ် အမြဲသာနေမှာမို့လို့ပဲ။ အချစ်မှာနောက်ကျခြင်း စောခြင်းဆိုတာတွေထက် အရာအားလုံးထက် ခိုင်မာမြဲမြံသော အချစ်ကသာ အနိုင်ရရမှာမဟုတ်လား။

ခုလက်ရှိ မာန်တွဲနေသော ကောင်မလေးရဲ့အချစ်ဆိုတာတွေက ကျွန်မအချစ်ကို မီမှာမို့လား။ မာန်ကိုယ်တိုင်ကလည်း မိန်းကလေးတွေနဲ့ တွဲသာတွဲနေခဲ့သော်လည်း အချစ်ဆိုတာကို ကိုယ်တိုင်ကြုံတွေ့ဖူးခြင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိသေးပါဘူးလို့ ဝန်ခံထားခဲ့တာပဲလေ။

မာန် မကြုံဖူးသေးသော အချစ်ကို ကျွန်မက မာန့်ရှေ့အရောက် ယူဆောင်ကြဉ်းပေးမည်။ ထိုအခါ ကျွန်မလိုပဲ မာန့်ရင်ထဲက ပထမဆုံး ပေါက်ဖွားလာသော အချစ်ဦးသည် ကျွန်မအတွက်သာ ဖြစ်စေရမှာပေါ့။

ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ် ကျေနပ်စွာပြုံးလိုက်မိ၏။ ကျွန်မသည် အချစ်အတွက် ဘာမဆို လုပ်လိုက်ဖို့ ဝန်မလေးသော မိန်းမ တစ်ယောက်ဘဝကို သေသေချာချာကြီး ခံယူလိုက်ပြီမို့

မာန့်ရေ နှင့်အချစ်တွေ ငါ့ဆီပေးဖို့ ပြင်ထားပါတော့နော်။

■ ■ ■



## အခန်း (၃)

အရင်နေ့တွေကကော် ဒီနေ့ မနက်စောစောစီးစီး နိုးနေခဲ့သည်။ ညက ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ် ကျေနပ်နေခဲ့သည်မို့ ခုနက် နိုးလာတော့လည်း လူက လန်းလန်းဆန်းဆန်းနှင့် အားအင်တွေပြည့်ဝနေသလို ခံစားရ၏။

ရေမိုးချိုးပြီး အလှပြင်ခုံတွင် ထိုင်မိတော့လည်း လူက စိတ်လိုလက်ရ ရှိနေသည်မို့ နှုတ်ခမ်းကို သပြေသီးမှည့်ရောင် ခပ်ထူထူဆိုးပြီး မျက်ဝန်းတွေကို ဆွဲဆောင်မှုရှိစေရန် ခပ်နက်နက် အိုင်းလိုင်နာလေးနှင့် ဆောင်ကွပ်လိုက်သည်။ ဂုတ်ထောက်ဆံပင်ကို သားရေကွင်းပျော့လေးနှင့် အနောက်ဘက်တွင် ခပ်လျော့လျော့လေး စည်းနှောင်လိုက်သည်။

အဖြူရောင် ရှပ်ကော်လံလက်ရှည် အစင်းဒီဇိုင်းအင်္ကျီကို



www.burmeseclassic.com

www.burmeseclassic.com



အောက်က ဒူးဖုံးရုံ့ ခရမ်းရင့်ရောင်စကပ်လေးထဲ ထည့်သွင်းဝတ်ဆင်လိုက်သည်။ အဖြူရောင်ကြိုးသေးသေး ခါးပတ်လေးကို ခါးပတ်ကွင်းလေးတွေထဲ ထိုးသွင်းဝတ်ဆင်ပြီးသွားတော့ ထမင်းစားခန်းဘက်သို့ ထွက်ခဲ့လိုက်၏။

ကော်ဖီဝိုင်းမှာ မုန့်အပြည့်နှင့် အသင့်ထိုင်စောင့်နေသော ဘွားကိုတွေ့လိုက်ရတော့ ကျွန်မ ပေါက်ပစ္စာပြုံးပြလိုက်မိ၏။ ပြီးခဲ့သည့် ရက်တွေတုန်းက မနက်စာကို ဒီလိုထိုင်စားဖို့တောင် ကျွန်မစိတ်တွေ လေးလံထိုင်းမှိုင်းနေခဲ့သည်။

အမျိုးဆိုလို့ တစ်ဦးတည်းရှိတော့သည့် ဘွားကိုလည်း စကားတွေဖောင်ဖွဲ့ဖို့ရာ ကျွန်မ စိတ်မပါနိုင်ခဲ့။

"ဒီမနက်တော့ ငါ့မြေးက သိပ်လှနေပါလား၊ ပြင်ဆင်ထားပုံကိုက တက်ကြွနေတယ်"

ဘွားက အသက်သာကြီးသော်လည်း ခေတ်ကို ဘယ်တော့မှ မျက်ခြေမပြတ်တတ်သူဖြစ်သည်။ ခေတ်လွန်အဝတ်အစားဒီဇိုင်းတွေကို အားမပေးသော်လည်း ခေတ်မီခြင်းကိုတော့ လက်ခံထားသော အမျိုးသမီးကြီးဖြစ်သည်။

ဘွားစကားကို ကျွန်မ သဘောကျစွာပင် ရယ်မောရင်း ဘွားနှင့် ဘေးချင်းကပ်ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။ အဆင်သင့်ငှဲ့ပေးထားသော ကော်ဖီကိုတစ်ငုံသောက်လိုက်ရင်း

"သမီးဆွဲထားတဲ့ ပရောဂျက်တစ်ခုကို ဒီနေ့ စအကောင်အထည် ဖော်မလို့လေ ဘွားရဲ့"

"ဘာပရောဂျက်လဲ သမီး၊ သီတင်းကျွတ်နီးလို့ Travels & Tours တွေနဲ့ချိတ်ပြီး ဟိုတယ်ခတွေကို Package နဲ့ လုပ်ဖို့လား"

ဘွားမေးခွန်းကြောင့် ကျွန်မစားနေသော ပေါင်မုန့်မီးကင်ပင်ပါးစပ်ထဲက ပြန်ထွက်ကျတော့မတတ် ရယ်ချင်သွား၏။

"ဘွားကလည်း ဒီအလုပ်အကြောင်းပဲ မေးနေတော့တာကိုး၊ သမီးလုပ်မှာက အလုပ်နဲ့မဆိုင်တဲ့ တခြားပရောဂျက်ပါ ဘွားရယ်"

"မသိပါဘူးအေ ငါ့မြေးများ ကုမ္ပဏီကို လက်လွှဲယူပြီး ဘွားကို အနားယူနိုင်းတော့ဖို့ အလုပ်တွေကြိုးကြိုးစားစား လုပ်နေပြီထင်လို့ပါ"

ဘွားက ဒီလိုပြောပြန်တော့လည်း ကျွန်မ သက်ပြင်းချရုံသာ တတ်နိုင်သည်။ ဘွားက ဘိုးဘိုးတည်ထောင်ခဲ့သောလုပ်ငန်းကို ဘိုးဘိုး ဆုံးပါးပြီးတည်းက ဆက်လက်ဦးဆောင်လာခဲ့ခြင်း ဖြစ်သည်။ အသက်လည်းကြီးလာပြီမို့ ကျွန်မလက်ထဲကို ကုမ္ပဏီအားလွှဲပြောင်းပေးချင်နေတာ ကြာလှပြီ။

ကျွန်မကသာ အောက်ခြေကနေ စလေ့လာချင်သောကြောင့် စာရင်းကိုင်ရာထူးလောက်နှင့်အောက်ပိုင်းတွင် တာဝန်ယူထားခဲ့ခြင်း ဖြစ်၏။ ကျွန်မဟာ ဘွားရဲ့တစ်ဦးတည်းသော မြေးဆိုတာလည်း လုပ်ငန်းခွင်ထဲမှ လူတော်တော်များများ မသိကြပါ။

မြို့ ငယ်စဉ်ကတည်းက ဘွားကို အကြိုအပို့ ကားမောင်းပေးရသော ဒရိုင်ဘာဦးဝင်းစိန်က လွဲပြီးတော့ပေါ့။





www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ ကျွန်မဘာယ်လိုပဲငြင်းငြင်း တစ်ချိန်ချိန်တော့ ဒီကုမ္ပဏီကို ကျွန်မဦးဆောင်ရမှာ မလွဲမသွေပါ။

ခုတော့ ကျွန်မ ဒီလိုကြီးလေးသော တာဝန်တွေကို မယူချင်သေးပါ။ ထို့ကြောင့်လည်း ဘွားကိုနှစ်သိမ့်ဖို့အပြင် ကျွန်မ ဘာမှမတတ်နိုင်ခဲ့။

"ဘွားကလည်း အနားယူချင်နေပြီလား။ ဘွားက အသက်သာကြီးနေတာ လူကလည်း နုတယ်၊ ကျန်းလည်းကျန်းမာတယ်၊ သန်လည်းသန်တုန်း မြန်လည်းမြန်တုန်း။ နောက်ထပ် အဘိုးတစ်ယောက်လောက်တောင် သမီးအတွက် ရှာပေးနိုင်သေးတဲ့ အနေအထားပါ"

"ဟယ် ဒီကောင်မလေး။ လူကြီးကို ဒါမျိုးနောက်စရာလား"

"နောက်တာ မဟုတ်ပါဘူး ဘွားရဲ့၊ သမီးက တကယ်ပြောနေတာပါ၊ ဘွား ဦးဆောင်နိုင်နေသေးတာကို သမီးက နေရာဝင်မယူချင်ပါဘူး၊ ဒါပေမဲ့ ဘွား မပူနဲ့နော်၊ တစ်ချိန်ချိန်တော့ သမီးကိုယ်တိုင် ဒီလုပ်ငန်းကို ဦးဆောင်မှာပါ၊ အဲဒါကြောင့်လည်း ခုချိန်မှာ လုပ်ငန်းကို အောက်ခြေကနေစပြီး တစ်ခုချင်းစီ လိုက်လေ့လာနေတာပေါ့"

"အေးပါ ဘွားကလည်း ငါ့မြေးကို ယုံလို့ အတင်းအကျပ်မပြောတာပါ၊ ဘယ်အလုပ်မဆို ကိုယ်ကပိုင်ရှင်ဆိုပြီး ခုံပေါ်မှာ ဒီတိုင်းထိုင်နေရုံသက်သက်ဆို မသမာတဲ့သူတွေနဲ့တိုးရင် အားလုံး ခက်ကုန်မှာလေ၊ ခုလို လုပ်ငန်းကိုနားလည်လာပြီးမှ အုပ်ချုပ်မှုပိုင်းကို ဝင်တဲ့လူနဲ့တော့ တခြားစီပေါ့ကွယ်"





"အဲဒါကြောင့် သမီးကိုအချိန်နည်းနည်းပေးပါဦးနော် ဘွား၊ သမီးကတိပေးပါတယ် ဘွားစိတ်မပျက်စေရပါဘူး"

မိတ်ကပ်ရောင်ထိပ်ဖွင့် လေဒီရှူးသုံးလက်မဒေါက်ကိုစီးပြီး ကားသော့ကို လက်ကိုင်အိတ်ထဲမှထုတ်ယူလိုက်ပြီးကာမှ မာန်ဟာ ကျွန်မရဲ့ အစစ်အမှန်ဘဝကို ဒီလိုဖြုန်းစားကြီးသိသွားရင် လက်ခံနိုင်ပါ့မလားဟူသော အတွေးက ရုတ်ခနဲ ဝင်လာပြန်သည်။

ကျွန်မကို ညနေတိုင်း သူနှင့်အတူ အလုပ်ကအိမ်ကို လမ်းလျှောက်ပြန်တတ်သော သာမန်ကောင်မလေးတစ်ယောက်အဖြစ်သာ မာန်ခင်မင်ဆက်ဆံခဲ့တာလေ။ ကျွန်မရဲ့အဆင့်အတန်းက ဒီလိုပါလို့ ဆိုင်းမဆင့်ဗုံမဆင့် ဖွင့်ပြလိုက်ရင် မာန့်ဘက်က အနည်းဆုံးတော့ ရှိုးတိုးရှန့်တန့် ဖြစ်သွားနိုင်ပါသည်။

ထိုအတွေးကြောင့်ပင် သုံးလက်မဒေါက် လေဒီရှူးလေးကို အသာပြန်ချွတ်ပြီး လမ်းလျှောက်သွားလို့ အဆင်ပြေနိုင်မည့် ဒေါက်မပါသည့် ပေါ့ပေါ့ပါးပါး လေဒီရှူးအနက်ရောင်လေးကိုသာ ဝတ်ဆင်လိုက်သည်။ ကားသော့ကိုလည်း အိတ်ထဲပြန်သိမ်းထားလိုက်၏။

"ဟဲလို မာန်"

"နှင် ဘယ်တွေပျောက်နေတာလဲ မြို့"

မာန့်အသံက သိချင်စိတ်တစ်ဝက် စိတ်တိုနေဟန်တစ်ဝက် ပေါက်နေသည်။

"ငါက ဘယ်ပျောက်ရမှာလဲ၊ မပျောက်လို့တောင် နှင့်ကို အခု



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်နေတာ မဟုတ်လား''

''ညနေတိုင်း နင်နဲ့ငါ အတူပြန်ဖို့ ရှမ်းခေါက်ဆွဲဆိုင်မှာ ထိုင်စောင့်နေတာ နင်က ဖုန်းလေးတစ်ချက်တောင် မဆက်ဘူး။ ငါ ဆက်လိုက်ရင်လည်း မကိုင်တာချည်းပဲ''

''ဩော် နင်ကလည်းလေ ငါက နှစ်ရက်လောက်ရှိပြီ နေမကောင်းလို့ အလုပ်ကတောင် ခွင့်ယူထားရတာ၊ ထတောင်မထနိုင်ဘူး၊ ဖုန်းတွေဘာတွေလည်း ဘယ်သူဆက်ဆက် မကိုင်နိုင်ပါဘူးဟယ်''

''နင်နေမကောင်းဘူး ဟုတ်လား။ ခုရော ဘယ်လိုနေသေးလဲ၊ အလုပ်ရော သွားနိုင်ပြီလား''

မာန်က စိတ်တိုနေဟန်လေသံကနေ ကျွန်မအပေါ် စိတ်ပူသလိုပုံလေး လေသံပြောင်းသွားသောကြောင့် ကျွန်မ ရင်ထဲက ကျေနပ်သွားမိသည်။ ဘယ်လိုပဲဖြစ်ဖြစ် မာန့်ရဲ့စိတ်ပူပန်မှုကြောင့် ကျွန်မ လိမ်လိုက်ရတာ အကျိုးမယုတ်တော့ဘူးပေါ့။

''ကောင်းသွားပါပြီဟာ ခုတောင် ကုမ္ပဏီရှေ့ရောက်နေပြီ၊ လမ်းလျှောက်ရင်းနဲ့ နင့်ကိုသတိရလို့ လှမ်းဆက်လိုက်တာ''

''တော်သေးတာပေါ့၊ ငါ့သတိရလို့ မသိပါဘူးဟာ ငါက နင့်ကို ငါစလိုက်တာကို နင် အရမ်းစိတ်ဆိုးပြီး ငါ့ကိုမခေါ်တော့ဘူးလို့ ထင်နေတာ''

ကျွန်မ နှုတ်ခမ်းလေးတွေ တွန့်ကွေးသွားအောင် ပြုံးလိုက်မိသည်။ နင့်ကိုငါ စိတ်ဆိုးတာ မဟုတ်ပါဘူး မာန်ရယ်၊ နင်က ငါ့စိတ်တွေ





ကို ထိုးထွင်းမြင်နေသလား မှတ်ရလောက်အောင် တော်လွန်းလို့ ငါ့ကိုယ်ငါ ရှက်မိသွားတာပါ။

''နင့်ကိုငါ စိတ်မဆိုးပါဘူး မာန်၊ ငါကနည်းနည်း စိတ်ရှုပ်နေတဲ့အချိန်မျိုးဆို အဲဒီလိုပဲ ဖြစ်တတ်တယ်၊ ငါ့အကျင့်ဆိုးတစ်ခုပေါ့ဟာ''

''ရပါတယ် ထားလိုက်တော့၊ ငါ ညနေကျရင် ရှမ်းခေါက်ဆွဲဆိုင်ကပဲ စောင့်နေမယ်နော်၊ နင်လာမှာမဟုတ်လား''

''လာမှာပေါ့၊ ငါက နင်မစောင့်နေမှာစိုးလို့ လှမ်းဖုန်းဆက်ပြီး သတိပေးတာလေ''

မာန်နှင့်ဖုန်းပြောပြီးသော်လည်း ဖုန်းကိုအိတ်ထဲပြန်မထည့်ဖြစ်သေး။ ထပ်တစ်နေရာဆီ ဖုန်းခလုတ်လေးများကို နှိပ်လိုက်၏။

''ဦးဝင်းစိန်လား မြူ အကူအညီတောင်းစရာလေး ရှိလို့ပါ''

''...''

'' HR ဌာနမှာ တစ်ချက်လောက် သွားစုံစမ်းပေးပါနော်၊ ဘယ် Post မှာ ဝန်ထမ်းတွေလိုနေလဲလို့၊ အထူးသဖြင့် မိန်းကလေးဝန်ထမ်းကို သိချင်တယ်''

''...''

''သိရတာနဲ့ မြူ့ဖုန်းကိုချက်ချင်းလှမ်းဆက်ပေးပါနော်၊ ဩော် ဦးဝင်းစိန် မြူ ခုလိုစုံစမ်းနိုင်းတာ ဘွား မသိပါစေနဲ့နော်''

ဖုန်းချပြီးသည်နှင့် စိတ်ထဲက လေးလံမှုတွေကို ခပ်မြန်မြန်ဖယ်ထားလိုက်၏။ ဘယ်လိုပဲဖြစ်ဖြစ် ကိစ္စတစ်ခုကို အကောင်အထည်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ရုန် ဆုံးဖြတ်ပြီးမှတော့ နောက်ဆုတ်ဖို့ရန် မတွေးတာ အကောင်းဆုံး ပဲမဟုတ်လား။

အဲဒီကိစ္စဟာ ဘယ်လောက်ပဲ ဆိုးရွားဖို့ ရည်ရွယ်ထားထား လေ။

■ ■ ■



## အခန်း (၄)

"ဗိုက်ဆာတယ်ဟာ၊ တစ်ခုခုစားချင်တယ်"

"ဘာစားမှာလဲ မှာလိုက်လေဟ"

"ဒါတွေ မစားချင်တော့ဘူး၊ ညနေတိုင်း စားနေရလို့ နည်းနည်း အီနေပြီ၊ ကန်တော်ကြီးထဲ သွားမလား၊ လေညင်းလေးလည်းခံရင်း တစ်ခုခုလည်း စားရင်းပေါ့"

ကျွန်မတောင်းဆိုမှုကို မာန်က တစ်ချက်တော့ စဉ်းစားဟန်ပြု၏။ သူ တစ်ခုခုကို မတင်မကျ ဖြစ်နေပုံပါပဲ။

"ဘာဖြစ်လို့လဲဟင်၊ နင်သွားစရာရှိလို့လား"

"ဟိုလို ထွေထွေထူးထူး သွားစရာတော့ မဟုတ်ပါဘူး၊ ငါ ကောင်မလေးနဲ့ ချိန်းထားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

မာန့်စကားကြောင့် ကျွန်မ ရင်ထဲ လှုပ်ခတ်သွားရတာ အမှန်။ မာန့်ဘဝမှာ အချစ်ဆိုတာကို မတွေ့ရှိသေးဘူးဆိုပေမယ့်လည်း သူ့ကောင်မလေးကိုတော့ ပစ်ပစ်ခါခါ မရှိတာ ကျွန်မ မှန်းကြည့်မိသည်။

"အဲဒီတစ်ယောက်ကို နင်တကယ်ချစ်လားဟင်"

ကျွန်မရဲ့မဆီမဆိုင် စကားကြောင့် မာန် နည်းနည်းလော့ကြောင်တောင်တောင်ပုံ ဖြစ်သွားကာ ဘာဖြေရမှန်းမသိ ခက်ခဲနေပုံပင်။

"ဘာလို့ အဲဒီလိုမေးတာတုန်း၊ နင့်ဟာကလည်း ငါပြောဖူးသားပဲလေ၊ ငါ့မှာ ဘယ်မိန်းကလေးကိုမှ ချစ်တတ်တဲ့စိတ် မရှိသေးပါဘူးလို့ ခုကောင်မလေးက ငါ့ကိုအရမ်း သည်းခံနားလည်ပေးနိုင်တယ်"

"နင့်ဘက်က မချစ်ဘူးဆိုတာ ဟုတ်ရောဟုတ်ရဲ့လားဟယ်၊ ခုတောင် နင် သူ့ကိုဂရုတစိုက်ရှိနေတာပဲဟာ"

"ဒါကတော့ဟာ ဘယ်လိုပဲဖြစ်ဖြစ် သူက ငါ့ရည်းစားအဖြစ်နဲ့ ရှိနေတာလေ၊ ငါ မအားဘူးဆိုပြီး သွားမတွေ့ဖြစ်တာလည်း သုံးလေးရက်လောက်ရှိနေပြီ၊ ဒီညတော့ သူ့ကိုနည်းနည်း လိုက်လျောလိုက်တဲ့ သဘောပါ"

"အကယ်၍ ငါက ဒီည ငါ့ကိုလိုက်လျောပါဆိုရင် နင် ဘယ်လိုဆုံးဖြတ်မှာလဲ"

ကျွန်မ မေးခွန်းက ပိုင်စိုးပိုင်နင်းနိုင်ပြီး တစ်ဖက်မိန်းကလေးကို ကိုယ်ချင်းမစာသလို ဖြစ်နေပေမယ့် မတတ်နိုင်ပါ။ မာန့်စိတ်ကို





သွေးတိုးစမ်းကြည့်ရန် ဒီနည်းလမ်းက အကောင်းဆုံးပဲမဟုတ်လား။

မာန့်မျက်နှာက တွေဝေငေးသွား၏။ ရွေးချယ်ရ ခက်ခဲနေပုံပါပဲ။ သူ့ကောင်မလေးဆီ သွားချင်လျက်နဲ့ ကျွန်မကို အားနာနေလို့များလား။ ဒါပေမဲ့ ကျွန်မက ဟိုကောင်မလေးဆီသွားရန် မာန့်ကိုရွေးချယ်ခွင့်မပေးနိုင်ပါ။

"ရာသီဥတုက တအားပူတော့ ကန်တော်ကြီးလိုနေရာမျိုးလေးသွားရရင် တော်တော်လေး နေလို့ထိုင်လို့ ကောင်းသွားမှာပဲ၊ အလုပ်ထဲမှာလည်း ငြီးစိစိပြီးဖြစ်လာတော့ လေညင်းလေးခံချင်တာပါ၊ ပြီးတော့ ငါ လခထုတ်ပြီးတည်းက နင့်ကိုလည်း ဘာမှမကျွေးရသေးဘူးလေ၊ ဗိုက်လည်းဆာတုန်း တစ်ခါတည်း တစ်ချက်ခုတ်နှစ်ချက်ပြတ် စဉ်းစားမိလို့"

"ငါလည်း ကန်တော်ကြီး မရောက်ဖြစ်တာတော့ တော်တော်လေးတောင် ကြာနေပြီ ငါ့ကောင်မလေးကိုပါ ခေါ်လိုက်ရင်ရော မကောင်းဘူးလား၊ အဲဒါဆို နှစ်ချက်တောင်မဟုတ်ဘူး သုံးချက်လောက်ပြတ်သွားပြီ"

စိတ်ထဲမှာ ဒေါသထောင်းခနဲ ဖြစ်သွားရတာတော့ အမှန်ပင်ဖြစ်၏။ မာန်က ကျွန်မနဲ့နှစ်ယောက်တည်း မသွားချင်သည့် သဘောလား။ ဒါမှမဟုတ် သူ့ကောင်မလေးနဲ့ ဒီည မတွေ့ရရင် မနေနိုင်လောက်အောင် ဖြစ်နေလို့လား။

"ဘယ်လိုလဲ ငါပြောတာကို နင် သဘောတူလား မြူ"



www.burmeseclassic.com

www.burmeseclassic.com



သဘောမတူပါဘူးလို့ ကျွန်မက ဘယ်လိုမျက်နှာနဲ့ ပြန်ဖြေရမှာလဲ။ ဒီတော့လည်း အပြုံးတုတစ်ခုကို မျက်နှာပေါ်မှာ ခပ်မြန်မြန် ဆင်မြန်းလိုက်ရသည်။

''သဘောမတူစရာ မရှိပါဘူးဟာ၊ တော်ကြာနေ နင်တို့နှစ်ယောက်ကြား ငါက ဝင်ရှုပ်သလိုဖြစ်နေမှာပဲ စိုးရိမ်တာ''

''ဟဟဟ အဲဒါတော့ စိတ်မပူနဲ့၊ ငါတို့နှစ်ယောက်က တခြားအတွဲတွေလို လူအလစ်ချောင်းနေတာမျိုးမရှိဘူး၊ ပုံမှန်ပဲ အတူတွဲ အတူစားသောက် စကားပြောရုံပါ''

''နင် အဆင်ပြေတယ်ဆိုလည်း ပြီးတာပဲလေ၊ နင့်ကောင်မလေးနဲ့က ဘယ်မှာချိန်းထားတာလဲ''

ရင်ထဲမှာ မနာလိုစိတ်တွေ ပြင်းထန်နေသော်လည်း မရမက ချိုးနှိမ်ထားပြီး ပြုံးပြုံးလေးနှင့်ချိုချိုသာသာ ပြောနေရတာ မွန်းကြပ်လွန်းလှပါသည်။ အဆိုးထဲက အကောင်းကိုသာ မျှော်လင့်ပြီး လုပ်ဖို့တော့ စိတ်ထဲမှာ ကြိုတင်ပြင်ဆင်ထားလိုက်၏။

ခုလိုမျိုး မာန့်ကောင်မလေးနဲ့ မျက်နှာချင်းဆိုင် ရင်းနှီးခွင့်ရတာက ကျွန်မထင်ထ.ပသလို ဆိုးရွားတာမျိုးလည်း ဟုတ်ချင်မှဟုတ်မှာပါလေ။ ကျွန်မအတွက် တစ်ခုခု အကျိုးအမြတ်လည်း ရှိနေနိုင်တာပဲ မဟုတ်လား။ အဓိကက ကျွန်မရဲ့လုပ်ဆောင်မှုပေါ် မူတည်နေတာပဲလေ။

ကျွန်မတို့နှစ်ယောက် ကန်တော်ကြီးထဲရောက်တော့ ပျားပန်းခတ် များပြားလှသော လူတွေ၊ မိသားစုလိုက် လေညင်းခံထွက်ကြသူတွေ





အတွဲကိုယ်စီနှင့် မှောင်ရိပ်ခိုကြသူတွေ သူငယ်ချင်းတွေ အုပ်စုလိုက် စားသောက်ပျော်ပါးနေကြသူတွေ ပိတ်ရက်မဟုတ်တာတောင် လူတွေ ဒီလောက်များနေတာ ပိတ်ရက်သာ လာမိရင် ကျွန်မတို့အေးအေးလူလူ ထိုင်စရာနေရာတစ်ခုတောင် ရှာတွေ့ဖို့ မလွယ်လောက်ပါ။

ကန်ဘောင်ကပ်ပြီး တဲပုံစံလေးတွေလုပ်ကာ တစ်ဝိုင်းစာထိုင်နိုင်အောင် စီစဉ်ထားသော ဆိုင်လေးတွင် ကျွန်မတို့နှစ်ယောက် နေရာယူလိုက်၏။ ဒီဆိုင်လေးက ကိုယ့်ဝိုင်းနှင့်ကိုယ် အေးအေးဆေးဆေး စိတ်ကြိုက်နေနိုင်သည်မို့ ကျွန်မ နှစ်သက်မိသည်။ ကချင်အစားအသောက်များ အဓိကထား ရောင်းချခြင်းဖြစ်၏။

ကျွန်မက ငါးမျှစ်ချဉ်ခေါက်ဆွဲတစ်ပွဲမှာလိုက်သည်။ မာန်ကတော့ ဗိုက်မဆာဘူးဆိုကာ သခွားသီးဖျော်ရည်တစ်ခွက်သာ သောက်၏။

''နင့်ကောင်မလေးက ဘယ်ချိန်လာမှာလဲ''

''နောက်တစ်နာရီလောက်မှ သူ့အလုပ်ပြီးမှာလေ''

''သူက စာရင်းပိုင်းကိုင်တာနော် ဟုတ်လား''

မာန့်ကောင်မလေးက အရောင်းစင်တာတစ်ခု၏ စီနီယာစာရင်းကိုင်အဖြစ် လုပ်ကိုင်နေကြောင်း မာန်ကိုယ်တိုင် ပြောပြထားသဖြင့် ကျွန်မ မှတ်မိနေပါသည်။

''အင်း ဟုတ်တယ် သူ့အိမ်နဲ့အလုပ်က ဝေးပြီး အပြန်လည်း နောက်ကျတော့ သူလည်း စိတ်နည်းနည်းညစ်နေတယ်နဲ့ တူပါတယ်၊ ဒါ့ကိုတောင် တခြားအလုပ်တစ်ခုခု ရှာနိုင်းနေသေးတယ်''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ လိုက်ခနဲ ပျော်သွားသည်။ ဒီလိုဆို ကျွန်မ ဖြစ်စေချင်တာတွေက သူ့အလိုလိုဖြစ်လာတော့မှာပါလား။ ကံကြမ္မာက ကျွန်မဘက်မှာ ရှိနေပြီပေါ့။

"ဟယ် တိုက်ဆိုင်လိုက်တာ မာန်ရယ်၊ ငါတို့ကုမ္ပဏီမှာလည်း စာရင်းဌာနမှာ လူလိုနေတယ်ဆိုပြီး ပြောသံတွေကြားနေရတယ်၊ နင့်ကောင်မလေးလာရင် ငါ ပြောကြည့်လိုက်ရမလား"

ကျွန်မပုံစံက တကယ့်ကို အားတက်သရော။ မာန်ကတော့ သူ့ကောင်မလေးအတွက် ကျွန်မတကယ့်ကို ကူညီချင်နေသည်ဟု ထင်သွားတဲ့ပုံပါပဲ။ သူလာရင် နင်ကိုယ်တိုင် ပြောကြည့်ပေါ့ တဲ့။

အို ထင်လိုက်စမ်းပါ။ အဲဒီလို မထင်မှာတောင် ကျွန်မက စိုးရိမ်နေရတာမဟုတ်လား။

ကျွန်မတို့ စားသောက်ပြီးစီးချိန်မှာပင် မာန့်ကောင်မလေး ရောက်လာပါသည်။ ကျွန်မတို့ထက် အသက်ငယ်ရွယ်မှန်း ကြည့်တာနှင့် သိသာသော ဖြူဖြူသွယ်သွယ်လေး မျက်နှာကျလေးလည်း လှသည်။ မျက်လုံးလေးကလည်း ဝိုင်းစက်ပြီး တောက်ပ၏။ ဆံပင်ဖြောင့်ဖြောင့်လေးက ကျောလယ်လေ ..က်ထိ ရှည်သည်။ နှုတ်ခမ်းပါးလေးတွေကို ပန်းဆီရောင်နှုတ်ခမ်းဆီလေး တင်ထားတာကလွဲရင် တခြားထွေထွေထူးထူး ပြင်ဆင်ခြယ်သထားခြင်း မရှိပါ။

ဂျင်းဘောင်းဘီနက်ပြာရောင် အရှည်ဝံလေးနှင့် တီရှပ်အနက်ရောင်လေးကို ရိုးရှင်းစွာပင် ဝတ်ဆင်ထားပါသည်။ နားရွက်ရှည်ရှည်နှင့်





Stitch အရုပ်ခေါင်းပုံ ဘေးလွယ်အိတ်လေးလွယ်လျက် ထမင်းဘူးအိတ်လေးလည်း လက်တစ်ဖက်က ကိုင်ထားသေးသည်။

သာမန်ထဲကနေ သိပ်ခွဲထွက်မသွားသော မိန်းကလေးတစ်ယောက်သာ ဖြစ်သည်။ ဆိုင်ထဲကို ကောင်မလေး ဝင်လာတော့ မာန်က လက်လှမ်းပြလိုက်၏။ ကျွန်မတို့နှစ်ယောက်ကို တွဲလျက်သား မြင်လိုက်သည့်အတွက် နည်းနည်းတော့ စိတ်ကသိကအောင့် ဖြစ်သွားပုံပါပဲ။

မာန့်ကိုမြင်လိုက်ရလို့ ဝမ်းသာသွားသော်လည်း ပြည့်ပြည့်ဝဝ ပြုံးလိုက်နိုင်ခြင်း မရှိသော ထိုကောင်မလေးမျက်နှာကို ကျွန်မ အကဲခတ်မိလိုက်၏။

"ကို အကြာကြီးစောင့်လိုက်ရလား"

"တို့နှစ်ယောက် စကားတပြောပြောဆိုတော့ အချိန်ကုန်လို့ကုန်မှန်းတောင် သတိမထားမိလိုက်ပါဘူး"

ကောင်မလေးက မာန့်မျက်နှာကိုအပြုံးလေးနှင့် စိုက်ကြည့်လိုက်သော်လည်း မာန် တစ်ခုခု မဖြေနိုင်ခင်မှာပင် ကျွန်မက ဝင်ပြောပေးလိုက်ပါသည်။

ကောင်မလေးမျက်နှာပေါ်က အပြုံးတွေ ပျောက်ကုန်၏။ ကျွန်မကိုလည်း မလိုတမာသော မျက်ဝန်းများဖြင့် စူးစူးရဲရဲ စိုက်ကြည့်လာပါသည်။

ပုံစံလေးက ရိုးရိုးရှင်းရှင်းလေးဆိုပေမယ့် ခေါင်းငုံ့ငြိမ်သက်ခံမည့်ပုံတော့ သူမထံမှာ မတွေ့ရ။ မာန်နဲ့ပတ်သက်ရင်လည်း သဝန်တို



www.burmeseclassic.com

www.burmeseclassic.com



တတ်ပုံပါပဲ။ ဘယ်လောက်ပဲ မာန့်ကို သည်းခံနားလည်ပေးနိုင်သည် ပြောပြော ဘယ်မိန်းကလေးမဆို ကိုယ့်ချစ်သူကို တခြားမိန်းမတစ်ယောက်နှင့် တွဲတွေ့လိုက်ရရင် နည်းနည်းတော့ အူတိုမိကြမှာပဲမဟုတ်လား။

"ထိုင်လေ မိုးရဲ့၊ ဒီမှာ မိုးကို စောင့်ရင်းနဲ့ ကိုတောင် ဖျော်ရည် တစ်ခွက် ကုန်သွားပြီ"

ကောင်မလေးက မာန့်ဘေးမှာ ဝင်ထိုင်ပါသည်။ နှစ်ယောက်သားက နီးနီးကပ်ကပ် ဖြစ်နေသောကြောင့် ကျွန်မက သီးသန့်တစ်ဖက်မှာ ခွဲထွက်နေရသလိုပါပဲ။ စိတ်ထဲမှာ လှိုက်ခနဲ ဝမ်းနည်းသွားမိပေမယ့် ထိုခံစားချက်ကို ကျွန်မ မျက်နှာမှာ မပေါ်စေရပါ။

မာန့်ဘေးနားကနေရာဟာ ခုချိန်မှာတော့ ကျွန်မအတွက် မဟုတ်သေးပေမယ့် နောင်တစ်ချိန်မှာတော့ တစ်သက်စာအတွက် ကျွန်မ ပိုင်ဆိုင်သောနေရာသာ ဖြစ်ရမည်။

ကောင်မလေးက မာန့်အတိုင်းပင် ဖျော်ရည်တစ်ခွက်သာ မှာ

"ဒါ ငါ့ကောင်မလေး နာမည်က ရွှေမိုးညို့တဲ့၊ သူက ကို့ အရင်းနှီးဆုံး မိန်းကလေးသူငယ်ချင်း နှင်းမြူမြူ"

မာန်က ရိုးရိုးစင်းစင်းပင် မိတ်ဆက်ပေး၏။ ကျွန်မက အသ ပါစွာ ပြုံးပြလိုက်သော်လည်း ရွှေမိုးညို့ဆိုသော သူမကတော့ အင်တ တင် အပြုံးတစ်ခုကိုသာ ဟန်ဆောင်ပြန်ပေး၏။

အိုး အဲဒီအပြုံးအတွက် ကျွန်မ စိတ်မဆိုးပါဘူး။ ကျွန် အသက်ပါစွာ ပြုံးလိုက်သောအပြုံးကလည်း ဝမ်းသာလွန်းလို့မှမဟုတ်





"ကိုက မိုးအလုပ်မှာ အဆင်မပြေဘူးလို့ ပြောပြလို့တောင် မြူက သူ့ကုမ္ပဏီမှာ စာရင်းဌာနက လူလိုလို့ ခေါ်နေတယ်ဆိုတဲ့အကြောင်း ပြောသေးတယ်၊ မိုး စိတ်ဝင်စားရင် ကိုယ်တိုင် မေးကြည့်လိုက်လေ"

ဒီစကားကိုတော့ ရွှေမိုးညို့ နည်းနည်းစိတ်ဝင်စားသွားပုံပါပဲ။ ကျွန်မထံသို့ အကြည့်များ ဝေ့လာ၏။ အလုပ်ထဲမှာ တကယ့်ကို အဆင်မပြေပုံမျိုး မျက်ဝန်းတွေနှင့်ဖြစ်သည်။

"ဟုတ်တယ် မာန်က မင်းအလုပ်လုပ်ရတာ အဆင်မပြေဘူးလို့ပြောတော့ တို့အလုပ်ထဲမှာလည်း ဝန်ထမ်းခေါ်နေတဲ့ကြော်ငြာကို သွားသတိရလို့ ပြောပြထားတာ၊ မင်းက စာရင်းပိုင်းရတာနော်"

"ဟုတ်ပါတယ် မမ"

ရွှေမိုးညို့ လေသံလေးက ချက်ချင်းကို ပြောင်းလဲသွားပြီး ကျွန်မအပေါ်မှာလည်း အနည်းငယ် ယဉ်ကျေးသွားသလိုပါပဲ။

ဘယ်သူမှ မရိပ်မိလောက်သော ကျေနပ်ပြုံးလေးတစ်ခု ကျွန်မ ဆီကိုယ်တည်း ပြုံးဖြစ်သွားသည်။

"တို့လုပ်နေတဲ့ကုမ္ပဏီက အဓိက ဟိုတယ်ဖုန်တွေပိုင်တယ်ပေါ့ နော်၊ ငါးပုစွန်တွေ နိုင်ငံခြားပို့တာလည်း လုပ်တယ်၊ တခြားလုပ်ငန်း တွေလည်းလုပ်တယ်၊ အခုလိုတာကတော့ ငွေစာရင်းဌာနကပေါ့၊ မင်းက လည်း စာရင်းကိုင်လုပ်နေတာဆိုတော့ မင်းနဲ့ကိုက်မယ်ထင်လို့လေ၊ မင်း စိတ်ဝင်စားရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ညီမ စိတ်ဝင်စားပါတယ်"

"အခု လုပ်နေတဲ့ဆီမှာ လခ ဘယ်လောက်ရလဲ"

ဒီမေးခွန်းကတော့ ကျွန်မအကြံနှင့်မေးခြင်းဖြစ်သည်။ လက်ရှိအလုပ်မှာ ရွှေမိုးညို ဘယ်လောက်ပဲရနေပါစေ အဲဒီထက်သာအောင်ပေးဖို့ ကျွန်မ ကြိုတင်ကြံစည်ထားပြီးသား။

"ကိုးသောင်း ဘောနပ်တွေ ဘာတွေနဲ့ဆိုရင်တော့ တစ်သိန်းလောက်ရပါတယ်"

အို နည်းလိုက်တာ ရွှေမိုးညိုရယ်။ ကျွန်မ တမင်သက်သက်သီးသန့်တိုးပေးစရာ မလိုဘဲ ပုံမှန်ပေးနေကျ လခကပင် အဲဒီထက်နှစ်ဆလောက် များသေးသည်လေ။

"ရှစ်သောင်း ကိုးသောင်းဆိုတာ တို့ကုမ္ပဏီမှာ သန့်ရှင်းရေးဝန်ထမ်းတွေကို ပေးတာလောက်ပဲ ရှိတယ်လို့ ကြားဖူးတယ်"

ဒီတစ်ခါတော့ ရွှေမိုးညိုတင်မကပါ မာန်ပါ အနည်းငယ် မျက်နှာပျက်သွား၏။

"အိုး တို့ပြောလိုက်တာ နည်းနည်းလွန်သွားလား မသိဘူး။ တို့က ရွှေမိုးညိုဘက်ကနေ မခံနိုင်ဖြစ်သွားလို့ ပြောလိုက်မိတာပါ"

"ရပါတယ် မမ၊ လခကတော့ ညီမ ခုလုပ်နေတာထက် ပိုပေးနိုင်တယ်လို့ ဆိုလိုတာပေါ့နော်"

"သေချာတာပေါ့ ပြီးတော့ အသွားအပြန် ဖယ်ရီရှိတယ်၊ အိမ်ပြန်နောက်ကျလည်း ပူစရာသိပ်မလိုတော့ဘူးလေ"





"မမ ပြောသလောက်ဆိုရင်တော့ ညီမ သဘောကျမိတယ်၊ လျှောက်လွှာက ဘယ်လိုတင်ရမှာလဲဟင် မမ၊ ဘယ်နေ့နောက်ဆုံးလဲ"

"လျှောက်လွှာပိတ်ရက်က သုံးရက်လောက်တော့ လိုပါသေးတယ်၊ တင်တာကတော့ တို့ပဲ တင်ပေးလိုက်ပါ့မယ်၊ CV အပြည့်အစုံရေးပြီး လိုအပ်တဲ့စာရွက်စာတမ်းတွေကို မာန်နဲ့ထည့်ပေးလိုက်လေ၊ အင်တာဗျူးပါရင် သူတို့လှမ်းအကြောင်းကြားပေးမှာပေါ့"

"ဟုတ်ကဲ့ မမ၊ ညီမ မနက်ဖြန်ပဲ အားလုံးပြင်ဆင်ပြီး ကိုနဲ့ပေးလိုက်မယ်နော်"

ကျွန်မ ခေါင်းညိတ်ပြရင်း ကျေနပ်စွာပြုံးနေမိသည်။ ဘာမှမပင်ပန်းလိုက်ရပါဘဲ ရွှေမိုးညိုဆိုတဲ့ ကောင်မလေးကို ကျွန်မနဲ့အနီးအနားမှာ ခေါ်ထားနိုင်တော့မှာပေါ့။

မာန်ရေ ငါ ဘာတွေပဲလုပ်လုပ် နင် ငါ့ကိုစိတ်မဆိုးရဘူးနော်။

■ ■ ■

"နေ့လယ်တုန်းက ငါ့ဆီကို မိုးဖုန်းဆက်တယ်၊ နင်တို့အလုပ်ကသူ့ကိုလာမယ့်ဆန်းဒေးမှာ အင်တာဗျူးလာဖို့ ဖုန်းဆက်တယ်တဲ့"

"ဟုတ်လား ကောင်းလိုက်တာဟယ် လာလျှောက်ကြတဲ့သူတွေက အများကြီးဟ၊ အဲဒီထဲကမှ သူတို့က နှစ်ယောက်ပဲ ခေါ်မှာလေ၊ အင်တာဗျူးဖြေဖို့ကတော့ အယောက်နှစ်ဆယ်လောက် ဖုန်းနဲ့လှမ်းပြီးအကြောင်းကြားမယ်လို့ ကြားထားတယ်၊ ရွှေမိုးညို ပါသွားတာ ကံကောင်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေမိုးညို မပါလို့လည်းမဖြစ်။ ကျွန်မကိုယ်တင် ဘွားအမိန့်လို့ ဟန်ဆောင်အသုံးချပြီး ဒရိုင်ဘာ ဦးဝင်းစိန်ကို အိတ်ချိအာရ်ဌာနမှူးဆီမှာ အကူအညီတောင်းခိုင်းခဲ့တာလေ။ ဒီကောင်မလေးကို မဖြစ်မနေ အလုပ်ခန့်ဖို့ပေါ့။

''သူ အလုပ်ရခဲ့ရင် နင့်ကိုသူက တစ်ခုခုလိုက်ကျွေးမယ်လို့တောင် ပြောနေသေးတယ်''

''အာ မဟုတ်တာဘဲ၊ သူ အလုပ်ရရင်တောင် ငါခန့်ခဲ့တာမှ မဟုတ်ဘဲ၊ မစားချင်ပါဘူး''

ကျွန်မ ခါးခါးသီးသီး ငြင်းတော့

''ဘာပဲဖြစ်ဖြစ် သူသာ အလုပ်ရခဲ့ရင် ငါလည်းနင့်ကို ပြုစုမှာပါဟ''

ဒီစကားကိုတော့ ကျွန်မ နှလုံးသားထဲက မခံမရပ်နိုင် ဖြစ်သွားမိသည်။ ရွှေမိုးညို အလုပ်ရတာကို မာန်က ဘာလို့ကျေးဇူးတင်တဲ့အနေနဲ့ ကျွန်မကို မုန့်လိုက်ကျွေးမှာတဲ့လဲ။ ဒါဟာ ကျွန်မ ဘယ်လိုမှ သည်းမခံနိုင်သော အနေအထားတစ်ရပ်ပါ။

ခုချိန်မှာ ကျွန်မစိတ်တွေက မာန်နဲ့ပတ်သက်လာရင် ဆတ်ဆတ်ထိမခံနိုင် ဖြစ်နေခဲ့တာလေ။

''နင်က ဘာလို့လဲ၊ နင်နဲ့ဘာဆိုင်လို့ သူအလုပ်ရတာကို နင်က မုန့်လိုက်ကျွေးမှာလဲ''

ကျွန်မအသံမှာ မလိုတမာဟန် တော်တော်များများပါသွားမှာ





တော့ သိပ်သေချာပါသည်။ ဒါကို မာန်ကလည်း သတိမထားမိဘဲ နေပါ့မလား။

''ဘာဖြစ်တာတုန်းဟ မြူ နင်ကလေ တစ်ခါတလေ ဘာထထဖြစ်မှန်းကို နားမလည်နိုင်ဘူး''

''အေးပေါ့ နင်ကတော့ ငါ့ကိုဘယ်နားလည်ပါ့မလဲ''

''နင့်ကိုငါက မုန့်ကျွေးမယ်လို့ပြောတာကိုလည်း နင်က ဒေါသတကြီး တုန့်ပြန်တော့ ငါ ဘယ်လိုနားလည်ရမှာတုန်း''

မာန့်ပုံက တကယ့်ကို ဘာမှမသိနားမလည်သလိုမျိုး။ အဲဒီနားမလည်ဟန် မျက်ဝန်းတွေက ကျွန်မကိုပိုလို့တောင် ပူပြင်းလောင်ကျွမ်းစေသည်။

''နင် ငါ့ကို ငါတို့နှစ်ယောက်တည်းနဲ့သက်ဆိုင်တဲ့ အကြောင်းပြချက်တစ်ခုခုကြောင့် မုန့်လိုက်ကျွေးမယ်ဆို ငါ ဘာမှ ဒီလိုတုန့်ပြန်မိမှာ မဟုတ်ဘူး၊ ခုတော့ နင်က ငါတို့နှစ်ယောက်ကြားမှာ မရှိတဲ့ လူတစ်ယောက်ကို အကြောင်းပြုပြီး ငါ့ကိုမုန့်ကျွေးမယ်ဆိုတော့ မလွန်လွန်းဘူးလား''

ဒီတစ်ခါတော့ ကျွန်မရဲ့နာကျင်ခံခက်ရခြင်းတွေကို မြိုသိပ်ထားဖို့ ကျွန်မမှာစိတ်ကူးမရှိခဲ့။

''ဟာ နင် ဘယ်လိုပြောလိုက်တာလဲ၊ ရွှေမိုးညို့ ငါ့ချစ်သူလေ၊ နင်ကိုယ်တိုင်တောင် သူ့ကိုအလုပ်တွေ ဘာတွေ ရှာပေးခဲ့တာပဲမဟုတ်ဘူး၊ အဲဒါ သူစိမ်းတစ်ယောက်လို့ ပြောလို့ရလား''



www.burmeseclassic.com

www.burmeseclassic.com



''ငါ သူ့ကို အလုပ်ရှာပေးတယ်ဆိုတာလည်း နင့်မျက်နှာကြောင့်ပဲလေ၊ နင်သာ သူနဲ့ပတ်သက်မနေရင် ငါလည်း သူနဲ့ပတ်သက်စရာ အကြောင်းမရှိဘူးလေ''

''မဟုတ်သေးဘူး မြို၊ နင်အခုပြောနေတာတွေက ဘာတွေလဲ ငါ သိပ်နားမလည်နိုင်တော့ဘူး၊ နင်က ရွှေမိုးညိုကို သူငယ်ချင်းတစ်ယောက်လို သဘောမထားနိုင်ဘူးပေါ့ ဒီလိုဆိုလိုတာလား''

''နင့်ချစ်သူအဖြစ် အသိအမှတ်ပြုပေးရင် ရပြီမဟုတ်ဘူးလား။ သူ့ကိုပါ ငါက နင့်ကိုခင်သလိုမျိုး ခင်ပြရဦးမှာလား၊ ငါ တကယ် စိတ်မပါဘဲနဲ့ ဘယ်သူ့ကိုမှ သူငယ်ချင်းမတော်ချင်ဘူး''

မာန် သက်ပြင်းကိုချသည်။ ဘောခွဲဆံပင်များကို တစ်ချက်နှစ်ချက်ပွတ်ခါလိုက်ရင်း လမ်းဘေးသစ်ပင်အောက်မှ အုတ်ခုံလေးတွင် ဝင်ထိုင်၏။

''ထားလိုက်ပါ နင် မခင်ချင်ရင်လည်း ငါက အတင်းမပြောပါဘူး၊ ဒါပေမဲ့ တစ်ခါတလေ နင် ထူးဆန်းနေတာတော့ အမှန်ပဲ''

မာန့်လေသံက ပျော့ပျော့လေး။

သူ့ဘေးတွင် ဝင်ထိုင်လိုက်ပြီး ကျွန်မပါ သက်ပြင်းတစ်ခု ချဖြစ်သည်။

''ဟုတ်တယ် မာန် ငါလည်း တစ်ခါတလေ ငါ့ကိုယ်ငါတောင် နားမလည်နိုင်တော့တာတွေ ဖြစ်ဖြစ်နေတယ်၊ အရင်လို ငါ မငြိမ်းချမ်းဘူး ဖြစ်နေတယ်၊ ရင်ထဲမှာ တစ်ခုခုကို အမြဲကြောက်နေမိတယ်''





''နင် ဘာကိုဆိုလိုတာလဲ မြို''

မာန့်မျက်ဝန်းတွေမှာ နားမလည်နိုင်ခြင်းတွေနဲ့ သိချင်စိတ်ပြင်းပြနေမှုတွေကို ကျွန်မ တစ်ပြိုင်နက်တွေ့နေရ၏။

အဲဒီ စူးရှနက်မှောင်သည့် အကြည့်တွေကို ကျွန်မ ချစ်လိုက်တာ။ မျက်ဝန်းတွေက မိန်းကလေးတစ်ယောက် မျက်တောင်ကော့ဆေးသုံးကာ ဆွဲဆောင်မှုရှိအောင်လုပ်ထားသလိုမျိုး မည်းမှောင်တောက်ပလွန်းနေသည်။ နှာတံဖြောင့်ဖြောင့်ချွန်ချွန်လေးနှင့် ယောကျ်ားတန်မဲ့ ရယ်ပြုံးလိုက်လျှင် ဘေးအစွန်းလေးတွေ ကော့တက်သွားသော နှုတ်ခမ်းလေး။

''ဘာတွေ အဲလောက် စိုက်ကြည့်နေတာလဲ မြို''

မာန့်အသံကြားမှပင် ကျွန်မသည် ကိုယ့်အဖြစ်ကိုယ် ပြန်ရှက်သွားမိ၏။ ကျွန်မ ဘယ်လောက်တောင် သူ့မျက်နှာကို သတိလက်လွတ်ငေးမောမိသွားသည်မသိ၊ သူ့အသံကြောင့်သာ ငေးစိုက်ကြည့်နေမိသော ကျွန်မ မျက်လုံးတွေကို တစ်ဖက်သို့အမြန်လွှဲပစ်လိုက်နိုင်ခြင်း ဖြစ်သည်။

သူ့ဘက်ကို ကျွန်မ တော်တော်နှင့်လှည့်မကြည့်ရဲခဲ့ပါ။

''ဟဲ့ ဘာဖြစ်သွားတာတုန်းလို့ မေးနေတယ်လေ''

သူက ကျွန်မထံမှ အဖြေတစ်ခု မရမချင်း မကျေနပ်နိုင်သော လေသံဖြင့် ထပ်ခါမေးနေပြန်၏။

''ငါ ဘာမှမဖြစ်ပါဘူးဟ၊ ခုတလော အတွေးတွေက လွင့်လွင့်သွားတယ်''

''နင် စိတ်ရောမှန်သေးရဲ့လား၊ နင်ဒီလိုတွေ ဖြစ်နေတာကို



www.burmeseclassic.com

www.burmeseclassic.com



နင့်အိမ်ကရော သိရဲ့လား''

ကျွန်မကို မာန် လှောင်ပြောင်မေးနေတာ မဟုတ်မှန်း ကျွန်မ သိပါသည်။ ကျွန်မစကားတွေက သူ့အတွက်တော့ အဲဒီလို မေးစရာတွေ ဖြစ်နေခဲ့ပြီလေ။

ဟုတ်တော့လည်း ဟုတ်ပါရဲ့။ ကျွန်မ ကြံစည်ထားသည့်ကိစ္စတွေက သာမန်လူတစ်ယောက် မလုပ်လောက်သော ကိစ္စမျိုးတွေ။ ရွှေနှီးညိုကို တစ်ခုခု နာကျင်ရအောင် ဗီလိန်မကြီးလုပ်ဖို့ မရဲမဝံ့ဖြစ်နေမိတာလည်း အမှန်။

မာန် ပြောသလို ကျွန်မစိတ်တွေ တကယ်ပဲ မမှန်ကန်နိုင်တော့ပါ။

''ငါ ဘာမှမဖြစ်ဘူးလို့ ပြောနေတယ် မဟုတ်လား။ နင် ငါ့ကို ဘာမှထပ်မမေးနဲ့တော့ ငါ မဖြေချင်တော့ဘူး''

ထိုင်နေရာမှ ဖြုန်းခနဲ ကျွန်မ ထရပ်လိုက်သည့်ထိ မာန်က ကြောင်တောင်တောင်မျက်နှာပေးမျိုးနှင့် ကျွန်မကိုမော်ကြည့်ငေးမော နေခဲ့။

''နင် ဘယ်သွားမလို့လဲ''

''ဘယ်သွားရမှာတုန်း အိမ်ပြန်မှာပေါ့။ နင်ကရော မထသေးဘဲ ဘာလုပ်နေတာတုန်း''

''သြော် အေး''

ကျွန်မတို့နှစ်ယောက် ယှဉ်တွဲလျှောက်နေကြသော်လည်း တစ်





လမ်းလုံး တစ်ယောက်ကိုတစ်ယောက် စကားမပြောဖြစ်ကြဘဲ တိတ်တိတ်ဆိတ်ဆိတ်ပင်။

ခေါင်းထဲမှာတော့ တစ်ယောက်နှင့်တစ်ယောက် မတူညီသော အတွေးတွေဖြင့် ရှုပ်ယှက်ခတ်နေခဲ့ကြပါ၏။

■ ■ ■

''ဒီတစ်ခါခေါ်ထားတဲ့ ဝန်ထမ်းတွေ လုပ်ငန်းခွင်စဝင်ဖို့ ရက်သတ်မှတ်ပြီးတာနဲ့ သမီးလည်း ဘွားဆီကနေ ကုမ္ပဏီကို လက်လွှဲယူရင်ကောင်းမလားလို့ စဉ်းစားထားတယ်''

''ဟေ ငါ့မြေးကလား တကယ်ပြောနေတာလား''

ကျွန်းခုတင်ပေါ်မှာ သက်သောင့်သက်သာ လဲလျောင်းရင်း စာတစ်အုပ်ဖတ်နေသော ဘွားအတွက် နွားနို့ခွက်လာပို့ပေးရင်း ကျွန်မဆန္ဒကို ထုတ်ပြောပြလိုက်တော့ ဖက်လက်စ စာအုပ်ကိုဘေးသို့ချ မျက်လုံးများလှန်ကာ မျက်မှန်ပေါ်က ကျော်ကြည့်ရင်း ဘွား တအံ့တဩဟန်နှင့် ပြန်မေးပါသည်။

''တကယ်ပြောတာပေါ့ ဘွားရယ်၊ ဟိုတလောကတည်းက ဘွားကို ပြောသားပဲ၊ တစ်ချိန်ချိန်ကျရင် ဘွားဆီကနေ ကုမ္ပဏီကို သမီးကိုယ်တိုင် လက်လွှဲယူပါ့မယ်လို့လေ''

''ငါ့မြေးရဲ့ဆုံးဖြတ်ချက်က ဒီလောက်မြန်မြန်နဲ့အကောင်အထည်ဖော်လိမ့်မယ်လို့ ဘွား မထင်ထားလို့ပါ''

''ဘာလဲ ဘွားက ကုမ္ပဏီကိုတကယ်ပေးရတော့မယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ငိုဘ်မချေဖြစ်နေတာလား''

ကျွန်မက တမင်ပင် နှုတ်ခမ်းလေးစူကာ ဘွားကိုချွဲနွဲ့နွဲ့လေး ပြောပစ်လိုက်၏။

''စိတ်မချစရာ မရှိပါဘူး၊ ငါ့မြေးလုပ်နေတဲ့ဌာနကို ဘွားက အမြဲတမ်းမေးနေကျပါ၊ အလုပ်ကြိုးစားတယ် တော်တယ် ထောင့်စေ့တယ်ဆိုတာမျိုးတွေပဲ ဘွား အမြဲကြားနေရတာပါ၊ ဒါကြောင့်လည်း မြေးကိုမြန်မြန်ပဲ လက်လွှဲချင်ပြီလို့ ဘွား ခဏခဏပြောနေခဲ့တာပေါ့၊ ခုတော့ ငါ့မြေးကိုယ်တိုင်က စိတ်လိုလက်ရ ပြောလာတာ ဘွားအတွက် ဘယ်လောက် ဝမ်းသာစရာ ကောင်းလိုက်သလဲ''

ဘွားဆီက ခွင့်ပြုချက်ကို လွယ်လွယ်ကူကူပဲ ရမယ်ဆိုတာ ကျွန်မ သိပြီးသားပါ။

''သြော် ဒါနဲ့ ခုခေါ်တဲ့ဝန်ထမ်းတွေထဲမှာ မြေးထောက်ခံထားပေးထားတဲ့ကောင်မလေးတစ်ယောက် ပါတယ်ဆို''

''ဟင် ဘွားက ဘယ်လိုသိ''

ကျွန်မ စကားပင်မဆုံးလိုက်ခင်မှာဘဲ တွေးမိလိုက်ပါပြီ။ ဦးဝင်းစိန်ကလွဲလို့ ဘွားကိုပြောတာ ဘယ်သူမှမဖြစ်နိုင်ပါ။ ကျွန်မ ဒီလောက် ပိတ်ခိုင်းထားတာတောင်မှလေ။

ထားလိုက်ပါတော့ ဦးဝင်းစိန်က ဘွားရဲ့လူယုံပဲ။ နှစ်တွေ ဒီလောက်ကြာလာသည်ထိ ဘွားဘေးမှာ သစ္စာရှိရှိ နေလာပေးခဲ့တာ။ ဝန်ထမ်းသစ်ကိစ္စကို ဘွားသိသွားရင်လည်း ဘာမှထွေထွေထူးထူး မဟုတ်





တာမို့ အပြစ်တင်မနေချင်တော့ပါ။

''ပြောပါဦး မြေးရဲ့ ဘယ်သူများလဲလို့''

''သမီးသူငယ်ချင်းတစ်ယောက်ရဲ့ညီမလေးပါ၊ သူလုပ်နေတဲ့ အလုပ်ထဲမှာ သိပ်အဆင်မပြေဘူးဆိုတာနဲ့ သူ့လုပ်ရည်ကိုင်ရည်လေးကိုလည်း သဘောကျလို့ သမီးပဲလျှောက်လွှာတွေဘာတွေ တင်ခိုင်းခဲ့တာပါ၊ သမီး ထောက်ခံပေးထားတယ်ဆိုတာတောင် သူ မသိပါဘူး''

''သြော် ဒီလိုလား လုပ်ရည်ကိုင်ရည်လေး ရှိတယ်ဆိုရင်တော့ မဆိုးပါဘူးကွယ်၊ ငါ့မြေးက အာမခံပေးနေမှတော့ ဘွားက ဘာမယုံစရာမှ မရှိပါဘူး''

ဒီကိစ္စကိုလည်း ဘွား လွယ်လွယ်ကူကူပင် လက်ခံလိုက်ပြန်တာကြောင့် ကျွန်မရင်ထဲက အလုံးကြီးတစ်လုံး လျော့ကျသွားရပါသည်။

ကုမ္ပဏီကို ဦးစီးခွင့်ရပြီဆိုမှတော့ အကုန်လုံးက ကျွန်မလက်ထဲမှာ ကြိုက်သလိုခြယ်လှယ်လို့ရနေပြီပဲလေ။ ဒီလိုမျိုး လုပ်ပိုင်ခွင့်တွေကို မက်မောလာရခြင်းသည်လည်း ရွှေမိုးညိုဆိုသော ကောင်မလေးကို ချုပ်ကိုင်ချင်လိုစိတ် တစ်ခုတည်းပေါ်မှာသာ မူတည်ခဲ့သည်။

အဲဒီကောင်မလေးက ရှေ့လျှောက် မာန့်ဘေးမှာရှိနေဦးမည်ဆိုလျှင်တော့ ကျွန်မလည်း မာန့်ကို ကျွန်မဘက်ပါလာအောင် ကျွန်မနည်းကျွန်မဟန်နှင့် ကြိုးစားရဦးမှာပေါ့လေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

မနက်ဖြန်ဟာ ကျွန်မတို့ကုမ္ပဏီရဲ့နှစ်သုံးဆယ်ပြည့် နှစ်ပတ်လည်နေ့။

လွန်ခဲ့တဲ့ ငါးရက်လောက်ကစပြီး ရွှေမိုးညိုနှင့်တကွ တခြားသော ဝန်ထမ်းသစ်များအားလုံး လုပ်ငန်းခွင်စဝင်ကြရသည်။

အလုပ်စစချင်းဝင်သည့် ပထမဆုံးနေ့ ညနေမှာပင် ရွှေမိုးညိုထံမှ ဖုန်းခေါ်ဆိုမှုကို ကျွန်မ လက်ခံရရှိခဲ့၏။ အလုပ်သင်တွေမို့ စာရင်းအင်းသင်တန်း အသုံးပြုသည့်ဆော့ဖ်ဝဲတွေအကြောင်း ထရိန်နင် တစ်ပတ်ပေးထားသည့်အတွက် ၂၁-၃ထဲမှာ ရွှေမိုးညိုနှင့်မဆုံဖြစ်ခဲ့ပါ။

ရွှေမိုးညို ဆက်မည်ဟု လုံးဝထင်မထားပါဘဲ ဖုန်းနံပါတ်စိမ်းတစ်ခုကို မြင်လိုက်ရတာမို့ ကိုင်ရကောင်း မကိုင်ရကောင်း စဉ်းစားနေရင်းမှ ကိုင်ဖြစ်သွားခဲ့ခြင်းဖြစ်သည်။





"ဟဲလို"ဆိုသော တစ်ဖက်မှအသံလေးက နူးနူးညံ့ညံ့ ချိုချိုသာသာလေး။ ထိုအသံလေးတစ်ခုတည်းနှင့်တော့ ကျွန်မ ဘယ်သူမှန်း မမှတ်မိခဲ့ပါ။

"ဘယ်သူလဲ မသိဘူး"

"ဟိုလေ မမမြူလား မသိဘူး"

ကျွန်မကို မမမြူ တဲ့။ ဘယ်သူများပါလိမ့်။

"ညီမ ရွှေမိုးညိုပါ"

အဲဒီနာမည်လေး လှသလောက် ဘာဖြစ်လို့များ ကြားလိုက်ရတိုင်း ရင်ထဲမှာ မလိုတမာမှုတွေ မနှစ်သက်မှုတွေပဲ ဖြစ်ပေါ်လာတတ်တာလဲ။ ရှုပ်ထွေးသွားသော စိတ်ကို ချုံးနှိမ်လိုက်ပြီး ကိုယ့်ဘက်ကလည်း အချိုသာဆုံးပြန်ပြောနိုင်ရန် ကျွန်မ အတော်ကြိုးစားလိုက်ရသည်။

"အော် အင်း သိပြီ၊ ရွှေမိုးညို ပြောလေ ဘာကိစ္စရှိလို့လဲ မသိဘူး"

"မမကို ကျေးဇူးတင်တဲ့အနေနဲ့ တစ်ခုခုကျွေးချင်လို့ပါ၊ မမ အချိန်ရလား မသိဘူးနော်"

ဟိုးတစ်ရက်က မာန် ပြောလာတုန်းကလည်း ကျွန်မ ငြင်းခဲ့ပြီးပြီ။ ကျွန်မ ငြင်းခဲ့ကြောင်းကို ဒီကောင်မလေးဆီ မာန် ပြန်မပြောပြခဲ့ဘူးနဲ့ တူသည်။

"တို့ဖုန်းနံပါတ်ကို မာန့်ဆီက ရတာနဲ့တူတယ်"

"ဟုတ်ပါတယ် မမ၊ အခု ဘေးမှာ ကိုလည်းရှိပါတယ်၊ မမတို့



www.burmeseclassic.com

www.burmeseclassic.com



အတူဆုံနေကျ ရှမ်းခေါက်ဆွဲဆိုင်လေးမှာပါ၊ အကယ်၍ မမလည်း အလုပ်ပြီးပြီဆို သုံးယောက်အတူ တစ်ခုခုစားချင်လို့ပါ''

ကျွန်မ စိတ်ထဲမှာ ခံပြင်းမှုအတိုင်းအတာက အမြင့်ဆုံးရောက်သွားရသည်။ ဘေးမှာ မာန်ကိုယ်တိုင် ရှိနေလျက်သားနဲ့ ကျွန်မ မလုပ်ချင်ပါဘူးလို့ ငြင်းခဲ့ပြီးသားကိစ္စတစ်ခုကို ထပ်တိုက်တွန်းနေတဲ့ သဘောလား။

''မာန့်ကို ဖုန်းခဏပေးလိုက်ပါလား''

''ဟုတ် မမ''

''ကိုနဲ့ ပြောမယ် တဲ့''လို့ ပြောလိုက်သော စကားသံကို တိုးတိုးလေး ကျွန်မ ကြားလိုက်ရသေးသည်။ အဲဒီနောက်တော့ ဖုန်းခွက်မှ တစ်ဆင့် ပီပီသသ ကြားလိုက်ရသော မာန့်အသံ၊ အဲဒီအသံဟာ ယောကျ်ားပီသသော ကြည်လင်သည့် ခပ်ရှရှအသံမျိုးဖြစ်သည်။

''မြူ ပြောလေ''

''နှင့်ကိုငါ အဲလိုလုပ်စရာ မလိုပါဘူးလို့ ပြောခဲ့ပြီးသား မဟုတ်လား မာန်''

ချက်ချင်း ပြန်မဖြေသေးဘဲ လမ်းမဘက်သို့ မာန် ထလျှောက်လာဟန်တူသည်။ ကားတွေတဝေါဝေါမောင်းနှင်နေသံကို ပီပီသသ ကြားလာရခြင်းကြောင့် ဖြစ်၏။ ဟိုကောင်မလေးနားမှာ မပြောချင်ဘူးဆိုသည့် သဘောပေါ့။

''နှင် ဘာဖြစ်နေတာလဲ မြူ။ ငါတို့ဒီတိုင်းပဲ ဟိုတစ်ခါကလို





သုံးယောက်တူတူ စားဖြစ်ကြတယ်လို့ သဘောထားလိုက်ရင် ရတာပဲလေ''

''နှင် အဲဒီရွှေမိုးညိုကိုချစ်လား''

မဆီမဆိုင် မေးခွန်းမှန်း မေးမိလိုက်သော ကျွန်မ ကိုယ်တိုင်လည်းသိပါသည်။ တစ်ဖက်မှ မာန့်အသံ တိတ်ဆိတ်သွား၏။ အသက်ပြင်းပြင်းရှူသွင်းလိုက် ပြန်ထုတ်လိုက် လုပ်နေသံကိုသာ စက္ကန့်တော်တော်ကြာသည်ထိ ကျွန်မ ကြားနေရသည်။

''နှင်ဘာလို့ အဲဒါကို သိချင်နေတာလဲ၊ ချစ်တယ်ဆိုတော့ရော နှင့်အတွက် ဘာထူးမှာလဲ၊ မချစ်ဘူးဆိုတော့ရော ဘာဖြစ်မှာမို့လဲ၊ အခု ငါတို့အတူဆုံပြီး မုန့်စားမယ့်ကိစ္စက ငါ သူ့ကိုတကယ်ချစ်တာ မချစ်တာနဲ့ ဘယ်လိုများ ပတ်သက်နေလို့တုန်း''

''ငါ ဒီတိုင်းပဲ သိချင်လို့ ငါ သံယောဇဉ်ရှိတဲ့ နှင့်အတွက် အဲဒီမိန်းကလေးက ဘယ်အတိုင်းအတာထိ အလေးအနက်ရှိလဲဆိုတာ ငါ သိချင်လို့''

''ဒါပဲလား ဒီလောက်ပဲဆိုတာ သေချာလား''

ကျွန်မ တစ်ကိုယ်တည်း မဲ့ပြုံးလေး ပြုံးလိုက်မိသည်။

သြော် မာန်ရယ် နှင့်အတွက်ကတော့ ဒီလောက်လေးပေါ့။ ငါ့မှာသာ နှင့်ရဲ့အဲဒီအဖြေစကားတစ်ခုက ဘဝတစ်ခုလုံးစာ အရေးကြီးနေခဲ့တာ။

ကျွန်မ ရုတ်တရက်ကြီး ကြောက်လန့်လာမိ၏။ မတော်တဆများ မာန်က ရွှေမိုးညိုကို ချစ်ပါတယ်ဟု ဖြေခဲ့ရင် ကျွန်မ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမလဲ။ အဲဒီအဖြေကို ကျွန်မ လက်ခံနိုင်မှာမဟုတ်သေး။

နေရာမှာတင် ဘုန်းခနဲ ပစ်လဲကျရင်တောင် လဲကျသွားနိုင်လောက်တယ်။

"ဆောရီး အဲဒီမေးခွန်းမျိုး ငါ မမေးခဲ့ဘူးလို့ပဲ နင် သတ်မှတ်လိုက်ပါ"

"လွယ်လွယ်ချည်လား မြူရယ်၊ နင့်ကိုငါ နားမလည်သထက် နားမလည်နိုင်ဖြစ်လာပြီ၊ ဒီလို ဘာမဟုတ်တဲ့မုန့်စားဖို့ကိစ္စလေးလောက်ကိုတောင် ဒီလောက် ဖြစ်နေတာ နင်ကရော ဘာမို့လို့လဲ"

"ဘာပြောလိုက်တယ် မာန်၊ ငါက ဘာမို့လို့လဲ ဟုတ်လား"

ကျွန်မသည် မာန့်ပါးစပ်က ထွက်လာသော ထိုစကားကို မယုံသက်ာစွာပင် ထပ်ခါမေးလိုက်မိ၏။

ဘာလဲ သူ့ကောင်မလေးကို ထိလို့ ကျွန်မကို တုန့်ပြန်လိုက်သည့်စကားက ဒီလိုမျိုးတဲ့လား။ နင်က ဘာမို့လို့လဲ တဲ့လား။ ငါက နင့်အတွက် ဘာမှမဟုတ်ခဲ့ဘူးလား။ သံယောဇဉ်နှောင်တွယ်ရသော သူငယ်ချင်းတစ်ယောက်တောင် မဟုတ်တော့ဘူးလား။

အေးလေ နင်က ငါ့ကိုနားလည်ခဲ့သည့်မှ မဟုတ်ဘဲ။

သံယောဇဉ်ရှိရသော သူငယ်ချင်းဆိုတော့ရော အနီးကပ် နေခွင့်ရနေသည့် ချစ်သူမိန်းကလေးလောက် အရေးပါအရာရောက်မည်တဲ့လား။

နှလုံးသားတစ်ခုလုံး လှိုက်ခနဲ ဖြစ်သွားရလောက်အောင်ကို ကျွန်မ ဝမ်းနည်းသွား၏။ ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော





အားငယ်စိတ်တွေကလည်း ခန္ဓာကိုယ်အနှံ့ တရိပ်ရိပ်တက်လာသည်။

"အခု နင်က ငါ့ကို ဘာဖြစ်စေချင်တာလဲ"

ကျွန်မရဲ့တိုးဖျော့ကာ အင်အားမဲ့နေသော စကားသံတို့ရော မာန် နားလည်ပေးနိုင်ပါ့မလား။

"ဆောရီး မြူရာ ငါပြောတာ နည်းနည်းများသွားတယ်၊ နင်မလိုက်ချင်တာကို အတင်းခေါ်ဖို့ စိတ်ကူးမရှိတော့ပါဘူး။ နင်အဆင်ပြေသလိုပဲ လုပ်ပါ"

မာန့်အသံကလည်း တိုးတိုးညင်းညင်း။ ကျွန်မ ပင့်သက်လေးတစ်ချက် ရှိုက်မိသည်။

"ငါလည်း လွန်သွားတာပါ၊ တကယ်တော့ ငါ့အလုပ်တွေလည်း မပြီးသေးဘူးဟ၊ လက်စသတ်စရာလေး နည်းနည်းကျန်နေတာနဲ့ ဒီညတောင် အချိန်ပိုဆင်းရဦးမှာ၊ နောက်ကြုံဦးမှာပဲ အဲဒီတော့မှ စားကြတာပေါ့၊ ဒီနေ့ကို တောင်းပန်တဲ့အနေနဲ့ အဲဒီအခါကျ ငါ ကျွေးပါ့မယ်"

"ရပါတယ်ဟာ ဒီလိုဆို နင့်ကိုငါ မစောင့်တော့ဘူးနော်၊ နှစ်ယောက်တည်းပဲ သွားလိုက်တော့မယ်"

ပြန်လည်တက်ကြွရွှင်လန်းသွားသော မာန့်အသံကြောင့် ကျွန်မကိုယ်တိုင်လည်း ဝမ်းသာသွားမိသည်။ ဘယ်လိုပဲဖြစ်ဖြစ် လက်ရှိအခြေအနေမှာတော့ ကျွန်မက အလျှော့ပေးရဖို့သာ ရှိတာမဟုတ်လား။

လောလောဆယ် ဖြစ်နိုင်မယ်ဆိုရင် ရွှေမိုးညိုနဲ့မျက်နှာချင်းဆိုင် မဆုံချင်။ ကိုယ့်ကိုယ်ကိုယ် မာန်တင်းကာနေနေသမျှ မာန့်အချစ်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ရကိုရမယ်လို့ စိတ်ဓာတ်တွေ ခိုင်ကျည်နေသမျှ ရွှေမိုးညိုဆိုတဲ့ ကောင်မလေးရဲ့မျက်နှာကိုမြင်လျှင် ယိုင်နဲ့ကုန်မှာစိုးရိမ်မိသည်။

အရင်က မာန်ဘယ်လောက်ပဲ ရှုပ်ခဲ့ပွေခဲ့ပါစေ ကျွန်မမျက်စိနှင့်မြင်ခဲ့ရတာ မဟုတ်သောကြောင့် အလွယ်တကူ မေ့ဖျောက်ပစ်ထားလို့ရပေမယ့် ဒီကောင်မလေးကိုတော့ ကျွန်မ မတွေ့ချင်မမြင်ချင်လောက်အောင် ဖြစ်ရသည်။

ရွှေမိုးညိုဟာ မာန်နဲ့သာ ပတ်သက်မှုမရှိသော မိန်းကလေးတစ်ယောက်ဆိုရင်တော့ ဒီလိုခံစားချက်တွေ ရှိမည်မထင်။

အို မာန်နဲ့သာ မပတ်သက်ခဲ့ရင်လည်း ဒီမိန်းကလေးကို ကျွန်မ သိကျွမ်းစရာမှ မလိုအပ်တာ။ ခုဟာက ကျွန်မရဲ့ရွှေမိုးညိုအပေါ်ထားသော ခံစားချက်အားလုံးကို ပေါက်ဖွားစေခဲ့သူက မာန်ပဲမဟုတ်လား။

ဒါပေမဲ့ အချစ်ဆိုတာက မျက်နှာလိုက်တတ်သည်လေ။ မာန့်အပေါ်မှာတော့ နည်းနည်းလေးမှ စိတ်မခုမငြိုငြင်မိပါဘဲနှင့် မာန်က ပတ်သက်ခဲ့သော ထိုမိန်းကလေးအပေါ်မှာတော့ ကျွန်မ အတော်လေးကို မျက်မုန်းကျိုးနေမိသည်။

တစ်သက်နဲ့တစ်ကိုယ် သူတစ်ပါးအပေါ် အစိမ်းသက်သက် ကြည့်မရဖြစ်ကာ မုန်းတီးမိခြင်းမျိုး ဘယ်တုန်းကမှ မရှိခဲ့ဖူးသော်လည်း ခုဒီတစ်ကြိမ်မှာတော့ တစ်သက်လုံးစာအတွက် မှတ်မှတ်ရရ ဖြစ်ရလောက်အောင်ပင် ရင်ထဲအသည်းထဲက မနာလိုဝန်တိုစွာ ကြည့်မရဖြစ်နေမိခြင်း ဖြစ်၏။





ဘယ်တုန်းကမှ မယုတ်မာတတ်ခဲ့သော နှင်းမြူမြူရဲ့ဖြူစင်နူးညံ့သည့် စိတ်ထားလေးသည် ရွှေမိုးညိုဆိုသော ကောင်မလေးတစ်ယောက်အတွက် မဟုတ်တာ သေချာလွန်းနေခဲ့ပါသည်။

ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်ပစ်ရင်း အတွေးစတွေကို မောင်းထုတ်လိုက်သည်။ လက်စသတ်စရာ အလုပ်တွေက မျက်စိရှေ့မှာ တစ်ပုံတစ်ပင်။

မနက်ဖြန်ဟာ 'ရွှေဝါမြေ' ကုမ္ပဏီ စတည်ထောင်ခြင်း နှစ်သုံးဆယ်ပြည့် အခမ်းအနားနေ့။

အဲဒီ အခမ်းအနားမှာ ဘွားက ကျွန်မထံသို့ ကုမ္ပဏီရဲ့အုပ်ချုပ်ပိုင်ခွင့်အားလုံး တရားဝင်လက်လွှဲပေးအပ်မည်ဖြစ်သည်။ ဒီအတွက်လည်း ကျွန်မ တာဝန်ယူထားရသော ဒီဌာနရဲ့လုပ်ငန်းဆောင်တာအားလုံးကို ဒီညအပြီးသတ်ဖို့ အရေးတကြီး လိုအပ်နေခြင်းဖြစ်၏။

နာရီကိုကြည့်မိတော့ ခုနစ်နာရီထိုးကျော်နေခဲ့ပြီ။ အခန်းထဲမှာလည်း ကျွန်မတစ်ယောက်တည်း။ အပြီးသတ် ရှင်းလင်းရမည့် စာရင်းတွေက ဖိုင်တွဲတွေအထပ်လိုက်။ အချောသတ်အနေနဲ့ ကွန်ပျူတာထဲ ပြန်သွင်းရဦးမှာဆိုတော့ ဒီည ဘယ်အချိန်မှ အားလုံးပြီးစီးမယ်ဆိုတာ ကိုယ့်ဘာသာတောင် မတွေးနိုင်သေးသည့် အနေအထား။

ဂဏန်းပေါင်းစက်နှိပ်လိုက် လိုအပ်တဲ့ တချို့အချက်အလက်တွေကို ကွန်ပျူတာထဲမှာ ရှာဖွေလိုက် စားပွဲပေါ်က စာရွက်စာတမ်းတွေထဲ ရေးခြစ်လိုက်နှင့်ကျွန်မ တစ်ယောက်တည်း အချိန်တွေ တော်တော်



www.burmeseclassic.com

www.burmeseclassic.com



ကြာသွားခဲ့ပြီ။

ဒုတိယအကြိမ် နာရီကြည့်မိချိန်မှာ ကိုးနာရီဆယ်မိနစ်ပင် ဖြစ်နေပြီ။ ကွန်ပျူတာထဲသို့ သူ့ဖိုင်အလိုက် အချောသတ် ပြန်သွင်းပေးရုံသာ ကျန်တော့သည်မို့ စိတ်တော့ နည်းနည်းအေးသွားရသည်။

ကော်ဖီတစ်ခွက် သွားဖျော်လိုက်ပြီး ခဏတဖြုတ် အနားယူရန်စိတ်ဖြင့် ပြတင်းပေါက်ဘက် လျှောက်ခဲ့လိုက်သည်။ ဆယ့်ငါးထပ်ကနေ လှမ်းမြင်နေရသော ရန်ကုန်မြို့မြင်ကွင်းက မီးရောင်တွေ ဖြာလင်းလျက်။ ကားလမ်းမပေါ်မှာ ခပ်မြန်မြန် ရွေ့လျားနေကြသော အဝါရောင်မီးလုံးလေးတွေ အနီရောင်မီးလုံးလေးတွေ ညပိုင်းမို့ ရန်ကုန်မြို့လယ်မှာ ကားလမ်းပိတ်မှုတွေ မရှိ။ ကားသမားတို့ စိတ်ကျဉ်းကျပ်မှုမဲ့စွာ မောင်းနှင်နိုင်ကြသည်။

ကော်ဖီတစ်ခွက် အရသာခံသောက်လို့ ကုန်သွားသော်လည်း ဗိုက်က သိပ်အလိုမကျနိုင်သေး။ နေ့လယ်စာကို ခါတိုင်းထက် နောက်ကျစွာ စားထားပေမယ့် ဗိုက်ထဲက အသံပင်မြည်မတတ် ဆာလောင်နေတာကို သတိထားမိသည်။ မတတ်နိုင်ပါ။ အလုပ်တွေကလည်း လက်စသတ်ကို သတ်ပြီးမှဖြစ်မှာ။ ဆာလောင်မှုကို ခဏတော့ မြိုသိပ်ရပါမည်။

ညစာကို နောက်ကျစွာ စားနေကျမဟုတ်သော်လည်း ဒီည တော့ အားလုံးပြီးစီးတာနှင့် အိမ်ပြန်ထမင်းစားရန် ကျွန်မ ဆုံးဖြတ်ထား၏။

တစ်ခုပဲ ခက်နေတာ။





ကားမပါလာတော့ အပြန် တက္ကစီငှားရတော့မည်။ ခုလို အဆောက်အအုံခန်းကြီးထဲမှာ တစ်ကိုယ်တည်းရှိနေသော်လည်း ကျွန်မက ဘာရွေ့သရဲ မကြောက်တတ်။ ကျွန်မကြောက်တာ လူလူချင်းသာ ဖြစ်သည်။ ညနက်မှ တက္ကစီစီး ပြန်ရမှာဆိုတော့ နည်းနည်းတော့ ထိတ်လန့်မိတာအမှန်။

ဒီည နောက်ကျမယ်လို့ ဘွားကိုဖုန်းဆက်ပြောပြီးခဲ့ပေမယ့် ဘွားက ဘယ်လောက်နောက်ကျကျ ဦးဝင်းစိန်ကိုလွှတ်ကြိုခိုင်းမည့်အကြောင်း ပြောသေးသည်။ ကျွန်မကသာ တားမြစ်ခဲ့ပြီး ဦးဝင်းစိန်ကို မှန်ပြန်နေကျအတိုင်း ပြန်ခိုင်းခဲ့ခြင်း။ ခုတော့ တစ်ယောက်တည်း တက္ကစီစီးရမည့်အရေး တွေးပူနေမိသည်။

မဖြစ်သေးပါဘူး။ တရားလွန် နောက်မကျစေရန် အလုပ်ကို မြန်မြန်အဆုံးသတ်ရမည်။ ညအလှရှုခင်းကို အထပ်မြင့်တိုက်ပေါ်ကနေ အချိန်ကြာကြာ ဖိမ်ခံရှုစားနေလို့မဖြစ်။

အလုပ်စားပွဲရှေ့ ပြန်ထိုင်မိတာနှင့် ကျွန်မ လက်ကိုင်ဖုန်းလေး က ထမြည်လာသည်။ ပထမတော့ အိမ်ပြန်နောက်ကျသည့်အတွက် ဘွား ဆက်တာဟု ထင်နေခဲ့သေးတာ။

တကယ်တမ်းက မာန် ဖြစ်နေခဲ့သည်။

“နင် ဘယ်မှာလဲ မြူ”

“ငါ အလုပ်ထဲမှာပဲ ရှိပါသေးတယ်၊ ဘာဖြစ်လို့လဲ”

“ဟင် နောက်ကျလှချည်လား နင် အချိန်ပိုရှိတယ်လို့ပြောပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ငါက ဒီလောက်နောက်ကျမယ်လို့ မထင်ခဲ့ဘူး၊ နင် ထမင်းတွေ ဘာတွေရော စားပြီးပြီလား''

မာန့်အသံမှာ ကျွန်မကိုစိုးရိမ်ရိပ်တွေ ဖြတ်ပြေးနေသလိုပါပဲ။ ကျွန်မ တစ်ကိုယ်တည်း ကြိတ်ပြုံးလိုက်မိသေးသည်။

''ဘယ်စားရဦးမလဲ၊ ဒီမှာ မပြီးသေးလို့ မြန်မြန်လက်စသတ်နေရတာ၊ ဗိုက်ထဲက အသံမြည်နေတာတောင် ဂရုမစိုက်အားဘူး၊ နင်အားနေရင် ငါ့အတွက် တစ်ခုခုဝယ်လာခဲ့ပါလား''

ကျွန်မက ရွှတ်နောက်နောက်လေး စကားခေါ်လိုက်သည်။

''နင် ဘာစားချင်လို့လဲ''

''အလိုလေး နင်က တကယ်ကြီးဝယ်ပြီး လာပို့မလို့လား''

တကယ့်ကို တအံ့တသြလေး ပြန်မေးလိုက်မိခြင်းဖြစ်သည်။ မာန်က ကျွန်မဆန္ဒကို နှစ်ခါမပြောရဘဲ လိုက်လျောပေးတော့မည့်ပုံမို့ ရင်ထဲမှာလည်း ကြည်ကြည်နူးနူးလေး ဖြစ်သွားရ၏။

''ငါစားချင်တာ နင် တကယ်ဝယ်ကျွေးမှာလား''

''အာ စကားကလည်းရှည်ပါ့၊ ဘာစားမလဲသာ မြန်မြန်ပြောတော်ကြာ ဆိုင်တွေပိတ်သွားဦးမယ်''

''မာလာကြက်ခြေထောက်သုပ် စားချင်တယ် စပ်စပ်ကလေးလေ''

''အလုပ်တွေလည်း များနေသေးတယ်ဆိုသေး၊ အဲဒီ ကြက်ခြေထောက်ကို နင်က ဘယ်လိုစားမှာလဲ၊ တခြားလွယ်လွယ်ကူကူဟာ





စားပါလားဟာ''

''နင် ငါ့ကိုစကားပြန်မရှည်ပါနဲ့၊ ဝယ်ပေးမှာလား မဝယ်ပေးဘူးလားပဲ ပြော''

''အေးပါဟာ ဝယ်လာပါ့မယ်၊ နင်တို့ လူဘယ်နှယောက်လဲ''

''ဘယ်နှယောက်က မှာတုန်း၊ တစ်ရုံးလုံးမှာ ငါတစ်ယောက်တည်း ရှိတာဟ''

''တစ်ရုံးလုံးမှာ နင်တစ်ယောက်တည်း အချိန်ပိုဆင်းရတာဟုတ်လား''

အံ့သြတကြီး မာန် မေးတော့ ကျွန်မ ပြုံးရုံသာ ပြုံးနေလိုက်သည်။

ကျွန်မရှိရာ အထပ်ဆီ မာန်ရောက်လာတာ နောက်ထပ် မိနစ်နှစ်ဆယ်အတွင်းတွင် ဖြစ်၏။ လက်ထဲမှာလည်း ကြက်ခြေထောက်သုပ်ပါဆယ်ထုပ်နှင့် ကျွန်မကြိုက်သော ဂရိတ်ဖရုသီးဖျော်ရည်။ အလိုက်သိတတ်မှုကို ကျွန်မစိတ်ထဲက ကျေးဇူးတင်လိုက်မိသည်။

မာန် ရောက်လာချိန်မှာ ကွန်ပျူတာထဲသွင်းနေသော ကျွန်မဗိုင်တွဲတွေလည်း လုံးဝ အပြီးအစီး လက်စသတ်ခါနီးဖြစ်၏။

''ခဏလေးနော် မာန်၊ ငါ ဒီမှာပြီးတော့မယ်၊ အားလုံးပြီးမှပဲ အေးအေးဆေးဆေး နှစ်ယောက်သား စားကြတာပေါ့''

''ငါ မစားတော့ပါဘူးဟာ၊ နင်တစ်ယောက်တည်း စားပါ''

ခပ်ပြုံးပြုံးလေး ပြောလိုက်သော ကျွန်မ မျက်နှာအမူအရာမှ



www.burmeseclassic.com

www.burmeseclassic.com



ခါန့်ကားကြောင့် ပျက်ယွင်းသွားရသည်။ အအေးကိုလည်း တစ်ခွက် တည်းဝယ်လာတည်းက ကျွန်မ ပြောချင်နေတာ။ ဒီကတော့ နှစ်ယောက် အတူစားချင်လွန်းလို့ ဝယ်လာပုံနိုင်းတာကို။

"မရဘူးနော် ငါက နင်နဲ့အတူစားချင်တာ၊ အအေးကိုလည်း ဘာလို့တစ်ခွက်တည်း ဝယ်လာတာတုန်း"

"အေး ဟုတ်ပါပြီ၊ အလုပ်ကိုသာ မြန်မြန်ပြီးအောင် လက်စ သတ်စမ်းပါ"

မျက်နှာစူလျက် ရန်လိုစွာ ကျွန်မ မေးတော့လည်း ခေါင်းညိတ် လိုက်လျောနေပြန်၏။ မာန်သည် ကျွန်မကို ငြင်းပယ်လိုက် လိုက်လျော လိုက် ညင်သာလိုက် ဆူပွက်လိုက်ဖြင့် မရိုးနိုင်အောင် ဆက်ဆံပြုမူနိုင် လွန်းသည်။ ဒီအကျင့်လေးတွေကိုပဲ ကျွန်မ နှလုံးသားက စွဲလမ်းခဲ့တာ သေချာပါသည်။

အလုပ်စားပွဲပေါ်က ရှုပ်ပွနေသမျှတွေကို ရှင်းလင်းပြီးသွားတော့ မာန်ထိုင်နေသည့် သီးသန့်စားပွဲဝိုင်းလေးဆီ ကျွန်မ ထလျှောက်လာ လိုက်သည်။ မနက်က တက္ကစီ စီးလာသည်မို့ သုံးလက်မလောက်မြင့်သော ကြိုးသိုင်းဒေါက်မြင့်ဖိနပ်အနက်ရောင်လေးကို စမတ်ကျကျ ဝတ်ဆင် နိုင်ခဲ့သည်။

အဝါရောင်အခံမှာ အနီနှင့်အစိမ်းပွင့်လေးတွေ ရောယှက်ထား သည့် ဒူးနားထိရှည်သော ဂါဝန်အောက်ကားလေးကို ကျွန်မ လွတ်လပ် ပေါ့ပါးစွာပင် ဝတ်ဆင်ထား၏။ ဂုတ်ထောက်ဆံပင်နှကုပ်ကုပ်လေးကိုတော့





ကျောက်ဘီးကုပ်လေးဖြင့်သာ ရိုးရှင်းစွာ သပ်တင်ထားလိုက်သည်။

သူ့ဆီလှမ်းလာနေသော ကျွန်မကို မာန်စိုက်ကြည့်နေပုံက စူးရဲ လွန်း၏။ မမြင်ဖူးမတွေ့ဖူးသူတွေလည်း မဟုတ်ပါဘဲ ဒီလောက်ထိ မျက် တောင်မခတ်တမ်း ကြည့်နေတော့လည်း ကျွန်မ ခြေလှမ်းတွေ မှားချင် ချင်။ မာန့်ဆီလျှောက်လှမ်းနေသော ခြေလှမ်းဆယ်လှမ်းစာမျှလေးကို ကျွန်မ ဝေးကွာသည်ဟုပင်ထင်လာမိသည်ထိ။

"အ အမေ့"

"ဟာ မြူ"

ကြမ်းပြင်ပေါ်ကျနေသော စာရွက်ချုပ်သည့်ကိရိယာလေးကို မမြင်မိဘဲ တည့်တည့်ကြီး တက်နင်းမိကာ ကျွန်မ ခြေခေါက်လဲကျသွား ခြင်း။ ခွေလျက်သားလဲကျသွားသော ကျွန်မဘေးသို့ မာန် ချက်ချင်းပင် အပြေးရောက်လာ၏။

"အား ငါခြေခေါက်သွားတယ်၊ လမ်းလယ်ခေါင်မှာ ဒီပစ္စည်းကျ နေတာကို ဘယ်သူမှ ပြန်မကောက်တင်တတ်ဘူးလား မသိဘူး၊ စည်း ကမ်းကိုမရှိကြဘူး"

စိတ်တိုတိုနှင့် ဘယ်သူမှန်းမသိသူကို ကျွန်မ ရမ်းအော်ပစ်လိုက် သည်။ ခြေထောက်ကနာကျင်မှုက ခံရခက်လွန်း၏။

"နင့်ဖိနပ်ကိုချွတ်လိုက်၊ ဘာစတန့်ထွင်ပြီး ဒီလောက်မြင့်တဲ့ ဒေါက်ဖိနပ်ကို စီးလာတာတုန်း၊ ငါက အဲဒါကြောင့် ကြည့်နေတာ"

မာန်က ကရုဏာဒေါသလေးနှင့်ပြောသည်။ နင့်ဖိနပ်ကိုချွတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဆိုသော်လည်း တကယ်တမ်းကတော့ မာန်ကိုယ်တိုင် ဖနောင့်မှ ဖစ်ကိုဖွင့်ကာ ချွတ်ပေးနေခြင်း။

နာကျင်မှုကြားကနေပင် ကျွန်မ တစ်ကိုယ်လုံး နွေးထွေးလှိုက်ဖို နေမိ၏။

"နင် ငြိမ်ငြိမ်နေနော်"

"ဘာ ဘာ လုပ်မလို့တုန်း၊ ငါ ကြောက်တယ်နော်"

တုန်ယင်နေသော ကျွန်မအသံကို မာန် မကြားချင်ယောင်ဆောင်နေခဲ့ပါသည်။ လက်တစ်ဖက်က ခြေချင်းဝတ်ကိုကိုင် နောက်တစ်ဖက်က ခြေဖမိုးကို အုပ်ကိုင်ကာ ဘယ်လိုဆွဲလှည့်လိုက်သည်မသိ ဂေါက်ခနဲသံတောင် ကျွန်မ နားနှင့်ဆတ်ဆတ်ကြားလိုက်ရသေးသည်။

နာကျင်မှုကလည်း အမြင့်ဆုံးရောက်သွားရ၏။ ထိုနာကျင်စိတ်နှင့်ပင် မာန့်ကျောကုန်းကို တဘုန်းဘုန်းထုရိုက်ပစ်လိုက်မိပါသည်။

"နင် နင် ဘယ်လိုလုပ်လိုက်တာလဲ မာန်၊ နာနေပါတယ်ဆို ငါ့ကို သေအောင်သတ်မလို့လား"

ကျောပြင်ကို အဆက်မပြတ် ထုရိုက်နေသည့် ကျွန်မ လက်သီးဆုပ်လေးကို မာန်က သူ့လက်တစ်ဖက်တည်းနှင့် ဖမ်းဆုပ်ချုပ်ကိုင်ထားလိုက်ပြီး

"ရမ်းသမ်းပြောမနေနဲ့၊ ဒီလောက်နဲ့လည်း နင် မသေနိုင်ဘူး။ နင့်ခြေထောက်လည်သွားလို့ ငါ ပြန်လုပ်ပေးနေတာ ခု ရပ်ကြည့် ခနကလောက် မဆိုးတော့ဘူး"





မျက်မှောင်ကြုတ်ကာ မာန် ဒေါသနှင့်ဆိုတော့လည်း ကျွန်မ ငြိမ်သက်နာခံမိသည်သာ။ မာန်က သူဆုပ်ကိုင်ထားသော လက်ကိုလွှတ်မပေးဘဲ သူ့ကိုအားပြုရပ်စေ၏။

မာန့်လက်ကို ဆုပ်ကိုင်ရင်း ဖြည်းဖြည်းချင်း ထရပ်လို့ ရသွားချိန်မှာ ခုနကလောက် မနာကျင်တော့တာကို သတိထားမိသည်။ အကောင်းပကတိအတိုင်း ကိုယ့်ခြေထောက်ပေါ်ကိုယ် မားမားမရပ်နိုင်သေးတာကလွဲလို့ပေါ့။

"ဘယ်လိုလဲ ငါပြောတာ ဟုတ်တယ်မဟုတ်လား"

"မသိဘူးလေ နင်က မပြောမဆိုနဲ့ လုပ်လိုက်တော့ ငါလန့်သွားတာပေါ့၊ နာလည်း တော်တော်နာတာကို"

မျက်စောင်းလေးထိုးလျက် ကျွန်မ ပြောလျှင် မာန်က ပြုံးစစနှင့်စိုက်ကြည့်နေခဲ့သည်။ စားပွဲဝိုင်းလေးမှာ နှစ်ယောက်သား ဘေးချင်းယှဉ်ထိုင်မိကြတော့

"ဘယ်လိုလဲ နင့်ကြက်ခြေထောက်တောင် ကိုက်နိုင်သေးရဲ့လား"

"အောင်မာ ဘာဆိုင်လို့တုန်း၊ ကြက်ခြေထောက်က ပါးစပ်နဲ့ကိုက်တာပဲ"

ပြောပြောဆိုဆို ဆလပ်ရွက်များ မုန်ညင်းဖြူရွက်များဖြင့် ခင်းကျင်းပြင်ဆင်ထားသည့် ကြက်ခြေထောက်တစ်ချောင်းကို ကျွန်မ ကောက်ကိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကြက်ခြေထောက်ကို အားရပါးရ စုပ်လိုက်ကိုက်လိုက်လုပ်နေသော ကျွန်မအား မာန်က စိတ်ပျက်သလို ခပ်မဲ့မဲ့ပြုံးကြည့်နေပြန်သည်။

"နင်လည်းစားလေ၊ ဘာလို့ ငါ့ကြည့်နေတာတုံး၊ သူများစားနေတာကြည့်ပြီး မိုက်နာအောင်လုပ်နေတာ မဟုတ်လား"

"မဟုတ်ပါဘူးဟာ၊ နင် စားနေတာ အားရလို့ပါ"

"ဘေးကထိုင်ပြီး ဘာမှအားရမနေနဲ့၊ နင်ပါ တူတူစား"

မာန့်လက်ထဲကို ကြက်ခြေထောက်တစ်ချောင်း ထိုးထည့်ပေးလိုက်တော့ ကြောင်တောင်တောင်နှင့် လှမ်းယူပြီး

"တကယ်ကြီးလား ငါက ခြေထောက်ဆို ရွံလို့ မစားဘူးဟ"

"ဘာပြောတယ် သူများတကာ အားရပါးရ စားနေတာကို နင်က ရွံတယ်လို့ ပြောနေတာလား"

ကျွန်မ ပလုပ်ပလောင်းနှင့်မေးတော့ မာန် အင်တင်တင်နှင့် ခေါင်းညိတ်ပြသည်။

"စားကြည့်စမ်းပါဟာ၊ ကောင်းလို့ပြောနေတာ၊ ငါလည်း အရင်က နင့်လိုပဲ ရွံလို့မစားဘူး။ ငါ့အိမ်က ထမင်းချက်အန်တီကြီး တစ်ခေါက် စားတာကိုကြည့်ပြီး အာ..ရတာနဲ့ ငါလည်း လိုက်စားကြည့်ရင်း ကြိုက်သွားတာ၊ စားကြည့်ပါဆိုနေမှ ခုစား စား"

လက်ထဲရောက်နေသော ကြက်ခြေထောက်ကို ပါးစပ်ထဲရောက် သွားအောင် မာန့်လက်များကို ကျွန်မတွန်းတင်ပို့နေမိသည်။ နောက်ဆုံး တော့ မာန်လည်းစားကြည့်ရန် ဆုံးဖြတ်လိုက်ပုံနှင့်





ခပ်ရွံ့ရွံ့တစ်ချက်ကိုက် သည်။

အရသာအစပ်အဟပ်ကို သဘောကျသွားပုံပါပဲ။ ဒုတိယအကြိမ် တတိယအကြိမ်တွေမှာ မာန် ပါးစပ်ထဲထည့်ဖို့ တွန့်မနေတော့။ ပုံမှန်ပင် စားနိုင်သွားသည်။ မာလာဟင်းအရသာနှင့် ခပ်ဆင်ဆင်မို့ မာန် နှစ်သက်ခြင်းဖြစ်ပါလိမ့်မည်။

မာလာအသီးအရွက်သုပ်ကို သူ ကြိုက်ကြောင်း ကျွန်မကို မာန် ပြောပြဖူးသည်။

"နင့်အိမ်မှာက ထမင်းချက်ဖို့ကို လူခေါ်ထားရတာလား"

မာန့်မေးခွန်းကြောင့် ကျွန်မ နည်းနည်းတော့ အူကြောင်ကြောင်နိုင်စွာ ဖြေရခက်သွားသည်။ အင်းလေ ကျွန်မအိမ်အကြောင်းကို မာန့်အား ဘယ်တုန်းက ပြောပြခဲ့ဖူးလို့လဲ။ သိပ်မကြာခင်မှာ ကျွန်မရဲ့ဇာတိရုပ်အမှန်ကို အားလုံးသိသွားတော့မှာ။ မာန်အပါအဝင်ပေါ့။ ဒီလိုဆို မာန် ကျွန်မကို စိတ်ဆိုးသွားမည်လား မသိပါ။

သူ့ကိုလိမ်ညာလျှို့ဝှက်ခဲ့တယ်ဆိုပြီးတော့လေ။

"ဟဲ့ ငါမေးနေတာ မကြားဘူးလား၊ ငါ မေးတဲ့မေးခွန်းက ဒီလောက်တောင် ဖြေရခက်နေလို့လား"

"ကြားပါတယ်ဟာ နင်က ရုတ်တရက်ကြီး မေးလိုက်တော့ ငါ ကြောင်သွားလို့ပါ၊ ငါ့အိမ်မှာက ဘွားဘွားတစ်ယောက်ပဲ ရှိတာလေ၊ အမှန်အတိုင်းဝန်ခံရရင် ငါကလည်း ထမင်းဟင်း သိပ်မချက်တတ်ဘူး၊ အဲလိုဆိုတော့ကာ ထမင်းချက်ဖို့ လူခေါ်ရတော့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နင့်မိဘတွေကရော"

"မရှိတော့ဘူး၊ ငါ ငယ်ငယ်လေးတည်းက နောက်အိမ်ထောင်တွေပြုပြီး နိုင်ငံခြားကို ထွက်သွားကြတယ်တဲ့၊ အဆက်အသွယ်ကို မရှိတော့ဘူး။ အသက်ရှင်လျက်ရှိကြသေးလားဆိုတာတောင် ငါတို့ မသိဘူး"

မာန့်မျက်နှာမှာ စိတ်မကောင်းခြင်းလား။ အံ့သြသွားခြင်းလား မသိသော အရိပ်အယောင်တွေ ချက်ချင်းဖြတ်ပြေးသွားသည်၊ အဲဒီမျက်နှာကိုကောင်းကောင်းနားလည်လိုက်သော ကျွန်မကပင် အားရပါးရပြုံးရယ်လျက်

"ဘာလဲ ငါ့ကိုသနားသွားတာလား"

မာန် ဘာမှပြန်မဖြေပါ။ ထိုအကြည့်များဖြင့်သာ ကျွန်မကိုဆက်ကြည့်နေခဲ့သည်။

"သနားစရာ မလိုပါဘူးဟာ၊ ငါ ခုဘွားတစ်ယောက်တည်းနဲ့နေရတာ စိတ်ချမ်းသာပါတယ်"

"နင်တို့ မြေးအဘွားနှစ်ယောက်တည်း နင့်အလုပ်တစ်ခုတည်းက ရတဲ့ဝင်ငွေနဲ့ ဘယ်လိုနေကြတုန်း၊ ထမင်းချက်လည်း ငှားရတယ်ဆိုတော့"

ကျွန်မအပေါ်မှာ တကယ့်ကို စာနာစွာ ပြောလာသော မာန့်စကားကြောင့် ကျွန်မ ကိုယ့်ကိုယ်ကိုယ် မလုံမခြုံ ခံစားလိုက်ရင်း ကိုယ်က အမှန်အတိုင်း ပြောဖို့ရာ နှုတ်တွန့်နေခဲ့တာ မဟုတ်လား။ ဒါ ကျွန်မ သူ့ကို ဘာများလိမ်ထားလို့တုန်း။





အိမ်မှာ ဘွားရယ် ကျွန်မရယ် နှစ်ယောက်တည်းဆိုတာရော ကျွန်မမိဘတွေနင့်ငယ်ငယ်တည်းက ကွဲကွာသွားခဲ့ကြပြီဆိုတာရော၊ ကျွန်မ ဘယ်မှာလိမ်လည်ထားလို့တုန်း။ အရာအားလုံးကို ပွင့်ပွင့်လင်းလင်း ဖွင့်မပြောခဲ့ရုံနဲ့တော့ ကျွန်မ လိမ်ထားတယ်လို့ ဘယ်သူက စွပ်စွဲမှာလဲ။

ကျွန်မ ဘဝအမှန်ကို လျှို့ဝှက်ထားခဲ့ရုံမျှပါ။

"ရပါတယ် ငါတို့အဆင်ပြေပါတယ်၊ နှစ်ယောက်တည်းပဲလေ ဒီလခကလည်း သိပ်မနည်းတော့ အဆင်ပြေပါတယ်ဟ"

အဖြစ်မှန်တွေကိုသာ မာန် သိသွားခဲ့ရင် ကျွန်မကိုစိတ်ဆိုးစိတ်နာသွားမလား မသိပါ။ ဒါပေမဲ့ လောလောဆယ်တော့ မာန့်ကို ပြောပြဖို့ရာ ဝန်လေးနေခဲ့မိသည်။ အို ဘာဖြစ်တုန်း ခုမပြောလည်း နောက်ဖြန်ဆိုအမှန်တရားတွေကို မာန် သိရမှာပဲဟာ။

မာန်က မာလာဟင်းအနှစ်ရည်တွေကို ဇွန်းနဲ့ခပ်သောက်လိုက်ရင်း လျှာလေးတစ်လစ်ထွက်လျက် စပ်သွားပုံမို့ အအေးဘူးကို သူ့ရှေ့ ခြန်မြန်ထိုးပေးလိုက်ရသည်။ အအေးကိုတစ်ငုံနှစ်ငုံ စုပ်သောက်လိုက်ရင်း

"ငါတို့ ခင်နေတာဖြင့် ကြာလှပြီ၊ တစ်ခါမှ နင့်အကြောင်းတွေကို မမေးခဲ့ဖူးဘူး၊ ငါတော်တော်ညံ့တာပဲနော်"

ကိုယ့်ကိုယ်ကိုယ် အပြစ်တင်သံဖြင့် ပြောနေသော သူ့အမူအရာက တကယ့်ကိုအားတုံ့အားနာဖြစ်နေပုံ။



www.burmeseclassic.com

www.burmeseclassic.com



"အမှန်အတိုင်း ဝန်ခံရရင် နင့်ကိုငါ သံယောဇဉ်ရှိတယ် မြူ။ ဘယ်သူငယ်ချင်းပေါ်ကိုမှ နင့်လို ဂရုမစိုက်ဖြစ်ဘူး။ ညနေတုန်းက မိုးနဲ့ နှစ်ယောက်တည်း မုန့်သွားစားဖြစ်တယ်၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး နင့်စိတ်ကို ငါ နားမလည်နိုင်ပေမယ့် နင်မပါလာတော့ ငါ တစ်မျိုးကြီး ခံစားရတယ်"

နဂိုတည်းက သူ့ထံမှာ ညွတ်နူးနေသော ကျွန်မနှလုံးသားကို အရည်ပျော်ကျသွားစေမတတ် မာန့်စကားက စွမ်းဆောင်နိုင်ပါသည်။

အယောင်ယောင်အမှားမှားနှင့် မာန့်လက်ထဲမှာ ကိုင်ထားသော အအေးဘူးကိုတောင် လုယူစုပ်သောက်မိသေးသည်။

ဩော် နင်းမြူမြူရယ် ဘာမှမဟုတ်တာလေးကိုတောင် နင်ဒီလိုဖြစ်ရအောင် နင့်ကိုယ်နင် ဆယ်ကျော်သက် မြီးကောင်ပေါက်လေးများ မှတ်နေလားဟယ်။

"နင့်ကို ရွှေမိုးညို ဘာပြောသေးလဲ"

စကားမရှိ စကားရှာ ပြောလိုက်တာဆိုပေမယ့် ကျွန်မနောက်ကွယ်မှာ ရွှေမိုးညိုက ကျွန်မကို ဘယ်လိုမိန်းမမျိုးလို့များ သတ်မှတ်ထားသလဲဆိုတာ သိချင်စိတ်လေးလည်း ရှိနေသေးသည်။

"မိုးလည်း ငါ့လိုပဲ နင်က နားလည်ရခက်တယ်နော်ဆိုတဲ့ မှတ်ချက်ကလွဲရင် ဘာမှထွေထွေထူးထူး မပြောပါဘူး"

"ဟုတ်လား သူက ငါ့ကို နားလည်ရခက်တယ်လို့ ပြောလားဟင်း ဟင်း"





ခပ်ထေ့ထေ့လေး ကျွန်မ တစ်ကိုယ်တည်း ရယ်လိုက်မိသည်။ င်းနားလည်ပေးလို့လည်း ဘယ်တော့မှ ရမှာမဟုတ်ပါဘူး ရွှေမိုးညို ယ်။

"ကဲ စားလို့သောက်လို့လည်း ပြီးပြီ ဆယ်နာရီလည်း ခွဲနေပြီ င် ဘယ်လိုပြန်မှာလဲ မြူ"

"တက္ကစီစီးသွားဖို့ စဉ်းစားနေတာ ဒါပေမဲ့"

ကျွန်မ စကားအဆုံးမသတ်ခင်မှာပဲ ဖုန်းသံမြည်လာ၏။ ဘွားဒီက ဖြစ်သည်။ ကျွန်မ ခပ်မြန်မြန်ကောက်ကိုင်လိုက်ရ၏။ ဘွား တော် ဘော်စိတ်ပူပြီး လှမ်းဆက်တာပဲ ဖြစ်မည်။

"ပြန်မလာသေးဘူးလား ငါ့မြေး"

ဘွားအသံက စိုးရိမ်တကြီး ဖြစ်နေတာ သိသာလှသည်။

"ခုပဲ ပြန်လာတော့မလို့ပါ ဘွားရဲ့၊ ပစ္စည်းတွေ သိမ်းဆည်း နေတာ"

"ဘွား ကားလွှတ်ပေးလိုက်မယ်"

"ဟင် ဦးဝင်းစိန်ကရော ခုထိ မပြန်သေးဘူးလား"

"ညနေတည်းက ပြန်သွားပြီ၊ ခုချက်ချင်း မောင်ဝင်းကို ပြန်ခေါ်လိုက်ရင် ရတာပဲလေ၊ ကဲပါ ဘွား စိတ်မချဘူး၊ သမီး အဲဒီမှာပဲ စောင့်နေ၊ ဘွား ဆယ်မိနစ်အတွင်း ကားလွှတ်လိုက်မယ် ဟုတ်ပြီလား"

"ရတယ် ဘွား မလုပ်နဲ့ သမီးဒီတိုင်းပဲ ပြန်လာပါ့မယ်၊ သူငယ်ချင်းတစ်ယောက်က ဒီနားရောက်နေလို့ သူ့ကားနဲ့ လာကြိုပေးမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်''

ပါးစပ်ထဲတွေ့ကရာ မုသားတစ်ခုကို သုံးမိပြီးတော့မှ မာန့်မျက်နှာကို ပြန်ကြည့်လိုက်မိသည်။ ဘာများလဲဆိုသော အမူအရာနှင့် မည်းနည်းသော မျက်ခုံးများ စုကျုံ့ရင်း မာန် စူးစမ်းနေပါသည်။

ဦးဝင်းစိန်အိမ်က ကျွန်မတို့ကွန်ဒိုနဲ့ လမ်းလျှောက်သွားရင်တောင် ငါးမိနစ်လောက်သာ ဝေးသော နေရာတွင်မို့ ချက်ချင်းခေါ်ပြီး လာကြိုနိုင်းမည်ဆိုရင်လည်း ပြဿနာမရှိပေမယ့် မာန် သိသွားလို့ မဖြစ်ထို့ကြောင့်ပင် ဘွားဆန္ဒကို လိမ်လည်ငြင်းဆန်လိုက်ရခြင်းဖြစ်၏။

ဖုန်းချလိုက်သည်နှင့် မာန် မနေနိုင်မထိုင်နိုင်စွာပင် ကျွန်မကို မေးပါတော့သည်။

''နင့်ကို ဘယ်သူငယ်ချင်းက ကားနဲ့လာကြိုဖို့ ချိန်းထားတာလဲ မြူ''

''မဟုတ်ပါဘူးဟယ်၊ ဘွားစိတ်ပူနေမှာစိုးလို့ ငါ လိမ်လိုက်တာပါ၊ ငါက အစတည်းက တက္ကစီနဲ့ပြန်ဖို့ စိတ်ကူးထားတာလေ''

''နင်တစ်ယောက်တည်း စိတ်မချပါဘူး၊ ခြေထောက်ကလည်း သေချာထောက်နိုင်သေးတာ မဟုတ်ဘဲနဲ့ ငါပါ လိုက်ခဲ့မယ်''

ကျွန်မ ဝမ်းသာကြည်နူးစွာပင် သူ့တောင်းဆိုမှုကို ခွင့်ပြုလိုက်ပါသည်။ ကျွန်မ မျှော်လင့်နေတာလည်း ဒီလိုမျိုးပဲလေ။ ဘယ်လိုပဲဖြစ်ဖြစ် မာန်နဲ့အတူရှိနေရတဲ့အချိန်တွေအားလုံးကို ကျွန်မ မြတ်နိုးနေသည်။ ဘယ်တော့မှလည်း မကုန်ဆုံးစေချင်ပေ။





''ဒီလိုဆို ပြန်ကြရအောင်လေ အာ''

ပြောပြောဆိုဆို ရုတ်ခနဲ ထလိုက်မိသောကြောင့် လူက ဘေးသို့ ယိုင်ထိုးလဲကျသွားသည်။ တော်ပါသေးရဲ့ မာန် ဆီးပွေ့လိုက်လို့သာပေ့ါ။

''နင်ကလည်း သတိထားမှပေ့ါ''

သူ့ရင်ခွင်ထဲ ရောက်နေသော ကျွန်မကို ငုံ့ကြည့်ကာ ပြောနေခြင်းမို့ သူ့အသက်ရှူသံကိုတောင် ကျွန်မနားနှင့်ဆတ်ဆတ် ကြားနေရသည်။ တစ်ခုခုပြန်ပြောဖို့တောင် အားမရှိလောက်အောင် ကျွန်မ လည်ချောင်းတစ်ခုလုံး ခြောက်သွေ့အက်ကွဲနေသလို ခံစားရ၏။

မာန့်မျက်လုံးများတွင် ကျွန်မကိုစိုးရိမ်ပူပန်သွားသော ထိတ်လန့်ခြင်း အငွေ့အသက်တွေကို မြင်နေရသည်။ အဲဒီအငွေ့အသက်တွေ ပျော်ဝင်နေသော မျက်ဝန်းများဖြင့် ကျွန်မကို ငေးစိုက်ကြည့်နေတာ ညှို့နွေးထွေးလွန်းလို့ ကျွန်မချစ်လိုက်တာ။

''ဘာမှမဖြစ်ဘူး ရတယ် ငါ ဘာမှမဖြစ်ဘူး''

ခပ်ရှုန်းရှုန်းပြောလိုက်ပြီး မာန့်ရင်ခွင်ထဲကနေ ကျွန်မရုန်းထွက်လိုက်ပါသည်။ ကျွန်မကို ဖြေလျှော့လွှတ်ပေးလိုက်ရသော်လည်း မာန့်မျက်ဝန်းများက ကျွန်မကို ငေးကြည့်ကာ နူးညံ့ညင်သာနေဆဲ။

''မြူ''

မျက်ဝန်းများတင်မကပါဘဲ နှုတ်ခမ်းဖျားမှ ထွက်လာသော ကျွန်မ နာမည်ခေါ်သံကပါ တိုးညင်းချိုသာလွန်းနေသလိုပါပဲ။

''ညနေတုန်းက နင် ဖုန်းထဲမှာ ပြောတဲ့ ငါ့ကို သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်ဆိုတာ ဘယ်လိုအတိုင်းအတာထိလဲ''

မာန့်မေးခွန်းက ကျွန်မကို အဖြေရကျပ်စေရုံသာမက နေ
ထိုင်ရပါ ကျပ်စေသည်။ ချက်ချင်းလိုလို နဖူးပြင်တွင် ချွေးသီးများစို့လာ
မိသည့်ထိ။

''ဘာလို့ အဲဒီလိုမျိုးကြီး မေးတာတုန်း''

တုန်ချင်နေသော အသံကို မနည်းထိန်းရင်း ပြောလိုက်ရသော်
လည်း စကားအဆုံးသတ်မှာ အဖျားခတ်သိမ်ဝင်သွားသေးသည်။

''ငါနဲ့ပတ်သက်ပြီး သူငယ်ချင်းထက်ပိုတဲ့ သံယောဇဉ်မျိုး နင့်မှာ
ရှိနေတာလား''

''အို''

အာမေဋိတ်သံလွှတ်ခနဲ ထွက်သွားရသည့်အပြင် မျက်လုံးလေး
များ ဝိုင်းစက်ပြူးကျယ်ကုန်သည်ထိ ကျွန်မ ထိတ်လန့်တုန်လှုပ်သွား
သည်။ ကျွန်မကို အကဲခတ်လျှင်အမြဲမှန်သော မာန့်စိတ်တွေကြောင့်
ကျွန်မ နည်းနည်းချောက်ချားသွား၏။

သို့သော်မာန်ကိုယ့်ဖို့ဆိုတာလေးကို မြဲမြဲဆုပ်ကိုင်ရင်း

''နင် ဘာတွေပြောနေတာတုံး၊ စိတ်ရော မှန်သေးရဲ့လား
မာန်''

ခပ်ငေါက်ငေါက်ပြောလိုက်ခြင်း ဖြစ်သဖြင့် မာန် နည်းနည်း
တော့ ရှိန်သွားမှာပါ။ ဝါဝင်းသော မျက်နှာလေး နီပြေပြေရောင် ဖြစ်
ပြေးသွားသဖြင့် မာန်ရှက်သွားမှန်းလည်း ကျွန်မ သိလိုက်သည်။





''နေဦး မာန် ငါမှန်းကြည့်မယ်၊ နင့်ကို ရွှေမိုးညိုက ငါနဲ့
ပတ်သက်ပြီး မဟုတ်ကဟုတ်က ထင်ကြေးတွေ ပေးလိုက်သေးလား''

''နင် နင်ဘာကိုဆိုလိုတာလဲ မြူ''

''ဥပမာ ငါက သုံးယောက်ဆုံပြီး မုန့်သွားစားမှာကိုတောင်
ဒီလောက်ငြင်းနေတာ ငါက နင့်အပေါ် မရိုးမသားဖြစ်နေတာလား
မသိဘူးတို့ ဘာတို့ပေါ့''

''ဟာ မဟုတ်ပါဘူးဟာ၊ မိုး မပြောပါဘူး၊ နင်က နားလည်ရ
ခက်တယ်နော်ဆိုတာကလွဲရင် သူ ဘာမှမပြောပါဘူး''

မာန် ပျာပျာသလဲ ငြင်းနေသော်လည်း ကျွန်မ မယုံပါ။ အစပ်
အဆက်မရှိ မာန့်ပါးစပ်က ထွက်လာသော စကားဟာ ဒီမိန်းကလေးက
နောက်ကွယ်ကနေ သွေးထိုးပေးလိုက်တာ မဟုတ်ဘဲနဲ့တော့ မဖြစ်နိုင်။

''ဘယ်သူမှ ဘာမှမပြောဘဲနဲ့ နင့်ပါးစပ်က ဒီလိုမေးခွန်းမျိုး
ထွက်လာတာဆိုရင်တော့ အံ့သြစရာပဲ မာန်''

''ဆောရီး မြူ၊ ငါ မရည်ရွယ်ပါဘူး''

''ဒီကိစ္စကို ဒီမှာပဲ ထားလိုက်တော့၊ နင်လည်း ဘာမှမမေး
ခဲ့ဘူးလို့ သဘောထားလိုက်၊ ငါလည်း မေ့လိုက်မယ်''

မာန် သက်ပြင်းလေး ခိုးချလိုက်တာ ကျွန်မ မြင်ဖြစ်အောင်
မြင်လိုက်သေးသည်။ ကျွန်မကိုယ်တိုင်လည်း အလုံးကြီးတစ်ခု လည်
ချောင်းဝကနေ ပြုတ်ကျသွားသလို နေသာထိုင်သာ ရှိသွား၏။ ဒီမေးခွန်း
ကို ရွှေမိုးညိုဆိုသော ကောင်မလေးနဲ့ ဘာမှမပတ်သက်ပါဘဲ မာန့်ဆီက



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာစရာ မရှိတာတော့ သေချာသည်။

မိန်းကလေးချင်းဆိုတော့ ကျွန်မစိတ်ကို ရွှေမိုးညို ခံစားလို့ ရနေခြင်းများလား။ ဒါမှမဟုတ် မာန်နဲ့ပတ်သက်ပြီး မိန်းမတို့သဘာဝ နေရင်းထိုင်ရင်း သဝန်တိုနေခြင်းများလား။

ဘာပဲဖြစ်ဖြစ် မာန့်ဆီက ဒီလိုမေးခွန်းမျိုး အမေးခံရတာကို တော့ စိတ်ထဲမှာ သိပ်မကောင်းလှ။ ကျွန်မကို မာန့်စိတ်ထဲမှာ တစ်ခုခု ထင်နေလို့သာ ဒီလိုအမေးမျိုး ထုတ်မေးတာပေါ့။ မာန့်အမြင်မှာ ကျွန်မ အပြုအမူတွေက သရုပ်ပျက်နေခဲ့ပြီလား။

နောက်ကို အနေအထိုင် ဆင်ခြင်ဖို့ ကိုယ့်ကိုယ်ကိုယ် သတိပေး လိုက်မိသည်။

■ ■ ■

## အခန်း (၆)

ဘွားက အသက်ခြောက်ဆယ်ကျော်ပြီဖြစ်ပေမယ့် လေးဆယ် ကျော် ငါးဆယ်လောက်လို့သာ ထင်စရာကောင်းလောက်အောင် ဖြူနု လှပနေတုန်း။ သန့်စွမ်းဖျတ်လတ်နေတုန်း။ ဘယ်လောက်ပဲ ကမ္ဘာ့အလုပ် တွေနဲ့ ရှုပ်နေပါစေ ဘွားရဲ့အပြုံးတွေက ကျက်သရေရှိစွာ ကြည့်ကောင်း နေတုန်း။

ဒီနေ့လည်း အမရပူရမှ တိုက်ရိုက်လှမ်းမှာထားသော ရွှေအို ရောင်ချိတ်ကို ရွှေရောင်ပိုးရင်ဖုံးအင်္ကျီနှင့် တွဲဝတ်ထားသည့် ဘွားပုံက နုပျိုလတ်ဆတ်နေသည်။ ဆံပင်အပြောင်သိမ်းကာ နောက်မှာခပ်ပြေပြေ လေး ထုံးဖွဲ့ထားပုံကလည်း ယဉ်ယဉ်လေးနှင့် လှသည်။ အဆင်တန်ဆာ အဖြစ်ကတော့ ဘွားအနှစ်သက်ဆုံး ပတ္တမြားတစ်ဆင်စာ။

"ငါ့အဘွားက အသက်သာကြီးတာ လူက လုံးဝမပျက်စီးသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူးပဲ''

စောစောစီးစီး ပြင်ပြီးဆင်ပြီး ကော်ဖီဝိုင်းတွင် ထိုင်နေသော ဘွားကိုကြည့်ကာ ကျွန်မ ခပ်မြုံးမြုံးလေး ဆိုလိုက်သည်။

''ငါ့မြေးမှမပြောက်ရင်လည်း ပြောက်မယ့်သူ မရှိတော့ဘူးဆိုတော့ ပြောချင်တာသာ ပြောပေတော့ မြေးရေ''

ဘွားကလည်း ကျွန်မနည်းတူ မြုံးမြုံးလေး ပြန်ပြော၏။ သူမ တစ်ယောက်တည်း ထိန်းသိမ်းလာခဲ့ရသော ကုမ္ပဏီကြီးတစ်ခုလုံးကို ဒီကနေ့ သူမအချစ်ဆုံး တစ်ဦးတည်းသောမြေးလက်ထဲကို လွှဲပြောင်းပေးခွင့်ရပြီမို့ စိတ်ကျေနပ်ပျော်ရွှင်နေပုံပါပဲ။

''အပြင်ပန်းက ဘယ်လောက်ပဲ သန်မာသန်မာ အသက်က ရလာပြီဆိုတော့ အိမ်မှာပဲ အေးအေးဆေးဆေး နေချင်ပြီကွယ်၊ ငါ့မြေးလည်း အရာရာကို နားလည်ဖြေရှင်းနိုင်ပြီလို့ ဘွား ယုံတယ်၊ ဒါကြောင့်မို့လည်း ကုမ္ပဏီကို လွှဲပေးချင်နေခဲ့တာ၊ ဒီနေ့တော့ ဘွားဆန္ဒတွေ ပြည့်ဝပြီလေ''

ဘွားမျက်နှာက အပြုံးဟာ တကယ့်ကို ဝမ်းသာကျေနပ်နေပုံ တောက်ပလွှန်းလှ၏။ ဘွားဖြစ်ချင်နေသောဆန္ဒကို ဖြည့်ပေးခွင့်ရသည့် အတွက်လည်း ကျွန်မ ကျေနပ်ပါသည်။ အသက်ကြီးလာသော်လည်း တစ်ဦးတည်းသောသမီးဖြစ်သည့် ကျွန်မမေမေထံမှ ပြုစုယုယမှုလည်း မခံရ။ ဘိုးတည်ထောင်ခဲ့သော ဒီကုမ္ပဏီကြီးတစ်ခုလုံးကို မိန်းမသား တစ်ဦးတည်း ဦးစီးဦးရွက်ပြုနေခဲ့ရသည်။ ပင်ပန်းလွန်းရင်တောင် ရင်ဖွင့်





စရာလူတစ်ဦးတစ်ယောက်မှ မရှိပါဘဲ ဘွား နေခဲ့ရသည်။

ဒါတွေအားလုံးဟာ မေမေ့အပြစ်တွေပါပဲ။

ဘွား တင်းကျပ်စွာ တားမြစ်နေသည့်ကြားမှပင် မေမေသည် အမိုက်မဲဆုံးလုပ်ရပ်တစ်ခုကို ပြုလုပ်သွားခဲ့သည်။ ကျွန်မ တစ်နှစ်သားပင် မရှိသေးချိန်မို့ မေမေ့မျက်နှာ မေမေ့လုပ်ရပ်တွေကိုအတိအကျ မမှတ်မိခဲ့သော်လည်း ကျွန်မလေးနှစ်သမီးလောက်မှာတော့ ဖေဖေဟာ ယမကာကို နှစ်ခြိုက်စွဲမြဲစွာ သောက်သုံးတတ်သူတစ်ယောက် ဖြစ်နေခဲ့ပြီ။

''သမီးကိုကျတော့ ဘာလို့ ဘွားပဲ လာကြိုနေတာလဲဟင် ဖေဖေ၊ သမီးမှာ မေမေမရှိဘူးလား''

မူကြိုမှာ သူများအမေတွေ လာကြိုလို့ ကျွန်မက ဖေဖေ့ကို မေးမိလျှင် အရက်သောက်ထားသောကြောင့် ရီဝေနေသော ဖေဖေ့မျက်လုံးတွေ အမြဲခက်ထန်သွားတတ်စမြဲ။

''သမီးမှာ အမေဆိုတာမှ မရှိတာ၊ ဘယ်အမေမှ ဘယ်တော့မှ လာကြိုမှာမဟုတ်ဘူး၊ မျှော်မနေနဲ့''

''ဒါဆို သမီးက မေမေမရှိဘဲ ဘယ်လိုမွေးလာတာလဲဟင်''

လေးနှစ်အရွယ် ကလေးလေးတစ်ယောက်၏ ရူးစမ်းသိချင်စိတ်တွေကို ဖေဖေရှင်းပြနေရလောက်အောင် စိတ်မရှည်ခဲ့ပါ။ ကျွန်မ မေးခွန်းတွေကို လျစ်လျူရှုပြီး အရက်ကိုသာ တမြေ့မြေ့ ဆက်သောက်နေတတ်ခဲ့သည်။

ကျွန်မကလည်း ဖွဲ့ကောင်းစွာပင် ဖေဖေထိုင်နေသော ကုလား



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လက်ရန်းကို ဆုပ်ကိုင်ပြီး လိုချင်သော အဖြေမရမချင်း ပေတေရပ်နေတတ်မြဲ။

ဒီလိုအချိန်တွေဆို ကျွန်မတို့သားအဖနှစ်ယောက်ကိုကြည့်ပြီး မျက်ရည်တွေရစ်ဝဲကာ အနားသို့ ဘွားရောက်လာတတ်သည်။ လက်ရန်းကိုဆုပ်ကိုင်ထားရသောကြောင့် ချွေးတို့စိုနစ်နေသော လက်သီးဆုပ်လေးကို ဘွားက တစ်ချောင်းချင်း ဖြည်းညင်းစွာဖြည်ကာ ဖေဖေနှင့်ဝေးရာသို့ ခေါ်သွားတတ်မြဲ။

"သမီးမှာ သူများတွေလို တကယ်ပဲ မေမေ မရှိဘူးလားဟင် ဘွား"

သိချင်တာတစ်ခုကို မသိရသေးဘဲနှင့် လွယ်ကူစွာ အလျှော့မပေးတတ်သော ကျွန်မ စိတ်အခံအတိုင်း ဘွားကိုထပ်မေးမိရင်တော့ ဘွားသည် ကျွန်မ ခန္ဓာကိုယ်ကို တင်းကျပ်စွာပွေ့ဖက်ကာ ငိုရှိုက်နေတတ်ခဲ့သည်။

အိမ်မှာ အတူနေသော ဖေဖေနဲ့ဘွားတို့ မဖြေနိုင်သည့်မေးခွန်းကို ထိုအချိန်မှစကာ ကျွန်မ မမေးဖြစ်တော့အောင် သတိထားခဲ့၏။ ဒါပေမဲ့ စိတ်ထဲမှာက အမေဆိုတာကို မျှော်လင့်နေမိတုန်း။ ဘာတွေကဘယ်လိုကြောင့် ကျွန်မမှာ မေမေ မရှိရတာလဲလို့ သိချင်နေတုန်း။

သို့သော် ဖေဖေသည် ကျွန်မ သိချင်နေသော အကြောင်းအရာများကို ဘယ်တော့မှ မပြောပြဖြစ်တော့မည့် လမ်းကို ရွေးချယ်သွားခဲ့၏။ သူငယ်တန်းတက်နေသော ကျွန်မ ကျောင်းကပြန်လာသည့်တစ်ရက်တွင်





ဖြစ်သည်။

ထိုနေ့ကို ကျွန်မ ဘယ်တော့မှ မမေ့ပါ။ ဒါပေမဲ့ ယနေ့ချိန်ထိ ကျွန်မ မေ့ချင်ယောင်ဆောင်ထားခဲ့သောနေ့လည်း ဖြစ်သည်။

ဒရိုင်ဘာ ဦးဝင်းစိန်က ကားနောက်ခန်းတံခါးကို ဆွဲဖွင့်ပေးလိုက်သည်နှင့် ကျွန်မသည် ခြင်းတောင်းလေးကို တစ်ဖက်ကဆွဲလျက် အိမ်ထဲသို့ အပြေးလေး ဝင်ခဲ့လိုက်သည်။ ထိုတုန်းက ကျွန်မတို့မိသားစုနေထိုင်တာ ရွှေတောင်ကြားထဲက ခြံမှာဖြစ်သည်။ ခုတော့ ကမ္ဘာကြီးနှင့်နီးနီးနားနား နေချင်သောကြောင့် အဲဒီခြံကို ခြံစောင့်နှင့်ထားကာ မြို့ထဲက ဒီကွန်ဒိုတိုက်ခန်းလေးမှာ မြေးအဘွားနှစ်ယောက် လာနေကြခြင်းဖြစ်သည်။

ဒီကွန်ဒိုလေးမှာဆိုတော့ ကမ္ဘာကြီးကို ကားနှင့်မသွားဘဲ ဒီတိုင်းလမ်းလျှောက်သွားလျှင်တောင် အချိန်တိုတွင်း ရောက်တာမို့ အဆင်ပြေလှသည်။ ကားကျပ်ညပ်မှုတွေကြောင့်လည်း စိတ်ညစ်နေစရာမလို။

"ပြန်လာပြီလား မြေးလေး"

အပြေးလေး ဝင်လာသော ကျွန်မကို ဆီးပွေ့ပြီး ဘွား ခပ်တိုးတိုး ပြောသည်။ ထိုတုန်းက ဘွားအသံတွေ တုန်ယင်နေတာကို ကျွန်မ မှတ်မိပါရဲ့။ ဘွားမျက်နှာကို မော့ကြည့်မိတော့ မျက်ရည်တို့သာ ပါးပြင်ဆက် သွင်သွင်စီးကျလာကြသည်။

ဘွား ငိုနေတာမြင်တော့ ကျွန်မ မနေနိုင်ခဲ့ပါ။ အလိုလိုနေရင်း မျက်ရည်တွေက ကျွန်မ ပါးမို့လေးပေါ် စီးဆင်းကျလာရ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလည်း ငိုချင်လာပြီ ဘွားရဲ့၊ ဘွားဘာဖြစ်လို့ ငိုနေတာလဲလို့ ဖေဖေ ဖေဖေရော မရှိဘူးလားဟင်"

အရင်နေ့တွေဆို ကျွန်မ ကျောင်းပြန်လာချိန်တိုင်း ထမင်းစားပွဲတွင် အရက်တစ်ပုလင်းနှင့် စိမ်ပြေနပြေ ထိုင်နေတတ်သော ဖေဖေ့ကို တွေ့ရတတ်၏။ ဒီနေ့မှ ဖေဖေလည်းမရှိတာကို သတိထားမိသည်။

"မြေး မငိုနဲ့ မငိုရဘူး မြေးဘဝမှာ ခုဖြစ်ခဲ့တဲ့ ဖြစ်ရပ်တွေကို တစ်သက်တာအတွက် မေ့ပစ်လိုက်ရမယ်၊ မြေးဘေးနားမှာ ဘယ်သူမှ မရှိရင်နေ ဘွားရှိတယ်"

ထိုတုန်းကတော့ ဘွားပြောသည့် စကားတွေကို ချက်ချင်းနားမလည်နိုင်ခဲ့ပေမယ့် အဲဒီစကားတွေကို ပြောလိုက်သည့် ဘွားအသံတွေမှာ အားမာန်တွေပြည့်ဝနေတာ ကျွန်မ ခံစားမိခဲ့သည်။ ဘွား စကားတွေဟာ ကျွန်မအတွက် ဘာမှပူပင်စရာမလိုအောင် အားဖြစ်စေခဲ့သည်။

အိမ်ကနေ ဖေဖေထွက်သွားခဲ့သည့် ထိုနေ့မှစကာ ဘွားနှင့် ကျွန်မ နှစ်ဦးတည်းသာ ဘဝကို ဖြတ်သန်းခဲ့ရသည်။ ယနေ့အချိန်ထိ ဆိုပါတော့။

"ဟဲ့ မြေး ဘာတွေငေးနေတာတုန်း မုန့်မစားဘဲနဲ့"

အတိတ်ဆီ အတွေးပျံ့နှံ့သွားသော ကျွန်မကို ဘွား အသံက လန့်ဖျပ်သွားစေခဲ့၏။ ဘာမှမဖြစ်သလို ခပ်မြန်မြန် ပြုံးလိုက်ရသေးသည်။

"သမီး သိပ်မစားချင်ဘူး ဖြစ်နေတယ်၊ ဒီနေ့ကြုံရမှာကို တွေး





ပြီး ရင်တွေတောင် ပြည့်နေသလိုပဲ"

တကယ်လည်း ဒီနေ့ပွဲက ကျွန်မကို ရင်ခုန်နေစေသည်။ ဘဝတစ်ခုလုံးကို ပြောင်းလဲပစ်လိုက်မည့်ပွဲ မဟုတ်လား။ ညကလည်း တော်တော်နှင့်အိပ်မပျော်ခဲ့။

လုပ်ငန်းပိုင်းနှင့်ပတ်သက်ပြီး ကျွန်မ အထက်တန်းကျောင်းသူဘဝတည်းက ဘွား လုပ်သမျှတွေ ကြည့်ရှုလေ့လာသည်။ ဆယ်တန်းအောင်တာနှင့် စာရင်းကိုင်ပညာ သင်တန်းတွေ တက်သည်။ ဘွဲ့ယူတော့လည်း အဲဒီကိုနှင့်ပဲမို့ ကျွန်မအတွက်စီးပွားရေးလောကထဲ ဝင်ရမှာ သိပ်တော့ အခက်အခဲ မရှိလှပါ။

လက်တွေ့ပိုင်းကိုလည်း တစ်နှစ်ကျော်ကျော်လောက် ကုမ္ပဏီထဲထိ ဝင်ရောက်လေ့လာပြီးသွားခဲ့ပြီ။ ဘွားလွှဲအပ်ချင်နေသည့်နေရာကို ကျွန်မ ယူလိုက်ဖို့ အခြေအနေအားဖြင့် သင့်လျော်နေပြီဆိုပေမယ့် ကျွန်မစိတ်ကိုတော့ မနည်းပြင်ဆင်နေခဲ့ရ၏။ ဒါကြောင့်လည်း ညက အိပ်မပျော်နိုင် ဖြစ်ခဲ့တာ။ ခုတော့ လူက တစ်ခုခုစားချင်စိတ်တွေပါ ပျောက်ဆုံးချက် စိတ်လှုပ်ရှားနေမိသည်။

ဘိုးနဲ့ဘွားတို့ သွေးတွေချွေးတွေနဲ့ရင်းပြီး ခိုင်မာအောင် လုပ်ခဲ့သော ဒီလုပ်ငန်းကြီးကို ကျွန်မက တာဝန်လွှဲပြောင်းယူရတော့မည်။ ကျွန်မလက်ထက်ရောက်မှ ဒီကုမ္ပဏီကို အကျိုးမယုတ်စေလိုပါ။ အကောင်းဆုံးကြိုးစားဖို့ ယုံကြည်ချက်ရှိပါသည်။ ဆုံးဖြတ်ချက်လည်း ခိုင်မာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် လောလောဆယ်တော့ ရင်တုန်ပန်းတုန် ဖြစ်နေမိ၏။

■ ■ ■

ဘွားရဲ့အနက်ရောင် မာစီဒီးလေး အဆောက်အဦးရှေ့တွင် ရပ်လိုက်သည်နှင့် ကျွန်မ အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလျက် ဖြည်းညင်းစွာ ပြန်မှုတ်ထုတ်ပစ်ရင်း တင်းနေသော စိတ်ကိုလျှော့ချပစ်လိုက်သည်။ ဘေးတွင် ထိုင်နေသော ဘွားက ကျွန်မလက်ကို တစ်ချက်ဖျစ်ညှစ်လိုက်၏။

အသက်အပါဆုံး အပြုံးတစ်ခု ဘွားကို ပြန်ပြုံးပြဖြစ်၏။ စိတ်ချပါ ဘွားရဲ့ချွေးနဲ့ရင်းပြီး မိန်းမသားတန်မဲ့ စွမ်းဆောင်ထားသော ဒီကုမ္ပဏီကို ကျွန်မ အကောင်းဆုံးစောင့်ရှောက်မှာပါ။

ဦးဝင်းစိန် လာဖွင့်ပေးသော တံခါးဘက်မှာပင် ဘွားရော ကျွန်မပါ ထွက်လိုက်ကြသည်။ နေ့တိုင်းအလုပ်ဆင်းခဲ့သောနေရာဆိုပေမယ့် ဒီနေ့မြင်ရပုံက ကျွန်မအတွက် အသစ်အဆန်းတစ်မျိုးလို ခံစားနေရ၏။

အဆောက်အဦးထဲသို့ ဘွားက ရှေ့မှဝင်သည်။ ကျွန်မက နောက်မှကပ်လျက်။ မှန်တံခါးကို တွန်းဖွင့်ဝင်ရန် ပြင်ဆဲမှာပင် ကျွန်မမျက်လုံးထောင့်မှာမြင်လိုက်ရသော ပုံရိပ်နှစ်ခုကြောင့် လှည့်ကြည့်လိုက်မိတော့

"ဟင် မာန်"

သူတို့နှစ်ယောက်လည်း ကျွန်မကိုမြင်သွားပုံနှင့် ငေးစိုက်ကြည့်နေကြသည်။ မာန့်ဘေးက ရွှေမိုးညိုက ဒီနေ့ ကုမ္ပဏီနှစ်ပတ်လည်အခမ်းအနားရှိသည်မို့ထင်ရဲ့။ မြန်မာဝတ်စုံ ချည်ထည်အပြာနုရောင်လေး





နှင့်နုနုရွရွလေး လှပနေ၏။

ကျွန်မလည်း ဒီနေ့ အခမ်းအနားအတွက် မြန်မာဝတ်စုံလေး သာ ဆင်မြန်းလာခဲ့ခြင်းပါ။ မြန်မာဝတ်စုံတွေ ချုပ်ဝတ်တော့မယ်ဆို ကျွန်မ အမြဲအပ်နေကျ နာမည်ကြီးဒီဇိုင်နာဆီမှာ ဘွားကိုယ်တိုင် လွန်ခဲ့တဲ့ တစ်ပတ်ကမှ လိုက်အပ်ပေးထားခြင်း။

စိုလက်နေသော ကျောက်စိမ်းရောင်ဝမ်းဆက်။ ပခုံးချိတ်ရှိ အင်္ကျီလက်၊ ဗွီရှိတ်လည်ပင်းပုံနှင့်မို့ လည်တိုင်မှာ စိန်လုံးသေးသေးလေးများဖြင့် စီခြယ်ထားသော တစ်တန်းတည်း လည်ဆွဲလေးက အထင်းသားပေါ်လွင်နေမှာပါ။ အပြောင်သိမ်းကာ ရိုးရှင်းစွာ စည်းနှောင်ထားသော ဆံပင်ပုံစံကြောင့် နားမှာပန်ထားသည့် တစ်လုံးတည်း စိန်နားကပ်ကလည်း တဖျပ်ဖျပ်လက်နေမှာ သေချာသည်။

မိတ်ကပ်ကတော့ ထုံးစံအတိုင်း ခပ်ပါးပါးသာ။ နှုတ်ခမ်းနီကိုတောင် ပုစွန်ဆီရောင်ဖျော့ဖျော့လေးပဲ တင်ထားခဲ့ခြင်းဖြစ်၏။

ကျွန်မ သူတို့နှစ်ယောက်ကို ငေးကြည့်နေမိဆဲမှာပင် သူတို့က ကျွန်မနား ရောက်လာကြသည်။ သုံးလက်မကျော်မြင့်သည့် အဖြူရောင် ပြောင် လေဒီရှူးအပိတ်လေးကြောင့် မြင့်မားသော မာန့်အရိပ်ကိုတောင် ကျွန်မ ဘေးချင်းယှဉ်ရပ်နိုင်သွားသည်။

"နင်တို့ကုမ္ပဏီရဲ့နှစ်သုံးဆယ်ပြည့်ပွဲ ရှိတယ်ဆို"

မာန်က ကျွန်မကို ငေးစိုက်ကြည့်နေရင်းမှ မေး၏။ ဒီလိုပြင်ဆင်လာတာ ဒီပွဲကြောင့်လို့ သူ တွေးထင်နေမှာပေါ့။ ရွှေမိုးညိုလည်း မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



ဆန်ဆန် သပ်သပ်ရပ်ရပ်လေး ဝတ်လာခြင်းပါပဲ။ ဒါပေမဲ့ ကျွန်မရဲ့ပြင်ဆင်မှုက အရောင်တွေထွက်ကာ သူမထက် အဆမတန် ထင်ရှားနေမှာ သေချာပါသည်။

"ဟုတ်တယ် ရွှေမိုးညိုလည်း သိတယ်မဟုတ်လား"

"သိပါတယ် မမ၊ ဒီနေ့ နှစ်ပတ်လည်ပွဲအပြင် ပိုင်ရှင်ပြောင်းမယ်လို့လည်း ကြားထားပါတယ်"

ကျွန်မ ကျေနပ်စွာ ပြုံးလိုက်မိသည်။

မင်းဘယ်လောက်ပဲ မာန်နဲ့ငါ့ကို သဝန်တိုပြီး ငါ့မကောင်းကြောင်းတွေ နောက်ကွယ်မှာပြောနေပါစေဦး နောက်ဆုံးတော့ မင်းဟာ ငါ့လက်အောက်က ဝန်ထမ်းပါပဲ။ ငါဖြစ်ချင်တာ ငါလုပ်ချင်တာတွေကိုပဲ ဖြစ်စေရမယ်။ ငါ့အမိန့်တွေကိုပဲ မင်း နာခံရတော့မှာလေ။

အတွေးကြီးနေမိသလား။ စိတ်ဓာတ်တွေ ပျက်ပြားနေပြီလားဆိုတာ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်မတွေးချင်ပါ။ ကျွန်မ မျက်စိရှေ့မှာ ကျွန်မ သိပ်ချစ်ရသော ယောကျ်ားနှင့်အတူယှဉ်တွဲရပ်နေသော ဒီမိန်းကလေးကို ကျွန်မ မကျေနပ်နိုင်တာတော့ အမှန်ပဲဖြစ်သည်။

"နင့်ခြေထောက် ဘယ်လိုနေသေးလဲ"

မာန့်အသံမှာ ညကလိုပင် ကျွန်မကိုစိုးရိမ်စိတ်ပူခြင်းတွေ ပျော်ဝင်နေဆဲလို့ ကျွန်မ ယုံ၏။ မာန့်အကြည့်တွေက ရွှေနဲ့ပလက်တီနမ်ရောစပ်ထားသော ချိန်းကြိုးမျှင်မျှင်လေး ရှိနေသည့် ကျွန်မခြေချင်းဝတ်ဆီမှာ

"သက်သာပါတယ် ညက အိမ်ပြန်ရောက်ရောက်ချင်း ရေနွေး





နဲ့လည်း ကပ်ပေးထားလိုက်တော့ တော်တော်သိသာသွားတယ်၊ သက်သာသို့လည်း ဒီဖိနပ်မြင့်ကြီး ငါ စီးနိုင်တာပေါ့ဟ"

ကျွန်မတို့နှစ်ယောက်၏စကားအသွားအလာတွေကို ရွှေမိုးညိုတစ်ယောက် နားမလည်နိုင်သလို မျက်ဝန်းလေးတွေနှင့် ဘေးကနေဝေးဝေးလေး စိုက်ကြည့်နားထောင်နေခဲ့သည်။ ကျွန်မကွယ်ရာရောက်ရင်တော့ သူမ မာန့်ကို မေးဦးမြန်းဦးမှာသေချာ၏။

"ရွှေမိုးညို မဝင်သေးဘူးလား"

ကျွန်မအသံက အနည်းငယ်မာထန်ကာ အမိန့်ဆန်သွားသော်လည်း သူမကတော့ ခေါင်းလေးညိတ်လျက် ကျွန်မနောက်မှ ကပ်ပါလာ၏။ မှန်တံခါးရဲ့ဒီဘက်ကိုရောက်တော့မှ မာန့်ထံသို့ ကျွန်မ သမင်လည်ပြန်တစ်ချက်ကြည့်ကာ ပြုံးရယ်လက်ပြမိသည်။ မာန်ကလည်း လက်ပြန်ပြပါ၏။ ရွှေမိုးညိုကတော့ မျက်လုံးလေးအဝိုင်းသားနှင့် ကျွန်မကို ကြည့်လိုက် မာန့်ကိုကြည့်လိုက်။

"ကဲ ခန်းမထဲကျမှ ဆုံမယ်လေ ရွှေမိုးညို"

သူမကိုနှုတ်ဆက်လျက် ဘွားရှိရာ အခန်းဘက်သို့ ခပ်မြန်မြန်လေး သုတ်ခြေတင် လျှောက်လာမိ၏။

"အင့်"

"အို"

"ဟာ"

သွက်သွက်လေး လှမ်းလာသော ခြေလှမ်းတွေက ထောင့်ချိုး



www.burmeseclassic.com

www.burmeseclassic.com



အကွယ်ကနေ ရုတ်တရက်ထွက်လာသော လူတစ်ယောက်ကြောင့် ဟန်ချက်ပျက်ကာ ရုပ်ပျက်ဆင်းပျက် ယိမ်းယိုင်သွားရ၏။

“ဆောရီး ဆောရီး ကျွန်တော် လောသွားတယ်ဗျာ၊ ဘယ်နား ထိသွားလဲ မသိဘူး”

နောက်ပြန်လည် လဲကျတော့မလို ဖြစ်သွားသော ကျွန်မ ခန္ဓာကိုယ်ကို သူက လက်တစ်ဖက်ဖြင့် ဖမ်းထိန်းပေးလိုက်လို့သာအောက်သို့ ပုံကျမသွားခြင်း။ စိတ်ထဲမှာ ဒေါသထောင်းခနဲ ထွက်သွားတာတော့ အမှန်ပင်။

ထိုလူ့လက်ထဲက ရုန်းထွက်ကာ အင်္ကျီကိုအောက်သို့ ချပ်ချပ်ရပ်ရပ်ဖြစ်စေရန် ဆွဲချပြီး ဒေါသဖြင့် မော့ကြည့်လိုက်မိသည်။ စိုးရိမ်နေသောမျက်နှာအမူအရာနှင့် ကျွန်မကို ငေးစိုက်ကြည့်နေသော ယောကျ်ား တစ်ယောက်။

တိတိကျကျ ပြောရလျှင် ချောမောခန့်ညားသော သက်လတ်ပိုင်း ယောကျ်ားတစ်ယောက်။ မျက်ဝန်းတွေက နူးညံ့မှုတွေနဲ့ပြည့်နှက်နေသည်။ မည်းမှောင်သော ဆံပင်တိုတိုများကြောင့် ကြည်လင်သော မျက်နှာကို ထင်ထင်ရှားရှား မြင်ရ၏။

ညိုစိမ့်စိမ့်အသားအရေက ယောကျ်ားပီသသော မျက်နှာကျနှင့် အလွန်လိုက်ဖက်လွန်းလှသည်။ ချောကလက်ရောင်ရှပ်လက်ရှည်ကို အောက်ကသျှားညိုရောင် ပိုးပုဆိုးလေးနဲ့ တွဲဝတ်ထားပုံက ကြည့်ကောင်းသည်ဆိုတာထက် ပိုနေစေ၏။





“ဘယ်နားထိသွားလဲ မသိဘူးဗျ”

ငေးကြည့်နေမိသော ကျွန်မကို သူ့အသံက လှုပ်နှိုးလိုက်သလို ဆတ်ခနဲ ဖြစ်သွားစေသည်။

“ရတယ် ဘာမှမဖြစ်ပါဘူး”

“ကျွန်တော် တောင်းပန်ပါတယ်နော်၊ ရွှေဝါမြေကုမ္ပဏီရဲ့ နှစ်ပတ်လည်အခမ်းအနားကို လာတက်တာပါ၊ အခမ်းအနားလုပ်တဲ့ ခန်းမလိုက်ရှာနေတာလေ”

“ရှင် ရွှေဝါမြေပွဲကိုလာတာလား၊ ဓာတ်လှေကားနဲ့တက်ပြီး ဒုတိယထပ်ရောက်ရင် ညာဘက်ကို ချိုးလိုက်ပါ၊ အခမ်းအနားက နောက်ဆယ့်ငါးမိနစ်လောက်နေမှ စမှာမို့ အေးအေးဆေးဆေး သွားလို့ရပါတယ်”

ကျွန်မ ပြုံးပြုံးလေးနှင့်လမ်းညွှန်ပေးလိုက်သည်။ ဒီလူ့ပုံကြည့်ရတာ ကျွန်မတို့ကုမ္ပဏီက ဝန်ထမ်းတော့ မဖြစ်နိုင်ပါ။ ဒီလောက် ထင်ရှားပေါ်လွင်သော မျက်နှာမျိုးကိုလည်း ကုမ္ပဏီမှာ ကျွန်မ တစ်ခါမှ မမြင်တွေ့ဖူးခဲ့။

ဘွားနှင့်ရင်းနှီးသည့် အသိမိတ်ဆွေများလား။ ဒါပဲ ဖြစ်မှာပေါ့။ မျက်နှာလေးကို မှတ်မှတ်ထင်ထင် ဖြစ်သွားပေမယ့် သူနဲ့ဆုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကိုတော့ မေ့မေ့ပျောက်ပျောက်ပဲ ထားလိုက်မိ၏။

“ဟယ် ငါ့မြေးရယ် ဒီမှာ ပွဲက စတော့မယ်၊ ဘယ်တွေလျှောက်သွားနေတာတုန်း”

ဘွားမျက်နှာမှာ စိတ်ပူပန်မှုတွေ အထင်းသားမြင်နေရ၏။

www.burmeseclassic.com



"ဘယ်မှလျှောက်မသွားပါဘူး ဘွားရဲ့၊ အောက်မှာသူငယ်ချင်းတစ်ယောက်နဲ့တွေ့ပြီး စကားရပ်ပြောနေလို့ပါ"

"ဟုတ်ပါပြီကွယ် ကဲ မြေး အဆင်သင့်ဖြစ်ရင် သွားကြရအောင်လေ"

ခန်းမထဲ အဝင်မှာ ပြင်ဆင်ထားသော ပန်းအလှတွေကို မြင်ရုံနှင့် ကျွန်မစိတ်ကြည်နူးသွားမိသည်။ အခန်းထဲဝင်လိုက်တော့လည်း စားပွဲဝိုင်းတိုင်းမှာ အလှဆင်ထားသော အရောင်အသွေးစုံလင်သည့် ပန်းသေးသေးကြီးကြီးတွေက တကယ့် ပန်းခင်းကြီးထဲရောက်သွားသလိုခံစားချက်မျိုးကိုပင် ပေးစွမ်းနိုင်နေသေးသည်။

ကတ္တီပါအဖြူရောင် နောက်ခံမှာ ရွှေရောင်စကားလုံးများဖြင့်ရေးထိုးထားသည့် ကုမ္ပဏီနာမည်နှင့်အခမ်းအနား အထိမ်းအမှတ် စာလုံးတွေက ဝင့်ဝင့်ကြွားကြွား။ ဘွားမျက်နှာကို ကြည့်ရတာ တော်တော်လေးအားရကျေနပ်နေပုံရ၏။

ကိုယ်ဖန်တီးလိုက်သော အသီးအပွင့်တွေကို တစိမ့်စိမ့်ကြည့်ပြီးကြည်နူးနေသော ပုံစံမျိုး။

"ဘွား သဘောကျရဲ့လား"

"အတိုင်းထက်အလွန်ပေါ့ ငါ့မြေးရယ်"

ရှေ့ဆုံးမှာရှိသည့် ဗွီအိုင်ပီဝိုင်းကြီးမှာ ကျွန်မတို့ဝင်ထိုင်လိုက်သည်။ ဒီဝိုင်းမှာ အနည်းဆုံးတော့ လူဆယ်ယောက်ထိုင်လို့ရနိုင်ပါသည်။

ကုမ္ပဏီကို ဦးစီးတည်ထောင်ခဲ့သော ဘွားနှင့်အတူ တခြား





ရှယ်ယာဝင်များအတွက် သီးသန့်ပြင်ဆင်ထားသော စားပွဲဝိုင်း။ ဘွားသေးတပ်လျက်နေရာတွင် ကျကျနန နေရာယူပြီးတော့မှ မျက်လုံးကို ဝိုင်းအတွင်း ဝေ့ဝဲကြည့်လိုက်မိ၏။

"ဟင်"

အာမေဋိတ်သံ တိုးတိုးလေး ထွက်ကျသွားမိသည်ထိ ကျွန်မအံ့ဩသွားသည်။ သူလည်း ကျွန်မကိုမြင်ပြီး မျက်ခုံးတန်းလေးနှစ်ဖက်သေိမသာ မြင့်တက်သွား၏။ ကုမ္ပဏီအမှုဆောင်တွေသာ ထိုင်ရသောကျွန်မတို့ဝိုင်းတွင်းက ထိုင်ခုံမှာ သူ ထိုင်နေခြင်းမို့ ကျွန်မ သိချင်စိတ်လေးလည်း ဖြစ်မိသည်။

"ငါ့မြေးကို မိတ်ဆက်ပေးရဦးမယ် ဒါက"

အလိုက်တသိနှင့် မိတ်ဆက်ပေးနေသော ဘွားကိုကျွန်မကျေးဇူးတင်လိုက်မိ၏။ ဝိုင်းတွင်းမှ လူတွေကို တစ်ယောက်ချင်းစီ မိတ်ဆက်ပေးနေရင်းနှင့်မှ သူ့အလှည့်ရောက်လာခဲ့သည်။

"ဒါက ဒုတိယအများဆုံး ရှယ်ယာရှင် ဦးဘုန်းရင့်မြတ်"

"သမီး သူ့ကိုတစ်ခါမှမမြင်ဖူးပါဘူး"

ပထမ မိတ်ဆက်ပေးသွားသည့် လူတွေထဲမှာလည်း ကျွန်မမမြင်ဘူးသော လူနှစ်ယောက်သောက်ပါပေမယ့် ဒီတိုင်းနှုတ်ဆက်ခေါင်းညိတ်လျက်သာ နားထောင်နေခဲ့သော ကျွန်မက ဒီလူ့ကျမှ ဝင်မေးလိုက်သဖြင့် ဘွား နည်းနည်းတော့ တစ်မျိုးဖြစ်သွားပုံပါပဲ။

ကျွန်မ မေးခွန်းကို ဘွား ပြန်မဖြေနိုင်ခင်မှာပင် ဘုန်းရင့်မြတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော ထိုလူကိုယ်တိုင်က ဝင်ဖြေပေး၏။

"ကျွန်တော်က နိုင်ငံခြားမှာရှိတဲ့လုပ်ငန်းမှာပဲ ရုံးထိုင်လာခဲ့တာ လေ၊ ကျွန်တော့်အဘိုးက ဒီက အန်တီနှင်းမြချယ်တို့နဲ့ ဒီကုမ္ပဏီမှာ လက်တွဲလာခဲ့တာ ကြာပါပြီ၊ အဘိုး အနားယူပြီးတဲ့နောက်ပိုင်း ကျွန်တော့် ကို မြန်မာပြည်က အလုပ်တွေပါ တွဲလုပ်နိုင်းတာကြောင့် ကျွန်တော် ပြန်လာခဲ့ရတာပါ"

"ဪ"

သူ ဖြေသွားတာ တော်တော်ပြည့်ပြည့်စုံစုံမို့ ကျွန်မ 'ဪ' ရုံကလွဲရင် ဘာမှမပြောနိုင်တော့ဘူးလေ။

"ဒါက ကျွန်မရဲ့တစ်ဦးတည်းသော မြေးမလေး၊ ကျွန်မရဲ့တစ်ဦး တည်းသော အမွေဆက်ခံသူလည်းဖြစ်တဲ့ နှင်းမြူမြူတဲ့"

ဝိုင်းထဲမှာထိုင်နေသော လူအားလုံးကို မျက်လုံးဝေ့ကြည့်ကာ ကျွန်မ ပြုံးပြလိုက်သည်။ မျက်နှာချင်းဆိုင်လို ဖြစ်နေသော ဘုန်းရှင် မြတ်ဆိုသည့် သူက မမိုတ်မသုန် စိုက်ကြည့်နေတာမို့ သူ့မျက်ဝန်းများ ကိုတော့ သတိမထားမိအောင် ရှောင်တိမ်းလိုက်ရ၏။

အခမ်းအနား စတင်သည်နှင့် ဘွားက စင်ပေါ်တက် စကား ပြောသည်။ ဒီလုပ်ငန်းကြီး စထူထောင်လာစဥ်တည်းက မှန်းကန်ခဲ့ရ များ၊ တိုးတက်အောင်မြင်လာပုံများ၊ ဝန်ထမ်းတွေရဲ့အရေးပါပုံများ အားလုံးရဲ့ဝိုင်းဝန်းကြိုးစားမှုကြောင့်သာ ဒီအချိန်ထိ ရပ်တည်လာနိုင်ခဲ့ ပုံများ။





ပြီးတော့မှ ကျွန်မကို လက်လွှဲပေးတော့မည့်အကြောင်း။ ဒီ သတင်းက အားလုံးကြားမှာ အတိအကျ မဟုတ်တောင် သိုးသိုးသန့်သန့် ပြန့်နှံ့နေပြီးသား။ တစ်ဦးတည်းသော မြေးမကို လွှဲပြောင်းပေးတော့မည် ဆိုတာ။ အဲဒီ မြေးမက နှင်းမြူမြူမှန်း သူတို့မသိသေးတာက လွဲလို့ပေါ့။

အားလုံးကို ကျောပေးကာ ထိုင်နေသည်မို့ ကျွန်မကို ဘယ် ဝန်ထမ်းမှလည်း သတိထားမိမည် မထင်ပါ။ ဒါကြောင့်လည်း နေရာမှ ထကာ စင်ပေါ်လှမ်းတက်လိုက်ချိန်၌ အားလုံးရဲ့မျက်ဝန်းတွေက အံ့ဩ ခြင်း မယုံနိုင်ခြင်းတွေနဲ့ တီးတိုးစကားသံတွေ လွှမ်းခြုံကုန်တာပေါ့။

အဓိကကတော့ ခန်းမရဲ့ဟိုးနောက်ဘက်ကျကျမှာ ထိုင်နေ သော ရွှေမိုးညိုရဲ့မျက်လုံးတွေ ပါးစပ်လေးအဟောင်းသား ပွင့်သွားသည် ထိ သူမ အံ့ဩသွားပုံရပါသည်။ အားလုံးကို လက်အုပ်လေးချီလျက် 'မင်္ဂလာပါ'လို့ ကျွန်မ စတင်နှုတ်ဆက်လိုက်ချိန်မှာပဲ ထွက်ပေါ်နေသော တီးတိုးသံတွေအားလုံး တိခနဲ ငြိမ်ကျသွား၏။

ရှည်ရှည်ဝေးဝေးတွေ ထွေလီကာလီ မပြောတတ်သောကြောင့် ဝန်ထမ်းတွေအားလုံးကို လေးစားပါကြောင်းနှင့် ဒီထက်မက အောင်မြင် အောင် ရှေ့လျှောက်လက်တွဲလုပ်ဆောင်သွားပါမည့်အကြောင်း ကတိပေး ပြီးသည့်နောက်မှာ ရွှေမိုးညိုဆိုသည့် ကောင်မလေးရဲ့မျက်နှာကို နောက် တစ်ကြိမ် မျှော်ကြည့်လိုက်မိသေးသည်။ မျက်နှာပြင်ပေါ်မှာ ဝမ်းသာ လိုက်လှဲမှုတွေ ရှိမနေတာတော့ သေချာပါသည်။ ဒီကောင်မလေး စိတ်ထဲ ဘာတွေများ တွေးနေမှာပါလိမ့်။ သူ့အလုပ်ရှင်မှန်း မသိဘဲနှင့် နောက်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်မှာ ကျွန်မမကောင်းကြောင်း ပြောခဲ့ခြင်းကို မျက်နှာပူနေခြင်း ဖြစ်ပါလိမ့်မည်။

ကျွန်မ စင်ပေါ်က ဆင်းလာတော့ တစ်နှစ်တာအတွက် အကောင်းဆုံးဝန်ထမ်း အထူးချွန်ဆုံးဝန်ထမ်း စသဖြင့် ဆုပေးပွဲလေး စတင်သည်။ စားကြသောက်ကြသူတွေကလည်း အားလုံးပျော်ပျော်ရွှင်ရွှင် မျက်နှာများနှင့်ပါပဲ။

ရွှေဝါမြေ ကုမ္ပဏီမှာ လုပ်ကိုင်နေသည့် မည်သည့်ဝန်ထမ်းမဆို ပျော်ရွှင်တက်ကြွနေစေချင်သည်။ ရသင့်ရထိုက်သည့် အခွင့်အရေးတွေ ရစေသည်။ ထိုက်တန်သော လစာအပြင် ဆုကြေးငွေတွေပါ အမြဲ ချီးမြှင့်တတ်သည်မို့ ဒီမှာ အလုပ်လုပ်သည့်သူအားလုံး စိတ်ချမ်းသာကြမည်ဆိုတာတော့ ကျွန်မ သံသယမဝင်ပါ။

စားပွဲပေါ်တင်ထားသည့် ပန်းသီးစိတ်လေးတစ်ခုကို ခက်ရင်းနှင့်ထိုးယူစားရန် လက်လှမ်းလိုက်စဉ်မှာပဲ ခြေထောက်ဆီမှ စူးခနဲ နာကျင်သွားသည်မို့ ကျွန်မ မျက်နှာတစ်ချက်သိသိသာသာ ပျက်ယွင်းသွားရသည်။ နောက်တော့ တဖြည်းဖြည်းနှင့် တစ်ဆစ်ဆစ် အောင့်လာသလိုမို့ ဝိုင်းထဲကနေ ခပ်ရှိုရှိုလေး ထွက်လာခဲ့လိုက်၏။ နာကျင်နေသော မျက်နှာအမူအရာမျိုးနဲ့ ဆက်ထိုင်နေလို့ မသင့်တော်ဘူး မဟုတ်လား။

ခန်းမဘေးထောင့်ရှိ စတီးခုံတန်းလေးတွင် ကျွန်မ တစ်ယောက်တည်း လွတ်လပ်စွာ ရှိနေမှန်း သေချာတော့မှ မြင့်မားလှသော ဒေါက်ဖိနပ်တွေကို ချွတ်ပစ်လိုက်၏။ ထိခိုက်မိထားသော ညာဘက်ခြေချင်းဝတ်





က နီရဲနေခဲ့ပြီ။

ညက ရေခဲကပ်ထားသောကြောင့် သက်သာသွားသော်လည်း ပွဲမစခင်တုန်းက ဟိုဘုန်းရင့်မြတ်ဆိုသူနှင့် ဝင်တိုက်မိချိန်တွင် ဒဏ်ပြန်ပိသွားခဲ့သည် ထင်ပါရဲ့။

"ဟာ ခြေထောက်ကြီး ရောင်သွားတာပဲ၊ ဘယ်လိုဖြစ်တာလဲ မနှင်းမြူမြူ"

အထိတ်တလန့်အသံနှင့်အတူ အနားသို့ရောက်လာသူက ဘုန်းရင့်မြတ်။ သူ့အကြောင်း တွေးမိနေတုန်းမို့ ဒီလူ အသက်ရှည်ပါဦးမည်။

"ကျွန်တော်နဲ့ဝင်တိုက်မိပြီး ဖြစ်သွားတာလား။ ဒီလောက် ဖြစ်သွားမယ်လို့ ထင်တောင် မထင်မိဘူးဗျာ"

စိုးရိမ်တကြီး မျက်ဝန်းတွေနှင့် ခြေမကိုင်မိ လက်မကိုင်မိ ပြောနေသော သူ့ကြောင့် ကျွန်မနည်းနည်းတော့ စိတ်အနှောင့်အယှက်ဖြစ်သွားသည်။

"ကိုဘုန်းရင့်မြတ်ကြောင့် မဟုတ်ပါဘူး။ ကျွန်မ နဂိုတည်းက ခြေခေါက်ထားလို့ပါ"

"ဒီလိုဆို ကျွန်တော်နဲ့ထပ်တိုက်မိလိုက်တော့ ဒီလိုဆိုးသွားတာနဲ့ တူတယ်၊ ဒီမှာ ထိုင်မနေနဲ့လေ၊ ဆေးခန်းသွားရမှာ မဟုတ်ဘူးလား"

"ပွဲမှမပြီးသေးတာရှင်၊ ဘွားတောင် ထိုင်နေသေးတာကို ကျွန်မက ပြန်လာလို့ သင့်တော်ပါ့မလား"

"မဟုတ်သေးပါဘူး ဒါက ကိုယ့်ကျန်းမာရေးနဲ့ ပတ်သက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာကို ခဏလေးစောင့် ကျွန်တော် အန်တီနှင်းမြချယ်ကို သွားပြောပြ ပြီး ပြန်ထွက်လာခဲ့မယ်၊ ကျွန်တော်ကိုယ်တိုင် ဆေးခန်းလိုက်ပို့ပေးပါ့ စေ''

ပြောပြောဆိုဆို ခန်းမဘက် ပြန်လှည့်ထွက်သွားသော သူ့ ခြေလှမ်းကျဲကျဲများကြောင့် ပြန်ခေါ်ဖို့ရာ ကျွန်မ လက်လျှော့လိုက်ပါသည်။ တအောင့်နေတော့ သူ ပြန်ရောက်လာခဲ့၏။

''အန်တီက ထွက်လာမလို့ လုပ်နေလို့ တားခဲ့ရသေးတယ် စိတ်မပူပါနဲ့ ကျွန်တော် သေချာဂရုစိုက်လိုက်ပါ့မယ်ဆိုပြီးလေ''

သူ့စကားသူ သဘောကျသွားပုံနှင့် ဟက်ခနဲ တစ်ချက်ရယ် လိုက်သေးသည်။ ဘယ်လိုပဲဖြစ်ဖြစ် တော်တော်လေး အဆင်ပြေစွာ ကြည့်ကောင်းသည့်ယောကျ်ားဆိုတာတော့ ကျွန်မ နောက်တစ်ကြိမ် စိတ် ထဲမှာ ဝန်ခံလိုက်ရပြန်သည်။

ထိုင်ခုံတန်းလေးပေါ်ကနေ မတ်တပ်ထရပ်ရန် ကြိုးစားကြည့် သော်လည်း အလွယ်တကူ ဖြစ်မလာခဲ့။ ထရပ်ဖို့ ပြင်လိုက်တိုင်း ညာ ဘက်ခြေထောက်တစ်ဖက်က အားပြုထောက်လို့မရ။

ထိုစဉ်မှာပဲ ကျွန်မ လက်မောင်းလေးကို သူ့ရဲ့သန်မာသော လက်တစ်ဖက်ဖြင့် ဖွေ့ခနဲ ဆွဲယူထစေလိုက်တာ။

''အို ဘယ်လိုလုပ်လိုက်တာလဲ''

''မင်း မထနိုင်ဖြစ်နေလို့ ကူညီတာပါဗျာ''

''ရှင့်လက်ကြီးတွေနဲ့ ဖြည်းဖြည်းလုပ်ပါရှင့်၊ ဒီမှာ နာသွားတာ





ပဲ''

ခြေထောက်အပြင် လက်မောင်းကပါ နာကျင်သွားရတာမို့ ကျွန်မ မျက်နှာလေး တကယ့်ကို ရှုံ့မဲ့နေခဲ့သည်။

''ဆောရီးပါဗျာ ကျွန်တော်က အဲဒီလိုပဲ နည်းနည်းလောတတ် တယ်ဗျ အဟဲ ကျွန်တော် ဖြည်းဖြည်းပဲ တွဲပေးပါ့မယ်၊ ကျွန်တော့်လက် ကို အားပြုပြီး လျှောက်ပေါ့နော်''

အားတုံ့အားနာဟန် ရယ်ကျဲကျဲ လုပ်လိုက်ပုံက ဆယ်ကျော် သက် ချာတိတ်လေးတစ်ယောက်လို နုပျိုလတ်ဆတ်နေဆဲ။ ဒီဘုန်းရင့် မြတ်ဆိုသည့်လူ မရှိဘူးဆိုရင်တောင် ကျွန်မထက် ရှစ်နှစ်မကလောက် တော့ ကြီးမည်ထင်၏။

သူ့ကားက ငွေရောင်ကွင်းလေးကွင်းနှင့် အနက်ရောင် Audi လေးဖြစ်သည်။ ကျွန်မကို ကားမောင်းသူဘေးတွင် စနစ်တကျ နေရာ ချပေး၊ ကားတံခါးကိုပါ သေချာပိတ်ပေးပြီးမှ ကားမောင်းသူနေရာဘက်ဆီ အပြေးတစ်ပိုင်း လှမ်းသွား၏။

သူလှုပ်ရှားနေပုံက မသိရင်ဘဲ လူနာတစ်ယောက် အသက်မှီ အောင် ဆေးရုံဆီ အပြေးသွားနေသည့်ပုံ။ ကိုယ့်အတွေးနှင့်ကိုယ် ပြုံး မိုက်မိတာကို ကိုယ်တိုင်သတိမထားလိုက်မိပေမယ့် သူကတော့ သတိ ထားမိစွာပင် တစ်ကိုယ်တည်း ခပ်တိုးတိုး ရေရွတ်လိုက်၏။ 'တစ်ယောက် တည်း ဘာတွေပြုံးနေမှန်းလည်း မသိဘူး' တဲ့။

''ကိုဘုန်းမြင့်ရက် အာ ဆောရီး အဟီး''

www.burmeseclassic.com



ကျွန်မရဲ့နာမည်ခေါ်မှု လောသွားသောကြောင့် မှားယွင်းသွားမှုက နှစ်ဦးစလုံးအား ပွင့်လင်းစွာ ရယ်မောဖြစ်သွားစေသည်။

"အဆင်ပြေသလို ခေါ်ပါဗျာ၊ ဒီလိုတော့ နာမည်မဖျက်ပါနဲ့"

"ဆောရီးပါရှင်၊ ရှင့်နာမည်ကလည်း တစ်မျိုးကြီးကိုး"

ကျွန်မ အမှားအတွက်လည်း ကိုယ့်ဘာသာ မျက်နှာပူရက်ရွံ့နေမိသည်။

"ဘုန်းရင့်လို့ပဲ ခေါ်နိုင်ပါတယ်"

"ကောင်းပါပြီ ကိုဘုန်းရင့်"

ဆေးခန်းထဲမှ ပြန်ထွက်လာတော့လည်း ကျွန်မ လက်မောင်းတစ်ဖက်ကို သူက အသာတွဲပေးထား၏။ ဒီလိုဆိုတော့ ဘုန်းရင့်မြတ်ဆိုသည့် ဒီလူကို ကျွန်မ စိတ်ထဲက အနည်းငယ် ခင်မင်ရင်းနှီးလာမိသည်။ လူမှုရေးသိတတ်သော လူတစ်ယောက်အဖြစ်ပေ့ါ။

"တော်သေးတာပေ့ါဗျာ၊ အကြောလောက်ပဲ ထိသွားတာမို့လို့"

"အရိုးထိတာဆိုရင်လည်း ကျွန်မ ဒီလိုအေးအေးဆေးဆေးဘယ်နေနိုင်ပါ့မလဲရှင်"

ဆေးခန်းကို အလာတုန်းက လမ်းမှာ သူကိုယ်တိုင် ဆင်းဝယ်ပေးထားသည့် ကွင်းထိုးဖိနပ်ပြားလေးကိုသာ ကျွန်မ စီးထားတာမို့ လမ်းလျှောက်ရ အဆင်ပြေပါသည်။ သို့သော် သူကတော့ စိုးရိမ်လွန်းစွာပင် ကျွန်မကိုတွဲလျက် ကားပေါ်ထိ ညင်ညင်သာသာ ပို့ပေး၏။

သူ့ကားမောင်းပုံကလည်း ပုံမှန်သက်သောင့်သက်သာပင်





ဘယ်သူ့ကိုမှ လိုက်ပြိုင်မမောင်း။ သူ့ကိုအတင်းကျော်တက်လျှင်လည်း ပြုံးပြုံးလေးနဲ့ ကျော်တက်ခွင့်ပြုလိုက်သည်သာ။ သူ့ကိုကြည့်ရတာ ကားမောင်းတာတစ်ခုတည်းမှာမဟုတ်ဘဲ အရာရာကို တည်ငြိမ်စွာနဲ့ ဖြေရှင်းနိုင်သောစိတ်ဓာတ်ကို ပိုင်ဆိုင်ထားသည့် ယောကျ်ားတစ်ယောက်ပဲ ဖြစ်လိမ့်မည်လို့ ကျွန်မ တိတ်တိတ်လေး မှတ်ချက်ချမိသည်။

ကျွန်မတိုက်ခန်းအောက်တည့်တည့်တွင် သူ့ကားကို ထိုးရပ်ပြီးတာနှင့် ကားပေါ်က ခပ်မြန်မြန်ဆင်းကာ ကျွန်မဘက်တံခါးကို လာဖွင့်ပေးသည်။ သူ့အပြုအမူတွေက ကျွန်မအပေါ် ဂရုတစိုက်ရှိလွန်းတာမို့ စိတ်ထဲကနေ အားတုံ့အားနာဖြစ်လာမိသည်ထိ။

ဘွား ကားလေးကို ကားပါကင်မှာမမြင်မိတာမို့ ဘွား ပြန်မရောက်သေးမှန်း ကျွန်မ ခန့်မှန်းလိုက်မိ၏။

"ရပါတယ် ကိုဘုန်းရင့်၊ ကျွန်မဘာသာပဲ တက်လိုက်ပါ့မယ်"

"အို မဟုတ်တာဗျာ ကျွန်တော် အခန်းပေါက်ဝထိ လိုက်ပို့ပေးပါ့မယ်"

ထိုစဉ်မှာပဲ ကျွန်မ လက်ကိုင်အိတ်ထဲမှ ဟန်းဖုန်းသံလေးမြည်လာတာမို့

"ခဏလေးနော် ကိုဘုန်းရင့် ဘွားဆီက ထင်တယ်"

ကျွန်မ ထင်သည့်အတိုင်းပင် ဘွားထံမှ ဖြစ်၏။ ဘွား စိတ်ပူနေမှာပေ့ါ။ ဘွားကိုစပြီး ဆက်ရမှာကို ကျွန်မက မေ့လျော့တာပါ။

"အကြောရောင်သွားရုံပါ ဘွားရယ်၊ ဘာမှ ထွေထွေထူးထူး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး''

''. . .''

''ရှိပါတယ် ကိုဘုန်းရင့်ပဲ သမီးကို အစအဆုံး လိုက်လုပ်ပေးတာလေ၊ ခု သမီးတို့အိမ်အောက်ရောက်နေပြီ''

''. . .''

''ပြောလိုက်ပါ့မယ် ဘွားရယ်၊ မေ့စရာလားလို့''

''. . .''

''ဘွားလည်း ပြန်လာတော့မှာပဲဟာ၊ ဘာမှလည်း စိတ်ပူစရာမရှိပါဘူး။ ဒါဆို သမီး ဖုန်းချလိုက်တော့မယ်နော်''

ဖုန်းလေးကို လက်ကိုင်အိတ်ထဲ ပြန်ထည့်ပြီးသည်ထိ ကိုဘုန်းရင့်က ကျွန်မကို ပြုံးပြုံးကြီး ငေးကြည့်နေ၏။

''ဘာတွေကြည့်နေတာလဲ ကိုဘုန်းရင့်ရဲ့''

''အန်တီက အရမ်းစိတ်ပူနေတယ်နဲ့ တူတယ်''

''ဟုတ်တယ် ဘွားကတော့ အမြဲ အဲဒီလိုပါပဲ၊ ကျွန်မကိုဆိုကလေးကျနေတာပဲ''

''ဒါကတော့ ဂရုကြီးကိုး၊ ဒီလိုပါပဲဗျာ''

''ကိုဘုန်းရင့်ကိုလည်း ဘွားက ကျေးဇူးတင်ကြောင်း ပြောခိုင်းလိုက်တယ်၊ ကျွန်မလည်း တကယ်ကျေးဇူးတင်ပါတယ်ရှင်''

''မလိုပါဘူးဗျာ အကောင်းဘက်က တွေးရင် ကျွန်မတို့နှစ်ယောက် ခင်မင်သွားဖို့ အကြောင်းဖန်လာတယ်လို့ပဲ မှတ်ယူရမှာပေါ့





''ဟုတ်ပါပြီရှင် ကျွန်မလည်း ခြေထောက်အနာခံပြီး အကောင်းဘက်ကပဲ တွေးပေးပါ့မယ်''

''ဟာ မနှင်းမြူမြူလည်း တော်တော်နောက်တယ်နော်''

ကျွန်မတို့နှစ်ယောက်လုံး ပြိုင်တူရယ်မောလိုက်မိ၏။

နှင်းမြူမြူက လူငယ်ဆန်ဆန် ပွင့်ပွင့်လင်းလင်း နေတတ်တယ်ဆိုတာ ဘုန်းရင့်မြတ်ဆိုသူမှ မသိသေးဘဲလေ။

သူ့အကူအညီဖြင့် ဓာတ်လှေကားမှတစ်ဆင့် အိမ်ရှေ့တံခါးဝသို့ ချောချောမောမော ရောက်ရှိခဲ့ပြီမို့ သူ့ကို ကျေးဇူးတင်စွာဖြင့် ပြုံးကြည့်လိုက်ပြီး

''ကော်ဖီသောက်ဝင်ပါဦးလား ကိုဘုန်းရင့်''

''နေပါစေတော့''

''ဘာလဲ ကော်ဖီလေးတစ်ခွက်လောက်ကို အားနာလို့လား၊ ဒီလောက်ထိ အကူအညီတွေ ယူခဲ့ရတဲ့ ကျွန်မက အားမနာတမ်းနိုင်းဆတ်တဲ့သူကြီး ဖြစ်နေပြီပေါ့''

''ဟာ အဲဒီသဘော မဟုတ်ပါဘူးဗျာ၊ ပတ်ဝန်းကျင်အမြင်သင့်တော်မှာစိုးလို့ပါ''

ကျွန်မက နောက်ပြောင်ကျီစယ်လိုက်ခြင်းဖြစ်ပေမယ့် သူကတော့ ပျာပျာသလဲဖြစ်သွားကာ သူ့စိတ်သဘောထားအမှန်ကို ရှင်းပြနေပြန်သည်။ ဒီလူကို အကျင့်စာရိတ္တပိုင်းမှာတော့ ကျွန်မ အမှတ်များများ ပေးထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမှန်ကန်တဲ့ စိတ်နေသဘောထားရှိသူမျိုးနှင့် အလုပ်အတူ တွဲလုပ်ရမှာက ကျွန်မအတွက် နစ်နာစရာ ဘာမှမရှိဘူးလေ။

''ကျွန်မတို့အိမ်မှာ အိမ်အကူအဒေါ်ကြီး ရှိပါတယ်ရှင်၊ စိတ်သက်သက်သာသာနဲ့ ဝင်နိုင်ပါတယ်''

''ဪ ဒီလိုလား၊ ကျွန်တော်က မြေးအဘွားနှစ်ယောက်တည်း နေကြတယ် မှတ်လို့ပါ''

သူ ဖြေရှင်းချက်ပေးရင်း ကျွန်မနှင့်အတူ အိမ်ထဲလိုက်ဝင်လာပါသည်။

''ခဏထိုင်ဦးနော် ကိုဘုန်းရင့်၊ ကော်ဖီနှပ်ထားတုန်း အဝတ်အစားလေး လဲလိုက်ချင်လို့''

''အဆင်ပြေသလိုလုပ်ပါ မနှင်းမြူမြူ''

''ဪ ဒါနဲ့ ဒီတစ်နေ့လုံး ကိုဘုန်းရင့် အားမအားတောင် မမေးဖြစ်ဘူး၊ ကျွန်မ အလုပ်တွေပဲ လိုက်လုပ်ပေးနေရတယ်''

''ကျွန်တော် အချိန်ရပါသေးတယ်၊ အလုပ်တစ်ခု ချိန်းထားတာက ညနေလေးနာရီမှပါ၊ ပြီးတော့ ကျွန်တော် အလုပ်ကိစ္စတွေ ရှိနေရင်လည်း ဒီလိုအေးအေးလူလူ ထိုင်နေဖြစ်မှာမဟုတ်ပါဘူး ကျွန်တော့်ကို အားမနာပါနဲ့၊ နောက်လည်း အလုပ်အတူတွဲလုပ်ရမှာဆို တော့ ရင်းရင်းနှီးနှီး ရှိတာ ပိုကောင်းပါတယ်၊ ကျွန်တော်ကတော့ ဒီနေ့ ကိစ္စတွေကို ကျွန်တော်တို့နှစ်ယောက်ကြား ရင်းနှီးခွင့်ရသွားစေတာ အကောင်းဘက်ကပဲ မြင်မိတယ်''





ဘုန်းရင့်မြတ်က ရှည်ရှည်ဝေးဝေး ရှင်းပြလိုက်တာမို့ ကျွန်မ စိတ်ထဲက အားနာစိတ်လေးတွေလည်း နည်းနည်းတော့ လျော့ပါးသွားပါသည်။ အလုပ်အတူလုပ်မည့်သူအချင်းချင်း စိတ်ထဲမှာ အဖုအထစ်လေးတွေ မဖြစ်သွားစေချင်တာတော့ ကျွန်မရဲ့ဆန္ဒအမှန်ပါ။

''ကဲ ကိုဘုန်းရင့်မြတ် စကားတွေအများကြီးပြောလိုက်ရလို့ မောသွားပြီမဟုတ်လား၊ ရှေ့က ရေလေးအရင်သောက်လိုက်ပါဦး''

စားပွဲပေါ်မှာ ခုနက ဒေါ်နု လာချပေးသွားသော ရေခွက်ကို မေးလေးထိုးပြရင်း ကျွန်မ ခပ်ရွှတ်ရွှတ်လေးပြောလျက် အခန်းထဲ လှမ်းဝင်ခဲ့လိုက်သည်။

လေးလံနေသော အဝတ်အစားတွေကို ချွတ်ပစ်လျက် ပေါ့ပေါ့ပါးပါးဖြစ်စေရန် အိမ်နေရင်း ကာတွန်းရုပ်လေးတွေပါသော ဘောင်းဘီရှည်နှင့်အကျႌလက်တိုကိုသာ ခပ်မြန်မြန် ရွေးချယ်ဝတ်ဆင်လိုက်သည်။ ရေချိုးပစ်လိုက်ချင်ပေမယ့် ကိုဘုန်းရင့်ကို အားနာသောကြောင့် မျက်နှာသစ် ခြေလက်ဆေးကြောခြင်းကိုသာ သွက်သွက်လေး လုပ်လိုက်ရသည်။

အခန်းထဲကနေ အိမ်နောက်ဖေးဘက် တန်းထွက်ကာ နှပ်ထားပြီးသော ကော်ဖီကို ကျွန်မသောက်နေကျအတိုင်း ခါးသက်သက်လေးပဲ ဖျော်ခဲ့လိုက်၏။

''သုံးဆောင်ပါဦး ကိုဘုန်းရင့်၊ ကျွန်မကတော့ အိမ်မှာ ကိုယ်တိုင်ဖျော်တဲ့ခါးသက်သက်အရသာလေးကိုပဲ နှစ်သက်လို့ အဲဒီအတိုင်း ယူလာပေးခဲ့တယ်၊ ကိုဘုန်းရင့် အဆင်မပြေရင် ပြန်ပြင်ပေးပါ့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



မြည်းကြည့်ပါဦးနော်''

''ရပါတယ် ပြင်စရာလိုမယ် မထင်ပါဘူး။ ကျွန်တော်ကလည်း အခါးဘက်ရောက်တာပဲ အမြဲသောက်တာလေ''

''အဆင်ပြေသွားတာပေါ့ရှင်''

သူ့ရှေ့မှာ ကော်ဖီခွက်ချပေးလိုက်ပြီး မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ကျွန်မ ဝင်ထိုင်လိုက်သည်။ သူက ကော်ဖီကို တစ်ငုံသောက်ပြီး

''ကျွန်တော့်အကြိုက်နဲ့ တစ်ထပ်တည်းပါပဲ''

''ဒီလိုဆို ကျွန်မတို့နှစ်ယောက် ကော်ဖီခါးကြိုက်ပုံချင်း သွားတူနေတာပေါ့''

ကျွန်မက လောကဝတ်စကားဆိုလိုက်သော်လည်း သူက ဘာမှ မတုန့်ပြန်ဘဲ ကျွန်မကို ငေးစိုက်ကြည့်နေခဲ့သည်။ စက္ကန့် တော်တော်ကြာနေတာမို့ ကျွန်မနည်းနည်း မနေတတ်ဖြစ်လာကာ စားပွဲပေါ်တင်ထားသော ဖုန်းလေးကို လှမ်းယူလိုက်၏။ ကျွန်မရဲ့လှုပ်ရှားမှုကြောင့် သူလည်း အသက်ပြန်ဝင်လာသူလို ဟက်ခနဲ ရယ်လိုက်၏။

သူ့အဖြစ်ကို သူ့ဘာသာလည်း ရှက်အမ်းအမ်း ဖြစ်သွားပုံမျိုးပါ။

''ဆောရီးပါ မနှင်းမြူမြူ။ ခုနက ပုံစံနဲ့ အခုအဝတ်လဲလာတဲ့ပုံစံက တကယ့်ကို တခြားစီမို့လို့ ကျွန်တော် ငေးကြည့်မိသွားတာပါ''

''ဘယ်လို တခြားစီဖြစ်နေလို့လဲ ကိုဘုန်းရင့်ရဲ့''

''ခုနကတော့ လူကြီးဆန်ဆန်လေးနဲ့ ခုတော့ တကယ့်





ကလေးတစ်ယောက်လိုပဲ၊ တစ်ယောက်စီလားလို့တောင် ကိုယ့်ဘာသာတွေးမိသွားတယ်၊ ဒါကြောင့် ငေးကြည့်မိသွားတာပါဗျာ၊ ကျွန်တော့်အကြည့်တွေက မရိုင်းဘူးဆိုတာတော့ ကျွန်တော် အာမခံပါတယ်''

တကယ့်ကိုလည်း သူ့အကြည့်တွေက ရိုင်းစိုင်းစွာ စူးရဲနေခဲ့ခြင်းမဟုတ်တာမို့ ကျွန်မ ခေါင်းငုံ့ပြုံးလိုက်မိသည်။ သူ့အကြည့်တွေကို ကျွန်မ သိပါသည်။ အံ့ဩမယုံနိုင်ဖြစ်သွားသော အကြည့်မျိုးတွေလေ။

''ကျွန်မကို ကလေးလို့မြင်လို့တော့ မဖြစ်ဘူးနော်၊ တော်ကြာနေ အလုပ်လုပ်တဲ့အချိန်ကျမှ ဒီကလေးလေးက လာရှုပ်နေတယ်လို့ ပြောချင်နေဦးမယ်''

''စိတ်ချပါဗျာ ဒီလိုတော့ ဘယ်တော့မှ မပြောပါဘူး။ အန်တီနှင်းမြချယ်ကိုယ်တိုင်က စိတ်ချလို့ရတဲ့အချိန်ရောက်ပြီမို့ လုပ်ငန်းတစ်ခုလုံးကို လွှဲပေးခဲ့တာပဲလေ၊ အန်တီ့ဆုံးဖြတ်ချက်ကို ကျွန်တော်တို့အားလုံး လေးစားပါတယ်''

ဘွားက မိန်းမတစ်ယောက်ဖြစ်ပေမယ့် ထက်ထက်မြက်မြက် လုပ်တတ်ကိုင်တတ်သည်မို့ စီးပွားရေးလောကမှာတော့ တကယ့်ကို နာမည်တစ်လုံးနှင့် နေနိုင်သူဖြစ်သည်။ ရွယ်တူလုပ်ငန်းတူချင်းသာမက ကိုဘုန်းရင့်တို့လို လူငယ်တွေဆီကပါ လေးစားယုံကြည်မှုကို ရရှိနေဆဲ ဘွားအတွက် ကျွန်မရင်ထဲက ဂုဏ်ယူနေမိ၏။

ကိုဘုန်းရင့် ပြန်သွားသည်နှင့် ဘွား အိမ်ပြန်ရောက်လာခဲ့သည်။ အိမ်ထဲထိဖိတ်ပြီး ကော်ဖီဖျော်တိုက်ခဲ့ကြောင်းပြောတော့ ဘွား



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက ပြုံးတုံ့တုံ့နှင့်

"မောင်ဘုန်းရင့်မြတ်က တကယ်တော်တဲ့လူငယ်တစ်ယောက်ပဲ မြေး။ ဟိုမှာတုန်းကဆိုလည်း လုပ်ငန်းတွေအားလုံးကို သူတစ်ယောက်တည်း ဦးစီးပြီးလုပ်လာတာ၊ ဦးနိုင်ဘုန်းလူ အနားမယူခင်တည်းက သူ့ကို ဒီကလုပ်ငန်းပိုင်းကိုပါ နားလည်အောင် ပြန်ခေါ်ပြီး လေ့လာစေခဲ့တာ၊ စကားပြောလည်း ယဉ်ကျေးတယ်၊ အထူးသဖြင့် သူ့ဆီမှာ ဘွားသဘောအကျဆုံးက ရိုးသားမှုရှိတဲ့ သူ့မျက်လုံးတွေပဲ၊ ရိုးပေမယ့် မတုံးဘူး၊ စီးပွားရေးနဲ့ပတ်သက်ရင် ရှေ့ကိုတော်တော်လေး ကြိုမြင်တတ်တယ်၊ အလုပ်နဲ့ပတ်သက်ရင်လည်း တိကျတယ်"

"အမလေး ဘွားရယ် ဒီနေ့တော့ ကိုဘုန်းရင့် ချီးမွမ်းခန်းဖွင့်နေတာနဲ့ အဝတ်တောင် လဲနိုင်ပါတော့မလား"

ကျွန်မက ဘွားခန္ဓာကိုယ်ကို သိုင်းဖက်ကာ ရွတ်နောက်နောက်လေး ပြောလိုက်သည်။

"ဒီလိုလူမျိုးနဲ့ အလုပ်အတူတွဲလုပ်ရမှာမို့ ဘွားက ပိုစိတ်ချတယ်လို့ပြောချင်တာပါကွယ်၊ သူ့ကို လေးလေးစားစား ဆက်ဆံပါနော်"

"ဘာလဲ သမီးက ရိုင်းနေလို့လား"

"ငါ့မြေးလေး မရိုင်းဘူးဆိုတာကို ဘွား သိပါတယ်၊ ဒါပေမဲ့ ခုလို နောက်တတ်ပြောင်တတ်တာလေးကိုပဲ ဘွားက စိတ်ပူနေတာ"

"ဘာမှစိတ်မပူပါနဲ့၊ သမီးက အလုပ်နဲ့ကိုယ်ရေးကိုယ်တာကို ခွဲခြားတတ်ပါတယ်ဘွားရဲ့၊ ကဲပါ အဝတ်အစားလေးဘာလေး လဲပြီး





အနားယူလိုက်ဦး၊ သမီးလည်း ခဏတဖြုတ် လှဲချင်လို့"

"ညနေစောင်းထိ မအိပ်နဲ့နော် မြေး၊ နေထိုင်မကောင်းဖြစ်နေမယ်"

အခန်းထဲထိ ဘွားအသံက လွင့်ပျံ့ဝင်လာခဲ့သည်။ ကျွန်မကို ကလေးတစ်ယောက်လို စိတ်ပူပန်ပြီး နေရာတကာ လိုက်ပြောနေတတ်သာက ဘွားအကျင့်ပဲမို့ ကျွန်မ ပြုံးရုံသာ ပြုံးနေလိုက်မိသည်။

စိတ်ကိုလျှော့ချပစ်လိုက်ပြီး ခုတင်ပေါ် လှဲလိုက်မိတာနှင့် အာရုံထဲ အရင်ဆုံးရောက်လာသူက ချစ်ရသော မာန်ပဲ ဖြစ်၏။ ခုချိန်လောက်ဆို ရွှေမိုးညိုကနေတစ်ဆင့် ကျွန်မအကြောင်းတွေ မာန် သိပြီးလောက်ပြီပေါ့။

ဒါတောင် ကျွန်မကို ဘာလို့ ဖုန်းအဆက်အသွယ် မလုပ်သေးဘာလဲ။ စိတ်ဆိုးတာဖြစ်ဖြစ် ဘာဖြစ်ဖြစ် တစ်ခုခုတော့ ကျွန်မကို ဖုန်းဆက်ပြီး မေးသင့်ပြောသင့်သည်မဟုတ်ဘူးလား။

ကျွန်မဘက်က စဆက်ဖို့ဆိုတာကလည်း အပြစ်ကြီးတစ်ခု ချုပ်ထားသူလို မဝံ့မရဲဖြစ်နေမိသည်။

မာန်ရယ် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ငါ့ကို မမုန်းလိုက်ပါနဲ့နော်။ အဆက်အသွယ်မလုပ်ဘဲလည်း မနေပါနဲ့နော်၊ ဘာပဲဖြစ်ဖြစ် ငါက နင့်ရဲ့ သူငယ်ချင်းပဲမဟုတ်လား။

"နင့်ကိုငါ အရမ်းချစ်တယ် မာန်ရယ်၊ နင်သိအောင် ငါ ဘယ်လိုပြောရမလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်တည်း ရေရွတ်လျက်က ဝဲလာသောမျက်ရည်စလေ
များကို မျက်တောင်ကော့များဖြင့် ပုတ်ခတ်ထုတ်ပစ်လိုက်ပြီး စိတ်
အနားပေးရန် ကြိုးစားလိုက်သည်။

အိုင်ပေါ့လေးကိုဖွင့် နားကြပ်ကိုနားထဲထည့်ကာ ထွက်လာသော
ငြိမ့်ညောင်းသည့် ဂီတသံစဉ်လေးများကိုသာ အာရုံပြုထားလိုက်၏။ သီချ
စာသားမပါသော ဂီတချည်းသက်သက် ခပ်အေးအေးငြိမ့်ငြိမ့် သံစဉ်လေ
များဖြင့် စိတ်ကို အနားပေးတတ်တာက ကျွန်မရဲ့အကျင့်တစ်ခုပဲလေ

## အခန်း (၇)

"နင် ငါ့ကို ဘာလို့ညာနိုင်ခဲ့တာလဲ မြူ"

မာန့်မျက်ဝန်းတွေမှာ ကျွန်မမြင်နေရတာက ဒေါသတွေ မဟုတ်ပါ။ ယုံကြည်မှုတွေ ဖျက်ဆီးခံလိုက်ရသော လူတစ်ယောက်ရဲ့မှုန်မှိုင်းသော မျက်ဝန်းမျိုးတွေဖြစ်သည်။

"ငါ ညာချင်လွန်းလို့ ညာခဲ့တာမဟုတ်ဘူး မာန်၊ သူ့ဘာသာ ဖြစ်သွားခဲ့တာ၊ ဘွားက ငါ့ကို ကုမ္ပဏီမှာ လက်တွေ့အတွေ့အကြုံရှိစေချင်လို့ ဝင်လုပ်ခိုင်းနေတဲ့အချိန်မှာ နင်နဲ့တွေ့ခဲ့တာ၊ ငါ့ကို ဘွားမြေးဆိုတာလည်း ဘယ်သူ့ကိုမှ မပြောရဘူးလို့ ကတိတောင်းဆိုခဲ့တာ"

"အဲဒါ နင်တို့ကုမ္ပဏီကလူတွေကို ဆိုလိုတာလေ၊ ငါက နင်တို့ ဝန်ထမ်းမှမဟုတ်ဘဲ၊ ငါ့ကိုဘာလို့ နင်ညာခဲ့ရတာလဲ"

"နင့်ကိုညာတယ်လို့ ခဏခဏ ပြောမနေပါနဲ့၊ ငါ မညာပါဘူး



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကိုဖုံးကွယ်ခဲ့ရုံပါပဲ၊ ပြီးတော့ ငါ့ဘာသာငါ ချမ်းသာသာဆင်းရဲရဲ နှင်နဲ့ငါ က သူငယ်ချင်းတွေပဲ မဟုတ်လား။ ငါချမ်းသာမှန်းသိသွားလို့ နှင် ငါ့ကိုမခင်နိုင်တော့ဘူး ဒီလိုလား''

တကယ်ဆို မာန်တို့မိသားစုကလည်း ဆင်းရဲကြသူတွေမဟုတ်ပါ။ မာန့်အလုပ်ကပဲ တစ်လကို အနည်းဆုံး ငါးသိန်းခြောက်သိန်း လစာရသောအလုပ်။ မာန့်အမေက နာမည်အတော်အသင့်ရှိသော စားသောက်ဆိုင်တစ်ခုပိုင်သည်။ မာန့်ညီမလေးကတော့ တက္ကသိုလ်နောက်ဆုံးနှစ်တက်နေတာဖြစ်၏။ အဖေကတော့ ငယ်စဉ်တည်းက ဆုံးပါးသွားခဲ့ပြီဟု မာန် ပြောပြခဲ့ဖူးသည်။

''ငါနဲ့ပတ်သက်ရင် အထူးသဖြင့် ငါ့မိသားစုအကြောင်း နှင့်ကိုဖုံးကွယ်ထားခဲ့တာ ဘာရှိလို့လဲ မြူ။ တတကယ့်သူငယ်ချင်းဆိုတာ တစ်ယောက်နဲ့တစ်ယောက် အတွင်းသိအစင်းသိ ယုံကြည်မှုမျိုး ရှိရမယ် မဟုတ်လား''

''ငါတောင်းပန်ပါတယ် မာန်၊ နှင် ဒီကိစ္စကို ကျေနပ်တဲ့ထိ ငါ တောင်းပန်ပါ့မယ်၊ ငါ ဘယ်လိုလုပ်ပေးရမလဲဟင်''

ကျွန်မ လေသံပျော့လေးနှင့် တောင်းပန်တိုးလျှိုးလိုက်တော့လည်း မာန့်မျက်နှာပေါ်မှာ ခုနကထိ ရှိနေခဲ့သည့်စိတ်ပျက်နေသော မျက်ဝန်းတွေပျောက်ကွယ်ကုန်ကာ

''နှင် ငါ့ကိုတောင်းပန်စရာ မလိုပါဘူး၊ သူငယ်ချင်းဆိုတာ မိသားစုအသိုင်းအဝိုင်းလိုက်ကြီးနဲ့ မပတ်သက်မှန်း ငါသိပါတယ်၊ ဒါပေမဲ့





နှင့်ကိုငါ ယုံကြည်ခဲ့သလောက် နှင် ငါ့ကိုဖုံးကွယ်ခဲ့တာအတွက် ငါ့ရင်ထဲမှာ ခံရခက်သွားတာပါ''

''ဆောရီးပါ မာန်ရယ်၊ ငါ တကယ်မရည်ရွယ်ခဲ့ပါဘူး၊ ဒါနဲ့ ရွှေမိုးညိုလည်း တော်တော် အံ့အားသင့်သွားမှာပေါ့နော်''

''သေချာတာပေါ့ဟာ၊ ငါ့ကိုဖုန်းဆက်ပြီး ပြောတုန်းကဆို သူ သိပ်ကို မယုံကြည်နိုင်ဖြစ်နေခဲ့တာ၊ သူ့ကိုအလုပ်ဝင်နိုင်အောင် လိုက်လုပ်ပေးခဲ့တာလည်း နှင်ပဲဖြစ်ရမယ်ဆိုပြီး ကျေးဇူးလည်းတင်နေသေးတယ်''

''ဟုတ်လား အဟင်း''

မနေ့က တစ်ညလုံး မာန် ဖုန်းဆက်လာလိမ့်မယ်လို့ ထင်နေခဲ့သော်လည်း ဒီမနက် ကျွန်မ Breakfast စားပြီးမှသာ မာန့်ထံမှ ဖုန်းဆက်လာခဲ့ခြင်းဖြစ်၏။ တနင်္ဂနွေနေ့မို့ ကျွန်မတို့နှစ်ယောက်လုံး အလုပ်သွားစရာမလိုသည်မို့ လွှတ်လပ်စွာပင် တွေ့ဆုံခွင့်ရခဲ့သည်။

''ဒီနေ့ ရွှေမိုးညိုနဲ့သွားမတွေ့ဘူးလား သူလည်း အလုပ်ပိတ်တာပဲလေ''

''ဟင့်အင်း သူနဲ့ငါက ပိတ်ရက်တိုင်း တွေ့နေတယ်လို့ နှင်ထင်လို့လား။ ပြီးတော့ သူ့အိမ်မှာနယ်က အမျိုးတွေရောက်နေလို့ ဘုရားဘာတွေ လိုက်ပို့ရမယ်လို့လည်း ပြောတယ်၊ သူ့ဟာနဲ့သူတောင် အားပါဘူး၊ ငါလည်း ပိတ်ရက်ဆိုတော့ တစ်ယောက်တည်းလွှတ်လွှတ်လပ်လပ်လေး နေချင်တယ်ဟ''



www.burmeseclassic.com

www.burmeseclassic.com



မာန့်အသံ နားထောင်ရတာ ဘာမှပြောင်းလဲမှုမရှိဘဲ ကျွန်မ အပေါ် အရင်လိုပဲ ရင်းနှီးနွေးထွေးနေမြဲမို့ စိတ်ထဲမှာ လှိုက်ခနဲ ပျော် သွားမိသည်။ မာန် တအားစိတ်ဆိုးကာ ကျွန်မကို အခေါ်အပြောမလုပ် တော့မှာ တစိမ့်စိမ့်တွေးပြီး ထိတ်လန့်နေခဲ့ရတာလေ။

"နင်တစ်ယောက်တည်း နေချင်တယ်လည်းဆိုသေး ခုတော့ ငါက အနှောင့်အယှက်ဖြစ်နေပြီပေါ့လေ၊ ဘာလဲ ပြန်ရတော့မှာလား"

စိမ်းလန်းစိုပြည်ထဲက စားသောက်ဆိုင်တစ်ခုထဲမှာ နှစ်ယောက် သား အေးအေးလူလူ စကားပြောရအောင်ဟုဆိုကာ မာန်က ဦးဆော ချိန်းလိုက်ခြင်းဖြစ်၏။ လွန်ခဲ့တဲ့သုံးရက်လောက်ကမှ ဘွား အသစ်ထ ဝယ်ပေးထားသော Crown Royal Saloon နက်ပြာလေးကို မောင်းက ကျွန်မဝင်လာတော့ အပေါက်ဝမှာ ရပ်စောင့်နေသော မာန့်မျက်လုံးမှ ထဲက လှောင်ပြောင်ရိပ်တွေနှင့် ပထမဆုံးရင်ဆိုင်ခဲ့ရတာပါ။

အဲဒီလှောင်ပြောင်ရိပ်တွေကြောင့်ပဲ ဘယ်လိုနာကျင်စရာ စကာ လုံးတွေနဲ့ မာန် ကိုင်ပေါက်မလဲလို့ ကျွန်မ ရင်ထိတ်နေခဲ့မိတာ။ ဘယ် စကားလုံးမျိုးနဲ့ပဲ ရင်ဆိုင်ရပါစေ စိတ်ကိုအတတ်နိုင်ဆုံး လျှော့ချလို လျှော့ပစ်ဖို့လည်း ကျွန်မ ဆုံးဖြတ်ထားခဲ့တာ။

ခုတော့ မာန့်ဘက်က ဖြူစင်စွာပင် သူ ခံစားရသမျှကို အ သားဆုံး ဖွင့်ပြရုံလောက်သာမို့ စိတ်ထဲမှာ အလွန်ပဲ လွတ်လပ်ပေါ့ နေမိတာ အမှန်။ မာန် တစ်ယောက်တည်း နေချင်တယ်ဆိုရင်လည် နှုတ်ဆိတ်စွာ ထွက်သွားပေးဖို့ စဉ်းစားထားပြီးသား။





"ငါ တကယ်ပြန်ပေးရမလား မာန်၊ နင် စိတ်လွတ်ကိုယ်လွတ် နေချင်တယ်ဆိုရင်လေ"

"နင်ပြန်စရာမလိုပါဘူး၊ ငါပြောတဲ့ တစ်ယောက်တည်းနေချင် တယ်ဆိုတာ သမီးရည်းစားလို အနေအထားမျိုးတွေနဲ့မဟုတ်တဲ့ လွတ်လပ် မှာ နေချင်တာကို ပြောတာ၊ ရည်းစားတွေအများကြီး ထားခဲ့ပေမယ့် သူတို့နဲ့အချိန်တွေကို အလဟဿဖြုန်းပစ်ဖို့တော့ ငါဝါသနာမပါဘူး"

"ဒါဆို နင် အအေးကုန်အောင် သောက်လိုက်ဦး၊ ပြီးရင် ကန်စပ်နားမှာ သွားထိုင်ရအောင်လေ"

နေ့လယ်စောင်းအချိန်ဆိုပေမယ့် ကန်စပ်မှာလေလေးတဖြူးဖြူး မို့ မြက်ခင်းပြင်ပေါ်မှာပဲ နှစ်ယောက်သား ခြေပစ်လက်ပစ် ထိုင်ချ လိုက်ကြသည်။

"ရည်းစားတွေသာ များနေပေမယ့် ငါ့ရင်ထဲမှာ တကယ်ချစ်တဲ့ မိန်းမမျိုး မတွေ့မိသေးပါဘူးဟာ"

မာန့်စကားကြောင့် ကျွန်မရင်ထဲနည်းနည်းတော့ အားလျော့ သွားမိပေမယ့် တစ်ဖက်က တွေးကြည့်တော့လည်း ဝမ်းသာစရာစကားပဲ မဟုတ်လား။

"နင်ရော ချစ်တဲ့သူ မတွေ့သေးဘူးလား"

"ဟင် ငါလား"

ရုတ်တရက် မေးလာသော မာန့်မေးခွန်းကြောင့် ကျွန်မ ကြောင် အမ်းအမ်းဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ မေးတာတုံး မာန်ရဲ့၊ ငါ့ဟာငါ နေနေတာကို"

"နင်က ဒီအရွယ်သာ ရောက်လာတယ် ရည်းစားတွေ ဘာတွေ ရှိတယ်လို့လည်း တစ်ခါမှ မကြားမိဘူးလေ"

"ဘာလဲ နင်က ငါ့ကိုထားစေချင်နေလို့လား"

ကျွန်မ ခပ်ရွှတ်ရွှတ်မေးလိုက်တော့ သူက ပြုံးကာ ကန်ရေပြင်ဘက် လှည့်သွားသည်။ အဲဒီအပြုံးရဲ့အဓိပ္ပာယ်ကို ကျွန်မ နားမလည်ပေမယ့် စွဲလန်းမိသွားတာတော့ အမှန်ပင်ဖြစ်သည်။ ပြုံးလိုက်လျှင် နှုတ်ခမ်းအစွန်းလေးနှစ်ခု ကော့ပျံတက်သွားပုံက ကျွန်မကို တကယ်ပင် ညို့ယူနိုင်စွမ်းရှိလွန်းသည်မို့ သတိလက်လွတ် ငေးမောမိသွားသည်ထိ။

"နင့်ကိုရည်းစားမထားစေချင်ပါဘူးဟာ၊ တော်ကြာ နင် ရည်းစားရသွားလို့ ငါ့ဘေးမှာ ခုလို မရှိနိုင်တော့ရင် ဘယ်လိုလုပ်မလဲ"

ထိုစကားက ကျွန်မရင်ထဲထိ လေးနက်စွာ ဝင်ရောက်သွားရသည်။ သူ့ဘေးမှာ ကျွန်မ မရှိတော့မှာကို သူ တွေးပြီး စိုးရိမ်ခဲ့ဖူးသည်တဲ့လား။ ဒီလိုဆို မာန့်ရင်ထဲမှာ နည်းနည်းဖြစ်ဖြစ်တော့ ကျွန်မ ရှိနေတာပေါ့နော်။

"မြူ နင့်မျက်နှာကလည်းချက်ချင်း ပြုံးချိုသွားတာ ဘာဖြစ်တာတုံး"

"နင်ရော ငါ့အပေါ်မှာ သူငယ်ချင်းထက်ပိုတဲ့ သံယောဇဉ်များ ရှိနေလားလို့ တွေးမိလို့ပါ"

"အာ နင်ကလည်း"





သူ့စကားနဲ့သူပြန်နှက်လိုက်မှန်းသိသောကြောင့် မာန့်မျက်နှာက နီရဲတက်သွားကာ တစ်ဖက်သို့လှည့်သွား၏။ တစ်ခါတလေ မာန်က လေ သိပ်ချစ်ဖို့ကောင်းတာပဲလို့ ကျွန်မ တွေးမိ၏။

"ဘာဖြစ်သွားတာတုန်းဟ နင့်တုန်းက ငါ့ကိုအဲလိုကြီး မေးခဲ့တာပဲမဟုတ်လား၊ ဟဟ နင် တကယ်ရယ်ရတယ် သိလားမာန်"

ပြောလည်းပြော ရယ်လည်းရယ် လုပ်နေသော ကျွန်မလက်မောင်းကို မာန်က မနာကျင်စေရန် ဖွဖွလေးထိုးလိုက်ပြီး

"ကလဲ့စားပြန်ချေလိုက်ရလို့ သိပ်ပျော်နေတယ်ပေါ့ ဟုတ်လား"

"ကလဲ့စားချေတာ မဟုတ်ဘူး၊ ငါက တကယ်သိချင်လို့ မေးတာဆိုရင်ရော"

ရယ်မောနေရင်းနဲ့မှ မျက်နှာကိုခပ်တည်တည်လေးလုပ်ကာ ပြောလိုက်တော့ မာန့်မျက်နှာတန်းလေးနှစ်ခု အလယ်တွင်စုကျုံ့သွားသည်။

ထိုစဉ်မှာပဲ

"မနှင်းမြူမြူ ဟိုးဆိုင်မှာထိုင်နေရင်းက လှမ်းတွေ့လိုက်လို့ လာနှုတ်ဆက်တာပါ၊ အနှောင့်အယှက်များ ဖြစ်သွားလား မသိဘူး"

ဖြူသန့်နေသော တီရှပ်အလျားလိုက်စင်းလေးကို ကာကီရောင်ညိုသားဘောင်းဘီတိုလေးနှင့် တွဲဖက်ဝတ်ဆင်ထားသော ဘုန်းရင့်မြတ်။ နေကာမျက်မှန်ဝိုင်းကြီးကို ခေါင်းပေါ်လှန်တင်ထားပြီး မြက်ခင်းပြင်မှာ ထိုင်နေသော ကျွန်မကိုအပြုံးများနှင့်ငုံ့မိုးကြည့်နေပုံက ခပ်မင်နှစ်လိုဖွယ်ကောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကပျာကသီပင် မတ်တပ်ထရပ်လိုက်ရင်း လှိုက်လှိုက်လှဲလှဲ ပြုံး ပြုံးပြဖြစ်လိုက်၏။

"အနှောင့်အယှက်မဖြစ်ပါဘူး ကိုဘုန်းရင့်၊ ပိတ်ရက်ဆိုတော့ သူငယ်ချင်းနဲ့ အေးအေးဆေးဆေး လာထိုင်တာပါ"

ကျွန်မ စကားဆုံးတော့ ဘုန်းရင့်မြတ်က ထိုင်လျက်သား ကန်ရေပြင်ကို ငေးမောနေဆဲဖြစ်သော မာန့်ထံ တစ်ချက်ငဲ့ကြည့်လိုက်ပြီး

"ကျွန်တော်လည်း မတွေ့တာကြာတဲ့ ငယ်သူငယ်ချင်းတွေနဲ့ မုန့်လာစားတာပါ၊ တစ်ခုခုလိုက်စားပါဦးလား"

"မစားတော့ပါဘူးရှင်၊ ကျွန်မတို့က စားသောက်ပြီးမှ ဒီနား လေး လေတိုက်လို့ လာထိုင်နေကြတာပါ"

"ဩော် ဟိုနေ့က မနှင်းမြူမြူရဲ့ဖုန်းနံပါတ်ကို ကျွန်တော် တောင်းထားဖို့ မေ့သွားတယ်လေ၊ အဆင်ပြေရင် ခုတစ်ခါတည်း မှတ်သွားလိုက်လို့ရမလား။ အလုပ်ကိစ္စတစ်ခုခုဆိုရင် အတွင်းရေးမှူးဆီကနေ တစ်ဆင့်ပြောရတာထက် ကိုယ်တိုင်လှမ်းဆက်သွယ်ရတာ အဆင်ပြေသွားမယ်လေ၊ ပြီးတော့ ကျွန်တော်တို့ ခင်မင်တဲ့ မိတ်ဆွေဖြစ်ချင်တာလည်း ပါပါတယ်"

ဘုန်းရင့်မြတ် စကားအဆုံးမှာ မာန်ဆတ်ခနဲ မော့ကြည့်လိုက်တာ ကျွန်မ တွေ့လိုက်သေးသည်။ မျက်ဝန်းတွေက အလိုမကျမှုတွေ ဖုံးလွှမ်းလျက် အရောင်တွေတဖျပ်ဖျပ်လက်နေ၏။ မာန့်အကြည့်တွေက





ဘုန်းရင့်မြတ်ဆီကနေ ကျွန်မထံသို့ ပေစောင်းစောင်းနှင့် ရောက်လာကာ ကန်ရေပြင်ဘက် ပြန်လှည့်သွားပြန်သည်။

ဘုန်းရင့်မြတ်ကတော့ အဲဒီ အားပါသော အကြည့်တွေကို သတိထားမိလိုက်ပုံတောင်မရ။ ဘာပဲပြောပြော ထိုအကြည့်တွေကိုလည်း ကျွန်မ ချစ်တာပါပဲလေ။

"ချီးထုပ်"

မာန့်အကြည့်တစ်ချက်မှာတောင် အတွေးတွေ ဟိုရောက်ဒီ ရောက် ဖြစ်ကုန်သော ကိုယ့်ဘာသာ မကျေမနပ်နှင့် ခပ်တိုးတိုး ရေရွတ်လိုက်မိတာကို ကိုဘုန်းရင့်က ကြားသွားလျက် မျက်လုံးပြူးသွားပြီး

"ဖုန်းနံပါတ်ပေးဖို့ အဆင်မပြေလို့လား"

"အာ မဟုတ်ဘူး မဟုတ်ပါဘူး၊ ကျွန်မ အနူးအညွတ်တောင်း ပန်ပါတယ်၊ ကိုဘုန်းရင့်ကိုပြောတာ မဟုတ်ပါဘူး၊ ကိုယ့်ဘာသာ ပြောလိုက်တာပါ၊ အဲလိုပဲ ရုတ်တရက်ဆိုရင် ဘယ်တော့မှ ကိုယ့်ဖုန်းနံပါတ် ကိုယ် မမှတ်မိတတ်ဘူးလေ၊ ဆောရီးနော် ကျွန်မ ထပ်တောင်းပန်ပါတယ်"

"ဖြစ်တတ်ပါတယ်၊ လူတော်တော်များများက ကိုယ့်ဖုန်းကိုယ် မြန်ခေါ်နေတာ မဟုတ်တော့ ဒီလိုပဲ မမှတ်မိဖြစ်တတ်တာ နားလည်ပါ တယ်၊ ကျွန်တောင် တစ်ခါတလေ ဖြစ်သေးတာပဲ"

ဒီကိစ္စသာ ဘွား သိလို့ကတော့ ဘယ်လောက်တောင် ဆူပူ လိုက်မလဲ မသိပါ။ လောလောဆယ်တော့ ကျွန်မမှာ သွားဖြဲလေးနှင့်ပင် ဘုန်းရင့်မြတ်ကို ဖုန်းနံပါတ် ပေးလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သွားတော့မယ်နော်၊ ဟိုမှာ သူငယ်ချင်းတွေလည်း ပါလာသေးလို့လေ၊ မဟုတ်ရင်တော့ မနှင်းမြူမြူနဲ့အေးအေးလူလူ ထိုင်ချင်သေးတာပါ"

"နောက်ကြုံမှာပေါ့ ကိုဘုန်းရင့်ရယ်၊ ခုနကကိစ္စကို ကျွန်မ ထပ်တောင်းပန်ပါတယ်နော်၊ စိတ်မရှိပါနဲ့"

သူက ညီညာသော သွားတန်းလေးများပေါ်အောင် ဟက်ဟက်ပက်ပက် ရယ်လိုက်ရင်း ကျွန်မခေါင်းလေးကိုပုတ်ကာ

"ရပါတယ် ကလေးရဲ့"တဲ့။

ဘုန်းရင့်မြတ် အပြုအမူကြောင့် ကျွန်မ ကြောင်တောင်တောင်ဖြစ်ကျန်ခဲ့ရသည်။ ရင်ထဲမှာလည်း တစ်မျိုးကြီးဖြစ်သွားမိ၏။

အဖြစ်အပျက်အစအဆုံးကို တွေ့လိုက်သောမာန်ကတော့ သူ့ဘေးမှာ ကျွန်မ ပြန်ထိုင်လိုက်သည်နှင့်

"တော်တော်ရင်းနှီးတယ်နဲ့တူတယ်နော်"

"မဟုတ်ပါဘူးဟာ အလုပ်သဘောအရပါ၊ ငါတို့ကုမ္ပဏီမှာ ဒုတိယအများဆုံး ရှယ်ယာရှင်လေ"

"သြော် သြော် အလုပ်သဘောအရ ဖင်ပုတ်ခေါင်းပုတ်လုပ်လို့ ရတယ်ပေါ့လေ"

"အို နှင်ဘယ်လိုပြောလိုက်တာလဲ မာန်၊ သူက ငါ့ကိုညီမလေး တစ်ယောက်လို ခင်မင်လို့နေမှာပေါ့"

"ဟွန့် လုပ်ငန်းတူ ရှယ်ယာရှင်ကြီးဆိုတော့ ပိုက်ဆံလည်းတော်





တော်ချမ်းသာမှာပဲနော်"

"ချမ်းတော့ တော်တော်ချမ်းသာတယ်ဟ၊ နိုင်ငံခြားမှာတင်ပဲ ဆိုင်နန်းက ဘယ်နှခုလဲမသိဘူး ရှိသေးတယ်"

ကျွန်မက ရိုးသားစွာပြောပြလိုက်ခြင်းပါ။ ဒါပေမဲ့ စကားအဆုံး ထွက်လာသော မာန့်တက်ခေါက်သံကြောင့် ကျွန်မ လန့်လည်းလန့် ကြောင်လည်းကြောင်သွားမိသည်။

"ဘာဖြစ်တာလဲ မာန်"

"ပြန်မယ် နှင် နေခဲ့ဦးမှာလား"

"အိုး ငါက ဘာဖြစ်လို့ နေခဲ့ရမှာတုန်း၊ နှင်ပြန်ရင် ငါလည်း မှာပေါ့"

ခြေလှမ်းကျဲကြီးများဖြင့် လျှောက်လှမ်းသွားသော မာန့်နောက် ကျွန်မ ကသောကမျောလေး ပြေးလိုက်လာခဲ့ရသည်။ မာန် ဘာဖြစ် တာလဲ။ ဘုန်းရင့်မြတ်ရဲ့ ချမ်းသာကြွယ်ဝမှုက မာန့်အတွက် စိတ်ဆိုး သဖြစ်စေတဲ့ကိစ္စမို့လို့လား။

ကျွန်မ နားမလည်နိုင်တော့ပါ။

"ငါ့ကားနဲ့ပဲ လိုက်ခဲ့နော် မာန်"

"မလိုက်ပါဘူး ငါ့ဟာငါ ပြန်မှာ"

"မာန် နှင်ခဏနေဦး"

ကျွန်မကိုတစ်ချက်ကလေးမှ လှည့်မကြည့်ဘဲ ရှေ့ကနေ အပြေး ငိုင်းလျှောက်သွားနေသော မာန့်လက်မောင်းများကို ကျွန်မ ခပ်ကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းလေး ဆွဲလှည့်ပစ်လိုက်သည်။ ကျွန်မကို စူးစိုက်ကြည့်နေသော မျက်ဝန်းများတွင် ဒေါသတွေ အရောင်လက်နေတာကို သတိထားမိသည်။ ကျွန်မကတော့ စကားမပြောနိုင်သေးဘဲ အသက်ကိုသာ အရင်ဝအောင် ရှူနေရ၏။

“ဟား နင် ဘာဖြစ်နေတာလဲ မာန်၊ ငါ့ကိုလည်း နည်းနည်း ရှင်းပြဦး”

“ငါ ဘာမှမဖြစ်ဘူး။ ကန်ရေပြင်က ငါ့ကိုမငြိမ်းချမ်းစေတော့လို့ ပြန်မှာ”

“ဒီလိုဆိုလည်း ငါ့ကားနဲ့လိုက်ပြန်လေ၊ နင့်ဘာသာ ပြန်စရာ ဘာလိုလို့လဲ”

“ငါလာတုန်းကလည်း ငါ့ဟာငါလာတာ၊ ခုပြန်တော့လည်း ငါ့ဟာငါ ပြန်မှာ၊ အဲဒါ ဘာများထူးခြားနေလို့လဲ”

“နင်ကလေးလို လုပ်မနေနဲ့ကွာ၊ ဒီနေ့ နင်တစ်ခုခုဖြစ်သွားတယ်ဆိုတာ ငါသိပေမယ့် ဘာမှန်းသေချာမသိတော့ ဘာလုပ်ပေးရမှန်း လည်းမသိဘူး၊ ဒါပေမဲ့ ငါနဲ့အတူတော့ နင်ပြန်ရမယ်”

ကျွန်မ ဖွင့်ပြောလိုက်တော့ မာန်က နှုတ်ခမ်းလေးကို မဲ့ကာ ဟက်ခနဲ တစ်ချက်ရယ်သည်။

“မပြန်ဘူး ငါ မိုးဆီသွားမလို့”

“ဘာရယ် ရွှေမိုးညိုဆီသွားမလို့ ဟုတ်လား၊ နင်ပြောတော့ ပိတ်ရက်တွေဆို နင်တစ်ယောက်တည်း အေးအေးလူလူ နေချင်တာဆို





“ခု ငါမနေချင်တော့ဘူး၊ ငါ့ချစ်သူနဲ့တွေ့ချင်တယ်၊ ဘာဖြစ်လို့လဲ ငါ့ကောင်မလေး ငါတွေ့ချင်တာတောင် နင့်ကိုဖြေရှင်းချက်ပေးနေရဦးမှာလား”

မာန် ပြောလိုက်သောစကားတွေဟာ ကျွန်မအတွက်တော့ ဓားတစ်နဲ့ရိုက်နေတာထက်ကို နာကျင်ခံခက်စေ၏။ ပြီးတော့ မာန် ပေးနေတဲ့ အဲဒီအကြောင်းပြချက်ကို ကျွန်မက ဘယ်လိုလုပ်ပိုင်ခွင့်နဲ့ တားမြစ်ပိတ်ပင်နိုင်မှာတဲ့လဲ။

“နင်တကယ်ပြောနေတာလား”

“ခုချိန်မှာ ငါ စနောက်ချင်တဲ့စိတ် ရှိနေတယ်လို့ နင်ထင်လို့လား။ ရုတ်တရက်ကြီး မိုးကို သတိရလို့ မိုးဆီသွားချင်တာ၊ နင်နဲ့ဆက်ပြီးနိုင်ချင်စိတ် မရှိတော့လို့ နင့်ထက်စာရင် မိုးကို ပို့တွေ့ချင်စိတ်ဖြစ်လာလို့၊ တခြားရှည်ရှည်ဝေးဝေး အကြောင်းပြချက်တွေ နင့်ကိုပေးစရာ မလိုဘူးလို့ ထင်တာပဲ”

ကျွန်မ ဖမ်းဆုပ်ထားသော လက်တွေကြားထဲကနေ သူ့လက်ကို ဆွဲထုတ်ကာ ကျောပေးလျှောက်သွားသော မာန့်ကို ရစ်ဝဲလာသော မျက်ရည်တွေမှတစ်ဆင့် ဝေဝါးဝါးမြင်လိုက်ရသည်။

အောက်နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် ကျွန်မဖိကိုက်ထားမိ၏။ မာန့်ကိုသိပ်ချစ်သောကြောင့် မာန့်ထံမှာ ရှုံးနိမ့်ရခြင်းကို အပြစ်မဆိုနိုင်သော်လည်း မိန်းမချင်းတူတူ ကျွန်မထက်လည်း ဘယ်နေရာကမှ သာသည့် ရွှေမိုးညိုထံမှာ ရှုံးနိမ့်ရခြင်းကိုတော့ နည်းနည်းမှ သည်းမခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ။

ကားစက်မနှိုးနိုင်သေးဘဲ စတီယာရင်ကို တင်းတင်းဆုပ်ကို လျက်သား ကျွန်မ အချိန်တော်တော်ကြာ ထိုင်နေမိသည်။ ဒီမတည်ငြိမ် သော စိတ်နှင့်လည်း ကားမမောင်းချင်သေးပါ။ ကားပြတင်းပေါက်တွေ အလုံပိတ်ကာ အဲကွန်းကို အေးစိမ့်နေအောင် ဖွင့်ထားပြီး စိတ်ကိုတည် ငြိမ်အောင် ထုံးစံအတိုင်း သံစဉ်ငြိမ့်ငြိမ့်လေးတွေ ကားထဲမှာ ဖုံးလွှမ်း အောင်လည်း ဖွင့်ထားမိသည်။

အချိန်ဘယ်လောက်ကြာသွားသည်မသိ။ ဟန်းဖုန်းလေး ကျယ်လောင်သော မြည်သံကြားမှ လက်ရှိအခြေအနေထံ အသိပြန်ဝ လာသည်။

ကျွန်မ မသိသော နံပါတ်တစ်ခုပါ။

''ဟဲလို''

''ကျွန်တော် ဘုန်းရင့်မြတ်ပါ''

''သြော် ဟုတ်ကဲ့ ပြောပါ ကိုဘုန်းရင့်''

တုန်ချင်နေသော အသံကို မနည်းထိန်းသိမ်းရင်း ကျွန်မပြော လိုက်ရသည်။

''မနှင်းမြူမြူ အဆင်ပြေရဲ့လားလို့ပါ''

သူ့အသံမှာ တစ်ခုခုကို ပူပန်နေမှုတွေ ရိုးတိုးရိပ်တိတ် ကျွန် မြင်နေရ၏။ ဘာများဖြစ်လို့ပါလိမ့်နော်။

''ဘာကိုဆိုလိုတာပဲ မသိဘူးနော်''





''သူငယ်ချင်းနဲ့တစ်ခုခုများ ဖြစ်ကြသလားလို့ပါ၊ ကျွန်တော်ဆိုင် ထဲကနေ လှမ်းမြင်လိုက်လို့လေ''

အို ရှက်လိုက်တာ။ ဒီနေ့တော့ ဘုန်းရင့်မြတ်ဆိုသူရှေ့မှာ အရှက် ကွဲစရာကိစ္စတွေပဲ ကြုံတွေ့နေရပါရောလား။ မာန်နဲ့ကျွန်မ ရုတ်ရုတ်သဲသဲ ဖြစ်သွားတာကို သူ လှမ်းမြင်လိုက်ပုံပေါ့။ ဒီလိုဆို ကျွန်မဟာ ဒီပန်းခြံ ရှေ့မှာပဲ ကားထဲမှာ ထိုင်လျက်သားရှိနေသေးတာကိုရော သူ သိနေလေ သလား မသိ။

ဘုန်းရင့်မြတ် မေးခွန်းကိုရော ကျွန်မ ဘယ်လိုပြန်ဖြေရမယ် တဲ့လဲ။

''ထွေထွေထူးထူး မဟုတ်ပါဘူး ကိုဘုန်းရင့်ရဲ့၊ ဒီတိုင်း သူငယ် ချင်းချင်း စနောက်ရင်း စိတ်ဆိုးသွားတာပါ၊ ကိုဘုန်းရင့်ရော အခု ပြန်လာနေပြီလား''

''ကျွန်တော်က ခုမှ ပန်းခြံပေါက်ဝမှာပဲ ရှိပါသေးတယ်၊ ပြန် တော့မလို့လေ''

''ဟင်''

မျက်လုံးတွေကို ကားမှန်အပြင်ဘက်ဆီ ဝေ့ဝဲကြည့်လိုက်တော့ ကျွန်မနှင့်မျက်စောင်းထိုးလောက်က သူ့ကားရှေ့မှာ ရပ်လျက် ဖုန်းပြော နေတာကို လှမ်းတွေ့လိုက်ရ၏။ မာန်နဲ့စကားများနေတာနှင့်ပင် သူ့ကားကို ကျွန်မ သတိမထားမိခဲ့ခြင်းဖြစ်၏။ ဘုန်းရင့်မြတ်ကတော့ ကျွန်မကားကို သိမှာမဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကားမှန်ပြတင်းကလည်း မည်းမှောင်နေသော အနက်ရောင်မို့ လွယ်လွယ်နဲ့တော့ သူ ကျွန်မကိုမြင်တွေ့မည်မဟုတ်ပါ။

''ဟဲလို မနှင်းမြူမြူ ကျွန်တော်ပြောတာ ကြားရဲ့လား မသိဘူး''

''ရှင် ဘာပြောလိုက်တာလဲ ကိုဘုန်းရင့်''

''အဆင်ပြေတဲ့တစ်ရက်လောက်တော့ အလုပ်ကိစ္စမဟုတ်ဘဲနဲ့ မနှင်းမြူမြူနဲ့အတူ ထမင်းစားချင်ပါတယ်လို့ တောင်းဆိုနေတာပါဗျာ''

''ဩော် ဟုတ်ကဲ့ ကိုဘုန်းရင့်၊ ဖုန်းနဲ့လှမ်းဆက်သွယ်လိုက်ပါ နော်၊ အဲဒီအခါကျ ကျွန်မ အချိန်ဖယ်ထားပေးပါ့မယ်''

''ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါနဲ့ အိမ်ကို ကောင်းကောင်းပြန် ရောက်ရဲ့လား''

''ဟုတ် ရောက် ရောက်ပါတယ်၊ ဒါပဲနော်ကိုဘုန်းရင့် ကျွန်မ နည်းနည်းနားချင်လို့ပါ''

''ဟာ ဆောရီးပါဗျာ၊ ကျွန်တော်က အလိုက်ကန်းဆိုးမသိ ဖြစ်သွားတယ်နဲ့တူတယ်၊ ဖုန်းချလိုက်တော့မယ်နော် ဘိုင့်ဘိုင်''

ကားပေါ်တက်ပြီး သူ့ကားလေး ညင်သာစွာ မောင်းထွက်သွားမှ ကျွန်မမှာ သက်ပြင်းကောင်းကောင်းချနိုင်တော့၏။ ဖလုပ်အတူတွဲလုပ် ရမယ့်သူချင်း သူ့ရှေ့မှာ ကျွန်မက စိတ်ပျက်စရာတွေပဲ ခဏခဏဖြစ်နေ ခဲ့ပါရောလား။ ကျွန်မကိုစိတ်ထဲကနေတောင် ကြိတ်လှောင်ပြောင်နေမ လား မသိပါ။





ကလေးတစ်ယောက်လို အလေးအနက်ထားစရာ မလိုပါဘူးဆို တဲ့ သဘောမျိုးနဲ့များ ကျွန်မကိုဆက်ဆံမှာလား။ ဒါမှမဟုတ် ဒီနေ့ဖြစ် ပျက်ခဲ့တာတွေကို ဘွားထံ ပြန်ပြောမှာမျိုးဆိုရင်တော့ ကျွန်မနားငြီး လောက်အောင် ဘွား ဆုံးမစကားတွေကို နားထောင်ရဦးမည်။

အို မလုပ်လောက်ပါဘူးလေ။ သူလို ရိုးသားတည်ကြည်သူ တစ်ယောက်က ဒီလို တိုင်တောသည့်အလုပ်မျိုးတွေတော့ ဘယ်လိုနည်း နဲ့မှ လုပ်မှာမဟုတ်တာ ကျွန်မ ယုံကြည်ပါသည်။

■ ■ ■

ကျွန်မရဲ့ရုံးခန်းက ငွေစာရင်းဌာနရှိရာ ဆယ့်ငါးထပ်၏အပေါ် ဆုံး ဖြစ်သည်။ ဘွားရှိစဉ်တုန်းက အသုံးပြုခဲ့သည့်အတိုင်း ပရိဘောဂ များကအစ မပြောင်းလဲစေခဲ့ဘဲ ကျွန်မ ဆက်သုံးခဲ့ခြင်းဖြစ်၏။ ရုံးခန်း လေးက ထောင့်ဘက်ကျကျ မှန်ပြတင်းပေါက်များတပ်ထားသည်မို့ ရန်ကုန်မြို့ရှုခင်းကို တစ်ဝကြီး ဖိမ်ခံကြည့်လို့ရသော ခံစားမှုကောင်းစေ သည့် အခန်းလေး ဖြစ်သည်။

ရွှေတိဂုံဘုရားကိုလည်း လှမ်းမြင်ရသည်။ ရန်ကုန်မြစ်ကိုလည်း လှမ်းမြင်ရသည်။ ဘယ်ကိုကြည့်ကြည့် သာယာလှပမှုတွေက ဖုံးလွှမ်းလျက် ရှိပေမယ့် အဲဒီမြင်ကွင်းတွေကို မမှိတ်မသုန် ငေးကြည့်နေမိသော ကျွန်မ အတွက်တော့ ရင်ထဲမှာ ပူလောင်မှုတွေက နေရာယူထား၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တဲ့ ပိတ်ရက်တည်းက မာန်နဲ့အဆက်အသွယ်ပြတ်သွားခဲ့တာ ကျွန်မဘက်ကလည်း စမဆက်သွယ်မိသလို မာန်ကလည်း မဆက်သွယ်ခဲ့ပါ။ မရှက်တမ်း ဝန်ခံရရင် မာန့်ကို အရမ်းသတိရမိပေမယ့် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ထားမိသည်။

ဘယ်လိုပဲဖြစ်ဖြစ် မာန့်ဘက်က စဆက်သွယ်လာလိမ့်မယ်လို့လည်း ယုံကြည်နေမိ၏။ စိမ်းလန်းစိုပြည်ကနေ ပြန်လာသည့်နေ့ကတည်းက ကျွန်မ ခေါင်းတွေ ပေါက်ကွဲမထွက် အဖြေရှာခဲ့ပါသော်လည်း မာန်လုပ်သွားသည့်အပြုအမူတွေအတွက် အဖြေရှာမရခဲ့။

ဘုန်းရင့်မြတ် လာနှုတ်ဆက်ပြီးနောက်ပိုင်းမှာ ပြောင်းလဲသွားသော မာန့်အမူအရာတွေက သိသိသာသာပဲလေ။ ရင်းရင်းနှီးနှီး ဆက်ဆံသွားသော ဘုန်းရင့်မြတ် အပြုအမူတွေကြောင့် မာန် ချက်ချင်းပြောင်းလဲသွားတာဆိုရင်တော့ မာန့်စိတ်ထဲမှာ ကျွန်မကိုသဝန်တိုသွားတာပဲဖြစ်ရမည်။

ကိုယ့်အတွေးနှင့်ကိုယ် သဘောတကျ ပြုံးလိုက်မိစဉ်မှာပင် အခန်းတံခါးခေါက်သံ တိုးတိုးလေး ထွက်လာသည်။

''ဒေါက် ဒေါက်''

''ဝင်ခဲ့ပါ''

အခန်းထဲကို ဘယ်သူဝင်လာမယ်ဆိုတာ ကျွန်မ ကြိုသိပြီးသားပါ။

''မမ ယူနိုင်းလိုက်တဲ့ နောက်ဆုံးသုံးလစာ အရှုံးအမြတ်စာရင်း





ပါ''

''အေး ထားခဲ့လိုက်လေ''

ရွှေမိုးညိုက ကျွန်မကိုခေါင်းလေးညွှတ် နှုတ်ဆက်လျက် ပြန်ထွက်ရန်ပြင်သည်။

''ဒါနဲ့ အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား ရွှေမိုးညို''

ကောင်မလေး ခြေလှမ်းတွေတုန့်သွားကာ ကျွန်မဘက် ပြန်လှည့်သည်။ မျက်နှာမှာလည်း အပြုံးလေးတစ်ခု။

''ပြေပါတယ် မမ''

''လိုအပ်တာရှိရင် အချိန်မရွေးပြောနော်''

''ကျေးဇူးတင်ပါတယ်ရှင်၊ မမ ဘာခိုင်းစရာ ရှိသေးလဲ''

''မရှိပါဘူး၊ သွားလို့ရပါပြီ''

အခန်းထဲမှ ရွှေမိုးညို ထွက်သွားသည်နှင့် ကျွန်မနှုတ်ခမ်းများတွင် မဲ့ပြုံးတစ်ခု တွဲလွဲခိုလာခဲ့သည်။ မင်းလိုအပ်တာတွေအားလုံး ငါပေးနိုင်ပါရဲ့။ မာန်ကလွဲပြီးတော့ပေါ့။

မင်းက ငါ့ထက်အရင် မာန့်ကိုစတွေ့ရင်းနှီးခွင့်ရခဲ့တာကလွဲရင် ပိုင်ဆိုင်သေးတာ မဟုတ်ပါဘူး။ သူ့ဘေးကနေရာကို မင်းတစ်ယောက်တည်း တစ်သက်လုံးပိုင်ဆိုင်ခွင့်ရလိမ့်မယ်လို့ ထင်နေရင်တော့ မင်းစိတ်ကူးတွေကို အချိန်မီပြန်သိမ်းထားလိုက်တာ ကောင်းမယ်။

ဘာဖြစ်လို့လဲဆိုတော့ မာန့်ဘေးက နေရာဟာ နှင်းမြူမြူအတွက်သာ ဖြစ်ရမှာမို့လို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"မမ ညွှန့်သည်ရောက်နေပါတယ်"

အတွင်းရေးမှူးမလေး အခန်းထဲဝင်လာပြီး သတင်းပေးတော့ ဘယ်သူများဖြစ်မလဲလို့ ကျွန်မ ခပ်မြန်မြန်တွေးကြည့်ရသေးသည်။ အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ဒီနေ့ ကျွန်မဘယ်သူ့ကိုမှ ချိန်းမထားပါ။

"ဘယ်သူလဲ ဝေမာ ဒီနေ့ ကိုယ်ချိန်းထားတာ မရှိပါဘူး"

"မချိန်းထားဘူးလို့ ပြောပါတယ်၊ ဦးဘုန်းရင့်မြတ်ပါတဲ့"

"ဟင် ကိုဘုန်းရင့်လား လွှတ်လိုက်ပါ ဝေမာ"

ထင်မထားသူမို့ ရုတ်တရက် အံ့ဩသွားမိတာတော့ အမှန်။ အလုပ်ကိစ္စမဟုတ်တာတော့ သေချာသည်။

"မနှင်းမြူမြူ နေကောင်းတယ်နော်"

သူက အမြဲတမ်း ပြုံးပြုံးလေးနှင့် ယဉ်ကျေးစွာနေတတ်သူဆိုတာကိုတော့ ကျွန်မ အသိအမှတ်မပြုလို့မရပါ။ ခုလည်းကြည့် အပူအပင်မရှိသောအပြုံးတွေက တောက်ပလွှမ်းနေသည်။ စီးပွားရေးသမားတစ်ဦးဆိုပေမယ့် သူ့မျက်နှာမှာ ဗလာဘာအရိပ်အယောင်တွေကို ဘယ်တော့မှ မမြင်ရပါ။

"ထိုင်ပါ ကိုဘုန်းရင့်၊ ညွှန့်သည်ဆိုတော့ ကိုဘုန်းရင့်လို့ လုံးဝ မတွေးမိလိုက်ဘူး"

"ဩော် ကျွန်တော့်ကို မေ့နေတယ်လို့ ဆိုလိုတာလား"

သူက ခပ်နောက်နောက်ဆိုရင်း အိစက်နေသော ကြက်သွေးရောင်ဆိုဖာခုံကြီးပေါ် ဝင်ထိုင်လိုက်သည်။





"မဟုတ်ပါဘူးရှင် ကိုဘုန်းရင့်ဆို ကျွန်မ ဖုန်းနံပါတ်လေး သိနေတော့ ဖုန်းကြိုဆက်မယ် ထင်နေလို့ပါ"

"ဆောရီးပါဗျာ၊ ကျွန်တော် ဖုန်းကြိုဆက်သင့်မှန်းသိပါတယ်၊ ဒီတာဝါမှာပဲ ကျွန်တော့်မိတ်ဆွေတစ်ယောက်ရဲ့ ဆေးခန်းဖွင့်ပွဲရှိလို့ လာတက်ရင်း လမ်းကြုံနေတယ်ဆိုပြီး ဝင်လာလိုက်တာ အကယ်၍ မနှင်းမြူမြူ မအားဘူးဆိုရင်လည်း ပြန်သွားလိုက်မလို့ပါပဲ"

"ဒီနေ့ ဘာအပွိုင့်မန့်မှ မရှိပါဘူး၊ ကျွန်မ အားပါတယ်"

ထိုမျှသာ ပြောပြီး ကျွန်မ ဘာဆက်ပြောရမှန်း မသိပါ။ ကျွန်မနဲ့ ဘုန်းရင့်မြတ်ကြားမှာ အ,လာပ သလာပပြောစရာစကား မရှိဘူးမဟုတ်လား။ လုပ်ငန်းတူချင်းမို့ ပတ်သက်ဆက်ဆံနေကြတယ်ဆိုပေမယ့် ခုဟာက လုပ်ငန်းကိစ္စပြောဆိုဆွေးနွေးရန်လာခြင်းလည်း မဟုတ်။ လမ်းကြုံလို့ ဝင်လာတာတဲ့။

"မနှင်းမြူမြူ နေ့လယ်စာရော စားပြီးပြီလား"

သူ မေးမှ နံရံထက်က နာရီကိုလှမ်းကြည့်မိသည်၊ ဆယ့်နှစ်နာရီ ထိုးပြီး ငါးမိနစ်။

"နေ့လယ်စာ စားချိန်တောင် ရောက်နေပြီပဲ"

"နာရီကိုတောင် ခုမှ သတိထားမိတယ်ဆိုတော့ မစားရသေးတာ သေချာပြီ၊ ကျွန်တော် ဖိတ်ပါရစေ"

"ရှင် အခုလား ကိုဘုန်းရင့်"

"ဟုတ်ပါတယ် ကျွန်တော်လည်း ဖွင့်ပွဲမှာ သူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



အတင်းလိုက်ကျွေးမယ်ပြောနေပေမယ့် မနှင်းမြူမြူကို သတိရလို့ ဝင်လာခဲ့တာလေ၊ ကျွန်တော်လိုက်ကျွေးမှာကို အဆင်မပြေလို့လား မသိဘူး"

"အဲဒီလို မဟုတ်ပါဘူးရှင်၊ ကိုယ့်ကိုထမင်းကျွေးမယ်ပြောနေတာကို အဆင်မပြေတဲ့သူ သိပ်များများရှိမယ် မထင်ပါဘူးနော်"

ကျွန်မရယ်ရယ်ပြုံးပြုံးနဲ့ လက်ခံလိုက်တော့မှ သူ့ကိုကြည့်ရတာ ပေါ့ပေါ့ပါးပါး ဖြစ်သွားပုံပါပဲ။ လေပူကြီးတစ်ချက် မှုတ်ထုတ်လိုက်တာ မြင်လိုက်ရသေး၏။ ဒီစကားပြောဖို့ကို သူ့ကြည့်ရတာ တော်တော်လေး သတ္တိမွေးလာရသလိုပါပဲ။

"ကျွန်တော့်ကားနဲ့ နောက်ကလိုက်ခဲ့မယ်၊ မနှင်းမြူမြူ စိတ်ကြိုက်ဆိုင်ကို ရှေ့ကမောင်းပါ"

"ကောင်းပါပြီရှင်"

ကျွန်မ နှစ်သက်သော ထိုင်းအစားအစာဆိုင်လေးရှေ့မှာ ကားကို ပါကင်ထိုးရပ်လိုက်ပြီး ဆိုင်ရှေ့တွင် သူ့ကိုရပ်စောင့်နေလိုက်၏။ သူ့ကား လေးက ကျွန်မ ကားဘေးကပ်လျက်မှာ။

ကျွန်မစိတ်ကြိုက် ဟင်းသုံးမျိုးမှာပြီး သူ့ဘက်ကို မီနူးကဒ်လေးကို လှမ်းပေးလိုက်ပော

"မနှင်းမြူမြူ စိတ်ကြိုက်မှာပြီးရင် ရပါပြီ၊ ကျွန်တော်လည်း အဲဒီအတိုင်းပဲ စားပါ့မယ်"

"အို မဟုတ်တာ ကျွန်မက ကိုယ့်စိတ်ကြိုက်တွေပဲ မှာထားပြီး ကိုဘုန်းရင့်ကို ကြိုက် မကြိုက်တောင် မမေးမိဘူး"





"ကျွန်တော်ကြိုက်ပါတယ်ဗျာ"

သူ့မျက်ဝန်းတွေက ဘာလို့များ ခုလိုမျိုး နူးညံ့စွာ သိမ်မွေ့နေဘာပါလိမ့်။ ကျွန်မကိုငေးစိုက်ကြည့်နေသောအကြည့်တွေကလည်း ဘာဆို လိုက်လျောပေးနိုင်သည့် စိတ်ခံစားမှုတွေ ပျော်ဝင်နေသလိုပါပဲ။

"ဒါနဲ့ ကိုဘုန်းရင့်ကို ပြောရဦးမယ်၊ ကျွန်မကို မနှင်းမြူမြူလို့ ခေါ်နေမယ့်အစား ကျွန်မက ကိုဘုန်းရင့်ထက်လည်း ငယ်တာပဲဟာ အဆင်ပြေလွယ်ကူတဲ့ဟာမျိုးပဲ ပြောင်းခေါ်ပါလားဟင်"

"ဒါဆိုကလေးလို့ ခေါ်မယ်လေ၊ ဘယ်လိုလဲ"

"ရှင်"

"ဟုတ်ပါတယ် ဟိုမှာနေတုန်းက ကျွန်တော့်ဝမ်းကွဲညီမလေးတွေ ရှိတယ်လေ၊ သူတို့ကိုဆို ကျွန်တော် အဲ့လိုပဲ ခေါ်နေကျမို့ပါ"

"ဩော် ဟုတ်"

သူ့ညီမလေးတွေကို ခေါ်သလို ခေါ်တာဆိုတော့ ကျွန်မ ငြင်းခက်သွားတာတော့ အမှန်။ ဟိုးတစ်ရက်က ကျွန်မ ခေါင်းလေးကို ပုတ်ပြီး ပြောသွားသော စကားကလည်း သူ့ညီမလို သဘောထားလို့ ပြောသွားတာပဲဖြစ်မှာပါ။

စားသောက်နေချိန်တစ်လျှောက်လုံး ကျွန်မကို စကားတစ်ခွန်း မဆိုသည့်မို့ ကျွန်မလည်း တိတ်ဆိတ်စွာပင် စားသောက်နေလိုက်၏။ အချိုပွဲအဖြစ် အသီးအနှံတွေ ကျွန်မ စားနေချိန်မှာတော့ သူက သစ်သီးဖျော်ရည်တစ်ခွက်သောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"စားလို့ကောင်းရဲ့လားလို့ မေးဖို့ကလည်း ကလေးကိုယ်တိုင်
ရွေးချယ်ထားတဲ့ဆိုင်မို့ တစ်မျိုးကြီးပဲနော်"

"ဟုတ်ပါရဲ့ ကျွန်မက ကိုဘုန်းရင့်ကို မေးရမှာနော်၊ စားရတာ
အဆင်ပြေရဲ့လားဟင်"

"ကျွန်တော်က အစားအသောက် သိပ်မရွေးပါဘူး၊ ခုလည်း
တော်တော်လေး စားကောင်းပါတယ်"

"ဟင်"

ချိုမွှေးနေသော သရက်သီးစိပ်လေးကို တုတ်ချောင်းလေးနှ
ထိုးစိုက်ယူကာ ပါးစပ်ထဲထည့်ရန် ပြင်နေရင်းမှပင် ကျွန်မ မျက်လုံးမျ
က ဆိုင်တွင်းတစ်နေရာသို့ ရောက်ရှိသွားရပြီး သရက်သီးစိပ်ကို
ပန်းကန်ထဲ ပြန်ချထားလိုက်မိသည်။

"ဘာဖြစ်လို့လဲ ကလေး"

"ခဏလေးနော် ကိုဘုန်းရင့်၊ ဟိုမှာ ကျွန်မ အသိတစ်ယော
ကို သွားနှုတ်ဆက်ချင်လို့ပါ"

ဘုန်းရင့်မြင်တက်သို့ တစ်ချက်ကလေးတောင် လှည့်မကြည့်
ကပျာကယာ အသံ ရုံပြောခဲ့ပြီး ဆိုင်ပြင်သို့ ခြေလှမ်းကျဲများဖြ
ထွက်သွားသော မာန့်နောက်ကို ကျွန်မ အပြေးတစ်ပိုင်း လိုက်ခဲ့မိ

"မာန် ခဏလေး နေပါဦး မာန်"

ကျွန်မအသံကိုကြားမှာသေချာသော်လည်း မာန်က တစ်ချ
လေးတောင် လှည့်မကြည့်ခဲ့ပါ။





"အ"

လမ်းမပေါ်မှ ခဲတစ်လုံးနှင့် ခလုတ်တိုက်မိသွား၍ ကျွန်မ
နည်းငယ် နာကျင်စွာ ညည်းညူမိရင်း ခြေလှမ်းများလည်း တုံ့ဆိုင်း
သွားသည်။ ခြေထောက်က နာကျင်သွားရသော်လည်း ကျွန်မ ကံကောင်း
သွားပါသည်။

မာန်က ကျွန်မကို လှည့်ကြည့်လိုက်လို့ပါ။

"နင် ငါ့ကိုတွေ့ရဲ့သားနဲ့ ငါခေါ်နေတာလည်း ကြားရဲ့သားနဲ့
ဘာလို့မမြင်ချင် မကြားချင်ယောင် ဆောင်တာလဲ မာန်"

သူ ကျွတ်ခနဲ စုပ်သတ်ကာ ကျွန်မနားသို့ ပြန်လျှောက်လာ
သည်။

"နင့်ခြေထောက် ဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ပါဘူး၊ ဒီတိုင်း ခလုတ်တိုက်မိတာပါ"

"ဒါဆိုလည်း ပြီးရော၊ လမ်းတွေဘာတွေ မလျှောက်နိုင်တော့
ည်း နင့်လုပ်ငန်းတူ ဘောစိကြီးပါလာတာဆိုတော့ ငါ့ကို လိုမှာမဟုတ်
ဘူး"

"နင် ဘယ်လိုပြောလိုက်တာလဲ မာန်"

"နင်ကြားတဲ့အတိုင်းပဲလေ၊ ငါပြောတာ မှားလို့လား"

"ဟုတ်တယ် သူ ငါ့ကိုနေ့လယ်စာလိုက်ကျွေးတာ၊ နင့်ကိုလှမ်း
လိုက်တော့ ငါဘယ်လောက်တောင် ပျော်သွားလဲ သိရဲ့လား"

"အပျွန့် ဘာကိုပျော်တာလဲ၊ ငါ့တွေ့တာ ဘာပျော်စရာရှိလို့



www.burmeseclassic.com

www.burmeseclassic.com



လဲ''

မာန်ရဲ့မဲ့ပြုံးနှင့် စကားသံတွေကို ကျွန်မ တကယ် မခံစားနိုင် တော့ပါ။

''စိမ်းလန်းမှာတွေ့တဲ့နေ့တည်းက နင် ဘာဖြစ်နေတာလဲ မာန် ငါ့ကို ဘာမကျေနပ်တာ ရှိနေလို့လဲ''

''နင့်ကိုငါက ဘာမကျေနပ်တာ ရှိရမှာလဲ''

''အဲဒီနေ့ကလည်း ငါ့ကိုတစ်ယောက်တည်း ထားခဲ့ပြီး န ထွက်သွားတယ်၊ ခုလည်း ငါခေါ်နေတာကို လုံးဝဂရုမစိုက်ဘူး''

''အဲဒီနေ့က မိုးကိုတွေ့ချင်လို့ ပြန်သွားတာ နင့်ကို ပြောပြီးပြီ

''ဒါဆို ခုကရော''

''ခုကတော့ ငါဒီကို အလုပ်ကိစ္စနဲ့လာတာ၊ အရေးကြီးနေလို့ ရုံးကိုချက်ချင်းပြန်ရမယ်''

''ဒါနဲ့ပဲ ငါအော်ခေါ်ပြီး ပြေးလိုက်လာတာကိုတောင် နင် လှည့် မကြည့်ခဲ့တာပေါ့''

''နင် ငါ့ကိုရစ်နေတာလား မြူ''

မာန့်မျက်နှာပေါ်က အလိုမကျနိုင်မှုတွေကို ကျွန်မ ကြည့်နေရင်း နှင့်ပင် မျက်ရည်တို့ ဘာကြောင့်များ ရစ်ဝဲလာရသလဲ မသိပါ။ မာန့် လျစ်လျူရှုစကားတွေက ကျွန်မနှလုံးသားကို လှိုက်နေအောင် နာကျ ဝမ်းနည်းနေစေပါသည်။

''ဘာတွေဖြစ်နေတာလဲ ကလေး''





အနားသို့ရောက်လာသော ဘုန်းရင့်မြတ်အသံကို ကျွန်မတို့ စ်ယောက်လုံး ပြတ်သားစွာ ကြားလိုက်ပါသည်။ သူ့ရဲ့ပြောင်းလဲနေ သော အခေါ်အဝေါ်ကို ကျွန်မ နားမယဉ်နိုင်သေးသလို မာန့်မျက်နှာကို ကြည့်လိုက်တော့လည်း အံ့ဩမှုတွေ ဖြတ်ပြေးသွားတာ တွေ့ရ၏။

ပြီးတော့ နှုတ်ခမ်းတစ်ချက်တွန့်ကာ ဟက်ခနဲ လှောင်ရယ်လျက် ာခနဲနေအောင် လှည့်ထွက်သွားပါသည်။

ဘုန်းရင့်မြတ် မျက်ဝန်းမှာကတော့ နားမလည်နိုင်ခြင်းတွေ ထင်လိုက်။

''သူက ဘယ်သူလဲ ကလေး။ ဟိုးတစ်ရက်က စိမ်းလန်းမှာတွေ့ ကောင်လေးပဲမဟုတ်လား။ သူနဲ့ကလေးကြားမှာ တစ်ခုခု မပြေလည် တွေ ရှိနေတုန်းပဲလား''

မေးခွန်းတွေက တရစပ်လိုလို ဘုန်းရင့်မြတ်ထံက ထွက်ကျလာ သ်လည်း ကျွန်မမှာ တုန့်ပြန်ပြောစရာ စကားလုံးတို့ ပျောက်ဆုံးနေခဲ့ သည်။

''ဆောရီးနော် ကျွန်တော် အလိုက်ကမ်းဆိုးမသိသလို ဖြစ် တယ်၊ ဒါက ကလေးရဲ့ကိုယ်ရေးကိုယ်တာပါ၊ ကျွန်တော် ဝင်စွက်ဖက် သော မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီကောင်လေးကြောင့် ကလေးတစ်ခုခု က္ခရောက်နေတယ်လို့ ထင်ပြီး ကူညီပေးချင်ခဲ့တာပါ''

''ရပါတယ် ကိုဘုန်းရင့်၊ ကျွန်မ ဘာမှမဖြစ်ပါဘူး၊ ကျွန်မတို့ ကြရအောင်နော်''



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှပြန်မပြောတော့ဘဲ ခေါင်းညိတ်ရုံသာ ညိတ်ပြသည်
တစ်ယောက်တစ်လမ်းစီ လမ်းခွဲမောင်းထွက်လာခဲ့တဲ့တစ်လျှောက်လုံး
ကျွန်မ အာရုံတွေ ထွေပြားနောက်ကျိလျက်ရှိ၏။ သေချာတာကတော့
ကျွန်မကို မာန် စိတ်ခုနေခဲ့တယ်ဆိုတာပဲ။ ဘာကြောင့်လဲဆိုတဲ့အဖြေ
ကျွန်မ မရပေမယ့် မာန့်ရဲ့လျစ်လျူရှုမှုတွေကိုတော့ ဘုမသိဘမသိ လက်
ရရှိနေခဲ့တာ တော်တော်များသွားပါပြီ။

ဒီဒဏ်ကို ဘယ်အချိန်ထိ ကျွန်မ ခံစားနေရမှာလဲ။ ကားဆ
မမောင်းနိုင်တော့သောကြောင့် လမ်းဘေးတစ်နေရာတွင် ထိုးရပ်လိုက်
စတီယာရင်ပေါ် ခေါင်းငိုက်စိုက်ချလျက် ကျွန်မ ငြိမ်သက်နေမိသည်

မာန့်ဆီ ဖုန်းဆက်ရန် ဖုန်းလေးကို လှမ်းယူလိုက်စဉ်မှာ
ဘယ်အချိန်က ပို့ထားမှန်းမသိသော ကိုဘုန်းရင့်ထံမှ စာတိုတစ်စေ
ကို ဖတ်လိုက်ရသည်။

''ချောချောမောမော ပြန်ရောက်ရဲ့လား ကလေး၊ ဒီ
ကျွန်တော့်ကြောင့် ကလေးဆီမှာအနှောင့်အယှက်တစ်ခုခုဖြစ်ခဲ့ရတ
ဆိုရင် ကျွန်တော် စိတ်မကောင်းပါဘူး''

စိတ်ရှုပ်ထွေးစွာနှင့်ပင် ဖုန်းလေးကို ဒက်ရှ်ဘုတ်ပေါ် ပစ်
လိုက်မိသည်။ ဒီအခြေအနေတွေ ဘယ်လိုကြောင့်ဖြစ်နေရတယ်ဆို
သိခွင့်ရရင်တောင် ကျွန်မမှာ အရင်လို ပြန်လည်ကောင်းမွန်လာ
ကြိုးစားလို့ရဦးမည်။ ခုတော့ ဘာကာစလို့ ဘာဖြစ်နေမှန်းပင် ရေရေ
သဲကွဲစွာ မသိရသောအဖြစ်။





ခုချိန် ကျွန်မက ဖုန်းဆက်လို့ရော မာန်က ကိုင်ပါ့မလား။
အဲဒီအခါ ပိုခံစားရမှာ ကျွန်မပဲမဟုတ်လား။

ငါ ဘာအမှားတွေများ လုပ်မိလို့လဲ မာန်ရယ်၊ အမှားတွေရှိရင်
သည်း၊ ငါသိအောင် ပြောပြပါဦးဟာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ငါ့မြေးကြည့်ရတာ မလန်းပါလားကွယ်၊ ဘာလဲ အလုပ်ထဲမှာ အဆင်မပြေဘူးလား"

အခန်းထဲသို့ ဘွား ဝင်လာသောကြောင့် ခုတင်ထက် လှဲနေ ကနေ ကျွန်မ ထထိုင်လိုက်ရသည်။ လူကတော့ ဘွားပြောသလို တကယ့်ကိုမလန်းဆန်းနိုင်တာ အမှန်။ ရင်ထဲမှာ မာန့်တစ်ယောက်ကြော နှင့် မွန်းကြပ်မှုတွေ ပြည့်နှက်နေသည်။

"အလုပ်က အဆင်ပြေပါတယ် ဘွားရယ်"

"ဒီလိုဆို ဘာကအဆင်မပြေတာလဲ သမီး"

ကျွန်မဘေးတွင် ကပ်ထိုင်ကာ ပခုံးလေးကိုဖက်ပြီး ညင်သာ ပြောနေတာမို့ စိတ်ထဲမှာ ပိုလို့ဝမ်းနည်းလာမိသည်။

"သမီး အရမ်းစိတ်ညစ်နေတယ်၊ သမီး သိပ်ခင်ပြီး သံယော





ရှိရတဲ့ သူငယ်ချင်းတစ်ယောက်က ဘာအကြောင်းပြချက်မှ မပေးဘဲ သမီးကိုရှောင်နေတယ်"

"ဩော် ငါ့မြေးရယ် ဘာများလဲလို့ကွယ်၊ သူငယ်ချင်းနဲ့စိတ် ကောက်နေကြတာကိုး။ ဘွားက ငါ့မြေးကို လူကြီးဖြစ်ပြီထင်တာ ငါ့မြေးက တကယ့်ကလေးပဲ ရှိသေးတာကိုး"

လာပြန်ပြီ။ ကလေး တဲ့။

ကျွန်မက တကယ်ပဲ ကလေးတစ်ယောက်လို ပြုမူနေမိလို့များ ား။ ကမ္ဘာကြီးမှာဆိုလည်း ကျွန်မစတိုင်နှင့်ကျွန်မဟန်နှင့် ခပ်တည်တည် တတ်ခဲ့တာပါ။

"သမီးကို သူက စိတ်ကောက်နေရင် သမီးက ပြန်ချော့လိုက် ါ့ကွယ်"

"သူက သမီးကို တွေ့ရင်တောင် မခေါ်ဘူး ဘွားရဲ့"

"အမလေး ငါ့မြေးရယ် ဒီခေတ်မှာ ဖုန်းတွေလည်းရှိ အင်တာ က်လည်းရှိ တစ်ခုခုနဲ့တော့ သေချာပေါက်ဆက်သွယ်ရရမှာပေါ့၊ နေစမ်း ဦးကွယ် ဘယ်သူငယ်ချင်းမို့ ငါ့မြေးကို ဒီလောက်စိတ်ပင်ပန်းအောင် ်ရတာလဲ၊ တွေ့တာတောင် မခေါ်ဘူးဆိုတော့ ကျော်ကျော်တော့ တ်လောက်ပါဘူးနော်"

ကျော်ကျော်ဆိုတာ ကျွန်မရော မာန်နဲ့ပါ ခင်မင်ပြီး ကျွန်မတို့ ယောက်ကို စတင်တွေ့ဆုံမိတ်ဆက်ပေးခဲ့သူဖြစ်သည်။ ငယ်စဉ်တည်း ခြံချင်းကပ်လျက် နေခဲ့တာမို့ အတွင်းသိအစင်းသိ ငယ်သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



လို့လည်း ပြောလို့ရသူဖြစ်၏။

ခုတော့ သူ မြန်မာပြည်မှာ မရှိပါ။ မိသားစုလိုက် နိုင်ငံခြား ပြောင်းရွှေ့သွားကြပြီဖြစ်သည်။

"ကျော်ကျော် မဟုတ်ပါဘူး ဘွားရယ်၊ တခြားသူငယ်ချင်း တစ်ယောက်ပါ။ သမီးက သူ့ကိုဒီလောက်ခင်တာတောင် သူက သမီး လျစ်လျူရှုတယ်လေ"

"မိန်းကလေးသူငယ်ချင်းတော့ မဟုတ်ဘူးမဟုတ်လား"

ဘွားလေသံက တည်တည်တံ့တံ့။ ဘွား မျက်ဝန်းတွေ စနောက်လိုဟန်။

"ယောကျ်ားလေးသူငယ်ချင်းပါ၊ ကျော်ကျော် မရှိတော့တည်း သမီးမှာ ဒီသူငယ်ချင်းနဲ့ပဲ ပေါင်းလာခဲ့တာ"

"ဟုတ်ပါပြီ ငါ့မြေးပေါင်းသင်းတဲ့သူငယ်ချင်းဆိုတည်းက ယေ တော့တေ ဆိုးဆိုးရွားရွားတော့မဟုတ်လောက်မှန်း ဘွားခန့်မှန်းကြည့် ရပါတယ်၊ သမီးက သူ့အပေါ်မှာ သူမကြိုက်တဲ့အပြုအမူတစ်ခုခု မိသလား၊ တစ်ခါတလေ ကိုယ်က သတိမထားမိဘဲ သူများအ မနှစ်သက်စရာကိစ္စမျိုးလေးတွေ လုပ်မိတတ်ကြတယ်လေ"

ဘာမှမလုပ်မိပါဘူး ဘွားရယ်။ သူ့ကိုချစ်လွန်းလို့ သူ့အလို လိုက်လျောပြီး နေချင်ခဲ့တာပါ။ ဒီစကားကိုတော့ ကျွန်မ စိတ်ထဲ ပြောလိုက်မိခြင်းပါ။

"ဘွား သွားအိပ်တော့လေ၊ ဆယ်နာရီပဲကျော်နေပြီ၊ တော်





အိပ်ရေးပျက်နေဦးမယ်"

ဘွားက မနက်လေးနာရီဆိုတာနဲ့ အိပ်ရာထ ဘုရားပန်းအိုးတွေ ထိုး ဆွမ်းကပ် ဘုရားရှိခိုးအမျှဝေ လုပ်နေကျမို့ ကျွန်မက သတိပေးလိုက် ရတာပါ။

"ဘွားက ခုအိမ်မှာ အားနေတာပါမြေးရယ်၊ နေ့လယ်နေ့ခင်း လည်း တစ်ရေးတစ်မော လှဲလို့ရပါတယ်၊ ငါ့မြေးသာ မနက်အလုပ်သွား ရဦးမှာမို့ စောစောအိပ်ဟုတ်ပြီလား၊ ဘာမှလျှောက်တွေးမနေနဲ့တော့"

"ဟုတ်ကဲ့ပါ ဘွားရဲ့ ဂွတ်နိုက်နော်"

"ဂွတ်နိုက်ပါရှင်"

လှဲအိပ်လိုက်သော ကျွန်မခန္ဓာကိုယ်ပေါ်သို့ စောင်လေးလွှားပေး ပြီးမှ ဘွားအခန်းထဲက ထွက်သွားသည်။ ငယ်ငယ်တည်းက ဒီဘွားအေ လက်ပေါ်မှာပဲ ကြီးပြင်းလာရတာမို့ ဘာမဆို တိုင်ပင်ပြောဆိုမိတာကတော့ အကျင့်တစ်ခုလို ဖြစ်နေခဲ့ပါပြီ။

တစ်ခါတလေတော့လည်း ကျွန်မကိုမွေးဖွားပေးခဲ့သည့် မိဘနှစ် ပါးကို သတိရမိသည်။ သူတို့ကရော သူတို့မွေးပေးလို့ လူ့လောကထဲမှာ ရပ်တည်ရှင်သန်ခွင့်ရနေခဲ့သည့် ကလေးတစ်ယောက်ကို မမှတ်မိ သတိမ ရကြတော့ဘူးလား။

ဘယ်လို ရုပ်ရည် ဘယ်လိုအရည်အချင်း ဘယ်လိုအနေအထား မျိုးတွေနဲ့ တည်ရှိနေလဲဆိုတာ နည်းနည်းလေးမှတောင် မသိချင်ကြ တော့ဘူးတဲ့လား။ အေးလေ ကျွန်မကို ဂရုတစိုက်ရှိတတ်ခဲ့မှတော့ ခုပို



www.burmeseclassic.com

www.burmeseclassic.com



မျိုး နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာအောင် ပစ်ထားကြမှာမှ မဟုတ်ဘဲ။

ဒါမှမဟုတ် သူတို့နှစ်ဦးလုံး လူ့လောကမှာ မရှိကြတော့တာများလား။ ဒီလိုတော့ မဖြစ်သင့်ပါ။ ကျွန်မကို မွေးဖွားပေးခဲ့တာကလွဲရင် ကျွန်မအပေါ် ဘယ်လိုတာဝန်မှ မယူခဲ့ကြဘဲနဲ့ လောကကြီးထဲကနေ သူတို့ထွက်သွားပြီဆိုရင် ဘယ်လိုတရားပါ့မလဲ။

ဘယ်လိုတွေပဲ စိတ်ထဲမှာ နာကျင်ပါသော်လည်း သူတို့နှစ်ဦးလုံးကို ကမ္ဘာကြီးရဲ့တစ်နေရာရာစီမှာ ကျန်းမာစွာ ပျော်ရွှင်စွာ ရှိနေစေချင်ပါသေးသည်။ သမီးနဲ့သားမက်ကြောင့် ဘွားကိုယ်တိုင်လည်း နာကျင်ကြေကွဲခဲ့ရပေမယ့် ဘွားကတော့ ဖေဖေ့ကို ဘယ်တော့မှ အပြစ်ကြီးကြီးမားမား မဆိုခဲ့ရှာပါ။ ကိုယ့်သမီးကိုယ် သေချာမသွန်သင်ခဲ့မိသော အပြစ်တွေပါပဲလို့ သူ့ကိုယ်သူသာ အပြစ်ဖွဲ့ခဲ့သူဖြစ်သည်။ အိမ်ကနေ ဖေဖေထွက်သွားဖို့ ဆုံးဖြတ်ခဲ့ခြင်းကိုလည်း ဘွားတားမြစ်ခဲ့ပုံ မရပါ။

"ငါမွေးထားတဲ့ သမီးတစ်ယောက်ကိုတောင် ကောင်းကောင်းမွန်မွန် လိမ်မာအောင် မဆုံးမနိုင်ခဲ့တာမို့ မင်းကိုလည်း ငါ မတားချင်ဘူး။ မောင်ထွန်းခေါင် ခုချိန် အားလုံးထဲမှာ အခံစားရဆုံးက မင်းပဲဖြစ်မှာပါ၊ မင်းထွက်သွားမှာကို ငါ မတားမြစ်ချင်ပေမယ့်လည်း မိဘနှစ်ပါးလုံး အနားမှာမရှိဘဲ ကြီးပြင်းလာရမယ့် ငါ့မြေးလေးကိုတော့ ငါ သနားမိတယ်၊ ဒါပေမဲ့ မင်းတို့မရှိတာကို သတိမထားမိလောက်အောင်ကို ငါ့မြေးကို ငါစောင့်ရှောက်မှာပါ"

ဒါဟာ ဖေဖေ အိမ်ကထွက်သွားခါနီးမှာ အံကိုတင်းတင်းကြိတ်





လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ရင်း ဘွားပြောခဲ့သော စကားပါတဲ့၊ ကျော်ကျော့်မေမေ အန်တီမြတ်သွယ်က သူတို့ကိုယ်တိုင် ကြုံခဲ့ကြားခဲ့တာတွေကို ကျွန်မအရွယ်ရောက်လာချိန်တွင် ပြောပြခဲ့ခြင်းဖြစ်၏။

အိမ်ကပေးစားသော ဖေဖေ့ကို မေမေ့မှာ မချစ်မနှစ်သက်ဘဲ လက်ထပ်ခဲ့ရပြီး ကျွန်မကိုမွေးဖွားပြီးကာမှ အချစ်ဦးသူနောက် လိုက်သွားခဲ့ခြင်းဖြစ်ကြောင်းကို ကျွန်မ သိသိရခြင်းမှာ ထိုအဖြစ်မှန်တွေကို လက်မခံနိုင်လောက်အောင် နာကျင်ခံစားခဲ့ရသည်။ ဒါပေမဲ့ ဒီလိုဖြစ်ဖို့ ကံကြမ္မာပါလာတာမို့ ဒီလိုဖြစ်ရတယ်လို့ပဲ နောက်ပိုင်းမှာ ကျွန်မ ဖြေတွေးနိုင်ခဲ့သည်။

BURMESE CLASSIC

ထိုအချိန်ကစလို့ ကျွန်မကိုမွေးဖွားပေးခဲ့သည့် လူသားနှစ်ယောက်အကြောင်းကို တတ်နိုင်သလောက် မေ့ဖျောက်ထားကာ ကိုယ့်ဘဝလေးနှင့်ကိုယ် ပျော်ရွှင်အောင် နေထိုင်လာတတ်ခဲ့ခြင်းဖြစ်သည်။ အသက်အရွယ်ကြီးလာသော်လည်း သမီးတွေ သားမက်တွေနှင့် စည်ကားသိုက်မြိုက်စွာ မနေရဘဲ တစ်ကိုယ်တည်း အထီးကျန်နေခဲ့ရသော ဘွားကိုလည်း သနားမိသည်။

ဖေဖေရော မေမေပါ အိမ်ထောင်ရေးကံမကောင်းခဲ့ကြသလို သူတို့ရဲ့ တစ်ဦးတည်းသောသမီးဖြစ်သူ ကျွန်မမှာပါ အဲဒီလိုထပ်တူထပ်မျှ ကံတရားကြီးက ကပ်ပါလာရင်ရော။

ကျွန်မ ကြောက်မိပါသည်။ ချစ်သောသူကို မပိုင်ဆိုင်ရမှာ ချစ်သောသူဆီက ဥပေက္ခာတွေကို မလိုချင်မမြင်ချင်ဘဲ လက်ခံရရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ဦးမှာ ကျွန်မ သိပ်ကြောက်နေမိပါသည်။

■ ■ ■

"နက်ဖြန် စူပါဆန်းဒေးဆိုတော့ ဘယ်တွေသွားဖို့ ရှိလဲဟေ့"

"ချစ်သူနဲ့လျှောက်သွားမှာပေါ့လို့"

ငွေစာရင်းဌာနရှေ့မှ ဖြတ်အလျှောက် အပြန်အလှန် ပြောနေကြသော စကားသံတို့ကြောင့် အခန်းထောင့်နားတွင် ငြိမ်သက်နားထောင်နေမိသည်။

"ချစ်သူနဲ့လျှောက်သွားမှာပေါ့လို့"ဟု ပြန်ဖြေလိုက်သော အသံဟာ ကျွန်မ သေချာမှတ်မိနေသော ရွှေမိုးညိုအသံသာ ဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်မ ခြေလှမ်းတွေကို ရှေ့မဆက်နိုင်အောင် ဆွဲဆောင်ထားနိုင်ခဲ့ခြင်းပေါ့။

"ချစ်သူရှိတဲ့သူတွေများ ကောင်းလိုက်တာနော်၊ တို့များဖြင့် ပိတ်ရက်မှာ အိမ်မှာဖက်လုံးလေးနဲ့ နှပ်ဖို့ကလွဲပြီး ဘာမှမစဉ်းစားမိပါဘူး"

"ဒီလိုဆို မိုးလိုပဲ ချစ်သူတစ်ယောက်လောက် ရှာထားလိုက်ပေါ့ မနွယ်ရဲ့"

မာန့်ရှေ့မှာ မဟုတ်တာတောင် ချစ်သူအကြောင်းပြောနေရတာမို့ ရွှန်းရွှန်းဝေနေသော ရွှေမိုးညိုအသံလေးက ရွှင်မြူးနေသည်။ မျက်နှာလေးကလည်း အချစ်ရည်တွေဖြင့် တောက်ပရွှန်းလက်နေလိမ့်မည်ဆိုတာ မမြင်ရဘဲနှင့်ကို ကျွန်မ အတပ်ပြောနိုင်ပါသည်။

ရင်တစ်ခုလုံးအနှံ့ မွှေနှောက်သောင်းကျန်းနေသော မနာလို





သဝန်တိုစိတ်တွေကို မနည်းကြီး ပြန်မြိုချရင်း ခြေလှမ်းတွေကို အားယူလျက် ရှေ့ဆက်လှမ်းလိုက်ရသည်။

ကိုယ့်အခန်းထဲ ပြန်ရောက်သည်ထိ တုန်လှုပ်နေသော ရင်တစ်ခုလုံးကို တည်ငြိမ်အောင် မထိန်းသိမ်းနိုင်သေး။ အတွင်းရေးမှူးမလေးဝေမာ စားပွဲပေါ်လာတင်ပေးထားသော ကော်ဖီခါးခါးကို တစ်ခွက်လုံးမော့ချပစ်လိုက်ပြီး မျက်လုံးကို စုံမှိတ်ထားလိုက်မိ၏။

မာန် အရမ်းရက်စက်ပါသည်။ ကျွန်မကို သံယောဇဉ်ရှိပါသည်။ ကျွန်မ ရည်းစားရသွားရင် သူ့အနားမှာ ကျွန်မမရှိနိုင်တော့မှာကို စိုးရိမ်မိပါသည်ဆိုသော မာန်က ခုတော့ ကျွန်မထံ အဆက်အသွယ်မလုပ်ခဲ့တာ တစ်လနီးပါးရှိခဲ့ပြီ။

အဲဒီအစား ဘုန်းရင့်မြတ်ထံကနေတော့ ဖုန်းအဆက်အသွယ်တွေကို ကျွန်မ နေ့တိုင်းနီးပါးလက်ခံရရှိခဲ့၏။ ဒီလောက်ဆိုရင်ပဲ ဘုန်းရင့်မြတ်ရဲ့ကျွန်မအပေါ်ထားသော စိတ်တစ်ခုကို ကျွန်မ အနည်းအကျဉ်းတော့ ခန့်မှန်းလို့ရခဲ့၏။

နေ့တိုင်းနီးပါး ဖုန်းဆက်နေခဲ့သော်လည်း ကျွန်မ စိတ်အနှောင့်အယှက်ဖြစ်စေမည့်စကား တစ်လုံးကိုမှ သူမဆိုခဲ့။ ခင်မင်မှုအတိုင်းအတာထက် ကျော်လွန်သော မည်သည့်စကားလုံးမျိုးကိုမှ သူ မပြောခဲ့။ ထိုအချက်တစ်ခုတည်းကြောင့်ပင် ဘုန်းရင့်မြတ်ကို ကျွန်မ စကားပြန်လှန်ပြောဆိုရန် ရင်းနှီးခင်မင်လာခဲ့ခြင်းဖြစ်သည်။

'ကလေး' လို့ နွေးထွေးစွာ ခေါ်တတ်သော သူ့အသံချိုချိုတွေ



www.burmeseclassic.com

www.burmeseclassic.com



က ကျွန်မကိုစိတ်ရှုပ်ထွေးမှု မပေးတော့သည့်အပြင် နေသားပင်ကျလာခဲ့ပြီဖြစ်၏။

နိုင်ငံခြားက လုပ်ငန်းခွင်မှာ ဒါရိုက်တာအဖွဲ့အစည်းအဝေးရှိသောကြောင့် တစ်ပတ်တာ ခရီးထွက်သွားသော်လည်း ကျွန်မထံသို့ ဖုန်းအဆက်အသွယ်ကတော့ မပြတ်ခဲ့ပါ။

သူ့ဆီက ဂရုစိုက်မှုတွေကို ရရှိနေခဲ့ပေမယ့် ကျွန်မအတွက် အမှန်တကယ်လိုအပ်သော ဂရုစိုက်နွေးထွေးမှုတွေသည် မာန့်ထံမှသာ ဖြစ်ကြောင်း ကျွန်မ ဖွင့်ပြောပြလိုက်ချင်ပါသည်။

ဒါပေမဲ့ ခုချိန်မှာ ကျွန်မ လိုအပ်သော မာန်ကိုယ်တိုင်ကတော့ ကျွန်မကိုနည်းနည်းမှ သတိမရတော့ပါဘဲ ရပ်တည်နေနိုင်ခဲ့ပြီပဲ။ သူ့အတွက် ကျွန်မလို သူငယ်ချင်းတစ်ယောက်ကို နက်နက်နဲနဲ လိုအပ်ခဲ့ခြင်း မရှိတာ ကျိန်းသေနေခဲ့ပါပြီ။

ကျွန်မနားသို့ မာန် ပြန်ရောက်လာအောင် ကျွန်မ ဘယ်လိုနည်းလမ်းပဲဖြစ်ဖြစ် သုံးဖို့ စိတ်ဆုံးဖြတ်ထားခဲ့ပြီးသည့်အတိုင်း

"ဝေမာရေ ငွေစာရင်းက အဖွဲ့မှူးကို လွှတ်လိုက်ပါ"

"ဟုတ်ကဲ့ ..မ"

ဖုန်းခလုတ်လေးကို နှိပ်ပြီး အပြင်မှ အတွင်းရေးမှူးမလေးထံ လှမ်းအကြောင်းကြားလိုက်ပြီး သိပ်မကြာခင်မှာပင် ဦးမြင့်မော် အခန်းထဲ ရောက်လာခဲ့၏။

"တစ်နှစ်စာ အဝင်အထွက် အရှုံးအမြတ်စာရင်းတွေအားလုံး ကိုင်တာ ဘယ်သူလဲ"

"ရွှေမိုးညိုပါ"

"ဟုတ်ပြီ ဒီလိုဆို သူ့ကိုပြောလိုက်ပါ အဲဒီစာရင်းတွေ အားလုံးကို တနင်္လာနေ့မှာ အပြီးလိုချင်တယ်လို့"

"ဗျာ"

"ဘာဖြစ်လို့လဲ ဦးမြင့်မော်၊ အဆင်မပြေနိုင်ဘူးလား"

"မနက်ဖြန်က ပိတ်ရက်ဆိုတော့ ဒီတစ်ညနေတည်းနဲ့ဆိုရင် အဆင်မပြေနိုင်ပါဘူး"

"လိုအပ်ရင် ရွှေမိုးညိုကို မနက်ဖြန် အချိန်ပိုဆင်းခိုင်းလိုက်ပါ"

ဦးမြင့်မော် ပြန်ထွက်သွားတော့မှ ကျွန်မ မဲ့တဲ့တဲ့လေး ပြုံးမိသည်။

စိတ်မကောင်းပါဘူး ရွှေမိုးညိုရယ်။ ငါလေ မာန့်ကို ဘယ်သူ့ဆီမှ မပေးနိုင်လို့ပါ။

■ ■ ■

"ဟိုတစ်ရက်က ဘွားမိတ်ဆွေတွေနဲ့ မိတ်ဆုံစားပွဲသွားရင်း ဦးနိုင်ဘုန်းလူနဲ့ ဆုံခဲ့တယ် သမီး"

ဦးနိုင်ဘုန်းလူဆိုတာ ဘုန်းရင့်မြတ်ရဲ့အဘိုးမှန်း ကျွန်မ တန်းသတိရမိလိုက်ပါသည်။ အလွန်သဘောမနောကောင်းသူ ချစ်ခင်ဖွယ်ကောင်းသူ လူကြီးဖြစ်၏။ အသားဖြူဖြူ ရယ်လိုက်လျှင် မျက်နှာက အလွန်ချိုသွားကာ လူတကာက သဘောကျနှစ်သက်ခဲ့သူလည်း ဖြစ်၏။







www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးလောကထဲမှာလည်း တစ်သက်လုံး ဘယ်သူ့အပေါ်မှ အပုပ်ချ နင်းချေခြင်းမရှိခဲ့ဘဲ ရိုးဖြောင့်စွာနေလာခဲ့တာ ခုအနားယူလိုက်ပြီး ဘုန်းရင့်မြတ်ထံသို့ လုပ်ငန်းအားလုံး လွှဲပေးခဲ့သည့်ချိန်ထိ ဖြစ်သည်။ ဘုန်းရင့်မြတ် မျက်နှာပေါ်မှာ အမြဲတွေ့ရတတ်သော ချိုသာသည့်အပြုံးနှင့် ရိုးသားသည့်မျက်ဝန်းတွေဟာ သူ့အဘိုးဆီက အမွေရထားတာမှန်း ကျွန်မ အတပ်ပြောနိုင်ပါသည်။

"မောင်ဘုန်းရင့်မြတ်က သူနဲ့တွေ့တိုင်း ငါ့မြေးလေးအကြောင်းတွေပြောပြတယ်တဲ့၊ အသက်ငယ်ပေမယ့် ဒီလိုကြီးမားတဲ့ လုပ်ငန်းကြီးကို ဦးဆောင်နိုင်တဲ့ အရည်အချင်းရှိကြောင်းတွေလည်း ပြောတယ်တဲ့"

"သူက အဲဒါတွေ သွားပြောတယ် ဟုတ်လား"

"ဘာဖြစ်လို့လဲ မြေးရယ် ငါ့မြေးတော်လို့ ချီးကျူးတာပဲ မကောင်းဘူးလား ဒါပေမဲ့ သူပြောတာက ဒီလောက်ပဲ မဟုတ်သေးဘူး မြေးရဲ့အဟင်း"

ဘွားက စကားဆက်ဖို့အရေးကို မဆက်နိုင်သေးဘဲ ကော်ဖီသောက်နေသော ကျွန်မကိုတစိမ့်စိမ့်ကြည့်နေသေး၏။

"ဒီလူ သမီးဘတင်းတွေ ဘာတွေထပ်ပြောသေးလို့လဲ ဘွားရဲ့ မြန်မြန်ပြောပြပါဦး"

"ငါ့မြေးက သိပ်ချစ်ဖို့ကောင်းတယ်လို့လည်း ပြောသေးတယ်တဲ့"

"ဟွန့် ဘာကြီးမှန်းလည်း မသိဘူး"





ဘွားပါးစပ်က ဒီလိုမျိုးစကားကြီး ထွက်လာတော့ ကျွန်မ …က်သွားမိတာအမှန်။ ဘုန်းရင့်မြတ်ဆိုတဲ့လူကတော့ တကယ်ပါပဲ။ ကိုယ့် …ဘိုးကိုတောင် မရှက်မရွံ့ ဒီလိုစကားမျိုးတွေ ပြောသည့်တဲ့လား။

"မောင်ဘုန်းရင့်က တကယ်လိမ္မာတဲ့ကလေးပါ မြေးရယ်၊ သူ့ …ဘိုးဆို အနားမယူခင်တည်းက သူ့မြေးကောင်းကြောင်း တော်ကြောင်း …ယ်လောက်အားကိုးရကြောင်းတွေ အမြဲပြောနေတာ၊ အဲဒီတုန်းကတော့ …ည်းနည်းပိုတယ် ထင်ခဲ့ပေမယ့် ခုကြည့်ကြည့်တော့ မပိုတဲ့အပြင် လို …တောင် လိုနေသေးသလားလို့ကွယ်"

"ဟင် ဘွားကပါ ကိုဘုန်းရင့်ကို ဝင်မြှောက်နေတာလား"

"မြှောက်တာလား တကယ်အတည်တွေလားဆိုတာ မြေးက …က်ရှိအလုပ်အတူတွဲလုပ်နေတာဆိုတော့ ပိုသိမှာပါကွယ်"

ဘုန်းရင့်မြတ် တော်တာ ထက်မြက်တာတွေအားလုံးက ဘွား …ပြောတာ အမှန်တွေချည်းမို့ ကျွန်မ ပါးစပ်ပိတ်ထားလိုက်ရသည်။

"ဦးနိုင်ဘုန်းလူကလည်း ငါ့မြေးကို တော်တော်သဘောကျနေ …ယ်လေ"

ဘွားမမြင်အောင် ကျွန်မ သက်ပြင်းလေး ခိုးချလိုက်မိသည်။ …ကားတွေဟာ ဘယ်ကိုဦးတည်နေတယ်ဆိုတာလောက်တော့ ကျွန်မ …ည်း ခန့်မှန်းနိုင်ပါသည်။

"ဒီနေ့ သမီးသွားစရာလေးတစ်ခု ရှိတယ် ဘွား"

"ပိတ်ရက်ကို အိမ်မှာနားနားနေနေ မနေတော့ဘူးလားကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကိစ္စမဟုတ်ပါဘူး ဘွားရဲ့၊ ဒီတိုင်း သူငယ်ချင်းတ ယောက်ဆီ သွားမှာပါ"

"ဘာလဲ ဟိုတစ်ခါ ငါ့မြေးကို စိတ်ကောက်နေတယ်ဆို သူငယ်ချင်းလေးလား"

"ဟုတ်တယ် ဘွား။ သမီး ရေမိုးချိုး ပြင်ဆင်လိုက်ဦးမယ်နော်"

အဲဒီ သူငယ်ချင်းနဲ့အဆင်ပြေသွားပြီလား ပြန်သင့်မြတ်သွား လားဆိုသည့်မေးခွန်းတွေ ဘွားထံမှ ထွက်ကျမလာခင်မှာ ကော်ဖီဝိုင်း နေ ကျွန်မ မြန်မြန်ထခဲ့လိုက်သည်။

ရေမိုးချိုးပြီးသွားတော့ အဝတ်အစားကို ပေါ့ပေါ့ပါးပါးပင် စိမ်း ရောင်လက်တို ဂါဝန်ကားကားလေးဝတ်လိုက်သည်။ ခြေသလုံးတစ်ဝက် ရှည်ပြီး ခါးတွင် ခါးပတ်အနီရောင်လေးနှင့် စည်းနှောင်ထားသော ဒီဂါ လေးသည် ကျွန်မအနှစ်သက်ဆုံးအရောင်လေးမို့ ဘယ်အချိန်ဝတ်ဝ ကျွန်မကိုယ်ကျွန်မ ယုံကြည်မှုတွေဖြင့် တက်ကြွနေစေ၏။

ဆံပင်တိုလေးများကို မစည်းမနှောင်ဘဲနှင့် ဘေးညှပ်က ဖဲပြားပန်းရောင်လေးကိုသာ တပ်ဆင်လိုက်သည်။ ကျားသစ်ကွက်အ အရှည်လေးကို လွယ်လျက် သွက်လက်သော ခြေလှမ်းများဖြင့် ကျွ အခန်းထဲမှ ထွက်လာခဲ့လိုက်သည်။

"နောက်ကျမှာလား သမီး"

"မပြောတတ်သေးဘူး ဘွားရဲ့၊ တခြားသူငယ်ချင်းတွေလည်း ပါမှာဆိုတော့ ဘယ်တွေလျှောက်သွားဖြစ်ကြဦးမလဲ မသိဘူး၊ သ





ခုန်းဆက်မယ်လေ နော် ဘွား"

စောစောစီးစီး ဘွားကို မုသာဝါဒကံ ကျူးလွန်မိလိုက်သည့် အတွက် စိတ်ထဲကပဲ တောင်းပန်လိုက်ရင်း ခြေညှပ်ဖိနပ်ရွှေရောင်လေးကို ရွေးချယ်စီးနင်းပြီး အိမ်ထဲမှ ခပ်မြန်မြန် ထွက်ခဲ့လိုက်သည်။

ကားပေါ်ရောက်သည်နှင့် ကျွန်မပထမဆုံး လုပ်မိသည့်အလုပ် က ကုမ္ပဏီသို့ ဦးတည်မောင်းနှင်လိုက်ခြင်းပဲ ဖြစ်၏။ ရွှေမိုးညို အချိန်ပို ဆင်းတာ သေချာတော့မှ ကျွန်မ မာန့်ထံသို့ လွတ်လပ်စွာ သွားခွင့်ရမှာ ဟုတ်လား။

အခန်းထဲတွင် တစ်ယောက်တည်း အလုပ်ရှုပ်နေသော ရွှေမိုးညို ကို ချောင်းကြည့်သေချာတော့မှ ရင်ထဲက အလုံးကြီးပြုတ်ကျသွားခဲ့ခြင်း ဖြစ်သည်။

ဟိုးတစ်ညက ဒီအခန်းလေးထဲမှာ ကျွန်မနဲ့မာန်တို့ နှစ်ယောက် တည်း ရှိနေခဲ့ဖူးသည်။ ကျွန်မ ရင်ခုန်သံတွေ မြန်ဆန်ခဲ့ဖူးသည်။ အဲဒီလို အချိန်တွေကို ပြန်လည်ပိုင်ဆိုင်ခွင့်ရအောင် ကျွန်မ ကြိုးစားမှာမို့ ငါ့ကို အဆိုးမဆိုပါနဲ့ ရွှေမိုးညို။

ငါလည်း လွတ်လပ်စွာ ချစ်ခွင့်ရှိတယ်မဟုတ်လား။ အချစ်နဲ့ စစ်မှာ မတရားတာ မရှိဘူးဆိုတာလောက်တော့ နင် ကြားဖူးမှာပေါ့နော်။

ကုမ္ပဏီထဲမှ ထွက်လိုက်သည်နှင့် မခေါ်ဖြစ်တာ ကြာပြီဖြစ်သော ခန့်ဖုန်းနံပါတ်လေးများကို နှိပ်လိုက်သည်။ ရင်ဘတ်ထဲမှာရှိနေတဲ့ နှလုံး သားကြီးက ပါးစပ်ထဲကနေတစ်ဆင့် အပြင်ကို ထွက်ကျလာတော့မလိုလို



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံတွေ တဒိန်းဒိန်းနှင့်ဆောင့်တိုးနေ၏။ ကိုယ့်ရင်ဘတ်ကိုယ် လက်လေးနှင့်အသာအယာဖိရင်း ဖုန်းခေါ်ဆိုနေသံကို နားထောင်နေမိသည်။

ဖုန်းမြည်နေတာ ကြာလှပေမယ့် ကိုင်သူမရှိ။ ခုတကယ်များ မာန် ကျွန်မ ဖုန်းကိုမကိုင်တော့ဘူးတဲ့လား။

အဲလောက်ထိ မရက်စက်ပါနဲ့ မာန်ရာ။ ငါ့ဖုန်းကို ကိုင်ပါဦးနော်

''ဟဲလို''

ကျွန်မ ဆုတောင်းများ မဆုံးသေးခင်မှာပင် တစ်ဖက်က မာန့် အသံ မာဆတ်ဆတ် ပြတ်တောက်တောက်လေး ထွက်ပေါ်လာခြင်းဖြစ်သည်။ အဲဒီအသံလေးကြောင့် ကျွန်မ ဘယ်လောက်တောင် ပျော်ရွှင်သွားလဲဆိုတာ ပြောပြဖို့ စကားလုံး မရှိသလောက်ပါပဲ။

''မာန် ဖုန်းမချလိုက်နဲ့နော်''

''ကျွတ် မကိုင်ချင်ရင် အစတည်းက မကိုင်တော့ဘူး''

မာန့်အသံမှာ လိုလိုလားလားပုံ မဟုတ်ပေမယ့် အဲဒီစကားလေးကြောင့်တော့ မာန့်ကို ကျေးဇူးအထူးတင်သွားမိသည်။

''နင် ဘာကိစ္စရှိလို့လဲ''

''ငါ နင်နဲ့တွေ့ချင်လို့''

''ဘာအတွက်လဲ''

''နင်ကလည်းဟာ နင်နဲ့ငါ မတွေ့ဖြစ်တာ ဘယ်လောက်တောင်ကြာပြီလဲ၊ ဒီနေ့ ဆန်းဒေးလေ နင်လည်း အလုပ်ပိတ်တာပဲဟာကို ငါတို့ ခဏလေးတောင် တွေ့လို့မဖြစ်ဘူးလား''





''အေးလေ ဘာအတွက်တွေ့မှာလဲလို့''

အဲဒီ မေးခွန်းကို ကျွန်မ မည်သည့်အဖြေမျိုး ပြန်ပေးရမည်ဆိုတာ မသိတာအမှန်။ ကျွန်မ သူ့ကို သတိရသည်။ သူ့မျက်နှာကို တွေ့ချင်သည်။ သူနဲ့အရင်လို စကားတွေပြောချင်သည်။ အဲဒါတွေကို အစအဆုံး ကျွန်မက ပြောပြရမှာတဲ့လား။

''နင် ငါ့ကို သူငယ်ချင်းတစ်ယောက်လိုတောင် သဘောမထားတော့ဘူးလား မာန်''

သူ့ဘက်မှ အသံတိတ်သွားခဲ့၏။ ဖုန်းချသွားခြင်းမဟုတ်ဘဲ သူ အဖြေရကျပ်သွားခြင်းသာ ဖြစ်ပါလိမ့်မည်။ သူ့မေးခွန်းကို ကျွန်မ မဖြေနိုင်သလို ခု ကျွန်မမေးခွန်းကိုလည်း သူ မဖြေနိုင်တော့ခြင်းလောက်သာ။

ဒီလို ဘာမှပြန်မဖြေတာကိုပဲ ကျေးဇူးတင်ရသေးသည်။ ဆိုးရွားသည့်အဖြေတစ်ခုထက်စာရင် ဘာအဖြေစကားမှ မရတာက သာပါသည်လေ။

''နင် ဘယ်မှာလဲဟင်၊ ငါ နင်နဲ့တကယ်တွေ့ချင်လို့ပါ''

''ငါ အိမ်မှာ၊ ခဏနေရင် ထွက်လာခဲ့မယ်၊ လမ်းထိပ်မှာ စောင့်နေ''

''အေး ငါခုပဲ လာခဲ့မယ်နော်''

ဟား ရင်ထဲက ဝမ်းသာပျော်ရွှင်မှုက ဘာနဲ့မှ လဲလို့မရနိုင်ခဲ့။ အခြေအနေလောက်ဆို ကျွန်မကို မာန် လျစ်လျူရှုနေခဲ့ခြင်းတွေ အရင်



www.burmeseclassic.com

www.burmeseclassic.com



ကလောက် မပြင်းထန်တော့တာ သေချာနေပြီပဲ။

တော်သေးတာပေါ့၊ ရွှေမိုးညိုကို အချိန်ပိုဆင်းခိုင်းထားမိလို့ နို့မိုဆို ကျွန်မနဲ့ဒီလိုတွေ့ဖို့ မာန် ဘယ်အားနိုင်ပါ့မလဲနော်။

သူတို့လမ်းထိပ်တွင် လေးဆယ့်ငါးမိနစ်လောက် ကားရပ်ကာ စောင့်နေရတာကိုလည်း ကျွန်မ ကြာသည်ဟု မထင်နိုင်ပါ။ မာန်နဲ့အဆက် အသွယ်မလုပ်ဘဲ နေခဲ့ရသော နေ့တွေအချိန်တွေထက်စာလျှင် ဒီမိနစ် ပိုင်းလေးကို ကျွန်မ နည်းနည်းမှကို ကြာတယ်လို့ မထင်နိုင်ခြင်းဖြစ်သည်

လမ်းထိပ်က ထွက်လာလာချင်း ကျွန်မ ကားကိုမြင်လိုက်တော့ မာန်နည်းနည်း နှာခေါင်းရှုံ့သွားသေးသည်။ ကျွန်မကပင် ကပျာကယာ ကားပေါ်ကဆင်းလျက် မာန့်ကိုဆီးကြိုပြုံးပြလိုက်၏။

"ငါ့ကားနဲ့ပဲ လာခဲ့လိုက်တယ် မာန်ရယ်၊ နင် မစီးချင်ရင် ငါတို့ လမ်းလျှောက်ပြီးပဲ တစ်နေရာရာသွားကြမလား"

"မလိုပါဘူး၊ ငါစီးမှာပါ၊ ဒါပေမဲ့ ငါ့ကိုမောင်းခွင့်ပေးမှ"

"ငါ့ကိုမယုံလို့လား၊ ငါ ကားမောင်းကျွမ်းပါတယ်ဟာ၊ ယခင် တည်းက မောင်းလာတာပါဟ"

"အေးပါ နင်တို့လို ချမ်းသာတဲ့သူတွေကတော့ ဟုတ်မှာပေါ့ ဒါပေမဲ့ ငါက နင့်ကိုမယုံလို့မဟုတ်ဘူး၊ မိန်းမတစ်ယောက်မောင်းတဲ့ကား ကို ဘေးက ထိုင်မစီးချင်တာ"

မာန့်အိမ်မှာလည်း ကားနှစ်စီးရှိနေတာ ကျွန်မ သိသား တစ်စီးက မာန့်မေမေသုံးပြီး နောက်တစ်စီးကတော့ မာန်က ညီမလေး





ားပေးကာ သုံးခွင့်ပြုထားခဲ့ပြီး သူကိုယ်တိုင်ကတော့ တစ်ခါတစ်ရံ သာ အသုံးပြုတတ်ခြင်းဖြစ်သည်။

ဒါတွေကို သိပေမယ့်လည်း ကျွန်မ စောဒကမတက်ရဲစွာပဲ ာန့်လက်ထဲသို့ ကားသော့ကို ထည့်ပေးလိုက်သည်။

"ဘယ်သွားမှာလဲ စိမ်းလန်းစိုပြည်ပဲ သွားကြမလား"

ကျွန်မ စကားကြောင့် ကားမောင်းနေရင်းနှင့် မာန် ကျွန်မဘက် ို တစ်ချက်လှည့်ကြည့်သည်။ မျက်နှာက မကြည်မလင်နှင့်ပါ။

"ဘာလဲ ဒီလိုပိတ်ရက်မျိုးဆို နင့်လူကြီးက အဲဒီကို သွားနေကျ လို့ နင်ကပါ သွားချင်နေတာလား"

"လောလောဆယ် သူ မြန်မာပြည်မှာ မရှိပါဘူး"

"ဪ ဪ ကိုယ့်လူကြီးက ဘယ်သူဆိုတာတော့ တန်းသိ ားပဲနော်"

"မာန် နင်နော် ဘယ်လိုဖြစ်နေတာလဲ"

မာန် တက်တစ်ချက်ခေါက်ရင်း လီဗာကို ဖိနင်းကာ အရှိန်မြှင့် ိုက်၏။ ဘာဖြစ်လို့များ ဘုန်းရင့်မြတ်ကို မာန် မနာလိုဖြစ်နေတာပါလိမ့်။

ကားအနည်းငယ်ရှင်းနေချိန်မို့ သူ ထင်သလိုမောင်းခွင့်ရနေ ည်။ တဖြည်းဖြည်းနှင့်ပြည်လမ်းဘက်သို့ ဦးတည်နေသည်မို့ မာန့်ကား ်က မလျော့သွားသည့်အပြင် ပိုလို့တောင် တိုးလာနေ၏။

"မာန် ဘာဖြစ်လို့ အဲဒီလောက် အမြန်ကြီးမောင်းနေတာလဲ၊ ရှိန်နည်းနည်းလျှော့ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စကားတွေက သူ နားထောင်စရာ မဟုတ်ဘူး ခံယူထားသည့်ပုံနှင့် နည်းနည်းမှ အရှိန်မလျှော့သည့်အပြင် ပိုလို့တော တင်လိုက်သေးသည်။

“နင် ဘာဖြစ်နေတာလဲလို့ ငါ မေးနေတယ်လေ မာန်၊ နင် ငါ့ကိုစိတ်တိုနေတယ်ဆိုရင်လည်း ဒီလိုနည်းနဲ့ ဒေါသကိုဖြေရှင်းလို့ ရ လား”

တစ်လမ်းလုံး ကျွန်မ တတွတ်တွတ်ပြောနေသော်လည်း မာန် ကတော့ တစ်ခွန်းမှ မတုန့်ပြန်ဘဲ ခုနစ်မိုင်မှ ကော်ဖီဆိုင်လေးတစ်ခု ရောက်မှ ကားကိုပါကင်ထိုးရပ်ပစ်လိုက်၏။

ကျွန်မကိုလည်း မစောင့်ပါဘဲ ဆိုင်ထဲသို့ ခြေလှမ်းကျဲကြီးများ ဖြင့် ဝင်သွားတာမို့ ကျွန်မမှာအပြေးကလေး လိုက်ရပြန်သည်။ သူက သီးသန့်ခန်းတစ်ခုထဲ ဝင်သွားခြင်းဖြစ်၏။

“ AK 47 တစ်ခွက်ပေးပါ”

မာန် မှာလိုက်တာ ဘယ်လိုအရာမျိုးလဲ ကျွန်မ မသိ။ အေး သလား ပူသလားတောင်မသိပေမယ့် မာန့်အတိုင်းပင် ကျွန်မ လိုက်မှာ လိုက်သည်။ မာန်က ဖဝေဖဝါဖြစ်သွားပုံနှင့် ကျွန်မကိုလှမ်းကြည့်၏။ မျက်ခုံးနှစ်ဖက်က အလိုမကျမှုတွေရဲ့ သင်္ကေတအဖြစ် တွန့်ချိုးလျက် နှာခေါင်းထိပ်တွင် လာဆုံနေသည်။

သို့သော် ဘာမှတော့ မပြောပါ။

ရောက်လာသော ခွက်ကိုတစ်ငုံငုံကြည့်လိုက်တာနှင့်ပင် ကျွန်မ





ဘာဆိုတာ ကောင်းကောင်းသိသွားခဲ့၏။ အရက်အရသာပါသော ကော့ တေးတစ်ခွက်ပဲ။ စတော်ဘယ်ရီအရသာလည်း ပါသလိုလို ချိုသလိုလို ချဉ်သလိုလို။ နောက်တော့လည်း ချိုလည်းမချို ချဉ်လည်းမချဉ်တော့ သလိုလို။

ကျွန်မ တစ်ခွက်မကုန်သေးခင်မှာပဲ မာန်က နောက်တစ်ခွက် လှမ်းမှာပြီး သောက်နေတာ တစ်ဝက်ကျိုးသွားပြီဖြစ်၏။

ခုထိ ကျွန်မတို့နှစ်ယောက် စကားတစ်လုံးမှ မပြောဖြစ်ကြ သေးပါ။

“မာန် ဒါဘာကြီးလဲ”

“သောက်တောင်သောက်လို့ တစ်ခွက်ကုန်တော့မယ်၊ ခုမှ လာ မေးနေတယ်၊ ငါမှာတုန်းက နင်မကြားလိုက်ဘူးလား။ ဒီကော့တေး နာမည်က အေကေ လေးဆယ့်ခုနစ် တဲ့”

“ဟွန် ဘယ်လိုကြီးတုန်း”

ဘိုလို တစ်ဝက် မြန်မာလိုတစ်ဝက် ပြောလိုက်ခြင်းမို့ ကျွန်မ နှာခေါင်းရှုံ့လိုက်မိခြင်းဖြစ်၏။ ဒါကို မာန်က တစ်လွဲထင်သွားကာ

“ဘာလဲ မကောင်းလို့လား”

“မဟုတ်ပါဘူး သောက်လို့ရပါတယ်၊ ဒါပေမဲ့ နည်းနည်းတော့ ဒီဝေဝေလေးဟ ဟီး ဟီး”

ကျွန်မက စပ်ဖြဲဖြဲမျက်နှာပေးနှင့်ပြောမိလိုက်တာကို မျက်နှာ ချင်းဆိုင်တွင်ထိုင်နေသော မာန်က ငေးကြည့်လျက်



www.burmeseclassic.com

www.burmeseclassic.com



''နှင်မူးနေပြီ မြို''

''ရော် ငါ မမူးပါဘူး၊ ဘာလို့မူးရမှာတုန်း''

''မြို့ရယ် ငါပြောတာကို လက်ခံစမ်းပါ၊ နှင် မူးနေပါပြီဆို''

တကယ်ဆို ကျွန်မ ကိုယ့်ကိုယ်ကိုယ်လည်း သတိထားမိပါသည်။ မျက်လုံးတွေက လေးပင်လာလျက် ခေါင်းထဲမှာ မူးနောက်နောက်ကြီး။

''ဟိတ် ဒီကို အဲဒါမျိုးပဲ နောက်တစ်ခွက် ထပ်ချပေးပါ''

အခန်းအပြင်သို့ ဘဲလ်နှိပ်ခေါ်လျက် မာန်က သူ့အတွက် သုံး ခွက်မြောက်ကိုလှမ်းမှာသည်။

''နောက်ထပ် နှစ်ခွက်ချပါ''

အနားရောက်လာသော စားပွဲထိုးလေးကို ကျွန်မက တိုးတိုး လေး ကပ်မှာလိုက်ခြင်းဖြစ်၏။ မာန်က မျက်ဝန်းတွေကို မှေးစင်းကာ နောက်မှိုကိုမှိုရင်း ဖြေလျော့ထိုင်နေသည်မို့ ကျွန်မ မှာလိုက်တာကို မသိ လိုက်။ ကော့တေးခွက်နှစ်ခွက် စားပွဲပေါ်ရောက်လာတော့မှ

''ငါ မမူးသေးပါဘူး၊ ငါမှာတာ တစ်ခွက်တည်းပါ၊ ဘာလို့ စားပွဲပေါ် နှစ်ခွက်တောင် မြင်နေရတာလဲ''

''ငါမှာလိုက်တာပါဟ၊ ငါမှာတာ ထပ်သောက်မှာပေါ့ နှင်ချည်းပဲ သောက်နေလို့ ဖြစ်မလား''

''အာ မသောက်ရပါဘူး၊ ခုနက တစ်ခွက်နဲ့တင် နှင်မူးနေပြီ ငါသိတယ်၊ မသောက်ရဘူး''

မာန်က ကျွန်မရှေ့ရောက်နေသော ခွက်ကို သူ့ဘက်သို့ ဆွဲယူ





လိုက်သည်။ ကျွန်မ ပြန်လုသော်လည်း မရပါ။ ကျွန်မ ခွက်ကို မာန် အောက်သို့ပင် ပြန်မချဘဲ မော့သောက်နေတာ ကုန်လုကုန်ခင်။ ထိုအချိန် မှာပဲ ကျွန်မ စိတ်မရှည်နိုင်စွာနှင့်ပင် မာန့်ဘေးသို့ ရွေ့ခနဲ သွားထိုင်လိုက် ပြီး စားပွဲပေါ်မှာ ဒီတိုင်းရှိနေသော မာန့်အတွက် တစ်ခွက်ကို ကောက်ယူ မော့ချပစ်လိုက်၏။

တစ်စက်မကျန် ကုန်စင်သွားသည်ထိ မော့သောက်ချပစ်လိုက် တာမို့ ခွက်ကိုတည့်မတ်အောင်ပင် စားပွဲပေါ် မထောင်နိုင်တော့ဘဲ ကျွန်မ ငိုက်စင်းကျသွားသည်။

''ဟာ ဒီမိန်းကလေးကတော့ကွာ''

စားပွဲခုံပေါ် ခေါင်းငိုက်စိုက်ကျသွားသော ကျွန်မကို မာန်က ဆွဲမတ်ပြီး ထိုင်စေသည်။

''နှင် ဘာဖြစ်လို့ အဲလောက်တောင် သောက်လိုက်တာလဲဟာ အွတ် တကယ်ပါပဲ''

''မာန်''

''ဘာလဲ''

ခေါင်းမထောင်နိုင်လောက်အောင် မူးယစ်ရီဝေနေပေမယ့် ဘေး မှာ မာန်ရှိနေသည်ဆိုသည့် အသိကတော့ စွဲမြဲစွာ ရှိနေပါသည်။

''နှင် ငါ့ကိုတစ်ယောက်တည်းထားမသွားနဲ့နော်''

''ထားခဲ့မှာ ငါ့စကားနားမထောင်လို့ကို တစ်ယောက်တည်း ထားခဲ့မှာ''



www.burmeseclassic.com

www.burmeseclassic.com



မာန် အတည်ပြောနေတာလား၊ နောက်ပြောင်ပြောနေတာလား မူးပြီးပြောနေတာလား မခွဲခြားနိုင်ပေမယ့် ကျွန်မ ရင်ထဲ ထိတ်ခနဲ ကြောက်လန့်သွားမိတာတော့ အမှန်ပင်။ ကိုယ့်ခေါင်းတောင် ထောင်မတ်အောင် မသယ်နိုင်တော့သည့် အနေအထားမှာ ကျွန်မ တစ်ယောက်တည်း ကားဘယ်လိုမောင်းရမှာလဲ။

ပြီးတော့ ဒီနေရာက အိမ်နဲ့လည်း အလွန်ပဲ အလှမ်းဝေးခဲ့ပြီလေ။ အသိစိတ်တွေက ပျောက်ဆုံးမသွားပေမယ့် နှုတ်သွက်လျှာသွက် ဖြစ်နေသော ကိုယ့်ကိုယ်ကိုယ်တော့ ကျွန်မ မထိန်းချုပ်နိုင်ခဲ့။

နေ့လယ်ဘက်မို့ ဒီဆိုင်လေးက လူရှင်းသည်။ ပြီးတော့ သီးသန့်ခန်းထဲမှာမို့ ကျွန်မတို့နှစ်ယောက်ကို ဘယ်သူမှ မမြင်နိုင်ပါ။ ကားလမ်းမနှင့် နီးပေမယ့် ပတ်ဝန်းကျင်နေရာလေးကလည်း တိတ်ဆိတ်အေးဆေးသည်မို့ တော်သေးတော့သည်။

“နင် ငါ့ကိုထားသွားရင် ငါ ဘယ်လိုကားမောင်းပြန်ရမှာလဲ မထားသွားပါနဲ့နော် မာန်”

ကိုယ့်ကိုယ်ကိုယ် မသိလိုက်နိုင်ခင်မှာပင် ကျွန်မသည် မာန့်လက်မောင်းကို ဖက်တွယ်လျက် ပါးပြင်မှာလည်း မျက်ရည်တွေ စီးကျနေခဲ့ပြီ။

“ဟာ ဘာလို့ငိုနေတာတုန်း မြှုရာ၊ ငါ စိတ်ညစ်လာပြီဟာ ဘာလို့ ငါ့ကို စိတ်ညစ်အောင် အမြဲလုပ်နေတာလဲ”

“ငါက နင့်ကို စိတ်ညစ်အောင် လုပ်တယ်ဟုတ်လား မာန်





ငါ ဘယ်တုန်းကများ လုပ်ခဲ့မိလို့လဲဟင်၊ နင်ကသာ ငါ့ကိုစိတ်ဆင်းရဲအောင် လျစ်လျူရှုမှုတွေနဲ့ ပစ်ထားခဲ့တာပါ”

“ပြောနေပုံက ငါကပဲ နင့်ရည်းစားလိုလို ဘာလိုလိုနဲ့ ဟားဟား ရယ်တောင်ရယ်လိုက်ချင်သေးတယ်”

ပြောပြောဆိုဆို မာန်က တကယ်ကြီး ဟားတိုက်ရယ်မောနေသောကြောင့် ကျွန်မ ရှက်သွားမိ၏။ မာန့်လက်မောင်းကိုလည်း တဘုန်းဘုန်း ထုရိုက်ပစ်လိုက်သည်။

“နင်က ဘာလို့ ရယ်နေတာလဲ၊ ငါ့ခံစားချက်တွေကို နင်က ရယ်စရာမှတ်နေတာလား”

ကျွန်မ ဒေါသတကြီး အော်ဟစ်ပစ်လိုက်တော့ မာန့်ရယ်သံတွေ တဖြည်းဖြည်းချင်း တိုးညှင်းပျောက်ကွယ်လျက် ကျွန်မကို ခပ်တည်တည် စိုက်ကြည့်လာသည်။ ဘယ်လောက်ပဲ မူးလို့ မျက်ဝန်းတွေ မှေးစင်းနေပါစေ မာန့်အကြည့်တွေမှာ ဆွဲငင်ညို့ယူမှုတွေ ပါနေတတ်သည်။ မမြင်နိုင်သော အင်အားတစ်ခုက သူ့အကြည့်တွေကို ပံ့ပိုးပေးနေသလိုပါပဲ။

“နင် အဲဒီမျက်လုံးတွေနဲ့ ငါ့ကိုလာမကြည့်နဲ့”

ကျွန်မစကားကြောင့် မာန် ကျွတ်ခနဲ စုပ်သတ်ကာ တစ်ဖက်သို့ ကြည့်သွားသည်။ တော်တော်လေးကြာမှ ကျွန်မဘက်သို့ ပြန်လှည့်လာ၏။ ခုနကလို အကြည့်မျိုးနှင့်ပင်။

“နင့်ကို အဲဒီမျက်လုံးတွေနဲ့ လာမကြည့်နဲ့လို့ ပြောနေတယ် ဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"ရော် ခက်တော့တာပဲ ဒေါ်နှင်းမြမြ ကျုပ်က အမေမွေးကတည်းက ဒီမျက်လုံးနှစ်လုံးပဲ ပါလာတာ၊ ခင်ဗျားက အဲဒီမျက်လုံးတွေနဲ့ မကြည့်နဲ့ဆိုတော့ ဘာလဲ ခင်ဗျားကိုတစ်သက်လုံး မကြည့်ဘဲ မတွေ့မမြင်တော့ဘဲ နေရမှာလား"

"အို အဲဒီလိုမဟုတ်ပါဘူး မာန်ရဲ့၊ ငါ ငါလေ နင့်အကြည့်တွေကို ရင်မဆိုင်နိုင်လို့ပါ"

"ငါ့အကြည့်တွေကို နင်က ရင်မဆိုင်နိုင်ရအောင် ငါ့အပေါ်မှာ နင် မရိုးမသားနဲ့ ဘာမကောင်းကြံထားသလဲ ပြောစမ်း"

"အဲလို မ မဟုတ်ပါဘူး။ ငါ ငါ ဘယ် ဘယ်လိုပြောပြရမလဲ မသိတော့ဘူး"

"မသိရင် မပြောနဲ့တော့ ဟုတ်ပြီလား နားငြီးတယ်"

စားပွဲပေါ်မှာရှိနေသော ပန်းသီးစိတ်လေးတစ်ခုကို ကောက်ယူကာ မာန်က စိမ်ပြေနပြေ ဝါးနေသည်။ သူ့မှာ ကျွန်မနဲ့ပတ်သက်ပြီး တကယ်ပဲ ဘာအချစ် ဘာခံစားချက်မှ မရှိဘူးနဲ့တူပါတယ်။ အဲဒီ အတွေးလေးတစ်ခုကပင် ကျွန်မရင်ကို မခံမရပ်နိုင်လောက်အောင် နာကျင်စေသည်။

"ရွှေမိုးညိုကို နင်တကယ်ချစ်လား မာန်"

"လာပြန်ပြီလား ဒီမေးခွန်း"

"ငါ တကယ်သိချင်လို့ပါ"

"နင် ဒီနေ့ ငါ့ဆီလာတာ အဲဒီမေးခွန်းကို သိချင်ရုံသက်သက်





ပဲလား"

ကျွန်မ ဘာမှပြန်မဖြေနိုင်ပါ။ အဲဒီမေးခွန်းရဲ့အဖြေကို သိချင်တာမှန်ပေမယ့် အဲဒီအဖြေတစ်ခုတည်း သိချင်ရုံသက်သက်နဲ့ မာန့်ဆီလာခဲ့တာမှမဟုတ်တာဘဲ။

"နင် သူနဲ့ဒီနေ့ ချိန်းမထားဘူးလားဟင်၊ ဒီနေ့ သူ့ပိတ်ရက်လေ"

"သူ မအားဘူး။ နေစမ်းပါဦး တကယ်ပဲ နင်က သူ့အကြောင်းတွေ သိချင်လို့ ငါ့ဆီလာတာလား"

"မဟုတ်ဘူး ငါ သူ့အကြောင်း သိချင်တာမဟုတ်ဘူး။ နင့်အကြောင်းသိချင်တာ မာန်ရဲ့"

"ငါ့အကြောင်း ဟုတ်လား။ ငါ့အကြောင်းတွေ နင်သိသားပဲ၊ ဘာကိုထပ်ပြီး သိချင်တာတုန်း"

"နင် ဘာလို့ ငါ့ကိုမခေါ်တာလဲဆိုတဲ့အကြောင်း"

မာန် ဟက်ခနဲ တစ်ချက်ရယ်သည်။ နောက်တော့ ခေါင်းကို ဖြည်းညင်းစွာ ခါနေပြန်၏။ မျက်နှာမှာလည်း မဲ့ပြုံးတစ်ခု။

"ငါမဖြေလို့ ရမလား"

"ငါသိချင်တယ်၊ ဘာမှန်းမသိရဘဲ နင် အဲလိုလုပ်သွားတာကို ငါ တကယ်မခံနိုင်ဘူး မာန်၊ ငါလေ နင်မရှိဘဲ မနေနိုင်"

စားပွဲပေါ်တင်ထားသော ကျွန်မ ဖုန်းလေးက တုန်ခါမြည်ဟီးသွားတာကြောင့် စကားမဆက်နိုင်သေးဘဲ ဖုန်းလေးကိုယူကြည့်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သက်ပြင်းတစ်ချက်ချရင်း ဖုန်းလေးကိုမကိုင်ဘဲ ပြန်တင်ထားလိုက်၏။ ကျွန်မ ပြန်တင်လိုက်သော ဖုန်းကို မာန်က ပြန်ယူကြည့်လိုက်ပြီး

''ဩော် ဘယ်သူများလဲလို့၊ နင့်လူကြီးပဲ ကိုင်လိုက်ပါဟ ဘာဖြစ်လို့ မကိုင်တာတုန်း''

''ငါမကိုင်ချင်ဘူး မာန်၊ နင်နဲ့ရှိနေတဲ့အချိန်မှာ ငါ တခြားဘာမှမလုပ်ချင်ဘူး''

''အိုကေ အိုကေ ဒီလိုဆို ငါထွက်သွားမယ်၊ နင် ဖုန်းကိုင်လိုက်ပါ ဟုတ်ပလား''

မာန်က ထိုင်နေရာမှ ရုတ်ခနဲ ထရပ်လိုက်၏။ ခန္ဓာကိုယ် ယိမ်းယိုင်သွားသောကြောင့် ကျွန်မ ပခုံးပေါ်သို့ လက်တစ်ဖက်ဖြင့် အားပြုလိုက်ရသေး၏။

''နင် ဘယ်သွားမလို့လဲ မာန်''

''ငါ ထွက်သွားမှ နင် ဖုန်းကိုင်မှာပေါ့၊ ငါရှိနေလို့ နင် ဖုန်းမကိုင်ချင်ဘူးဆို''

''အာ မဟုတ်ဘူး နင်မှားနေပြီ ငါပြောတာ ဒီသဘောမဟုတ်ဘူး''

ကျွန်မတို့နှစ်ယောက်က စကားအချေအတင်ဖြစ်နေကြဆဲမှာပင် ဖုန်းလေးက အဆက်မပြတ် မြည်နေဆဲဖြစ်သည်။

''နင်ပြန်ထိုင်ဟာ''

''မထိုင်ဘူးဆို နင်ဖယ်''





မာန်က နံရံဘက်မှာထိုင်နေတာမို့ ကျွန်မကို ကျော်ပြီးမှ သူ ပြင်ရောက်မှာမို့ ကျွန်မကလည်း တမင်မဖယ်ပေးဘဲ ပေထိုင်နေလိုက် သည်။ မာန့်လက်ကိုလည်း အတင်းဆွဲထိန်းရင်း ကျွန်မကို ကျော်သွား က်ဖို့ပြင်နေသော မာန့်ကို မနိုင်မနင်း တားနေရသည်။

''အမေ့''

မာန်အရှိန်မထိန်းနိုင်ဘဲ ထိုင်နေသော ကျွန်မကိုယ်ပေါ်သို့ သူ့ ာကိုယ်ကြီး ပြိုလဲကျလာခဲ့သည်။

အို ဒါဟာ ဘယ်လိုအထိအတွေ့မျိုးပါလိမ့်။ တစ်ကိုယ်လုံး းတွေးရှိန်းမြလျက် ရင်တွေပရမ်းပတာ ခုန်နေလိုက်တာများ။

မှုန်ခွေးကာ စူးရှသည့်အနံ့တစ်မျိုးထွက်နေသော မာန့်နှုတ်ခမ်း က ကျွန်မ နှုတ်ခမ်းလေးတွေ လှုပ်ရှားလို့မရတော့လောက်အောင်။ ကိုယ်ကြီးကို တွန်းဖယ်နေမိသည့် ကျွန်မလက်များမှ အင်အားတွေ ဖြည်းဖြည်းချင်း ဆုတ်ယုတ်ကုန်သည်။

တွန်းဖယ်ရုန်းကန်ရသည့်အင်အားတွေ ဆုတ်ယုတ်ကုန်ပေမယ့် နဲ့ တီရှပ်အနက်လေးပေါ်မှ ထပ်ဝတ်ထားသော ဂျင်းအပါးသားကုတ် ျလေးကိုတော့ လွတ်ထွက်သွားမှာစိုးသည့်အလား ကျွန်မ ဆုပ်ကိုင် မိသည်။

စက္ကန့်များစွာ ကြာသွားသည်ထိ နူးညံ့သော ထိုအထိအတွေ့ ကို ကျွန်မ နှစ်သက်စွာ နစ်မြောနေခဲ့မိ၏။

မာန်ရယ် နင့်နှုတ်ခမ်းတွေမှာ ငါတစ်သက်လုံး နစ်မြုပ်နေချင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ။ ဒီလောက် ချိုမြိန်နူးညံ့တဲ့ နှုတ်ခမ်းတွေကို ငါ ဘယ်သူ့ကို မပေးနိုင်ဘူးဟာ။

ပူနွေးသော နှုတ်ခမ်းလေးတွေ ရုတ်တရက် ဖယ်ခွာသွားသေ အခါ ကျွန်မသည် အေးစက်သော လေရဲ့အထိအတွေ့ကြောင့် မှိတ်ထား သော မျက်လုံးများကို ဖျတ်ခနဲ ဖွင့်လိုက်မိသည်။ စက္ကန့်ပေါင်းများ ပျက်ယွင်းသွားသော အနေအထားတစ်ခုကို ကျွန်မတို့နှစ်ယောက် မျက်နှာချင်းမဆိုင်နိုင်ကြသေးဘဲ ဘေးချင်းကပ်လျက် ဆန့်ကျင်ဘက် ဆီ အကြည့်ပို့ထားမိကြ၏။

လှည့်ကြည့်မိကြတော့လည်း နှစ်ယောက်လုံး ပြိုင်တူ။ ကျွ ရှက်ရွံ့စွာပင် နေရာမှ ထရပ်လိုက်မိသည်။

"ငါ ငါ ပြန်တော့မယ်"

ခြောက်သွေ့နေသော လည်ချောင်းကြောင့် ကျွန်မအသံ အပြင်ဘက်သို့ ပီပြင်စွာ ထွက်မလာခဲ့ပါ။ ထွက်သွားဖို့ ဟန်ပြင်နေသေ ကျွန်မ လက်တစ်ဖက်ကို အားနှင့်ဆောင့်ဆွဲခြင်း ခံလိုက်ရသောကြေ ကျွန်မ ထိုင်လျက်သား ပြန်ဖြစ်သွားရသည်။

မာန့်မျက်နှာကို မရဲတရဲ ကြည့်မိတော့ မျက်ဝန်းတွေက မှ ရီဝေနေဆဲ။ ကျေးဇူးပြုပြီး ငါ့ကို အဲဒီအကြည့်တွေနဲ့ မကြည့်ပါနဲ့ မာန်ရယ်။

ဒီတစ်ခါတော့ စိတ်ထဲမှာ တိုးတိုးလေး ပြောလိုက်မိခြင်း

"ငါ ထပ်နမ်းချင်သေးတယ်"



"ဟင်"

သူ ကျွန်မကို ခွင့်တောင်းနေခြင်း မဟုတ်ပါ။

စကားဆုံးတာနှင့် ကျွန်မ နှုတ်ခမ်းလေးပေါ် နူးညံ့စွာ ကျရောက် လာသော ပူနွေးရှိန်းမြပြီး ကျွန်မနှစ်သက်သည့် ချိုမြမြနူးညံ့မှုလေးတွေ။

သူ့လက်တစ်ဖက်ဖြင့် ကျွန်မကိုတင်းကျပ်စွာဖက်ပြီး အသက် ရှူနိုင်တော့လောက်အောင်ထိ မွတ်သိပ်သည့်အနမ်းတွေ။ လည်တိုင်လေး ဆီထိ သူ့အနမ်းတွေ စီးဆင်းလာခဲ့တော့ ကျွန်မ ထိတ်လန့်စွာ ရုန်းဖယ် မို့ ကြိုးစားမိသည်။

"မာန် ဟင့်အင်း မာန်"

ဘာလို့မှန်းမသိပါဘဲ မျက်ဝန်းမှ မျက်ရည်ပူတွေပါ စီးဆင်းကျ လာခဲ့၏။ ရင်ထဲမှာလည်း လှိုက်လှဲစွာ နာကျင်နေမိသည်။ ကော့တေး မှုးယစ်ရီဝေနေစေသော အစွမ်းတွေဖြင့် ကျွန်မကို နှင်းမြူမြူမှုန်းရော န် သိမှသိရဲ့လား။ တစ်စုံတစ်ယောက်နှင့် မှားယွင်းပေးအပ်ခဲ့သော အနမ်းတွေများလား။

ရှိသမျှ အင်အားလေးဖြင့် မာန့်ခန္ဓာကိုယ်ကို ကျွန်မထံမှ ဆွဲခွာ လိုက်မိသည်။

"ငါ ငါ"

မာန့်နှုတ်က စကားလုံးတွေဆွံ့အနေ၏။ ကျွန်မမျက်ရည်တွေကို တော့ သူထိတ်လန့်သွားပုံပါပဲ။ နောက်ထပ် ဘာစကားတစ်လုံးမှ ဖြစ်ကြတော့ဘဲ မိနစ်ပေါင်းရာချီအောင် ကျွန်မတို့တိတ်ဆိတ်စွာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးကိုတစ်ဦးလည်း မကြည့်ပါဘဲ ထိုင်နေမိကြသည်။

"ပြန်ရအောင်နော် မာန်"

အသိတရားတွေ ပြန်လည်ကြည်လင်စ ပြုလာချိန်မှာ ကျွန်မက စပြန်ဖို့ ပြောမိသည်။ မာန်ကတော့ ဘာစကားတစ်လုံးမှ မပြောပါဘ နောက်ကပါလာခဲ့၏။

"ငါ မောင်းလိုက်မယ် မာန်၊ ခွင့်ပြုပေးပါနော်"

ကျွန်မ လက်ထဲသို့ ကားသော့ကို လှမ်းပေးပြီး သူကတော့ ဒရိုင်ဘာဘေးခုံဘက်သို့ ကွေ့လျှောက်သွားသည်။

ပုံမှန်အရှိန်လေးနှင့်ပင် ကျွန်မ မောင်းထွက်ခဲ့သည်။ အဲကွန်း မဖွင့်ဘဲ ကားမှန်တွေအားလုံးကို ဖွင့်ချကာ လတ်ဆတ်သော ညနေခင်း လေပြည်ကို လွတ်လပ်စွာ ခံစားနေမိသည်။ ကားပြတင်းပေါက်ကို လက် တစ်ဖက်ထောက်လျက် ထိုလက်ချောင်းများကို ဆံပင်ထဲထိုးသွင်း ပျော့ခွေစွာနှင့် ဘေးမှာပါလာသော မာန့်ကို မီးပွိုင့်မိနေစဉ် ကျွန် ငေးကြည့်နေမိ၏။

ဒီနေ့ဖြစ်ခဲ့တာတွေအတွက် မာန့်မှာပြောစရာ တစ်စုံတစ် မရှိဘူးလား။ မာန် တစ်ခုခုပြောတာထက် ဘာမှမပြောဘဲနေတာက ကောင်းနေဦးမှာလား။

သူ့အတွေးထဲမှာရော ဘာတွေများ ရှိနေမှာပါလိမ့်နော်။

"ငါ့ကို နင်တို့ကုမ္ပဏီရှေ့မှာချပေးပါ"

မြို့ထဲဘက်သို့ ကားလေးဦးတည်လိုက်တာနှင့် မာန့်နှုတ်





ထွက်လာခဲ့သော စကား။

"ဘာဖြစ်လို့လဲ မာန်၊ နင် အိမ်မပြန်ဘူးလား"

"မိုးကိုလာကြိုမယ်လို့ ငါပြောထားတယ်"

"ဟင်"

ပုံမှန်ဆို ဘာမှထူးဆန်းစွာ မဟုတ်သော ဒီစကားက ခုတော့ ဘရိတ်ကိုဆောင့်နင်းမိမလို ဖြစ်သွားသော ကိုယ့်ခြေထောက်တွေကိုယ် နည်းထိန်းသိမ်းလိုက်ရ၏။

ရင်ဘတ်ထဲက တဆစ်ဆစ် နာကျင်မှုကို ပါးစပ်ဖျားကနေ တ်အန်ထုတ်ပစ်လို့ရလျှင် ပြန်ထုတ်ပစ်လိုက်ချင်မိသည်ထိ။ တစ်ကိုယ်လုံး သမျှ သွေးကြောတွေ တဖျင်းဖျင်းနေအောင်ကို ခံစားရခက်စေသည်။ တီယာရင်ကို ကိုင်ထားသော လက်တွေ ချွေးစေးများဖြင့် ကပ်စေးလာ နေတာ ကိုယ်သာ အသိဆုံး။

ရက်စက်လိုက်တာ မာန်ရယ်။

ကုမ္ပဏီရှေ့မှာ ကားလေးကို ထိုးရပ်လိုက်ပြီးတော့

"ရွှေမိုးညိုက သူ့ဌာနထဲမှာပဲ ရှိမှာပါ၊ နင်တစ်ခါရောက်ဖူးတယ် ။ မှတ်မိလား၊ ငါ့ကိုကြက်ခြေထောက်သုပ်လာပို့တာ"

"ငါမှတ်မိတယ် မြူ၊ ငါ ဦးနှောက်ပျက်နေတဲ့ကောင်မဟုတ်ဘူး၊ ပေမဲ့ ငါ မတက်တော့ပါဘူး၊ ဒီရှေ့က အုတ်ခုံလေးမှာပဲ ထိုင်စောင့်နေ တော့မယ်၊ သူ ခုနစ်နာရီလောက် အပြီးလုပ်ပြီး ထွက်လာခဲ့မယ်လို့ ပြောတယ်၊ ခုလည်း ခြောက်နာရီခွဲကျော်နေပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



လည်ချောင်းဝမှာ ဆို့နင့်လာသော အလုံးကြီးကို အတင်းပြန်လည်မြိုချရင်း မျက်ရည်မကျမိအောင် မနည်းထိန်းသိမ်းထားရသည်။

''မှောင်နေပြီ နင်ပြန်ချင် ပြန်တော့လေ၊ မိုးလည်း ခဏနေရင်ဆင်းလာတော့မှာပဲ''

ခုတော့ နင် ငါ့ကိုနှင်ပြီပေါ့နော်။

ငါ ထွက်သွားပေးရတော့မှာပေါ့။

ရုပ်ရည် ပညာအရည်အချင်း ငွေကြေး အထူးသဖြင့် နင့်ကိုချစ်တဲ့စိတ် ဘယ်အရာကမှ ငါ့ထက်မသာတဲ့မိန်းမတစ်ယောက်လက်ထဲ နင့်ကိုထားခဲ့ပြီး ငါထွက်သွားပေးရမှာ။

ငါ့ရင်ထဲ နင်မြင်နိုင်တဲ့တစ်နေ့ကျရင် ငါ နာကျင်ခဲ့ရသမျှ နင်ကိုယ်ချင်းစာနိုင်ပါ့မလားလို့ တွေးပူမိတယ် မာန်ရယ်။

ကားလေးကို ကွေ့ထွက်လိုက်စဉ်မှာ အတန်တန်ထိန်းထားသော မျက်ရည်တစ်စက်က လွင့်စင်ကျသွားခဲ့၏။

■ ■ ■

## အခန်း (၉)

''မနေ့က ကျွန်တော်ပြန်ရောက်တယ်၊ ကလေးဆီကို ဖုန်းခေါ်တော တော်တော်ကြာတယ်၊ မကိုင်လို့ အရမ်းစိတ်ပူပြီး နေမထိထိုင်သာ ဖြစ်နေခဲ့တာ၊ ခုလိုမျက်နှာလေး မြင်လိုက်ရတော့မှပဲ စိတ်ချမ်းသာသွားတော့တယ်ဗျာ''

အဆောက်အဦး အောက်ဆုံးထပ်က Lobby လေးမှာ ကျွန်မကို အသင့်စောင့်ကြိုနေသော ကိုဘုန်းရင့်ကို တွေ့လိုက်ရချိန်မှာ သူကဆီးပြောနေသော စကားလုံးများ။ မျက်နှာတစ်ခုလုံးကလည်း ခုမှပင်ကယ်စိတ်ချမ်းသာကျေနပ်သွားပုံ။

''ဘယ်တုန်းကတည်းက ရောက်နေတာလဲ ကိုဘုန်းရင့်ရယ်၊ ကျွန်မကိုဖုန်းကြိုဆက်လိုက် ပြီးရော''



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကလို ကျွန်တော့်ဖုန်းကို မကိုင်မှာစိုးလို့ပါ"

"မနေ့က မသိလိုက်တာပါ။ ဖုန်းသံပိတ်ပြီး အိပ်ပျော်သွားလို့ လေ"

ကျွန်မရဲ့လုပအောင် လိမ်ညာလိုက်ရသော စကားတွေကို ကိုဘုန်းရင့်ကတော့ ရိုးသားစွာ ယုံကြည်သွားပုံပါပဲ။

လိမ်ပြောလိုက်ရတာကို အားနာမိပါရဲ့ရှင်။

" Breakfast မလုပ်ရသေးရင် ကျွန်တော်နဲ့တစ်ခါတည်း လိုက်စားလိုက်ပါလား"

"မနက်စာကတော့ ကျွန်မက ဘွားနဲ့အတူ အိမ်မှာပဲ စားနေကျ လေ၊ ကျွန်မ စားပြီးခဲ့ပါပြီ"

"ဪ ဒီမှာ ကျွန်တော်ဝယ်လာတဲ့ လက်ဆောင်လေး လက်ခံ ပေးပါနော်"

ဖဲပြားကြိုးချည်နှောင်ထားသော စက္ကူဘူးအလတ်စားတစ်ခု

"အားနာစရာကောင်းအောင် ကိုဘုန်းရင့်ရယ်"

"အမှတ်တရပါ ကလေးကို သတိတရနဲ့ ဝယ်လာတာမို့ မငြင်း ဘဲတော့ မနေပါနဲ့နော်"

သက်ပြင်းလေးတစ်ခု ဘုန်းရင့်မြတ် မသိအောင် ခိုးချ သူ့ ကမ်းပေးနေသော ပစ္စည်းကို လက်လှမ်းယူလိုက်ရသည်။

အခန်းထဲရောက်လို့ ဖွင့်ကြည့်တော့ စားပွဲတင်နာရီလေး တွဲလျက်သား ရွှေရောင်သားပိုက်ကောင်ရုပ်လေး။ အရုပ်လေးက လ





တစ်ဆစ်သာသာလောက်သာ ရှိပေမယ့် ရွှေသားအစစ်မှန်းတော့ သိသာပါသည်။ ယူလာခဲ့ပြီးမှ ကျွန်မ အားနာသွားရတာ အမှန်။

ဩစတြေးလျနိုင်ငံရဲ့အထိမ်းအမှတ် သားပိုက်ကောင်ရုပ်လေးက ချစ်စဖွယ်လေးမို့ ကျွန်မ အလုပ်စားပွဲပေါ်မှာပဲ တယုတယ တင်ထားလိုက်သည်။

နောက်ကြုံလို့ ကိုယ့်အလှည့်ရောက်မှပဲ လက်ဆောင်တစ်ခုခု ပြန်ဝယ်ပေးလိုက်တော့မယ်ဆိုတဲ့စိတ်နဲ့ပါ။

"ဟင်"

နာရီလေးကို ဂရုစိုက်ထားသိုနေရတာနှင့် စားပွဲပေါ်မှာ ရှိနေပြီးသား ဖိုင်တွဲအထပ်လိုက်ကို ကျွန်မ ခုမှမြင်လိုက်ခြင်းဖြစ်၏။

ရွှေမိုးညို လာတင်သွားတာပဲ ဖြစ်ပါလိမ့်မည်။ ကျွန်မ နှုတ်ခမ်း တစ်ဖက်တွန့်ကွေးကာ ပြုံးလိုက်မိ၏။ ခုချိန်မှာတော့ နင် နိုင်နေပါတယ် ရွှေမိုးညိုရယ်။ ဒါပေမဲ့ အဲဒီအနိုင်ကို ငါက အမြဲပေးထားမှာ မဟုတ်လို့ နင်ထိန်းသိမ်းကာကွယ်ဖို့တော့ လိုလိမ့်မယ်နော်။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၀)

မှန်တင်ခုံလေးရှေ့မှာ လှပသပ်ရပ်နေသော ကိုယ့်ကိုယ်ကိုယ် စိတ်တိုင်းကျ လှည့်ပတ်ကြည့်လိုက်၏။ ဒူးခေါင်းအထက်နားထိ ရှည်သည့် ဆင်စွယ်ရောင်ကိုယ်ကျပ်ဂါဝန်လေးကို ပုစွန်ဆီရောင် ဒေါက်မြင့်ဖိနပ်လေးနှင့် တွဲဖက်ပြီး ပုစွန်ဆီရောင်လက်ကိုင်အိတ်ပြားပြားလေးကို ကိုင်ထားတာမို့ ကျွန်မ တစ်ကိုယ်လုံး နူးညံ့မှုတွေနှင့် လင်းလက်တောက်ပနေသည်။

ဒီဆင်စွယ်ရောင် ကိုယ်ကျပ်ဂါဝန်လေးက တည်ငြိမ်ပြီး နူးညံ့သည့်အသွင်ဆောင်တာမို့ ကျွန်မ ရွေးချယ်ဝတ်ဆင်ထားခြင်းဖြစ်၏။

ဘုန်းရှိန့်မြတ်က လူကြီးဆန်ဆန် နူးညံ့သိမ်မွေ့သည့်သူ မဟုတ်လား။





"ဒီညနေ ဘာချိန်းဆိုထားမှုမှ မရှိဘူးဆိုရင် ကျွန်တော့်ကို အချိန်ပေးနိုင်မလားဟင် ကလေး"

ဘုန်းရှိန့်မြတ်အသံဟာ ဘယ်တော့မဆို နူးညံ့ချိုသာနေတာပါပဲ။ ဘယ်လိုလူမျိုးမဆို ဒီလို နူးနူးညံ့ညံ့ ချိုချိုသာသာ ဆက်ဆံခံရလျှင် အဲဒီလူ တောင်းဆိုသမျှကို အသံကြားတာနဲ့တင် တစ်ဝက်လောက် လိုက်လျောပြီးသား ဖြစ်နေမှာပါ။

"ဘာဖြစ်လို့လဲဟင် ကိုဘုန်းရှင့်"

"ဂျပန်သံရုံးက ပေးထားတဲ့ ရုပ်ရှင်ပွဲလက်မှတ်တွေ ရထားလို့လေ၊ တခြားအဖော်လည်း မရှိတာနဲ့ ကလေးနဲ့ တူတူကြည့်ရရင် ကောင်းမှာပဲလို့ တွေးမိလို့ပါ"

"ဘယ်မှတော့ သွားစရာမရှိပါဘူး၊ ဘာကားတွေလဲဟင် ကိုဘုန်းရှင့်"

ကျွန်မသွက်လက်ရွှင်မြူးစွာပင် မေးလိုက်မိ၏။ တစ်ခါတလေတော့လည်း သွေးသားရင်းချာ မရှိသော ကျွန်မအတွက် ကိုဘုန်းရှင့်ကို အစ်ကိုတစ်ယောက်လို တွယ်တာမိခဲ့တာ အမှန်။

"ညနေခင်းကတော့ အင်္ဂလိပ်ကား Ghost ကို ပြန်ရိုက်ထားတဲ့ဟာ၊ ဂျပန်မင်းသမီးနဲ့ကိုရီးယားမင်းသားနဲ့လေ၊ ဟိုအရင်က Princess and Photographer ကတော့ မနက်ပိုင်းပြသွားတာမို့ ကျွန်တော်တို့ ခမီတော့ဘူး"

"ဟိုးအရင်ကကား မဟုတ်လား၊ အဲဒီကားကို ကျွန်မ သိပ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တာ၊ ကြည့်လည်းကြည့်ဖူးပါတယ်၊ Ghost ကိုတော့ အင်္ဂလိပ်ကားပဲ ကြည့် ဖူးတယ်၊ အဲဒီထဲက ဇာတ်ဝင်သီချင်းကို ခုထိ နှစ်သက်မိနေတုန်း ပဲ''

''ဟား ဒီတစ်ခါတော့ ကလေးနဲ့ကျွန်တော် တူသွားပြီ၊ ကျွန် တော်လည်း အဲဒီသီချင်းကို သိပ်သဘောကျတာ၊ စာသားလေးတွေက အရမ်းနူးညံ့ပြီး ချစ်စရာကောင်းတယ်''

ကျွန်မတစ်ယောက်တည်း ပြုံးလိုက်မိသေးသည်၊ ဒီလောက်လှပ ပြီး ချစ်ဖို့ကောင်းတဲ့ အချစ်သီချင်းမျိုးကို ကိုဘုန်းရင့်ကြိုက်မယ်ဆိုတာ ကျွန်မ ကြိုတွေးကြည့်လို့ ရပါတယ်လေ။

''ဒီလိုဆို ကျွန်တော်နဲ့အတူ ရုပ်ရှင်ကြည့်ဖို့ ကလေး သဘော တူတယ်ပေါ့နော်''

''ဘယ်ရုံမှာလဲဆိုတာနဲ့ ပွဲချိန်အတိအကျပြော ကျွန်မ အမီလာ ခဲ့ပါ့မယ်''

''ဝမ်းသာလိုက်တာ ကလေးရယ်''

သူ့အသံမှာ ဝမ်းသာလှိုက်မောမှုတွေကို ဖုန်းထဲကနေတောင် ကျွန်မ အတိုင်းသား ခံစားလို့ရနေသည်။ ကျွန်မနှင့်ရုပ်ရှင်အတူကြည့်ရခြင်း ကိုပဲ သူ့မှာ ကမ္ဘာ့ဖလားရသွားသည့် နိုင်ငံအသင်းလို ပျော်မဆုံးမော မဆုံးဖြစ်နေပုံ။

ဒါကြောင့်လည်း သူ့ပုံစံနှင့်အလိုက်ဖက်ဆုံးဖြစ်စေရန် အဝတ် အစားကိုကအစ ကျွန်မ သေချာရွေးချယ်ဝတ်ဆင်ခြင်းဖြစ်၏။





နာရီကိုကြည့်လိုက်တော့ ချိန်းထားသည့်အချိန်ရောက်ဖို့ နှစ် ဆယ့်ငါးမိနစ်လောက် လိုသေးသည်။ ကားလမ်းပိတ်နေလျှင် ရုပ်ရှင်ရုံ ရောက်ဖို့ ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ်လောက် အချိန်ပေးရမှာဖြစ်၏။ ခုချိန်ထွက်လျှင် ကွက်တိပဲမို့ ဘွားကို နှုတ်ဆက်ပြီး အေးအေးလူလူပင် ထွက်လာခဲ့လိုက်သည်။

'ကလေး လာနေပြီလား၊ ကားကိုသတိထားမောင်းနော်' တဲ့။ ကားတံခါးဖွင့်ပြီး ထိုင်ပြီးပြီးချင်းမှာပဲ ဘုန်းရင့်မြတ်ထံမှ ဝင်လာသော မက်ဆေ့ချ်လေးဖြစ်သည်။

'ဟုတ် ခုပဲ ထွက်လာနေပြီ၊ နောက်ဆယ့်ငါးမိနစ်လောက်ဆို ရောက်မယ်နော်' နောက်ဆက်တွဲ အပြုံးပုံလေးနှင့်အတူ ဘုန်းရင့်မြတ်ထံ ပြန်ပို့လိုက်ပြီးမှ ကားလေးကို ညင်သာစွာ မောင်းထွက်လိုက်၏။

ကျွန်မ ထင်ထားသည့်အတိုင်းပင် ကားလမ်းတွေက ပိတ်နေ၏။ စည်းကမ်းမဲ့စွာ လမ်းလယ်တက်မောင်းသော ဘတ်စ်ကားတွေရော ခရီး သည်အတင်အချကို နေရာမရွေးလုပ်နေကြသည့် အငှားယာဉ်တွေရော ကြားဖြတ်ဝင်ဖို့ ခေါင်းချင်းဆိုင်ထားကြသော ကိုယ်ပိုင်ယာဉ်တွေရော ဒီကြားထဲ နေရာစုံမှ ဖြတ်သန်းလျက် ကူးချည်သန်းချည်လုပ်နေသော ခြေလျင်လျှောက်သူတွေရော။

ဘယ်လောက်ပဲ စည်းကမ်းမဲ့နေတယ်ဆိုတာ သိကြပေမယ့် လည်း အသားကျလာပြီးသော နေထိုင်မှုပုံစံကြီးတစ်ခုတည်းက ရုန်းထွက် ဖို့ရန် လူတွေအားလုံး ခက်ခဲနေကြပုံပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကားတန်းရှည်ကြီးထဲမှာ ပိတ်မိနေတုန်း မျက်လုံးကို ဘေးဘီ ဝဲယာကစားရင်း အတွေးပွားနေမိသည့် ကျွန်မ မြင်ကွင်းထဲ ဝင်လာတာက မာန်နဲ့ရွှေမိုးညို။ ပလက်ဖောင်းပေါ်မှာရပ်ပြီး တက္ကစီငှားဖို့ စောင့်ဆိုင်းနေကြတာ ဖြစ်လိမ့်မည်။

ရုံးဆင်းချိန်မို့ အငှားယာဉ်တွေမှာ ခရီးသည်တွေ မပြတ်မလပ် ပါကြသည့်ပုံပါပဲ။ ဒီလို ညဦးပိုင်းတွေ မနက်ရုံးတက်ချိန်တွေဆို ကားငှားရခက်ခဲတတ်တာ ပုံမှန်ပါပဲ။

သူတို့နှစ်ယောက် ဘယ်သွားကြမလို့ပါလိမ့်၊ ရွှေမိုးညို မျက်နှာကို အဝေးကလှမ်းမြင်ရတာတောင် တစ်ခုခုကြောင့် စိုးရိမ်ပူပန်မှုတွေ များနေသလိုပါပဲ။ ကားငှားလို့ရဖို့ကို အလျင်စလို လိုအပ်နေသလိုမျိုး။ တစ်ရွေ့ရွေ့ ရှေ့တိုးသွားသော ကားတန်းကြီးနှင့်အတူ ကျွန်မ ကားလေးလည်း တဖြည်းဖြည်းနှင့် သူတို့နှစ်ဦးနားရောက်ရှိလာခဲ့သည်။

"ဟေး မာန်"

"မြူ"

ကျွန်မတို့နှစ်ယောက် မဆုံတွေ့ဖြစ်ကြတာ သုံးရက်လောက်ရှိခဲ့ပြီ။ ခုနစ်မိုင်က ဆိုက်လေးက ပြန်လာကတည်းကပေါ့။

"နင်တို့ကားငှားဖို့ စောင့်နေတာလား"

"ဟုတ်တယ် မမ၊ ခုပဲ အိမ်ကဖုန်းလာလို့ ညီမ မောင်လေး အူအတက်ပေါက်ပြီး ဆေးရုံတင်လိုက်ရတယ်ဆိုလို့ပါ၊ အဲဒါ ကားတွေကလည်း ရုံးဆင်းချိန်ဆိုတော့ ငှားလို့မလွယ်ဘူး ဖြစ်နေတယ်လေ"





ကျွန်မ မေးခွန်းကို မာန်က ပြန်မဖြေနိုင်ဘဲ ကြောင်အမ်းနေစဉ်မှာပဲ မောင်လေးအတွက် အတော်လေး စိုးရိမ်နေပုံရသော ရွှေမိုးညိုက ဝင်ဖြေလိုက်ခြင်း ဖြစ်သည်။

ရွှေမိုးညိုကို မနာလိုဝန်တိုစိတ်တွေ ရှိနေပေမယ့်လည်း ခုလိုချိန်မျိုးမှာတော့ ကျွန်မရဲ့ပင်ကိုယ်သနားစာနာတတ်သည့် စိတ်လေးက ဝင်ရောက်နေရာယူလာသည်။ တစ်ခဏမျှစဉ်းစားလိုက်ပြီး ကျွန်မ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချလိုက်၏။

"တက် ရွှေမိုးညို၊ မောင်လေးကို ဘယ်မှာတင်ထားတာလဲ၊ လိုက်ပို့ပေးမယ်"

"ရန်ကုန်ဆေးရုံကြီးမှာပါပဲ မမ"

"နင်သွားစရာရှိနေတာ မဟုတ်ဘူးလား"

သူတို့နှစ်ယောက်အသံက တစ်ပြိုင်တည်း ထွက်ကျလာခြင်းဖြစ်၏။ မာန်က ကျွန်မကို မျက်နှာချင်းဆိုင်ဖို့ ခက်ခဲနေသေးသည့်ပုံပါပဲ။ ကျွန်မလည်း မာန့်ကိုတွေ့ရင် လွမ်းမောနာကျင်စိတ်တွေက ရင်တစ်ခုလုံး အနှံ့ ပြည့်နှက်လာခဲ့တာပါ။

ဒါပေမဲ့ ခုဟာက လူမှုရေး၊ ကိုယ့်ကုမ္ပဏီမှာ လုပ်နေသော ဝန်ထမ်းတစ်ယောက်ရဲ့ မိသားစုအရေးလေ။ ဒီတိုင်း လျစ်လျူရှုသွားလိုက်လျှင် ကျွန်မတို့ကုမ္ပဏီတစ်ခုလုံးရဲ့ပုံရိပ်ကို ထိခိုက်သွားနိုင်ပါသည်။

"ငါသွားစရာရှိတာက ငါ့ဝန်ထမ်းတစ်ယောက်ရဲ့မိသားစုကိစ္စလောက် အရေးမကြီးပါဘူး၊ တက်မှာသာ တက်စမ်းပါ ဩော် ဒါနဲ့ နင်



www.burmeseclassic.com

www.burmeseclassic.com



မောင်းမလား မာန်''

မာန့်မျက်နှာတစ်ချက် ပျက်သွား၏။ ကျွန်မကို ဘာမှပြန်မဖြေဘဲ နောက်ခန်းထဲတွင် ရွှေမိုးညိုနှင့်အတူ ဝင်ထိုင်လိုက်၏။ ကျွန်မသူ့ကို အရွဲ့တိုက်ပြီး မေးလိုက်တယ်လို့ သူကတော့ ထင်သွားတော့မှာပဲ။ တကယ်တော့ ကျွန်မ ရိုးသားစွာ မေးလိုက်မိခြင်းသာ ဖြစ်သည်။

မတွေးတော့ပါဘူးလေ။ မာန်က ကျွန်မကိုဆို ခုတလော အကြောင်းပြချက်မပေးပါဘဲ ရှောင်နေတတ်သလို အမြင်လည်းကပ်နေသလိုပဲ မဟုတ်လား။

အဲဒီအချိန်မှာ ကိုတုန်းရင့်ဆီ ဖုန်းဆက်အကြောင်းကြားသင့်မှန်း သိပေမယ့် ကျွန်မ မလုပ်ဖြစ်ခဲ့ပါ။

နောက်ကြည့်မှန်ထဲကနေ မြင်နေရသော မာန့်မျက်နှာလေးကို သာ လှမ်းလှမ်းငေးကြည့်ပြီး ကျွန်မ မအားမလပ်နိုင် ဖြစ်နေခဲ့သည်လေ။

''ကို ဆေးရုံရှေ့ထိပဲ လိုက်ပို့မယ်နော် ဟိုမှာ မိုးမိသားစုတွေ ရှိနေမှာဆိုတော့ ကိုယ်အထဲထိ မလိုက်တော့ဘူး''

''အင်းပါ ကိုရဲ့၊ နောက်မှ မိုး ဖုန်းဆက်လိုက်မယ်နော်''

ကားလေးကဲ ဆေးရုံကြီးဝင်ပေါက်ရှေ့တည့်တည့်တွင် ထိုးရပ်ပေးလိုက်သည်။ ရွှေမိုးညိုက ကားပေါ်မှဆင်းပြီး ကျွန်မ ပြတင်းနားထိ လာကာ

''မမကို ကျေးဇူးတင်ပါတယ်နော်''

''မလိုပါဘူး တစ်ခုခု လိုတာရှိရင်လည်း အချိန်မရွေးဆက်သွယ်





ပါ၊ ဝန်ထမ်းတစ်ယောက်ရဲ့ မိသားစုက တို့မိသားစုပါပဲ''

ထိုစကားကို ကျွန်မ စိတ်ရင်းအမှန်နှင့်ပြောလိုက်ခြင်းပါ။

''ဒါနဲ့ မာန်က အထဲမဝင်ဘူးဆို၊ တစ်ခါတည်း ပြန်လိုက်ခဲ့လိုက် လေ''

''အင်းဟုတ်သားပဲ ကိုလည်း မမနဲ့အတူ ပြန်လိုက်လေ၊ တော် ကြာ ခုနကလို ကားတွေကငှားမရရင် ဒုက္ခရောက်ဦးမယ်''

မာန်က ငြင်းမလို့ဟန်ပြင်ပြီးကာမှ ရွှေမိုးညိုရဲ့တိုက်တွန်းမှု ကြောင့် ခေါင်းညိတ်လက်ခံလိုက်သည်။ သူမကတော့ ကျွန်မတို့ကားလေး ထွက်သည့်ထိ စောင့်ကြည့်မနေနိုင်တော့ဘဲ ဆေးရုံထဲ အပြေးလေး ဝင်သွားခဲ့ပြီ။

''နင်မောင်းပါလား မာန်၊ ငါဘေးကနေ အေးအေးဆေးဆေးပဲ လိုက်ခဲ့မယ်''

ပြောပြောဆိုဆို ကျွန်မကားလေးထဲက ထွက်လိုက်၏။

မာန် ကျွန်မကိုတစ်ချက်လှမ်းကြည့်သည်။ အဲဒီအကြည့်တွေမှာ အရိပ်အယောင်မှ မတွေ့ရပါ။ အလိုမကျခြင်းလည်း မတွေ့ရ။ သက်ကျေနပ်ခြင်းလည်း မတွေ့ရ။ အဖြူရောင်သက်သက် မျက်ဝန်း ဖြစ်၏။

ကားလေးကို မြို့ထဲဘက်သို့ ဦးတည်လိုက်ပြီး ညင်သာစွာ မောင်းထွက်လိုက်၏။

''နင် သွားစရာရှိနေတာ မဟုတ်လား''

''ရပါတယ် နင်အိမ်ပြန်မယ်ဆို အရင်ပြန်လိုက်''



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာတွေ နင်က သွားစရာရှိတာကိုတောင် နောက်ကျ ပြီး ငါတို့ကို လိုက်ပို့တာ၊ နင်သွားမယ့်နေရာသာ ပြောစမ်းပါ မြန်မြန်"

မာန် စိတ်မရှည်တော့မှန်း သိတာမို့ ကျွန်မလည်း ထပ်မငြင်း တော့ဘဲ ရုပ်ရှင်ရုံနာမည် ပြောပြလိုက်ရသည်။ မာန့်မျက်ခုံးတွေ အနည်း ငယ်မြင့်တက်သွား၏။ ကျွန်မ သွားမယ့်နေရာဟာ ရုပ်ရှင်ရုံဖြစ်နေလိမ့်မယ် လို့တော့ သူ နည်းနည်းမှ တွေးထားပုံမရပါ။

မာန် ကားကို အာရုံစိုက်မောင်းနေတုန်းမှာ အသံတိတ်လုပ်ထား ခဲ့သော ဖုန်းလေးကို ကျွန်မ ဖွင့်ကြည့်မိ၏။ ကိုဘုန်းရင့်ထံမှ Miss Call ပေါင်း (၂၈) ခုတိတိ ဝင်နေခဲ့သည်။ အရမ်းစိတ်ပူနေပြီဖြစ်ကြောင်း သူ့ဆီကိုအမြန်ဆုံးပြန်ဆက်သွယ်ဖို့ ပြောထားသည့် မက်ဆေ့ချ်တွေက ဆယ်စောင်လောက် ရောက်နေသည်။

ဟုတ်ပါရဲ့။ နောက်ဆယ့်ငါးမိနစ်နေရင် ရောက်မယ်လို့ ပြော ထားခဲ့သော ကျွန်မက နာရီဝက်လောက် ကြာသွားတာတောင် ရောက် မလာသည့်အပြင် အဆက်အသွယ်ပါ မရတော့ဘူးဆိုတော့ သူ တော် တော်ပျာယာခတ်သွားပါလိမ့်မည်။

တွေးနေဆဲမှာပင် ဘုန်းရင့်မြတ်ထံမှ ဖုန်းထပ်ဝင်လာခဲ့သ မာန့် ကိုလှမ်းကြည့်လိုက်မိတော့ ကားကိုသာ အာရုံစိုက်မောင်းနေ ဘေးမှာ ကျွန်မပါတယ်ဆိုတာတောင် သတိမရသည့်ပုံမျိုးဖြစ်၏။ သို့သော် အဲဒီဝင်နေသောဖုန်းကို ကျွန်မ မကိုင်တော့ပါ။ ဟိုးရှေ့မှာ ကျွန်မတို့ ထားသော ရုပ်ရှင်ရုံကို လှမ်းမြင်နေရပြီလေ။



ရုံခန်းမထဲ ဝင်လိုက်သည်နှင့် ဟိုဘက်ဒီဘက်ကို ဝေါက်တို့ ဝေါက်ပြန်လျှောက်နေသော ဘုန်းရင့်မြတ်ကို ကျွန်မ မရှာဘဲ တွေ့လိုက်ရ သည်။ ကျွန်မအတွက် သူ တော်တော်လေးကို စိုးရိမ်ပူပန်နေသည့်ပုံပါပဲ။ ခြေလှမ်းများကို ခပ်သွက်သွက်လေး လှမ်းလိုက်ပြီး သူ့နားသို့ အပြေး သွားလိုက်မိ၏။

ဘုန်းရင့်မြတ်ကလည်း ကျွန်မကို မြင်သွားပြီမို့

"ဟာ ကလေး ဘယ်လိုဖြစ်တာလဲဟင်၊ ကို ဘယ်လောက် စိတ်ပူနေလဲဆိုတာ သိရဲ့လား၊ အခု ဘယ်ကလာတာလဲ"

သူ့ကိုယ်သူ ကျွန်တော်လို့ အမြဲပြောနေကျလူက ခုတော့ 'ကို' ဆိုတာတွေ ဖြစ်ကုန်ပြီ။ ပြီးတော့ လူကိုမြင်လိုက်တာနှင့် လက်တစ်ဖက် ကို အတင်းဆုပ်ကိုင်ထားကာ မေးခွန်းတွေ တရစပ်မေးနေပုံက တည်ငြိမ် နေကျသော ဘုန်းရင့်မြတ်ပုံစံနှင့်တော့ တခြားစီလို ဖြစ်နေခဲ့သည်။

အားနာစိတ်လေး ဖြစ်နေသည့်ကြားကပင် ကျွန်မ ပြုံးလိုက်မိ ၏။

"ကလေးက ပြုံးနိုင်သေးတယ်နော်၊ ဒီမှာ လူက ဘယ်လောက် တောင် စိတ်ပူနေတယ်ဆိုတာ မသိဘူးလား၊ ရုံထဲကနေ ထွက်ပြီးလိုက် ရှာနေတုန်းမှာ ဒီကိုရောက်လာပြီး လွဲသွားမှာလည်းစိုးလို့ တော်တော်ကို ဂနာမငြိမ်ဖြစ်နေခဲ့တာ"

"မေးခွန်းတွေကလည်း များလိုက်တာ၊ ခု ရုံထဲမှာပဲစောင့်နေ ရင်တော့ အဆင်ပြေသွားပြီမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကလေး ဘာဖြစ်လို့ နောက်ကျနေတာလဲဟင်"

ဘုန်းရင့်မြတ်ရဲ့ မျက်ဝန်းတွေထဲမှာ ပူပင်မှုအရောင်တွေက ခုချိန်ထိ မပျောက်နိုင်သေး။ ခံစားချက် နူးညံ့သော လူတစ်ယောက်က ကျွန်မဒုက္ခပေးသလိုများ ဖြစ်ခဲ့ပြီလား မသိပါ။

"မြ၊ ဒီမှာ နင့်ကားသော့"

မာန်တစ်ယောက်လုံး အနားရောက်လာတာတောင် သတိ ထားမိလိုက်ပါ။ အသံကြားတော့မှ ကျွန်မအသိဝင်ကာ လှည့်ကြည့်မိပြီး ကားသော့လေးကို လှမ်းယူထားလိုက်သည်။

မာန့်မျက်လုံးတွေက ဘုန်းရင့်မြတ် ဆုပ်ကိုင်ထားသော ကျွန်မရဲ့ လက်ချောင်းလေးတွေဆီမှာ။ ထိုအခါမှ ကိုယ့်အဖြစ်ကိုယ် သတိရရင်း ကိုဘုန်းရင့် ကိုင်ထားသော လက်လေးကို မသိမသာလေး ရုန်းထွက်လို မိ၏။

"ကလေး နောက်ကျရတဲ့အကြောင်းရင်းက သူနဲ့ပတ်သက် လား"

ဘုန်းရင့်မြတ်အသံမှာ နူးညံ့ခြင်းတွေမရှိ၊ ပြတ်သားစွာ မေးလိုက် သော တည်ငြိမ်သည့်အသံမျိုး ဖြစ်သည်။ ပြန်တော့မလို လုပ်နေသော မာန်လည်း ထိုမေးခွန်းကြောင့် ခြေလှမ်းများတုံ့သွား၏။

"ကျွန်မ သူတို့ကို တစ်နေရာ လိုက်ပို့နေလို့ပါ"

"ဘယ်လို ကလေး"

"ကားတွေက တအားကျပ်ပြီး ကားငှားလို့လည်း အဆင်မပြေ



တဲ့အနေအထားမို့ ကျွန်မ ကူညီလိုက်တာပါ"

"ဒီလိုဆိုလည်း ကျွန်တော့်ကိုဖုန်းဆက်ပြီး အကြောင်းကြားလို့ ရတာပဲ၊ ကျွန်တော့်ဖုန်းကိုပါ မကိုင်တဲ့အနေအထားလောက်တော့ အရေး ကြီးဘူး မဟုတ်လား"

"အဲဒါက ကျွန်မ ကားမောင်းနေလို့ပါ"

ဘုန်းရင့်မြတ်နေရာမှာ တခြားသူတစ်ယောက်သာဆိုရင် 'ရှင်နဲ့ ဘာမှမဆိုင်ဘူး' လို့ ကျွန်မ တစ်ခွန်းတည်း ပြန်ပြောလိုက်မိမှာဖြစ်ပေမယ့် တော့ သူ့လေသံက ဒေါသသံနည်းနည်းမှမစွက်တဲ့ ဆရာတစ်ယောက် က ကလေးတစ်ယောက်ကို အကျိုးသင့်အကြောင်းသင့် ဖြစ်သင့်တာကို ပြောပြနေသည့်ပုံစံမျိုးမို့ ကျွန်မမှာ နာခံတတ်သည့် တပည့်တစ်ဦးလို တစ်ခွန်းချင်း ပြန်ရှင်းပြနေမိ၏။

"နေပါဦး ဒီကပုဂ္ဂိုလ်နဲ့ နင်နဲ့က ဘယ်လိုပတ်သက်မှုလဲ မြ"

မာန့်လေသံမှာ နာကျင်ခံခက်သည့် အရိပ်အယောင်တွေ ပျော် ဝင်နေ၏။ ဒီလိုနဲ့ ကိုဘုန်းရင့်ကို သူတစ်ခုခုပြောလိုက်မလားလို့ ကျွန်မ စိုးထိတ်သွားမိသည်။

တကယ်ဆို ဒီအဖြစ်အပျက်မှာ လွန်တာက ကျွန်မမဟုတ်လား။ အဖြစ်အပျက်မှန်ကို ကိုဘုန်းရင့်ထံ အမှန်အတိုင်း ဖုန်းဆက်ပြောပြခဲ့ ရင် ဒီလို ဖြစ်လာစရာ အကြောင်းမရှိ။ ကျွန်မထက်ပင် လူမှုရေးသိ တတ်ပုံရသော ဘုန်းရင့်မြတ်က အလွယ်တကူ လိုက်လျောခွင့်ပြုပေးခဲ့ သည်။



www.burmeseclassic.com

www.burmeseclassic.com



"မာန် နင်ပြန်တော့လေ၊ ငါ့ကိစ္စငါ ရှင်းနိုင်ပါတယ်"

အဲဒီစကားပြောလိုက်ခြင်းသည် မာန့်ကိုစော်ကားလိုခြင်း လျစ်လျူရှုလိုခြင်းတို့အပေါ် အခြေခံမှုလုံးဝမရှိကြောင်း ကျွန်မ ဘယ် အချိန်မဆို သစ္စာဆိုဝံ့ပါသည်။ ယောက်ျားနှစ်ဦးကြားမှာ တစ်ဦးကိုတစ်ဦး စိတ်အဖုအထစ်ဖြစ်မယ့်ကိစ္စလေးတွေ ဖြစ်မလာအောင် ကျွန်မက ကြို တင်တားဆီးကြည့်ချင်ခဲ့ရုံပါပဲ။

"ဩော် နင့်ကိစ္စဟုတ်လား၊ ကောင်းပြီလေ ဒီလိုဆိုလည်း ငါ သွားပေးရတာပေါ့"

လှည့်ထွက်သွားသော မာန့်ခြေလှမ်းတွေသည် ဘာလို့များ သွက် လက်မြန်ဆန်နေခဲ့တာလဲ။ ကျွန်မရဲ့စကားကို မာန် အထင်လွဲသွားတာ တော့ သေချာနေပါပြီ။

ငါ နင့်ကိုနှင်ထုတ်လိုက်သလို ဖြစ်သွားခဲ့ရင် ငါဖြစ်စေချင်တာ အဲဒီလိုမဟုတ်မှန်း နင် နားလည်မပေးနိုင်ဘူးလားဟင်။ ငါက နင့်ကို တစ်ယောက်ယောက်စိတ်ထဲမှာ ရိုင်းစိုင်းတဲ့ကောင်လေးလို့ မြင်သွားမှာ မလိုလားတာ။ နင် ပြဿနာတစ်ခုခု ဖြစ်မှာကို ငါ စိုးရိမ်တာ။

မာန် အထင်လွဲစိတ်ဆိုးသွားပြီဆိုသော အသိက ကျွန်မခြေ ထောက်တွေကို မာန့်နောက်သို့ ပြေးလိုက်သွားချင်လောက်အောင် ဆွ ဆော်နေကြသည်။

ကျွန်မ လိုက်သွားမှ ဖြစ်မှာပါ။

"ဘယ်သွားမလို့လဲ ကလေး"

လက်တစ်ဖက်ကို အသာအယာဖမ်းဆွဲထားပြီး မေးလိုက်သော ဘုန်းရင့်မြတ် မျက်ဝန်းတွေမှာ တောင်းပန်တိုးလျှိုးမှုတွေ ပါဝင်နေသည်။

အဲဒီ နူးညံ့သည့်မျက်ဝန်းတွေကို ကျွန်မ အားတုံ့အားနာနှင့် ဘာလို့များ မလွန်ဆန်နိုင်ခဲ့တာပါလိမ့်။

"ရုပ်ရှင်လည်း မပီတော့ဘူးဆိုတော့ ကိုတို့ တစ်နေရာရာသွား ပြီး စကားအေးအေးဆေးဆေး ပြောကြမလား။ ကို့မှာ ကလေးကို ပြောချင်တဲ့စကားတွေ အများကြီးရှိနေတယ်"

ရုံပြင်ထွက်ခဲ့ကြပြီး ကျွန်မ ကားတံခါးဖွင့်မည်လုပ်တော့

"ကလေး ကားကိုထားခဲ့လိုက်ပါ၊ အဆင်ပြေရင် ကို့ကားနဲ့ပဲ လိုက်ခဲ့ပါလား"

"ဟုတ်"

"လိမ္မာလိုက်တဲ့ ကလေး"

ကျွန်မ ခေါင်းလေးကိုပုတ်ကာ ဟိုးတစ်ခါကလို တရင်းတနီး ပြုမူလိုက်တော့ ကျွန်မရင်ထဲ နွေးခနဲ ခံစားလိုက်ရ၏။

ဘုန်းရင့်မြတ် မောင်းနေသောကားကို ဘေးကထိုင်လိုက်စီးရ တာ ဒါဟာ ဒုတိယအကြိမ်ပေါ့နော်။ ပထမကြိမ်တုန်းကတော့ ကျွန်မ ခြေထောက်အကြောရောင်နေလို့ ကားမမောင်းနိုင်သောကြောင့်။ အင်း ဆေ ခုလည်း ဘာမှမထူးပါဘူး။ ကျွန်မ စိတ်တွေလှုပ်ရှားလျက် ကား မောင်းဖို့ အဆင်မပြေဘူး မဟုတ်လား။

သူက လေတဖြူးဖြူးတိုက်နေသော ကမ်းနားဘေးတစ်နေရာ

www.burmeseclassic.com



တွင် ကားကို ပါကင်ထိုးရပ်လိုက်ပြီး အနီးရှိ နှစ်ယောက်ထိုင်ခုံတန်းလေးတွင် ထိုင်လိုက်သည်။ ကျွန်မကတော့ မထိုင်နိုင်သေးဘဲ ညှင်းညှင်းလေးတိုက်ခတ်နေသော လေပြည်ရဲ့အရသာကို မျက်လုံးမှိတ် ခံစားနေမိ၏။

"ဒီနေရာလေးမှာ လေက တော်တော်လတ်ဆတ်တယ်နော် ကိုကတော့ စိတ်ညစ်ရင် ဒီကို လာတတ်တယ်"

ဘာမဆို ပြည့်စုံချမ်းသာပြီး စီးပွားရေးလောကမှာလည်း အောင်မြင်နေသော ဘဝမျိုးမှာ ဘုန်းရင့်မြတ်ထံ စိတ်ညစ်စရာတွေက ရောက်လာသေးသတဲ့လား။

"ကိုဘုန်းရင့်မှာ ဘာစိတ်ညစ်စရာတွေများ ရှိနေလို့လဲ"

"ကို့ပုံက စိတ်ညစ်စရာမရှိတဲ့ပုံများ ပေါ်နေလို့လားဟင်"

"စီးပွားရေးလောကမှာလည်း လူသိများပြီးအောင်မြင်တယ် လူချစ်လူခင်လည်း များတယ်၊ ဘာအကျပ်အတည်း အခက်အခဲမှလည်း မရှိဘဲနေရတဲ့ လူတစ်ယောက်က စိတ်ညစ်တယ်ဆိုတော့ ထူးဆန်းတာပေါ့"

သူ့ဘေးတွင် ကျွန်မ ဝင်ထိုင်လိုက်၏။ သူ့နှုတ်ခမ်းများ ပြုံးလျက် ရှေ့မှာမြင်နေရသော မြစ်ပြင်ကျယ်စီ အကြည့်တွေနစ်မျောနေကြသည်။

"ကို့မှာလည်း စိတ်ညစ်စရာတွေ ရှိတာပေါ့ ကလေးရယ်"

အမြဲတစေ နူးညံ့နွေးထွေးသော မျက်ဝန်းများဖြင့် တောက်နေတတ်သည့် ယောကျ်ားတစ်ယောက်ဟာ စိတ်မရွှင်လန်းချိန်မျိုး





ခုလိုမျိုး ဖျော့တော့ကာ အင်အားမဲ့သူလို ဖြစ်နေတတ်သလား။ တစ်ယောက်ယောက်ရဲ့ဖေးမပေးမှုကို မဖြစ်မနေလိုအပ်နေသလိုမျိုးလေ။

"ကျွန်မကို ပြောပြလို့ရတဲ့ကိစ္စမျိုးဆိုရင် နားထောင်ပေးပါ့မယ်"

ကျွန်မဘက်ကိုလှည့်ကြည့်လာသော သူ့မျက်ဝန်းများတွင် ကျွန်မ၏လိုက်လျောပေးမှုအတွက် ကျေးဇူးတင်လိုဟန်တွေ ပြည့်နှက်နေ၏။

"တကယ်တော့ ကိုယ့်မေမေဟာ စိတ်ကြောင့်ရတဲ့ရောဂါနဲ့ နာတာရှည် အိပ်ရာထဲမှာ လဲနေခဲ့ပြီး ကိုယ့်ကိုတောင် မမှတ်မိတော့တဲ့ အနေအထားမျိုးနဲ့ သူ့ရဲ့နောက်ဆုံးအချိန်တွေထိ နေသွားခဲ့ရတာပါ"

"ဟင်"

"အံ့ဩသွားလား ကလေး၊ ကိုဟာ အတိတ်က ကို့အဖြစ်ဆိုးတွေကို မေ့ဖျောက်ပစ်ချင်ခဲ့ပေမယ့် မလွယ်ကူခဲ့ဘူး၊ သဘက်ခါဆို ကို့မေမေဆုံးသွားတာ ငါးနှစ်ပြည့်ပြီလေ၊ အသက်ရှူနေတယ်၊ လူတွေကို မြင်နေတယ်ဆိုပေမယ့် ဘာစကားတစ်လုံးမှမပြော၊ ဘယ်သူ့ကိုမှ မမှတ်မိတော့တဲ့ အနေအထားမျိုးနဲ့ ကိုယ့်အသက်ဆယ်နှစ်ကျော်အရွယ်တည်းက ဝဋ်ခံလာခဲ့တယ်၊ ကို ဆယ်တန်းအောင်ပြီးနောက်ပိုင်း ဟိုမှာ အခြေချဖြစ်တော့ မေမေ့ကိုပါ ခေါ်သွားပြီး ကုခဲ့ပေမယ့် မထူးခြားခဲ့ပါဘူး၊ စိတ်ကြောင့်ဖြစ်တဲ့ရောဂါဆိုတာ စိတ်နဲ့ပဲ ပြန်ကုမှရတာမျိုးမဟုတ်လား၊ မေမေ့စိတ်ကို ပြန်တည်မတ်လာအောင် ဘယ်လိုအရာမျိုးကမှ မစွမ်းဆောင်နိုင်ခဲ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းရင့်မြတ်က ရှည်ရှည်ဝေးဝေး ပြောပြနေသည့် သူ့ဇာတ်ကြောင်းကို ကျွန်မ စိတ်ဝင်စားစွာပင် နားထောင်နေခဲ့မိသည်။ သူ့မှာလည်း ကိုယ့်လိုပင် မိသားစုနဲ့ပတ်သက်ပြီး နာကျည်းမှုတစ်ခုခု ရှိနေခဲ့တာပါလား။ အဲဒီလို နာကျင်ခံပြင်းရမှုမျိုး ကျွန်မ ကောင်းကောင်းကြီး ကိုယ်ချင်းစာ နားလည်ပေးနိုင်ပါသည်။

"ကိုဘုန်းရင့် မေမေက ဘာဖြစ်လို့ အဲဒီလို ဖြစ်သွားရတာလဲ ဟင်"

"ပြောပြရင် ကလေး တော်တော်အံ့ဩသွားလိမ့်မယ်၊ မေမေ ဒီလိုဖြစ်သွားအောင် လုပ်ခဲ့တာ ကို့ဖေဖေကိုယ်တိုင်ပဲလေ"

"ရှင်"

"ဆယ်နှစ်ကျော်ပေါင်းသင်းလာတဲ့ မိန်းမတစ်ယောက်ကို သစ္စာဖောက်ခဲ့တာ ကိုယ့်ဖေဖေပဲ၊ မေမေရှိရဲ့သားနဲ့ ဖေဖေဟာ မိန်းမတစ်ယောက်ကို ချစ်ကြိုက်ခဲ့တယ်၊ နောက်ဆုံး အဲဒီမိန်းမကို တရားဝင်လက်ထပ်ပေါင်းသင်းပြီး မေမေ့ကိုစွန့်ခွာသွားတဲ့အထိပဲ"

"ဟယ် တိုက်ဆိုင်လိုက်တာ"

ကျွန်မ နှုတ်မှ လွှတ်ခနဲ ထွက်သွားသောစကားကြောင့် ဘုန်းရင့်မြတ် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဘာကိုပြောတာလဲ ကလေး၊ တိုက်ဆိုင်တယ်ဆိုတာ"

"ဩော် ဟိုလေ ကျွန်မသူငယ်ချင်းတစ်ယောက်လည်း မိဘနှစ်ပါးအဆင်မပြေဘဲ ကွဲသွားခဲ့ဖူးတာကို သတိရမိသွားလို့ပါ"





ကျွန်မဘဝရဲ့အဖြစ်မှန်တွေကို ဘုန်းရင့်မြတ်အား မပြောပြချင်သောကြောင့် ကျွန်မလိမ်လည်လိုက်ရပေမယ့် စိတ်ထဲမှာတော့ မလုံမခြုံဖြစ်မိ၏။ သူက ကျွန်မကို ယုံကြည်စွာနှင့် ရင်ဖွင့်ပြောပြနေချိန်မှာ ကျွန်မကတော့ လိမ်ညာခဲ့မိတယ် မဟုတ်လား။

"ကို့ဘဝရဲ့နာကျင်စရာအပိုင်းတွေကို မေ့ဖျောက်ပစ်ထားပြီး ကို တည်ငြိမ်ပျော်ရွှင်နိုင်မယ့် ဘဝမျိုးလေးကို ဖန်တီးခဲ့တယ်၊ စိတ်ညစ်စရာတွေကို မတွေးချင်တော့လောက်အောင်ကို မုန်းတီးမိတယ်၊ ကို ဖန်တီးထားတဲ့ဘဝလေးထဲမှာ ကလေးကို ဝင်လာစေချင်မိတယ်၊ ကို့ဒီအသက်ဒီအရွယ်ထိ ဖေဖေ့လုပ်ရပ်တွေကို ကြောက်လန့်နေမိလို့ ကို ရွေးချယ်တဲ့မိန်းကလေးကဟာလည်း ကို့အသက်နဲ့တမျှ ချစ်ရမယ့် မိန်းကလေးမျိုးပဲ ဖြစ်စေချင်ခဲ့တယ်၊ ကလေးသာ ကို့ဘဝထဲ ဝင်လာနိုင်မယ်ဆို ဒီအတိတ်ဆိုးကြီးတစ်ခုလုံးကို ကို ထာဝရမေ့ထားပစ်လို့ ရနိုင်မှာပဲ"

"ဟို ဟိုလေ ကိုဘုန်းရင့်"

ကျွန်မ စကားလုံးတို့ ပျောက်ဆုံးကုန်ရ၏။ သူ့ရည်းစားစကားပြောပုံက ကလေးဆန်ဆန် တဖွတ်ထိုးမဟုတ်။ သူ့ထုံးစံအတိုင်း လေးနက်တည်ကြည်သော မျက်နှာထားနှင့် သိမ်မွေ့နူးညံ့သော လေသံ။

"ခုချက်ချင်း ဖြေစရာမလိုပါဘူး ကလေးရယ်၊ ကို နားလည်ပါတယ်၊ ကလေးမှာလည်း တခြားကိုယ်ရေးကိုယ်တာ ခံစားချက်လေးတွေ ရှိနေမှာပေါ့၊ ကို မြင်နေတွေ့နေရသလောက်နဲ့တင် ရင်ထဲမှာ ဝမ်းနည်းမိပေမယ့် ဒါဟာ ကို ဝင်ပြောနိုင်တဲ့အပိုင်း မဟုတ်သေးဘူးလေ၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ချိန်မှာတော့ ကလေးအတွက် ဘဝတစ်ခုလုံးစာ ယုံကြည်လို့ရတဲ့ သူဟာ ကို ဖြစ်ချင်တယ်၊ ကို မလောပါဘူး၊ ကလေးစဉ်းစားပြီး ဆုံးဖြတ်ပါ''

''ကျွန်မလေ ကိုဘုန်းရင့်က ဂရုတစိုက်နဲ့ ဘေးမှာရှိနေပေးတတ်တာကို ဝမ်းသာမိပါတယ်၊ ဒါပေမဲ့လေ ဘဝတစ်ခုလုံးစာဆိုတာမျိုးထိ''

''ခုလောလောဆယ် လုံးဝ ဖြေစရာမလိုသေးပါဘူး၊ ကို စောင့်နိုင်တယ်လို့ ပြောပြီးပြီပဲ''

သက်ပြင်းမောလေး မသိမသာချဖြစ်ရင်း ကိုဘုန်းရင့်ကို မျက်လုံးချင်းဆိုင် မကြည့်ဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် သတိထားနေမိသည်။

မာန် ဘာများဖြစ်နေပြီလဲ။ ကျွန်မကိုစိတ်တွေဆိုးပြီး နာကျင်နေပြီလား။ တကယ်ဆို ကျွန်မဘက်ကနေ သူ ဝင်ပြောပေးခြင်းဖြစ်ပေမယ့် ကျွန်မက မခေါ်မပြောဘဲ နေတော့မှာများလား။ သူနဲ့ကျွန်မဟာ သူစိမ်းပြင်ပြင်တွေလို ဖြစ်သွားဖို့ သူ ဆုံးဖြတ်ပြီးပြီလား။

''ပြန်ကြတော့မလားဟင် ကိုဘုန်းရင့်၊ ကျွန်မကားလည်း သွားယူရဦးမှာဆိုတော့''

''ကလေး ပြန်ချင်ပြီဆို သွားကြမယ်လေ''

တစ်လမ်းလုံး နှုတ်ဆိတ်စွာဖြင့် ကားကိုမောင်းနှင်လာနေသော ဘုန်းရင့်မြတ်တစ်ယောက် ကျွန်မ ကားလေးရပ်ထားသော ရုပ်ရှင်ရုံရှေ့





ရောက်လျှင် ညင်သာစွာ ထိုးရပ်လိုက်သည်။

ကျွန်မကားဆီဝင်ထိုင်ရန် ပြင်နေဆဲမှာပဲ သူ့ကားပေါ်မှ အပြေးဆင်းလာကာ ကျွန်မ လက်တစ်ဖက်ကို ဖမ်းဆွဲထားလျက်

''ဒီကိစ္စကို ကို ဒီညမသိရရင် တကယ်ပဲ အိပ်လို့ပျော်မှာ မဟုတ်လို့ပါ''

''ဘာလဲဟင် ကိုဘုန်းရင့်''

''ကလေးနဲ့ဟိုသူငယ်ချင်းကောင်လေးဆိုတာက ဘယ်လို အနေအထားမျိုးနဲ့ ပတ်သက်နေကြတာလဲဆိုတာကို မေးလို့ရမလား၊ ကို သိပ်နောက်မကျသေးဘူး မဟုတ်လားဟင်''

သူ့မျက်နှာမှာ ဟန်မဆောင်နိုင်သော ကြေကွဲခိုပ်တွေကို မြင်နေရတော့ ကျွန်မရင်ထဲက ဘာလို့များ သနားစိတ်လေး ဝင်လာမိတာပါလိမ့်နော်။

''သူနဲ့ကျွန်မက သူငယ်ချင်းတွေပါပဲ ကိုဘုန်းရင့်ရယ်၊ သူ့ကောင်မလေးက ကျွန်မတို့ကုမ္ပဏီမှာ လုပ်တာလေ၊ ဒီညနေ ကိုဘုန်းရင့်နဲ့ချိန်းထားတာကို နောက်ကျသွားရတာကလည်း အဲဒီကောင်မလေးရဲ့မောင်လေး ဆိုင်ကယ်ပေါက်ကင်တာ ဆေးရုံတင်ထားရတယ်ဆိုလို့ တက္ကစီငှားမရဖြစ်နေတာကို ပြမ်းမှာတွေ့တာနဲ့ ကျွန်မ ကူညီပေးခဲ့တာပါ''

''ဟာဗျာ ဒါတွေကို ကို့ဆီ ဘာလို့စောစောစီးစီး မပြောခဲ့တာလဲ ကိုကတော့ စိတ်တွေပူပြီး ကလေးရောက်လာတော့လည်း ဟိုကောင်လေးက ဘေးမှာပါလာတာဆိုတော့ ဘယ်လောက်တောင် သွေးပျက်သွား



www.burmeseclassic.com

www.burmeseclassic.com



ရလဲ သိရဲ့လား''

ခုလိုကျတော့လည်း လူငယ်လေးတစ်ယောက်လို သူ့ခံစားချက်တွေ ပွင့်အန်ထွက်ကျလာသည်မို့ ကျွန်မနှုတ်သိမ့်ပြုံးလေးတစ်ခုနှင့် ချွေးသိပ်လိုက်မိ၏။

''ကဲ ဒီလိုဆိုတော့ အိပ်လို့ပျော်သွားပြီမဟုတ်လား၊ ကျွန်မကို ခွင့်ပြုပါဦးနော်''

ကျွန်မ ကားလေး တစ်လိမ့်ချင်း မောင်းထွက်သွားတာကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့သော ဘုန်းရင့်မြတ်ကို နောက်ကြည့်မှန်ထဲကနေ မျက်စိတစ်ဆုံး ကြည့်မိနေရင်းမှ ဘယ်နှခါမြောက်မှန်းမသိသော သက်ပြင်းမောလေးတစ်ခုကို ထပ်ချမိပြန်သည်။

အတွေးတွေက မာန့်ဆီရောက်လိုက် ဘုန်းရင့်မြတ်ဆီရောက်သွားလိုက်နှင့် မောင်းလာလိုက်တာ ဘယ်နေရာသို့ ဦးတည်နေမိမှန်းပင် ကျွန်မဘာသာ မသိခဲ့။ အသိဝင်လာပြီး မျက်လုံးကိုဝေ့ကြည့်မိတော့မှ မာန်တို့အိမ် လမ်းထိပ်နားရောက်နေမှန်း သိလိုက်ရ၏။

ကျွန်မရဲ့မသိစိတ်တွေက မာန့်ထံသို့ပဲ ခြေဦးလှည့်နေမိပါရောလား။ အို သိစိတ်တွေကရော ဘာထူးလို့လဲ။ မာန်မှမာန်ပဲမဟုတ်လား။ ကိုယ့်အတွေးနှင့်ကိုယ် တစ်ကိုယ်ယံတည်း ရှက်ရယ်ရယ်လိုက်မိ၏။

ကျွန်မကသာ သူ့လမ်းထိပ်ရောက်လို့ သူ့အကြောင်းတွေ တွေးနေမိပေမယ့် မာန်ကတော့ ဘယ်နေရာမှာ ဘာလုပ်နေမှာလဲ မသိပါ။ နာရီကိုကြည့်လိုက်တော့ ညကိုးနာရီထိုးပြီးနေပြီ။ ရုပ်ရှင်ရုံမှာတည်းက





လှည့်ပြန်သွားခဲ့တာဆိုတော့ ခုချိန် အိမ်မှာပဲ ရှိနေနိုင်သည်။

ဖုန်းဆက်ချင်ပေမယ့် မာန် မကိုင်တော့မှာကိုလည်း ကြောက်နေမိ၏။ ဖုန်းလေးကိုကိုင်လိုက် လမ်းထဲသို့ လှမ်းကြည့်လိုက်နှင့် တစ်ကိုယ်တည်း ဇဝေဇဝါ ဖြစ်နေတုန်းမှာပဲ ပလက်ဖောင်းအတိုင်း လမ်းထိပ်ဘက်ဆီ လျှောက်လာနေသော မာန့်ကို ကားဘေးမှန်ထဲမှ လှမ်းတွေ့လိုက်ရသဖြင့် ကျွန်မ လိုက်ခနဲ ရင်ခုန်သွားမိသည်။

မာန်ကတော့ ခေါင်းငိုက်စိုက်ငိုက်စိုက်နှင့် လျှောက်လာနေတာမို့ ကျွန်မကားကို သတိထားမိပုံမရပါ။ ဟွန်းကို သုံးလေးချက်ဆက်တီးလိုက်ပြီး မာန် ကြားစေရန် အသံပြုလိုက်တော့မှ မာန်က ဘေးပတ်ဝန်းကျင်ကို မော့ကြည့်ဖော်ရသည်။

ကျွန်မ ကားကိုမြင်တော့ သူ့မျက်နှာမှာ စိတ်ရှုပ်ထွေးမှုတွေက အပြည့်အနှက် နေရာယူသွား၏။ ခြေလှမ်းများ တုံ့ဆိုင်းသွားတာ စက္ကန့်ပိုင်းလောက်ပဲဖြစ်သည်။ နောက်တော့ သူနဲ့ဘာမှမဆိုင်သလိုနှင့် လမ်းဆက်လျှောက်သွား၏။

ကျွန်မ မနေနိုင်တော့စွာဘဲ ကားပေါ်မှ ခပ်သွက်သွက်ဆင်းရင်း သူ့နောက်သို့ အပြေးတစ်ပိုင်း လိုက်ခဲ့ရသည်။

''မာန်နေပါဦး ငါ ပြောစရာရှိလို့၊ မာန် ငါ့ကိုစောင့်ပါဦးဟ''

မာန်က လမ်းထိပ်မှ လမ်းဘေးလက်ဖက်ရည်ဆိုင်လေးတွင် ဝင်ထိုင်လိုက်တော့ ကျွန်မလည်း မဆိုင်းမတွပင်လိုက်ဝင်ပြီး သူ ထိုင်နေသော ခုံပုဝိုင်းလေးမှာပင် ဝင်ထိုင်လိုက်၏။ ဆိုင်ထဲမှာ လူတွေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ပြည့်ကျပ်နေ၏။ ဘောလုံးပွဲပြနေသောကြောင့် ဖြစ်သည်။ အားလုံးကလည်း ဘောလုံးပွဲကြည့်ရန်လာသော ယောကျ်ားလေး ကြီးကြီး ငယ်ငယ်များသာ။

သူ့ဘေးရောက်နေပြီဖြစ်သော ကျွန်မကို မာန် မျက်မှောင်ကြီး ကျုံ့လျက် ခပ်စူးစူး လှမ်းကြည့်သည်။

"ဒီထဲထိ နင်ကဘာဝင်လုပ်တာလဲ"

"နင့်ကိုလှမ်းခေါ်နေတာကို နင်မှလှည့်မကြည့်ဘဲ"

"ငါ လှည့်မကြည့်တာနဲ့ပဲ ဒီလိုဆိုင်ထဲကို ဒီပုံစံနဲ့ဝင်လာရလား"

"ငါ့ပုံစံက ဘာဖြစ်နေလို့လဲ"

"နင့်ပုံ ဘာဖြစ်မဖြစ်တော့ မသိဘူး၊ ယောကျ်ားတွေရဲ့အကြည့်တွေကတော့ နင့်ဆီကို ရောက်နေတာ မတွေ့ဘူးလား"

ဟုတ်ပါရဲ့ ဆိုင်ထဲမှာထိုင်နေသော ကောင်လေးတွေရဲ့အကြည့်တွေက ကျွန်မထံမှာ ကွက်ကြည့်ကွက်ကြည့် ဖြစ်နေကြ၏။

"မိန်းမတစ်ယောက်မှ မရှိတဲ့ဆိုင်ထဲကို ဒီလိုပုံဝတ်စားပြီးတော့ ဝင်လာရဲတဲ့ နင့်သတ္တိကိုတော့ ချီးကျူးပါတယ်"

နင်ရှိနေလို့ပါ မာန်ရယ် လို့ စိတ်ထဲက ရေရွတ်လိုက်မိသည်။ အပြင်ဘက်မှာတော့ ကျွန်မ ပြောစရာစကားလုံး မရှိခဲ့ပါ။ ဒီတိုင်းပဲ မာန့်ဘေးမှာ ပေတေပြီး ဆက်ထိုင်နေမိ၏။

"ဟာ နင်ကတော့ တကယ်ကွာ"

ပြောလည်းပြော ဆိုင်ပြင်သို့လည်း ထထွက်သွားသဖြင့် ကျွန်မ





ာ မပြေးရုံတမယ် လိုက်ခဲ့ရပြန်သည်။ လက်ဖက်ရည်ဆိုင်နှင့်ခပ်လှမ်း ာမ်းသစ်ပင်အောက်ရောက်တော့ မာန်က ရှေ့ဆက်မသွားတော့ဘဲ ရပ် ဆိုက်ပြီး

"ပြော ဘာတွေပြောစရာရှိပြန်ပြီလဲ"

"ခုနက နင် ငါ့ကိုစိတ်ဆိုးသွားတယ် မဟုတ်လား"

"ငါက ဘာလို့စိတ်ဆိုးရမှာလဲ၊ နင်တို့နှစ်ယောက်ကြားမှာ ဝင် ှုပ်သလိုတောင် ဖြစ်နေခဲ့တာပဲ"

"မဟုတ်ပါဘူး မာန်ရယ် ငါက နင်နဲ့ကိုဘုန်းရင့်တို့ တစ် ယောက်ကိုတစ်ယောက် စိတ်အခန့်မသင့်လို့ စကားအချေအတင် ဖြစ်ရ ာကို မလိုလားတာပါ"

"သြော် ဟုတ်လား၊ ကျေးဇူးကြီးလှပါတယ်"

ကျွန်မကို အရွဲ့တိုက်စကားတွေ ထွက်နေသည့် မာန့်နှုတ်ခမ်း ားတွေကို ကျွန်မ ငေးစိုက်ကြည့်နေမိ၏။ ဒီနှုတ်ခမ်းများမှ နွေးထွေး ုတို့ ကျွန်မ အိပ်မက်ဆန်စွာ ပိုင်ဆိုင်ခွင့် တစ်ကြိမ်တစ်ခါ ရဖူးပါရဲ့။ ိပ်မက်ဆိုတဲ့အတိုင်း နောက်တစ်ကြိမ် ပြန်လည်မက်ဖို့ဆိုတာ မဖြစ် ိုင်တော့ဘူးတဲ့လား။

"ရုတ်တရက်ကြီး ပြောင်းလဲသွားတဲ့ နင့်ကိုငါ လုံးဝ နားမလည် ိုင်တော့ဘူး မာန်"

"ငါဘာမှမပြောင်းလဲဘူး မြူ၊ နင်ကသာ ငါပြောင်းလဲသွား ာယ်လို့ ထင်နေခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"မညာစမ်းပါနဲ့ဟာ ငါနဲ့ကိုဘုန်းရင့်ကို စိမ်းလန်းစိုပြည့်မှာ တွေ့တဲ့နေ့တည်းက နင် ဒီလိုပုံဖြစ်သွားခဲ့တာ"

"နင်က ဒီယောက်တောင် ငါပြောင်းလဲသွားပါလားဆိုပြီး စွပ်စွဲ နေမှတော့ ကောင်းပြီလေ နင် ထင်တဲ့အတိုင်းပဲ ငါ ပြောင်းလဲသွားတယ်လို့ ထားလိုက်၊ အဲဒါ နင့်အတွက် ဘာများထူးခြားသွားလို့လဲ"

မာန့်အမူအရာ စကားသံတွေမှာ ဘာမှပြောင်းလဲမှုကို မတွေ့ရ ကျွန်မကို တွေ့လိုက်သည့်အချိန်တည်းက စမြင်နေရသော စိတ်ရှုပ်ထွေးမှုကိုသာ အတိုင်းသား မြင်နေရဆဲဖြစ်၏။ သူက ကျွန်မနဲ့အရင်က ရင်းနှီးစွာနေခဲ့ဖူးသော အချိန်တွေကို တကယ်ပဲ ပြန်မသွားချင်တော့ဘူးလား။ သူငယ်ချင်းတစ်ယောက်အနေနဲ့တောင်လေ။

"နင်တို့လူချမ်းသာချင်း လုပ်ငန်းတွေလည်း အတူတကွလုပ်ရင်း အဆင်ပြေနေကြပါဟာ၊ တော်ကြာ ဘာမဟုတ်တဲ့ ငါလိုသူငယ်ချင်းတစ်ယောက်ကြောင့် နင်တို့ကြားမှာ ကန့်လန့်ကန့်လန့်နဲ့ အဆင်မပြေတာမျိုးတွေ ငါ မဖြစ်စေချင်ဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် နင်လည်း နင့်ကို တကယ်ဂရုစိုက်တဲ့ယောက်ျားတစ်ယောက်လောက် နင့်နားမှာ ရှိနေသင့်ပြီမဟုတ်လား"

"နင်ပြောတော့ ငါရည်းစားရသွားရင် အရင်လို နင့်နားမှာ ရှိနေနိုင်တော့မှာ မဟုတ်လို့ ငါ့ကိုရည်းစားမထားစေချင်သေးဘူးဆို"

"အဲဒီတုန်းက ငါနည်းနည်းအတွေးကြီးသွားတယ်၊ ငါကျတော့ ရည်းစားနဲ့အပန်းဖြေနားနေတဲ့အချိန်မှာ နင့်ကျတော့ ရည်းစားမထား





ဦး ဘာဦးညာဦးနဲ့ ပြောနေမိခဲ့တယ်လေ"

"မဟုတ်သေးဘူး မာန်၊ ငါနဲ့ကိုဘုန်းရင့်နဲ့က ဘာမှမပတ်သက်ပါဘူး"

"ကိုဘုန်းရင့်မြတ်က နင့်အပေါ် တော်တော်လေး ဂရုစိုက်မှုရှိတာ ငါခဏခဏ မြင်နေရသားပဲ၊ နင့်နားမှာ တတွဲတွဲနဲ့ ယောက်ျားတစ်ယောက် အမြဲရှိနေရင် နင့်ကိုသဘောကျလို့ ကြိုက်ချင်တဲ့ ဘယ်သူဆို ဘယ်လိုလုပ် လွယ်လွယ်ကူကူနဲ့ အနားကပ်နိုင်တော့မှာလဲ၊ နဂိုတည်းကမှ နင့်ဂုဏ်ပုဒ်တွေက နယ်နယ်ရရမဟုတ်ဘူးလေ၊ ဒါကြောင့် ငါက နင်နဲ့ခပ်ခွာခွာပဲ နေပေးလိုက်တာပါ၊ ရုပ်ရှင်ရုံမှာ နင်ပြောခဲ့သလိုပဲ နင့်ကိစ္စနဲ့ငါ့ကိစ္စကို ခွဲလိုက်တဲ့သဘောပါ၊ တခြားကြီးကြီးမားမားတွေ နင်လျှောက်တွေးမနေပါနဲ့"

"ငါ ဘယ်လိုရှင်းပြရမလဲ မာန်"

"ဘာရှင်းပြစရာ လိုလို့လဲဟာ၊ သူငယ်ချင်းတွေကြားထဲမှာ ဒါတွေမလိုပါဘူး၊ ကဲ ငါသွားတော့မယ်"

"ဟိုလေ မာန် နင်ဘယ်လိုတွေပြောပြော ငါကတော့ နင့်အပေါ်ထားရှိတဲ့သံယောဇဉ်ကို မဖြတ်ပစ်နိုင်ဘူး၊ နင်နဲ့ပတ်သက်ခဲ့တဲ့အရာရာတိုင်းဟာ ငါ့အတွက်အမှတ်တရပဲ၊ ခုမှ မသိချင်ယောင်ဆောင်နေလိုက်လို့ ဘာမှမထူးခြားတော့ဘူး"

အမှတ်တရအဖြစ်ဆုံး အနမ်းနေ့စွဲလေးအကြောင်းကိုတော့ ကျွန်မ ထည့်မပြောဖြစ်တော့ပါ။ ဘယ်လောက်ပဲ စွဲလန်းစွာတမ်းတမိ



www.burmeseclassic.com

www.burmeseclassic.com



နေပေမယ့်လည်း သူ့ဘက်က အမှတ်တမဲ့သဘောထားပြီး မေ့မေ့ပျောက် ပျောက် နေနေခဲ့တာပဲလေ။

"ငါပြန်တော့မယ်နော်"

မာန်နားကနေ ဘယ်ကိုမှ မခွာချင်ဖြစ်နေသော ခြေထောက် တွေကို မနည်းကြီးဆွဲလှည့်လျက် နာကျင်နေသော ရင်ဘတ်ကို သက်သာ လိုသက်သာငြား လက်နှင့်အသာဖိထားမိ၏။

ချစ်ခင်နှစ်သက်သူနှင့် ကွေကွင်းရသော ဒုက္ခကို ဒီဘဝမှာတင် ကျေသွားချင်ပါသည် အရှင်ဘုရား။

■ ■ ■

## အခန်း (၁၁)

အိပ်ရာပေါ်မှာ ခွေခေါက်လှဲနေမိတာ နာရီပေါင်းများစွာ ကြာ မြင့်ခဲ့ပြီ။ ဒီနေ့က တနင်္ဂနွေမဟုတ်သော်လည်း အစိုးရရုံးပိတ်ရက်မို့ မနေ့ညက နောက်ကျမှ အိပ်ရာဝင်ဖြစ်ခဲ့သည်။ ဒါပေမဲ့ လူက နိုးကြားစွာ ပင် မနက်ခြောက်နာရီမထိုးခင်တည်းက နိုးနေခဲ့၏။ ဘာမှလည်း လုပ် စရာမရှိတာမို့ အိပ်ရာပေါ် ဟိုလိမ့်ဒီလိမ့်လုပ်နေခဲ့တာ နာရီကို နောက် တစ်ခါပြန်ကြည့်မိတော့ မနက်ရှစ်နာရီ။

"မြေးရေ နိုးနေရင် အပြင်ထွက်လာခဲ့ပါဦး။ ဒီမှာ မောင်ဘုန်း ရှိန် ရောက်နေတယ်"

"ဟင် ကိုဘုန်းရှိန်"

ဝေါက်ခနဲ ထထိုင်လိုက်မိပြီး နှုတ်ကလည်း မယုံကြည်နိုင်စွာ ရေရွတ်လိုက်မိသည်။ ကိုဘုန်းရှိန်က အိမ်ကိုစောစောစီးစီး ဘာလာလုပ်



www.burmeseclassic.com

www.burmeseclassic.com



တာတဲ့လဲ။ ကျွန်မကို ဖုန်းကြိုဆက်သင့်တာ မဟုတ်ဘူးလား။

စာကြည့်စားပွဲပေါ်တင်ထားသော ဖုန်းလေးကို လှမ်းယူကြည့်လိုက်ပြီး ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲလိုက်မိသည်။ ညက ဘတ္တရီအားသွင်းဖို့ မေ့သွားတာကြောင့် ဖုန်းလေးက အားကုန်ကာ ပိတ်လျက်သား။

ရေနွေးစိမ်ခွက်အဝသောက်လိုက်ပြီး မျက်နှာသစ် သွားတိုက်တာကို ခပ်မြန်မြန် လုပ်လိုက်သည်။ ညအိပ်ထားသဖြင့်ကြေမွနေသော အဝတ်အစားများကိုလည်း လဲလှယ်လိုက်ရသေးသည်။ ခေါင်းဖြီးသင်ပြီး ညေ့ခန်းဘက် ကျွန်မ ထွက်လာတော့ ခရမ်းရင့်ရောင်ပုဆိုးစိပ်ကွက်ကို ခရမ်းရောင်ရှပ်ကော်လာလေးနှင့် တွဲဖက်ဝတ်ကာ သန့်ပြန့်ရှင်းလင်းနေသော ဘုန်းရင့်မြတ်ကို တွေ့လိုက်ရသည်။

"လုပ်ငန်းကိုသာ ဦးစီးနေတာ မောင်ဘုန်းရင့်ရေ မင်းညီမတော့ မြင်တဲ့အတိုင်းပဲ အိမ်မှာဆို တကယ့်ကလေး၊ ခုလည်း မင်းရောက်လာလို့ထတာ မဟုတ်ရင် ထဦးမှာမဟုတ်ဘူး"

ကိုဘုန်းရင့်က ဘွားရဲ့စကားကို ပြုံးတုံ့တုံ့နှင့်ခေါင်းတညိတ်ညိတ်နားထောင်နေခဲ့သည်။

"ဘွားက မြေးကောင်းကြောင်းတွေ ကြွားနေတာပေ့ါလေ"

ကျွန်မက နှုတ်ခမ်းလေးစူလျက် ပြောရင်း ဘုန်းရင့်မြတ်ရှေ့တွင် ဝင်ထိုင်လိုက်သည်။

"ကိုဘုန်းရင့် ဖုန်းဆက်သေးတာလား၊ ကျွန်မက ညက အားသွင်းဖို့ မေ့သွားလို့လေ၊ ပိတ်မိလျက်သားဖြစ်နေတယ်"





"ဆက်ပါတယ်ဗျာ ဖုန်းက ပိတ်ထားတယ်ဆိုလို့ လူကိုယ်တိုင်ရောက်လာရတာပါ"

"ကိစ္စရှိလို့လားဟင် ကိုဘုန်းရင့်"

"ဒီနေ့က ကျွန်တော့်မေမေဆုံးတာ ငါးနှစ်ပြည့်တဲ့နေ့လေ အန်တီ၊ အဲဒါကြောင့် နှင်းမြူမြူကို ကျွန်တော်နဲ့အတူ ဘုရားသွားဖို့ လာခေါ်တာပါ၊ အန်တီ ခွင့်ပြုပေးပါနော်"

သူက ကျွန်မမေးခွန်းအား ဘွားကိုကြည့်ကာ ဖြေ၏။ ဘွားက ကျွန်မကို အဓိပ္ပာယ်ပါသော အကြည့်ဖြင့်လှမ်းကြည့်လိုက်သည်။ ကျွန်မတို့နှစ်ယောက်ရဲ့ ရင်းနှီးမှုအတိုင်းအတာကို ဘွား စူးစမ်းချင်နေပုံပါပဲ။

"ဘုရားသွားဖို့ လာခေါ်တာပဲ မောင်ဘုန်းရင့်ရယ်၊ အန်တီက ဘာခွင့်မပြုစရာရှိလို့လဲ၊ မြေးလည်း ဒီနေ့ ဘယ်မှသွားစရာ မရှိဘူးမဟုတ်လား"

"ရှင် ဟုတ် ဟုတ်ပါတယ်"

ဘွားက လိုက်သွားစေချင်လို့ စကားလမ်းကြောင်းနေသည်မို့ ကျွန်မလည်း ရောယောင်ခေါင်းညိတ်လိုက်ရသည်။

"ကဲ ဒီလိုဆို ရေမိုးချိုး အဝတ်အစားသွားလဲလေ၊ မောင်ဘုန်းရင့်ရော မနက်စာ စားပြီးပြီလား၊ ဒေါ်နုကို ပြင်ခိုင်းလိုက်မယ်"

"မစားတော့ပါဘူး အန်တီ၊ နှင်းမြူမြူနဲ့အပြင်မှာ တစ်ခုခုပဲစားဖို့ စဉ်းစားထားပါတယ်"

"ဩော် အေး အေး ဒီလိုဆိုတော့လည်း ဟုတ်ပါပြီကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်းထဲက ပြန်ထွက်လာတော့ ဧည့်ခန်းထဲမှာ လုပ်ငန်း အကြောင်းတွေ အပြန်အလှန် ဆွေးနွေးနေကြသော ဘွားနှင့်ကိုဘုန်း အသံကို ကြားနေရ၏။ အနားသာယူလိုက်သော်လည်း ဘွား သူ့ကုမ္ပဏီ ကို လုံးဝကြီးသံယောဇဉ် မပြတ်နိုင်သေး။

ကျွန်မဆိုလည်း ခုချိန်ထိ နားမလည်တာ မနိုင်နင်းတာတွေ အိမ်ရောက်မှ ဘွားနှင့်တိုင်ပင်ပြီး ညှိနှိုင်းယူနေရတုန်း။

ပန်းနုရောင်ချည်ထည် ရင်စိမြန်မာအင်္ကျီဒီဇိုင်းဆန်းလေး အနက်ပေါ်တွင် ပန်းနုရောင်စင်းလေးများပါသည့် ချည်ထဘီလေး တွဲဖက်ဝတ်ဆင်လိုက်သည်။ မျက်နှာကို ခပ်ပါးပါးသာ လိမ်းခြယ်လို သည်မို့ ကျွန်မရဲ့အပြီးသတ်ပြင်ဆင်မှုက ဆယ့်ငါးမိနစ်အတွင်း ပြီး သွား၏။

"အဆင်သင့်ဖြစ်ပါပြီ ကိုဘုန်းရင့်"

သူ့နားမှာ ခြေစုံရပ်လျက် ရှိရှိသေသေလေး ပြောနေသော ကျွန်မကို သူက ခြေဆုံးခေါင်းဆုံး ကြည့်ပြီး သဘောတကျ ပြုံးရယ်လ

"ဒီလိုဆို ကျွန်တော်တို့ကို ခွင့်ပြုပါဦးနော် အန်တီ"

"အေးပါကွယ် ကားကိုဂရုစိုက်မောင်းနော်"

"ဟုတ်ကဲ့ပါ အန်တီ ဒီနေ့ နှင်းမြူမြူကို ကျွန်တော် တာဝ ပြီး ပြန်လိုက်ပို့ပေးပါ့မယ်"

သူက ဘွား စိတ်ပူမှာစိုးလို့ အာမခံချက်တွေ ရွှန်းရွှန်းဝေအော ခံနေ၏။ သူ့ကားနဲ့ပဲ သွားဖို့ပြောထားသည်မို့ ရန်ကုန်မြို့ရဲ့ယာဉ်ကြ





ပိတ်ဆို့မှုကို သည်းခံမောင်နှင်ရမည့်ဒဏ်ကနေ ကျွန်မ သက်သာသွား ပါသည်။ သူကတော့ နဂိုတည်းက စိတ်ရှည်သည်းခံတတ်သူမို့ ရန်ကုန်မြို့ ကားလမ်းပိတ်ဆို့မှုက သူ့အတွက် ထူးထူးထွေထွေ သက်ရောက်မှု ဘာမှ မရှိနိုင်ပါ။

"ဘာတွေပြုံးနေတာလဲ ကလေး"

ကားမောင်းနေရင်းကနေ ကျွန်မဘက်လှည့်မေးနေသည်မို့ သူခိုးလူမိသလို ကျွန်မ ရှက်ကိုးရှက်ကန်း ဖြစ်သွားရသည်။

"ရှက်သွားပုံထောက်ရင် ကို့အကြောင်း တွေးနေတာပဲဖြစ် ရမယ်၊ ဟုတ်တယ်မဟုတ်လား"

ကျွန်မက ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တော့ သူက ပြုံး တုံ့တုံ့လုပ်ကာ နားထောင်နေရင်း

"ကိုက ဘာအရာမဆို စိတ်ရှည်သည်းခံနိုင်အောင် ကြိုးစား တယ်၊ ဘာလို့လဲဆိုတော့ ကိုယ့်စိတ်ကိုယ်နိုင်တဲ့သူကမှ တကယ့်အောင် မြင်သူဆိုတဲ့ စကားကို ကိုယ့်ဘိုးဘိုးက အမြဲပြောခဲ့လို့ပဲ"

"ဟုတ်တယ်နော် ကိုဘုန်းရင့် လူတွေက တခြားကိစ္စတွေ တခြား လူတွေကိုသာ လိုက်ထိန်းချုပ်ဖို့ကြိုးစားနေကြတာ၊ တကယ်တမ်း ကိုယ့် ရဲ့စိတ်တစ်ခုကိုကျတော့ တကယ်ချုပ်ကိုင်နိုင်တဲ့သူဆိုတာ ရှားတယ်နော်"

"ဟုတ်တာပေါ့ ကလေးရယ် ကိုယ့်စိတ်ကိုယ် မထိန်းနိုင်လို့ ရန်ပွဲတွေဖြစ်ကြတယ်၊ စိတ်ဖိစီးမှုများပြီး သတ်သေတဲ့အမှုတွေ တိုးပွား လာတယ်၊ စိတ်အလိုလိုက်လို့ မဖြစ်သင့်တဲ့ လူမှုရေးပြဿနာတွေ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်၊ စိတ်ဆောင်နေရင် ဘာမဆို အောင်မြင်တယ်ဆိုတဲ့စကားလည်း ရှိသားပဲ၊ လူတစ်ယောက်မှာ စိတ်ဆိုတဲ့အရာက ဘယ်လောက်တောင် အရေးကြီးတယ်ဆိုတာ အဲဒါပဲ ကြည့်တော့''

''ဟုတ်ဘယ်နော် ဒီစိတ်ကို အလိုလိုက်လွန်းလို့ လူတွေမှာ မဖြစ်သင့်တာတွေ ဖြစ်နေခဲ့ရတာ''

နှစ်ယောက်သား စကားထပ်မပြောမဖြစ်တော့ဘဲ ကိုယ့်အတွေးတွေနှင့်ကိုယ် ငြိမ်သက်တိတ်ဆိတ်သွားကြသည်။ ကျွန်မ အတွေးထဲမှာတော့ စိတ်အလိုလိုက်လွန်းသော မိဘနှစ်ပါးကို ပြန်မြင်ယောင်နေမိ၏။ မေမေသည်လည်း စိတ်အလိုလိုက်မှုကြောင့် တခြားယောကျ်ားတစ်ယောက်နောက်သို့ ကျွန်မနှင့်ဖေဖေ့ကို ပစ်ထားလျက် လိုက်သွားနိုင်ခဲ့တာ မဟုတ်လား။

ဖေဖေသည်လည်း အထီးကျန်သည့်ဒဏ် သစ္စာဖောက်ခံရသည်ဆိုသည့် နာကျင်မှုဒဏ်တွေကြောင့် မခံမရပ်နိုင်စွာနှင့် ကျွန်မနှင့်ဝေးရာကို ထွက်ပြေးသွားခဲ့တာ မဟုတ်လား။

သူတို့သာ စိတ်တစ်ခုကို ထိန်းချုပ်ခဲ့မည်ဆိုလျှင် ကျွန်မလည်း မိတစ်ကွဲဖတစ်ကွဲ ဘဝမျိုးနှင့် ကြီးပြင်းလာရမှာမဟုတ်၊ အနည်းဆုံးတော့ ဖေဖေသာ ကြံ့ကြံ့ခံနိုင်ခဲ့လျှင် ကျွန်မဘေးမှာ ဖခင်မေတ္တာပေးမည့်သူတော့ ရှိနေဦးမှာမဟုတ်လား။

တကယ်ဆို ရွှေမိုးညိုကိုဒုက္ခပေးရန် စဉ်းစားနေမိသော ကျွန်မစိတ်သည်လည်း ကြောက်စရာကောင်းတာပါပဲ။ အဲဒီစိတ်ကြီးကို ကျွန်မ





ထိန်းချုပ်နိုင်ချင်သည်။ မနာလိုဝန်တိုစိတ်တွေနှင့် ရွှေမိုးညိုကို မုန်းတီးနေရတာမျိုးတွေလည်း မရှိချင်တော့။

အရာရာကို ကံတရားက စီမံသည့်အတိုင်းပဲ နာခံလိုက်ဖို့ ကျွန်မကြိုးစားကြည့်သင့်သည်နော်။

သူ့အိမ်ရော ကိုယ့်အိမ်နှင့်ပါနီးတာမို့ ဗိုလ်တထောင်ဘုရားကိုပဲ သူ ရွေးချယ်လိုက်တာ ဖြစ်ပါလိမ့်မည်။ ဒီနေ့က လပြည့်နေ့ဖြစ်နေခြင်းမို့ ကားလမ်းတွေလည်း တော်တော်ပိတ်သလို ဘုရားအဝင်မုခ်ဦးမှာတည်းက လူတွေကျပ်ညပ်နေ၏။

ဟိုးကမ်းနားထဲဝင်ပြီးရှာမှ ကားရပ်ရန် နေရာတစ်ခု ရသည်။ နှစ်ယောက်သား ဘေးချင်းယှဉ်လျက် ဘုရားဘက်ဆီ ပြန်ထွက်လာ၏။ ကြွပ်ကြွပ်အိတ်တစ်လုံးကိုယူပြီး ဖိနပ်နှစ်ရံလုံးကို စုထည့်လိုက်သည်။

''အပ်တဲ့နေရာမှာ အပ်ထားခဲ့လိုက်လေ ကိုဘုန်းရင့်ရဲ့''

''ဒီနေ့က လူရှုပ်တယ်လေ၊ ကိုယ့်တာသာ ဒီလိုလေး ကိုင်သွားတော့ ဖိနပ်ပျောက်မှာ မှားမှာ မစိုးရိမ်ရတော့ဘူးပေါ့''

ဒီနေ့ကတ္တီပါဖိနပ်အနက်ရောင်အပါးလေးသာ စီးလာသည်မို့ အထုပ်က ပေါ့ပေါ့ပါးပါးဆိုပေမယ့် သူကိုင်ထားတာကိုတော့ စိတ်ထဲမှာ စနိုးစနောင့်နှင့် အားနာနေမိသည်။

''ဖိနပ်ထုပ် ကျွန်မကိုပေးပါ ကိုဘုန်းရင့်၊ ငရဲတွေကြီးကုန်ပါလိမ့်မယ်''

''နေပါစေဗျာ ရပါတယ် ဖိနပ်လေးကိုင်တာနဲ့တော့ ငရဲကြီး



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ မဖြစ်နိုင်ပါဘူးနော်''

ကျွန်မ ဘယ်လိုတောင်းတောင်း မရတာမို့ နောက်ဆုံးတော့ စိတ်လျှော့လျက် သူ့ဘေးကနေသော နှုတ်ဆိတ်စွာ လိုက်လာခဲ့ရတော့သည်။

အရင်ဆုံး သူ့အမေရဲ့မွေးနေ့ထောင့်မှာ ပန်းရေချမ်းဆီမီးကပ်သည်။ နောက်တော့ လူအနည်းငယ်ရှင်းသွားသော နေရာလေးမှာ နှစ်ဦးသားကျကျနန ထိုင်လိုက်ပြီး ဘုရားရှိခိုးကြ၏။ သူ ဘုရားဆုတောင်းတာ ကျွန်မထက်ကြာသောကြောင့် ငါးမိနစ်လောက် ကျွန်မ ထိုင်စောင့်နေလိုက်ရသေးသည်။

''ဘာတွေများ ဒီလောက်ဆုတောင်းနေတာလဲ ကိုဘုန်းရင့်ရဲ့''

''ကို့မေမေ ကောင်းရာရောက်ဖို့ကတော့ အဓိကပေါ့ဗျာ၊ ပြီးတော့ ကိုယ့်စိတ်အေးချမ်းအောင် ကိုယ်ချစ်တဲ့သူနဲ့ တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင် နေနိုင်အောင်''

သူက ကျွန်မကို ကြည်ကြည်နူးနူးလေး ပြောလိုက်သော စကားသံကြောင့် ခေါင်းလေးကိုငုံ့ထားလိုက်မိသည်။ ခုချိန်မှာတော့ သူ့ဆုတောင်းတွေကို ကျွန်မပါရမီဖြည့်ပေးဖို့ မဖြစ်နိုင်သေးပါ။ ကျွန်မ ရင်ထဲမှာရှိနေသူက မာန်ပဲမဟုတ်လား။

ဘယ်လောက်အချိန်ကြာကြာ စောင့်ပါမယ်လို့ ပြောထားသော်လည်း ကျွန်မ အသက်သေဆုံးချိန်ထိ ချစ်မိသွားမယ့်သူဟာ မာန်သာဖြစ်သည်။ ဒါက ကိုယ့်ဘာသာ သေချာသိနေခဲ့သော အမှန်တရားတစ်ခု





အားနာမိပါရဲ့ ကိုဘုန်းရင့်ရယ်။

ဘုရားဂေါပကရုံးခန်းထဲဝင်ကာ သူ့မေမေအတွက်ရည်စူးပြီး ငါးသိန်းလှူသည်။ အလှူရှင်နာမည်မှာ ကျွန်မနာမည်ကို ဘယ်တုန်းက ထည့်သွင်းရေးလိုက်သည်မသိ မိုက်ခရိုဖုန်းကနေတစ်ဆင့် ကိုယ့်နာမည်နဲ့ သူ့နာမည်တွဲလျက်ကြီး ကျယ်လောင်စွာ ထွက်ပေါ်လာမှ မျက်လုံးလေး ပြူးသွားရသည်။

''ကိုဘုန်းရင့်မြတ်နဲ့မနှင်းမြူမြူတို့က မိခင်ဖြစ်သူ ဒေါ်ချယ်ရီ ဝေ့သွားအတွက် ရည်စူးကာ နာဝကမ္မအလှူငွေ ကျပ် ငါးသိန်းတိတိကို လှူဒါန်းပါတယ်ခင်ဗျာ''

ကျွန်မ ရှက်ရွံ့စွာနှင့်ပင် ဘာတွေဆက်ကြေညာနေလဲဆိုတာ မကြားနိုင်လောက်အောင် ထူပူသွားမိ၏။

''ကို့ကို စိတ်ဆိုးသွားလားဟင်''

''စိတ်ဆိုးတယ်တော့ မဟုတ်ပေမယ့် ကျွန်မကိုတိုင်ပင်သင့်တာပေါ့''

''ဒီဘဝမှာ မဟုတ်တောင် နောင်ဘဝတွေမှာ ရေစက်ဆုံချင်လို့ပါဗျာ၊ စိတ်မဆိုးဘူးဆိုပေမယ့် ကိုက တောင်းပန်ပါတယ် ဟင်''

ကိုဘုန်းရင့်က စကားအဆုံးမှာ အာမေဋိတ်သံလေး လွှတ်ခနဲ ထွက်သွားပြီး တစ်နေရာသို့ လှမ်းငေးကြည့်နေသည်မို့ ကျွန်မလည်း လိုက်ကြည့်လိုက်မိသည်။

''ဟင် မာန်''



www.burmeseclassic.com

www.burmeseclassic.com



မာန်နဲ့ရွှေမိုးညို။

သူတို့နှစ်ဦးကလည်း ကျွန်မတို့နှစ်ယောက်ကို မြင်သည့်ပုံပါပဲ။ လေးယောက်သား မျက်နှာချင်းဆိုင် ဆုံမိကြတော့ ရွှေမိုးညိုက စတင်နှုတ်ဆက်လာခဲ့တာ ဖြစ်သည်။

"မမတို့ ဘုရားလာကြတာလား"

ဘုန်းရင့်မြတ်ကိုလည်း ရွှေမိုးညို သိမှာဖြစ်ပေမယ့် မနှုတ်ဆက်ရဲမှန်း ကျွန်မ ရိပ်မိပါသည်။ ဘယ်လိုပဲပြောပြော ကိုဘုန်းရင့်ကလည်း သူ့ရဲ့အလုပ်ရှင်သူဌေးပဲ မဟုတ်လား။

"ဟုတ်တယ် ရွှေမိုးညို၊ မင်းတို့ရော ဘုရားရှိခိုးပြီးကြပြီလား"

"ပြီးပြီ မမ၊ ခုပဲ လော်စပီကာက ကြေညာသံကြားလို့ မမတို့ပဲ ဖြစ်ရမယ်လို့ ကိုကို့ ပြောနေသေးတာလေ"

"သြော် အင်း ဟုတ်တယ်"

ကျွန်မ နည်းနည်းတော့ အိုးတိုးအမ်းတမ်း ဖြစ်သွားရသည်။ မာန်က ခုချိန်ထိ ကျွန်မကို စကားတစ်ခွန်းမှမပြောပါ။ ဘုန်းရင့်မြတ်ကတော့ ကျွန်မနှင့်မာန်တို့နှစ်ယောက် အခြေအနေကို အကဲခတ်ကြည့်နေပုံပါပဲ။

"ကိုယ်တို့လည်း မနက်စာစားမလို့ လုပ်နေတာ၊ ဒီကနှစ်ယောက်လည်း တူတူလိုက်ခဲ့ဖို့ ဖိတ်ပါတယ်"

"ကျွန်တော်တို့ မလိုက်တော့ပါဘူး"

တစ်ချိန်လုံး ငြိမ်နေသော မာန့်ထံမှ ထွက်လာတော့လည်း





ခပ်ပြတ်ပြတ်ငြင်းဆန်သံ။ ရွှေမိုးညို မျက်နှာလေး ပျက်သွား၏။ ဘုန်းရင့်မြတ်ရော ကျွန်မရောက သူ့အလုပ်ရှင်တွေမို့ မာန့်လေသံ မာဆတ်ဆတ်ကို သူမ မနှစ်သက်ဟန်။ ပြီးတော့ ငြင်းဆန်လိုက်သည့်အတွက်လည်း အားနာသွားဟန်။

"လိုက်ခဲ့ပါ မာန်၊ ငါလည်း နင်တို့နဲ့စုံပြီး တစ်ခုခုစားချင်နေတာ ကြာပြီ"

"ဟုတ်ပါတယ်ဗျာ ကျွန်တော်က နှင်းမြူမြူရဲ့သူငယ်ချင်းဆိုကတည်းက ခင်မင်ချင်နေတာပါ"

ဘုန်းရင့်မြတ် ပြောလိုက်သော အဲဒီစကားမှာ ဘာအရောင်တွေ ပါဝင်နေလဲဆိုတာတော့ ကျွန်မ မခန့်မှန်းနိုင်ပါ။ သူက ကျွန်မနဲ့မာန်ကို တစ်မျိုးတစ်မည် တွေးထင်နေခဲ့ဖူးသည် မဟုတ်လား။

"ကိုရယ် လိုက်သွားလိုက်ရအောင်ပါနော်"

ရွှေမိုးညိုက တိုးတိုးလေး ကပ်ပြောလိုက်တော့မှ သုံးယောက်လုံးရဲ့အင်အားကို မငြင်းဆန်နိုင်တော့ဟန်နှင့် မာန် ခေါင်းညိတ်လက်ခံလိုက်၏။

"ဘယ်ဆိုင်သွားမလဲဆိုတာ ပြောပါ၊ ကျွန်တော်တို့နှစ်ယောက် နောက်ကနေ ကားငှားပြီး လိုက်ခဲ့ပါ့မယ်"

"ဟာ မဟုတ်တာဗျာ အားလုံး ကျွန်တော့်ကားနဲ့ပဲ လိုက်ခဲ့ကြပါ၊ သက်သက်ဒုက္ခရှာစရာ မလိုပါဘူး"

"ဟုတ်သားပဲ မာန်ကလည်း ဘာဖြစ်လို့ ခွဲသွားနေမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကားမဆန့်တာလည်း မဟုတ်ဘဲနဲ့''

ဒီတစ်ခါလည်း မာန် မငြင်းဆန်နိုင်တော့ပြန်ပါ။

ကျွန်မတို့နှစ်ယောက်နှင့် ကားတစ်စီးတည်း လိုက်လာရသည်မို့ ရွှေမိုးညိုကတော့ အနည်းငယ် စိတ်ကျဉ်းကျပ်နေသည့်ပုံမျိုးပါပဲ။ သူ့အလုပ်ရှင်သူဌေးတွေဆိုသောအသိက သူမကိုလွှမ်းမိုးမှုတော့ ရှိနေမှာပဲ မဟုတ်လား။

ဘုန်းရင့်မြတ်က မြန်မာစားသောက်ဖွယ်ရာများ စုံလင်စွာရသည့် ဆိုင်ကြီးတစ်ဆိုင်ရှေ့တွင် ကားပါကင်ထိုးလိုက်၏။ နေ့လယ်စာစားချိန်ပင် ရောက်နေပြီမို့ ဆိုင်ထဲမှာ စားသုံးသူတွေနှင့် ပြည့်ကျပ်နေသည်။ ဒီဆိုင်က မြန်မာထမင်းဟင်းတွေ စားလို့ကောင်းပြီး အရသာရှိတာမို့ နာမည်ကြီး၏။ စားသုံးသူတစ်ဝက်လောက်က နိုင်ငံခြားသားတွေနှင့်ပြည့်နှက်နေတတ်တာလည်း ဒီဆိုင်ရဲ့ထုံးစံပါပဲ။

ဆိုင်ထဲမှာ ဝိုင်းပြည့်နေပြီမို့ ဆိုင်အပြင်ဘက်တွင် အမိုးဝိုင်းကြီးများဖြင့် မွမ်းမံထားသည့် ခုံပုလေးများတွင်သာ ကျွန်မတို့နေရာယူလိုက်သည်။

''ကလေးဂ. ကို လာမှ နိုးတာဆိုတော့ မနက်စာတောင် မစားရသေးဘူး မဟုတ်လား၊ ကိုလည်း ကလေးနဲ့အတူစားမယ်ဆိုပြီး လုပ်ထားတာ၊ ခုတော့ မတူတော့ပါဘူး နေ့လယ်စာနဲ့ပေါင်းစားရတော့မှာပဲ၊ အားလုံးပဲ ကျွန်တော့်ကို အားမနာနဲ့နော်၊ စိတ်ကြိုက်မှာလို့ရပါတယ်''

ဘုန်းရင့်မြတ်က မာန်နဲ့ရွှေမိုးညိုတို့ရှေ့မှာ ကလေးတွေဘော





ကိုတွေရော လုပ်နေတာမို့ ကျွန်မ မျက်နှာပူနေမိတာတော့ အမှန်။ သူကတော့ အသားကျစွာခေါ်နေတာဆိုပေမယ့် ခုမှ ကြားဖူးသူအတွက်တော့ တစ်မျိုးတစ်မည် ထင်သွားနိုင်သည်လေ။

အထူးသဖြင့် မာန်က ကျွန်မကိုအထင်လွဲမှာမျိုး လုံးဝမလိုလားပါ။

ကိုဘုန်းရင့်က ဟင်းပွဲတွေကို အမျိုးအမည်ပေါင်း မြောက်မြားစွာမှာယူနေတာမို့ ကျွန်မက ဝင်ရောက်တားဆီးရပြန်သည်။ သူမှာယူနေတာ ဟင်းပွဲကြီးပဲ ရှစ်မျိုးလောက် ဖြစ်နေပြီ။ ဒါတောင်အရံပွဲလေးတွေ မပါသေး။ 'ကျွန်တော်က မိတ်ဖြစ်ဆွေဖြစ် စားစေချင်လို့ပါဗျာ' တဲ့။

သူကတော့ စိတ်ရင်းအမှန်နဲ့ပြုစုနေတာဆိုပေမယ့် မာန့်စိတ်ထဲမှာ သူ့ကိုခေါ်ပြီး ကြွားသလို လုပ်ပြတယ်လို့ ထင်သွားမှာကို ကျွန်မ တွေးပူနေမိသည်။

ထမင်းစားသောက်နေချိန်မှာတော့ ကျွန်မတို့လေးယောက်လုံး ဆိတ်တိတ်ဆိတ်ဆိတ်ပင်။ အချိုပွဲအဖြစ် ကိုဘုန်းရင့်က မြန်မာသွားရည်အမှုန့်လေးတွေ မှာယူပြန်သည်။ သူ့စိတ်ကြိုက်တွေ လုပ်နေတာမို့ ကျွန်မတို့အားလုံး ဘာမှဝင်မပြောနိုင်တော့ဘဲ လွှတ်ပေးထားရ၏။

''ကျွန်မကတော့ ဒီနေ့ ဗိုက်တင်းအောင် စားလိုက်မိပြီ ကိုဘုန်းရင့်ရေ၊ အဲဒီ သွားရည်စာတွေကို ဆက်မစားနိုင်တော့ဘူးရှင့်''

''ဘာမှလည်း သိပ်မစားဘဲနဲ့ ဘယ်လိုဖြစ်လို့ ဗိုက်တင်းအောင် စားတယ်လို့ ပြောနေတာတုန်း ကလေးရဲ့၊ ထန်းသီးမုန့်လေးက ဆိမ့်ဆိမ့် လေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



သိပ်စားကောင်းတာပဲ၊ နည်းနည်းဖြစ်ဖြစ် စားကြည့်ပါဦး၊ ကို မာန်တို့လည်း စားကြနော် အားမနာနဲ့''

ဘုန်းရင့်မြတ်က ရွှန်းရွှန်းဝေအောင် ညှော်ဝတ်ပြုနေသလောက် မာန်ကတော့ ရှုတည်တည်ကြီးလုပ်နေသည်။ မာန်ဟာလေ အမြဲတမ်း အဲဒီလိုပဲ ကိုဘုန်းရင့်ကိုတွေ့ရင် သူ့မျက်နှာက ရှစ်ခေါက်ချိုးသွားပြီး မှုန်ကုပ်နေတော့တာ။ တကယ့်ကလေးဆိုးကြီးလိုပဲ။

ဟိုတစ်ရက်တုန်းကတော့ လက်ဖက်ရည်ဆိုင်လေးနားမှာ ဘုန်းရင့်မြတ် ကောင်းကြောင်းတွေ ပြောနေခဲ့သူက ခုလို မျက်နှာချင်းဆိုင် တွေ့တော့လည်း ခပ်တည်တည်ကြီးနှင့်။

''ဟဲလို ဘိုးဘိုး ပြောလေ''

မာန့်မျက်နှာကို အကဲခတ်နေရတာနဲ့ ဘုန်းရင့်မြတ်ဖုန်းသံလေး မြည်လာတာကိုတောင် သေးချင်းကပ်နေပြီး ကျွန်မ မကြားမိသည့်အဖြစ်။

''အရေးကြီးကိစ္စ ဟုတ်လား၊ အလုပ်ကိစ္စလား ဘိုးဘိုး''

''. . .''

''ကောင်းပါပြီ ဘိုးဘိုး၊ ကျွန်တော် ခုပဲ ပြန်လာခဲ့ပါ့မယ်''

ဖုန်းလေးချပြီးသည်နှင့် ကျွန်မမျက်နှာကို သူ အရင်ဆုံး လှမ်း ကြည့်၏။ သူ့မျက်နှာမှာ အထင်းသားပေါ်လွင်နေတာ ဘယ်လိုအစိုး တွေပါလိမ့်။ သူ့ဘိုးဘိုးက သူ့ကိုကိစ္စတစ်ခုကြောင့် အရေးတကြီး ပြန် ခေါ်လိုက်ပုံပင်။

''ကိုကို ဘိုးဘိုးက အရေးကြီးကိစ္စရှိလို့တဲ့၊ အမြန်ပြန်လာခိုင်း





နေတယ် ကလေး''

''အရေးကြီးကိစ္စရှိတယ်ဆိုရင် ပြန်မှဖြစ်မှာပေါ့ ကိုဘုန်းရင့်ရဲ့''

''ကလေးကို အိမ်ထိပြန်လိုက်ပို့ပေးဖို့ ဘွားကို ကို ကတိပေး ခဲ့တာလေ၊ ကားတောင် ယူမလာခိုင်းခဲ့ဘူး''

''ကျွန်တော်တို့ ရှိတာပဲ၊ ကိုဘုန်းရင့်မြတ် အရေးကြီးရင်သွား ပါ''

မာန်က ဝင်ပြောလိုက်တော့မှ သူ့မျက်လုံးတွေက အားကိုး တကြီးနှင့် မာန့်ဘက်ရောက်သွားပြီး

''ဖြစ်ပါ့မလားဟင် ကိုမာန်တို့ရဲ့အချိန်တွေကို ကျွန်တော့်ကြောင့် အနှောင့်အယှက်ဖြစ်သွားသလား မသိဘူး''

''မဟုတ်တာပဲဗျာ မြူက ကျွန်တော့်သူငယ်ချင်းပါဗျ''

''ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါဆို ကျွန်တော်ကိုခွင့်ပြုပါဦးနော်၊ ကလေး ကို သွားလိုက်ဦးမယ်၊ နောက်မှ ဖုန်းဆက်လိုက်မယ်နော်''

ကောင်တာကိုဝင် ပိုက်ဆံရှင်းပြီးမှ သူ ထွက်သွားတာ တွေ့ လိုက်ရ၏။

''ငါ့ကြောင့် နင်တို့အနှောင့်အယှက်ဖြစ်သွားပြီနော်၊ နင်တို့ သွားစရာရှိတာ သွားကြပါ၊ ငါဟာငါ ကားငှားပြီး ပြန်လိုက်ပါ့မယ်''

''ငါတို့ ဘယ်မှသွားစရာ မရှိပါဘူး''

''ဟုတ်တယ် မမ၊ ဒီနေ့ ညီမကလည်း စောစောပြန်ရမှာ၊ ဒီက မေမေတို့ ဘုရားဖူးသွားမှာမို့ ထည့်ပေးစရာရှိတာလေးတွေ စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



ရဦးမှာလေ''

ရွှေမိုးညိုက ရယ်ရယ်မောမောနှင့် ပြော၏။ ဒီမိန်းကလေးဟာ သူမအပေါ်မှာ ကျွန်မ မနာလိုဝန်တိုစိတ်တွေ ကြီးမားစွာ ဖြစ်ပေါ်နေတာကို နည်းနည်းလေးတောင် မရိပ်မိ မသိရှိပုံနှင့် အလွန်ရိုးသားစွာ ဆက်ဆံနေတာမှန်း အချိန်တွေ ကြာလာတော့မှ ကျွန်မ သတိထားမိလာခဲ့သည်။

အဲဒီမိန်းကလေးအပေါ်မှာ ကျွန်မက မကောင်းကြံရန်ဆိုသည့် ရည်ရွယ်ချက်နှင့် ကျွန်မလက်အောက်တွင် အလုပ်ဝင်စေခဲ့သည်။ ထိုရည်ရွယ်ချက်ကြောင့်ပဲ ကုမ္ပဏီအုပ်ချုပ်ခွင့်ကိုလည်း ကျွန်မ ရည်မှန်းထားသည့်အချိန်ထက် စောစီးစွာ လွှဲပြောင်းယူဖြစ်ခဲ့ခြင်းဖြစ်၏။

ဆိုင်ထဲက ထွက်လာကြပြီး မာန်က ရွှေမိုးညိုကို ကားငှားတင်ပေးလိုက်ရန် ပြင်၏။ ရွှေမိုးညိုကလည်း ဘာမှစောဒကမတက်ဘဲ မာန့်စကားကို လိုက်နာသည်ပင်။

''လိုက်ပို့ပေးလိုက်ပါလား မာန်ရယ်''

''အမယ်လေး မမရေ မမသူငယ်ချင်းက ဘယ်တော့မှ အိမ်တိုင်ရာရောက် လိုက်ပို့တာမဟုတ်ဘူး၊ ဒီတိုင်းပဲ ကားငှားပေးရင်ပေး မပေးရင် လိုင်းကားဂိတ်ထိပဲ လိုက်ပို့တာ''

ရွှေမိုးညိုက ဒါကို ဘာမှမခံစားရသလိုမျိုး ပြုံးပြုံးရယ်ရယ်ပဲ ပြောနေပြန်သည်။ ဒီမိန်းကလေးရဲ့ရင်ထဲမှာရော မာန်က ဘယ်အခြေအနေ အတိုင်းအတာထိ နေရာယူထားတာလဲ၊ လက်ထပ်ဖို့ထိ လေးနက်စွာ ရည်ရွယ်ထားပြီးပြီလား။





တစ်ခါမှ မစဉ်းစားဖူးသော ရွှေမိုးညိုဘက်က ခံစားချက်ကို ကျွန်မ ပထမဆုံးအကြိမ် တွေးမိသွား၏။

''မမ သွားတော့မယ်နော်''

ကားပေါ်တောင် ရောက်နေပြီဖြစ်သော ရွှေမိုးညိုက ကျွန်မကို လက်ပြနှုတ်ဆက်နေသောကြောင့် အပြုံးလေးဖြင့် တုန့်ပြန်လိုက်ရသည်။

ကျွန်မတို့နှစ်ယောက်တည်း ကျန်ခဲ့တော့မှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အူကြောင်ကြောင်ရပ်နေမိကြသေး၏။

''နင်ပြန်တော့မှာလား''

ကျွန်မ မပြန်ချင်သေးကြောင်း ဘယ်လိုပြောရမလဲ။ မပြန်ချင်သေးတဲ့အကြောင်းပြချက်ကလည်း နင်နဲ့အတူရှိနေချင်တာမို့လို့ပါလို့ ဘယ်လိုပြောပြရမလဲ။

''နင်ရော ပြန်တော့မှာလား''

''ငါမေးတာကို ဖြေစမ်းပါ၊ နင့်ကိုငါ ဘယ်လိုက်ပို့ရမှာလဲ၊ အဲဒါကို အရင်ပို့ပေးမှာမို့လို့ မေးနေတာ''

''ဘယ်သွားရင်ကောင်းမလဲဆိုတာ မစဉ်းစားရသေးဘူး''

''နင်က အိမ်ပြန်မှာမဟုတ်ဘူးလား''

''အမှန်အတိုင်းပြောရရင် အိမ်မပြန်ချင်သေးဘူး၊ နင်လည်း ရှိနေတုန်း ဒီလိုပိတ်ရက်လေးမှာ ဟိုဟိုဒီဒီ လျှောက်သွားချင်တယ်''

''အောင်မာ နင်သဝေထိုးတိုင်း လိုက်ပို့ရအောင် ငါက သိပ်အားနေတာ မဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်းဟာ နင်ပဲ ကိုဘုန်းရင့်ကို ကတိပေးလိုက်ပြီးတော့ ငါ့ကို သေချာစောင့်ရှောက်ပါ့မယ်ဆိုပြီးတော့လေ"

"ဪ် နင့်လူကို ကတိပေးလိုက်တယ်ဆိုပြီး ငါ့ကို အကျပ်ကိုင်နေတာလား"

"ငါ့လူမဟုတ်ပါဘူး မာန်ရယ်"

"ဟွန့် နင့်လူမဟုတ်လို့ဘဲ ဘယ်မှာဖြစ်ဖြစ် နင်တို့နှစ်ယောက်ကို တတွဲတွဲတွေ့နေရတာ၊ အခေါ်အဝေါ်လေးတွေကအစ နူးညံ့ညင်သာနေတာပဲလေ၊ ဒီဘဝတောင် မဟုတ်ဘူး၊ နောင်ဘဝထိပါ ရေစက်ဆုံဖို့ အလှူတောင် အတူတူလုပခဲ့ကြပြီးပြီပဲ ဒါတောင် နင့်လူမဟုတ်သေးဘူးလား"

မာန့်အသံက နောက်ပြောင်သရော်နေသလိုမို့ ကျွန်မရင်ထဲ မကောင်းဖြစ်သွားမိ၏။ ငါ့ရင်ထဲက နှစ်နှစ်ကာကာ ချစ်ခင်ရသူဟာ မာန်ဆိုတဲ့ နင်တစ်ယောက်တည်းပါလို့ ငါ ဘယ်လိုအင်အားတွေနဲ့ ဖွင့်ပြောရမှာလဲ။

ငါက မိန်းကလေးတစ်ယောက်ပါ။ နင်နည်းနည်းလောက် ရိပ်မိဖို့ ကောင်းတယ် မာန်ရယ်။

"ငါ နင့်ကိုဘယ်လိုရှင်းပြရမလဲဟာ၊ ကိုဘုန်းရင့်က ငါ့ကို [illegible] ပရိုပိုဇ်လုပ်ထားတာတော့ ဟုတ်တယ်၊ ငါ့ဘက်က ဘာမှကို မဖြေရသေးဘူး"

မာန့်မျက်လုံးတွေ မှုန်မှိုင်းရီဝေသွားတာ ကျွန်မ သတိထား





လိုက်မိ၏။

"နင်က စဉ်းစားနေပြီပေါ့"

"ဆိုပါတော့"

အဲဒီအဖြေစကားကိုတော့ မာန့်ကိုအမြင်ကပ်ကပ်နှင့် ကျွန်မပြောလိုက်မိတာ ဖြစ်သည်။ ဒီလောက် ရှင်းပြနေတာကိုတောင် လက်မခံနိုင်ဘဲ သူထင်တာတွေပဲ စွတ်ပြောနေခြင်းကို ထပ်ကာထပ်ကာ ရှင်းမနေချင်တော့။

"နင်တို့နှစ်ယောက်က လိုက်ဖက်ပါတယ်၊ ဘယ်ဘက်က ကြည့်ကြည့်ပေါ့၊ နင်ရွေးချယ်သင့်တဲ့လူမျိုးပါပဲ"

ဒါက မာန့်စိတ်ရင်းအမှန်လား။ ဘာလို့များ ကျွန်မနှင့်တွေ့တိုင်း ကိုဘုန်းရင့်အကြောင်းကိုပဲ အရေးတယူလုပ် ပြောနေတာလဲဆိုတာ နားမလည်နိုင်တော့။ တကယ်ဆို ကျွန်မ ခံစားချက်တွေကို သူနားလည်သင့်ပါသည်။

"ငါ ဘယ်သွားရင် ကောင်းမလဲဟင်၊ အိမ်လည်း တကယ်ပြန်ချင်သေးဘူး"

"ဒီနေ့က လပြည့်နေ့ဆိုတော့ ဘယ်မှာမဆို လူတွေပြည့်နေမှာ[illegible]"

"ဟုတ်ပြီ ငါ အကြံရပြီ၊ ငါ့ဟိုတယ်မှာ ဖွင့်ထားတဲ့ ကာရာအိုအခန်းမှာ သီချင်းသွားဆိုကြမလား"

"နင့်ကို မှတ်မိနေကြမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှိုးရှိုးဝန်ထမ်းလေးတွေက ငါ့ကိုမသိကြပါဘူးဟ၊ လုပ်ထား တာဆိုတော့ အဲဒီမှာ တော်တော် အဆင်ပြေတယ်၊ ငါ ဘိုကင်လှမ်းလုပ် လိုက်မယ်၊ ဒီနေ့က ပိတ်ရက်ဆိုတော့ သွားပြီးမှ အခန်းမရတော့ရင် အလဟဿ ပင်ပန်းတယ်"

ချက်ချင်းပင် ဖုန်းထုတ်ကာ ကြိုတင်ခန်းယူလိုက်၏။

"ဒီနဲ့နည်းနည်းဝေးတယ်ဆိုတော့ ငါတို့ ကားငှားသွားကြတာ ပေါ့၊ ဒါနဲ့ နင်တခြားသွားစရာ မရှိပါဘူးနော် မာန်"

"နင်ပြောချင်တာတွေ လုပ်ချင်တာတွေလုပ်ပြီးမှ ငါ့ကို မေးခွန်းလာမေးနေရသေးလား"

ဒီလောက်ဆိုရင် ကျွန်မကို မာန် လိုက်လျောဖို့ ဆုံးဖြတ်ပြီး ပဲပေါ့။ ဝမ်းသာပျော်ရွှင်စွာနှင့်ပင် အငှားကားလေးကို လက်ပြတားလိုက် မိတော့၏။

■ ■ ■

## အခန်း (၁၂)

ငါးသံပုရာပေါင်းရယ်၊ ပဲကြာဇံအဏ္ဏဝါသုပ်ရယ်၊ ပုစွန်အစိမ်း သုပ်ရယ်၊ ပြည်ကြီးငါးကင်ရယ် စားပွဲပေါ်မှာ ပြည့်နှက်သွားတော့မှ ကျွန်မ စိတ်ကျေနပ်သွားသည်။

"စားနော် မာန်၊ နင်က ပင်လယ်စာကြိုက်တတ်မှန်းသိလို့ ငါ မှာပေးထားတာ"

"အာ မြှုရယ် ဒီလောက်အများကြီးလား၊ ခုပဲ ဟိုမှာလည်း ထမင်းတွေစားလာသေးတာကို"

"အပိုတွေ မပြောစမ်းပါနဲ့ မာန်ရာ၊ နင်ဘာမှသိပ်မစားတာ ငါ သတိထားမိပါတယ်၊ ငါလည်း ခုနက ရင်ခံနေသလိုလိုမို့ ကောင်း ကောင်းတောင် မစားခဲ့ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘုန်းရင့်ကို ပြောတော့ဖြင့် သွားရည်စာတောင် မစားနိုင်လောက်အောင် နင့်ဗိုက်တွေ တင်းနေပြီဆို"

"ဩော် နင် ကိုဘုန်းရင့်ကို ငါပြောတဲ့စကားမှန်သမျှ တကယ်အဟုတ်ကြီးတွေ ထင်နေတာကိုး၊ ဘွားကလည်း သဘောကျတယ်၊ လုပ်ငန်းကိုလည်း ကျွမ်းကျင်ချက်က လုံးဝကို ငါ့ရဲ့ဆရာ့ဆရာကြီးအနေအထားမျိုး။ လေးလေးစားစားနဲ့ ဆက်ဆံရမယ်လို့ ဘွားက သူနဲ့မိတ်ဆက်ပေးတည်းက ငါ့ကိုသေချာမှာထားတာ၊ ငါ့အနေအထားက အားလုံးဆီက ပညာပြန်ယူနေရတာလေ၊ တခြားစီးပွားဖက်တွေရှေ့မှာဆို ဟိတ်ဟန်ကြီးနဲ့ နေရပေမယ့် သူ့ရှေ့မှာတော့ အဲဒါမျိုးတွေ မလိုအပ်ဘူး၊ အမှန်အတိုင်း ဝန်ခံရရင် အစ်ကိုကြီးတစ်ယောက်လိုတော့ သူ့ကိုငါ သံယောဇဉ်ရှိပါတယ်"

အမှန်တရားတွေကို ဝန်ခံလိုက်ရတာမို့ ရင်ထဲမှာ တော်တော်ပေါ့ပါးသွားသည်။ မာန် ယုံ မယုံမသိပေမယ့် သေချာဂရုတစိုက်နားထောင်ပေးနေတာကိုပဲ ကျွန်မမှာကျေးဇူးတင်ရသေး၏။

"အခု နင်ပြောတာတွေ နားထောင်ရသလောက် ပြီးတော့ ငါမြင်နေရသလောက်တော့ နင့်လူက တော်တော်အဆင်ပြေပါတယ်၊ ငါကတော့ နင်နဲ့သဘောတူတယ်"

ဒီစကားကို ပြောထွက်လိုက်တာ နင်ကတော့ တကယ့်ကို ပေါ့ပေါ့လေးပဲနော်း ငါ့မှာတော့ အဲဒီစကားကိုကြားရတာ ရင်နဲ့မဆံ့အောင် နာကျင်မိတယ်။





"တော်ပြီ နင့်ကိုမပြောချင်တော့ဘူး။ စွတ်သဘောတူနေတော့တာပဲ အဟွန်း"

နှုတ်ခမ်းကို မဲ့ရွဲ့ကာ ကျွန်မ ဆိုမိသည်မို့ မာန်က တစ်ခွန်းတော့ ပြန်ပြောပါ၏။ 'လှလည်း မလှဘူး'တဲ့လေ။

မိုက်ခရိုဖုန်းကို ကောက်ကိုင်ကာ ပထမဆုံး ချစ်သုဝေရဲ့ အဖြူရောင်လေးကို ဆိုလိုက်သည်။ ပြီးတော့ ဝိုင်းစုခိုင်သိန်းရဲ့ ချစ်ခဲ့တာလားရှုးခဲ့တာလား။

"နင်ရော မဆိုဘူးလား"

"ငါ ဆိုချင်လို့လာတာမှ မဟုတ်တာ၊ နင်ဆိုချင်လို့ လာတာပဲ၊ စိတ်ကြိုက်ဆို ဟုတ်ပြီလား၊ ငါကတော့ နင်မှာပေးထားတာလေးတွေ ထိုင်စားပြီးနားထောင်မယ်လေ"

ဒီလိုဆိုတော့လည်း ဟိုးအရင်က ကျွန်မသူငယ်ချင်းလေးအတိုင်းပါပဲလား။ အလွန်ချစ်ဖို့ကောင်းတဲ့ သူငယ်ချင်းလေးလေ။

မိုက်ခရိုဖုန်းကို ပြန်ကောက်ယူလိုက်ပြီး ဆိုမိတာက ချမ်းချမ်းရဲ့ သို့နိုင်လွန်းတဲ့ ကျွန်မချစ်သူ။

ကြည်ပြာရီဝေသော အကြည့်နဲ့ညို့တဲ့သူ ကျွန်မရဲ့ကြင်နာသူ xx သူ့အကြည့် ဘဝင်မှာဆူ xx ရင်ခွာလွှာကိုပူ အသွေးအသားတွေဆူလို့ x x အသည်းထဲပေါက်အောင်ကြည့်တဲ့ ကျွန်မချစ်သူ x x ကြည်ပြာရီဝေသော အကြည့်နဲ့ညို့တဲ့သူ သူဟာ ကျွန်မရဲ့ကြင်နာသူ။

သီချင်းစာသားတွေကို ပါးစပ်က အလိုအလျောက် ရွတ်နေမိ



www.burmeseclassic.com

www.burmeseclassic.com



ရင်း မျက်လုံးများကို မှိတ်ထားလိုက်မိသည်။ မာန့်ရဲ့ရှုးရှနက်နဲသော အကြည့်မျိုးစုံတို့က မှိတ်ထားသော မျက်ဝန်းများထဲမှာ အစီအရီ။ နင့်ရဲ့ အကြည့်တွေကြောင့် ငါ ဘယ်လောက်ရူးသွပ်ခဲ့ရတယ်ဆိုတာ နင်ကတော့ မသိနိုင်ပါလား မာန်ရယ်။

သာယာချိုမြိန်သော အနမ်းနဲ့ညှို့တဲ့သူ ကျွန်မရဲ့ကြင်နာသူ xx အနမ်းလေး ဘဝင်မှာဆူ xx ရင်ခွင်လှောကိုပူ အသွေးအသားတွေ ဆူလို့ xx အသည်းလေးပေါက်အောင်နမ်းတဲ့ ကျွန်မချစ်သူ xx သာယာချိုမြိန်သော အနမ်းနဲ့ညှို့တဲ့သူ သူဟာ ကျွန်မရဲ့ကြင်နာသူ။

အသံတွေ တုန်ယင်လှိုက်မောလာသည်ထိ ကျွန်မ နှလုံးသားကို ပြုစားနိုင်သော စာသားလေးပါပဲ။ မာန်ကရော ကျွန်မတို့နှစ်ယောက်ရဲ့ အဲဒီအနမ်းနွေ့စွဲလေးကို မေ့ဖျောက်ပစ်လိုက်ပြီတဲ့လား။ အဲဒီစွဲမက်ဖွယ်နူးညံ့တဲ့ နှုတ်ခမ်းလေးတွေကို တစ်သက်လုံးပိုင်ဆိုင်ခွင့်မရမှာ ကျွန်မ သိပ်ကြောက်မိပါသည်။

ထာဝစဉ် တည်ငြိမ်သော အချစ်နဲ့ညှို့တဲ့သူ ကျွန်မရဲ့ ကြင်နာသူ xx ။

ကျွန်မ ဆက်ဆိုနိုင်ဖို့ အင်အားမဲ့စွာပင် မိုက်ကိုဖယ်ခွာလျက် အသက်ကိုပြင်းပြင်းရှူသွင်းလိုက်သည်။ မာန်ရဲ့အကြည့်တွေ အနမ်းတွေက ကျွန်မအတွေးတစ်ခုလုံးမှ တိုးဝှေ့ဝင်ရောက်လာတာမို့ သီချင်းဆက်ဆိုနိုင်ရန်တောင် ခက်ခဲလွန်းသွားသည်။

တစ်ဝက်တစ်ပျက် ဆက်မဆိုတော့သော ကျွန်မကို မာန် နာ





မလည်သလို ငေးကြည့်နေ၏။ သီချင်းသံစဉ်လေးကတော့ အေးစိမ့်ပြာလဲ့သော အခန်းထဲမှာ ပျံ့နှံ့ဝဲပျံနေသည်။

"မောသွားပြီလား မြူ"

"အေး ဟုတ်တယ်"

"ဒါဆို အမောပြေ ရေသောက် နင့်ပင်လယ်စာတွေစား ဟုတ်ပြီလား။ နည်းနည်းပါးပါး နားပြီးမှ ဆိုပါဟာ၊ နင့်ကြည့်ရတာ တကယ့်နိုက်ခဲပဲ၊ လုမယ့်သူလည်း မရှိတဲ့ သူတစ်ယောက်တည်း အသည်းအသန်ဖြစ်နေတယ်"

မာန်က အပြစ်တင်သလိုဆိုရင်း ကျွန်မအတွက် ရေတစ်ခွက်ငှဲ့ထည့်ပေးသည်။ သူ ကမ်းပေးသော ဖန်ခွက်ရှည်ထဲမှ ရေအားလုံးကို တစ်ကျိုက်တည်းနှင့် ကုန်စင်အောင် သောက်ပစ်လိုက်၏။ နောက်တော့ ပဲကြာဖံသုပ်ထဲမှ ရေဘဝဲလက်အပိုင်းလေးကို တူနှင့်ညှပ်ယူစားလိုက်သည်။

"အထက်တန်းကျောင်းသူဘဝတုန်းက အဲဒီသီချင်းကို မေဆွိဆိုတည်းက ငါသိပ်ကြိုက်တာ၊ အဲဒီအကြည့်တွေ အဲလို အနမ်းတွေနဲ့ အဲဒီတည်ငြိမ်တဲ့အချစ်တွေနဲ့ ယောကျ်ားတစ်ယောက်ကို ရည်းစားလုပ်ချင်ခဲ့တာလေ"

"တော်တော်လည်း စိတ်ကူးယဉ်ပါလား ကလေးမရယ်"

"နင်က ငါ့ကိုလှောင်တာလား"

"မလှောင်ပါဘူးဟ နင့်ဟာက စိတ်ကူးပဲလေ၊ အကောင်



www.burmeseclassic.com

www.burmeseclassic.com



အထည်မှ မဖော်ရသေးဘဲ၊ မဟုတ်ဘူးလား''

ဟင်အင်း ငါ အဲလိုချစ်သူမျိုး ရှာတွေ့ထားပြီ မာန်လို့ မဏ္ဍပ်တိုင်လည်း တက်မပြနိုင်ပါ။ သူ့ဘက်က မဟုတ်ပေမယ့် ငါ့ဘက်ကတော့ ထာဝစဉ်တည်ငြိမ်တဲ့အချစ်တွေနဲ့ တကယ့်ကို နှင့်နှင့်နဲနဲ ချစ်မိသွားပြီ ဆိုတာ။

သီချင်းထပ်မဆိုဖြစ်တော့ဘဲ မှာထားသော အစားအသောက်တွေကို နှစ်ယောက်သား ကုန်စင်အောင် စားသောက်ပြီး ကော်ဖီတစ်ချားမှာကာ အေးအေးလူလူ ထိုင်သောက်နေမိ၏။

''နင်တို့ဟိုတယ်က မဆိုးဘူးနော်၊ အစားအသောက်လည်း ကောင်းတယ်''

''မကောင်းလို့ရမလား။ ငါတို့က ဒီတစ်ခုကို လူတန်းစားမရွေး တည်းနိုင်တဲ့ဈေးနှုန်းနဲ့ လုပ်ထားတာဆိုပေမယ့် စားဖိုမှူးဘာညာကအစ နိုင်ငံတကာအဆင့်မီ လုပ်ထားတာ၊ ကြယ်သုံးပွင့်တော့ ရှိတယ်လေ တကယ်တော့ ဈေးနှုန်းတွေ လျှော့ချပစ်လိုက်တာက ကိုဘုန်းရင့်ရဲ့ အိုင်ဒီယာပေါ့၊ ငါတို့နိုင်ငံမှာ စီးပွားရေးတွေ ဖိတ်ခေါ်လိုက်တည်းက အရင်ကထက် နိုင်ငံခြားသားအဝင်ပိုများလာတယ်လေ၊ အဓိကကတော့ ဒီကိုလာတဲ့ နိုင်ငံခြားသားမ[illegible]ကွက် ရည်ရွယ်တာပေါ့''

ကျွန်မရဲ့အလုပ်အကြောင်း တော်တော်များများကို မာန့်ကို ရှင်းပြမိတော့ မာန်ကလည်း စိတ်ဝင်တစား နားထောင်ပေးသည့်အတွက် ကိုယ့်ကိုယ်ကိုယ် ကျေနပ်သွားမိသည်။





''ကဲ မရွှေချော သီချင်းတွေလည်းဆို၊ စကားတွေလည်း အများကြီးပြောလိုက်ရတာ တော်တော်မှ မောသွားရဲ့လား။ ပြန်ကြစို့လေ''

''အင်းပါ ပြန်ကြတာပေါ့၊ ဒီနေ့နင့်ကို တကယ်ကျေးဇူးတင်တယ် သိလား''

''ဘာဖြစ်လို့တုန်း''

''အရင်က ငါ့သူငယ်ချင်းကို ငါပြန်ရလိုက်သလို ခံစားရလို့''

''အရူးမ''

မာန့်နှုတ်ခမ်းတွေ ပြုံးရယ်လျက်ဆိုသောစကားမို့ ကျွန်မ စိတ်ဆိုးနိုင်ပါ။ တကယ်လည်း မာန့်ကို ချစ်တဲ့စိတ်တွေနဲ့ ကျွန်မ တစ်ကိုယ်ဘည်း တိတ်တိတ်လေး ရူးနေခဲ့ရတာပဲ မဟုတ်လား။

ကျွန်မတို့နဲ့ ရှေ့ဆင့်နောက်ဆင့်လို ဟိုတယ်က ထွက်လာသောလူနှစ်ယောက်က ဆယ်မိနစ်လောက်ကြာအောင် ကျွန်မတို့လမ်းလျှောက်ပြီးသော်လည်း ခုချိန်ထိ နောက်ကနေ ကပ်ပါလာနေဆဲမို့ ကျွန်မစိတ်ထဲသို့မသန့် ခံစားလာရတာနှင့် မာန့်ကိုအသာလေး လက်တို့ကာ သတိပေးလိုက်၏။

''နောက်က လူနှစ်ယောက်''

''ရှူး တိုးတိုးနေ ငါသိတယ်''

ကျွန်မအကြံက တက္ကစီတစ်စီးစီးနှင့် ကြုံလျှင် တားပြီးတက်သွားလိုက်ဖို့ ဖြစ်၏။ သို့သော်

''ခင်ဗျားတို့နှစ်ယောက် ဘာလို့ နောက်က တကောက်ကောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်နေတာလဲ''

''ဟဲ့ မာန်''

ရုတ်ခနဲ နောက်သို့လှည့်ကာ ပြောလိုက်သော မာန့်စကားက အရင်မို့ ကျွန်မရဲ့ဟန့်တားမှုက နည်းနည်းတောင် အရာမထင်ခဲ့ပါ။

''ဒီကလေးမက ဘုန်းရင့်မြတ်ရဲ့ မဒီလေးမဟုတ်လား''

''ကိုဘုန်းရင့်နဲ့ ရှင်တို့က ဘယ်လိုပတ်သက်တာလဲ''

''ဒီကောင်က မနေ့တစ်နေ့ကမှ မြန်မာပြည်ရောက်လာပြီး ငါတို့ ဘောစိရဲ့လုပ်ကွက်တွေအားလုံးကို အပိုင်သိမ်းသွားတာလေ၊ ဒေဝါလီခံ ခဲ့ရတာ ဒီကောင့်ကြောင့်ပဲ၊ ငါတို့လည်း အလုပ်လက်မဲ့ဖြစ်ခဲ့ရတယ်''

''ရှင်တို့ဘောစိဆိုတာက ဘယ်သူလဲ''

''ဦးနောင်မိုးသစ်ဆိုရင် မင်း ကောင်းကောင်းသိမှာပေါ့''

''အင်း ကြားဖူးပါတယ်''

တကယ်လည်း ကျွန်မ ကြားဖူးရုံသာ။ ကောင်းကြောင်းတွေ တော့ မဟုတ်။ ဘယ်လိုလက်ဝါးကြီးအုပ်တတ်ကြောင်း တရားမျှတသော နည်းလမ်းထက် ဆိုင်ရာပိုင်ရာတွေကိုချဉ်းကပ်ပြီး ကွက်ကျော်ရိုက်သလို လုပ်တတ်ကြောင်းတွေ။

ကျွန်မတို့နဲ့မပတ်သက်သော ကိုဘုန်းရင့်ရဲ့တခြားလုပ်ငန်းတစ်ခု ခုမှာ ပတ်သက်ဆက်နွယ်ဖူးလို့ပဲ ဖြစ်မှာပေါ့။

''ရှင်တို့ဟာသာ စီးပွားရေးနဲ့ပတ်သက်ပြီး အခန့်မသင့်လို့ ဖြစ် ကြတဲ့ကိစ္စတစ်ခုမှာ ကျွန်မနဲ့ဘာမှမပတ်သက်ဘူးလို့ ထင်တာပဲ၊ ပြီးတော့





[…]ှင်တို့ ဘောစိဆိုတဲ့ ဦးနောင်မိုးသစ်ဆိုတာ ဘယ်လိုလူမှန်း စီးပွားရေး လောကထဲက လူတော်တော်များများက သိပြီးသား၊ ကိုဘုန်းရင့်ဘက်က […]ားယှဉ်းတာ တရားမမျှတခဲ့တာမျိုး ဘယ်တော့မှ ရှိမှာမဟုတ်ဘူး''

''အို့ အို့ ဒီလိုလေသံတွေ ထွက်လာတည်းက ဘုန်းရင့်မြတ်နဲ့ […]တော်ရုံရင်းနှီးမှုမျိုးတော့ မဟုတ်ဘူးနဲ့တူတယ်၊ တိုက်တိုက်ဆိုင်ဆိုင် […]ာတွေ့တာတော့ တို့တွေလည်း မတတ်နိုင်ဘူးကွာ ဟား ဟား ဒါ […]ကြောင့်လည်း မင်းလို နုနုရွရွလေးကို ငါတို့က လိုချင်လို့လိုက်တာလား၊ […]င်းသာ ငါတို့လက်ထဲရောက်လာရင် ဘုန်းရင့်မြတ်ဆိုတဲ့ကောင် ဘယ် […]သာက်တောင် ဆွေ့ဆွေ့ခုန်နေမလဲ မသိဘူး''

ဒီခေတ်ကြီးထဲမှာ လမ်းလယ်ခေါင်ကြီး ဒီလိုရမ်းကားသည့်သူ […]တွေ ရှိသေးသတဲ့လား။ သောက်စားမူးယစ်နေပုံလည်းရကာ ပြောသည့် […]သံတွေကလည်း နိုင်တိအိုဗာတုန်းက ရုပ်ရှင်ထဲမှာပါသည့် လူကြမ်း […]တွေ လေသံမျိုး။

''ခင်ဗျားတို့ ဘာစကားပြောတာလဲ''

ကျွန်မက နှာခေါင်းရှုံ့ကာ စိတ်ထဲမှ ရွတ်ချနေမိတုန်းမှာပင် […]နှံအသံက ဒေါသတကြီးဆောင့်အောင့် ထွက်လာခဲ့ပြီးဖြစ်၏။

''မင်းမကြားလိုက်ဘူးလား ဟေ့ကောင်''

''အေး ကြားတယ် ကြားတယ်၊ ကြားလို့လည်း မင်းတို့မျက် […]င်တွေကို ဟောဒီလို ဟောဒီလို ထိုးတာ''

တကယ်လည်း မာန်က တစ်ယောက်ကို ခြေထောက်နှင့် အရင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ကန်ပစ်လိုက်ပြီး ကျန်တစ်ယောက်မျက်နှာကို တရစပ်ထိုးပစ်လိုက်ခြင်းဖြစ်သည်။

"ဟဲ့ မာန် မလုပ်နဲ့လေ မာန်"

မာန့်လက်များကို ကျွန်မ ဖမ်းဆွဲထားဖို့ ကြိုးစားမိပေမယ့် မာန်က ကျွန်မကိုဘေးသို့တွန်းထုတ်ပစ်လိုက်ပြီး သုံးယောက်သား လုံးထွေး သတ်ပုတ်ကုန်ကြတော့၏။ နှစ်ယောက်နှင့်တစ်ယောက်မို့ မာန် တော် တော်အထိနာနေသည်။ မာန့်နှာခေါင်းက သွေးတွေကျဆင်းလာတာ မြ တော့ ကျွန်မ ဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ သူတို့သုံးယောက်ကြား အတင်းတိုးဝင်ပစ်လိုက်ပြီး လူစုခွဲပစ်ရန် ကြိုးစားလိုက်၏။

တစ်ယောက်ရဲ့တံတောင်ဆစ်က ကျွန်မမျက်နှာကို အရှိန် ပြန်တွန်းသလိုဖြစ်ကာ သေလောက်အောင် နာကျင်သွားသော်လည် ကျွန်မ မမှုနိုင်ပါ။ တစ်ယောက်တစ်နေရာစီ ဖြစ်သွားအောင် ရှိသ အားကုန်သုံး တွန်းဖယ်ပစ်လိုက်ပြီး

"လာကြပါဦးရှင် ဒီမှာ ရန်ဖြစ်နေလို့ လာကြပါဦး"

ကျွန်မ လည်ချောင်းကွဲမတတ် အသံကုန်အော်ပစ်လိုက်တာ အနီးတွင်ရှိသည့် အိမ်ရာလုံခြုံရေးသုံးဦး အပြေးထွက်လာတော့မှ ဟို နှစ်ယောက်လည်း ခြေကုန်သုတ်ပြေးကြတော့သည်။

"ဘယ်လိုဖြစ်ကြတာလဲ ကလေးမ"

"ကျွန်မတို့နှစ်ယောက်ကို ငွေလိုက်တောင်းပြီး ရန်စနေလို့ ကြိတ်မိရင်း ရန်ဖြစ်ကြတာပါ"





"ဟိတ် ညီလေး မင်းရော ဘယ်လိုလဲ"

မာန်က ကျွန်မဘေးတွင် ယိုင်နဲ့နဲ့ရပ်ရင်းမှ

"ဘာမှမဖြစ်ပါဘူး အစ်ကိုတို့ကို ကျေးဇူးတင်ပါတယ်ဗျာ"

"အေး အေး ဒီနေရာက တစ်ခါတလေ လူပြတ်တယ်ကွ၊ သတိထားကြပေါ့ကွာ"

လုံခြုံရေးအစောင့်တွေ ထွက်သွားတော့မှ ငိုက်စိုက်နေသော မာန့်မျက်နှာကိုလက်နှစ်ဖက်နှင့် ညှပ်ယူမော့စေလိုက်ပြီး

"ကြည့်စမ်း ဒီလိုမိုက်ရိုင်းတဲ့ကောင်တွေလည်း ရန်ကုန်မြို့ကြီးမှာ ရှိနေသေးတုန်းပဲလား။ နှင့်နှာခေါင်းက သွေးတွေထွက်နေတယ် မာန်ရဲ့၊ နားထင်မှာလည်း ကွဲသွားတယ်၊ ပါးမှာလည်း ညိုမည်းနေပြီ၊ ငါတို့ ဆေးခန်းသွားမှ ဖြစ်တော့မှာပေါ့"

"ဆေးခန်း ဘာလို့သွားရမှာတုန်း၊ ဒီလောက်လေး ဖြစ်တာကို"

"နှာခေါင်းရိုးကျိုးသွားလားမှ မသိတာကို၊ ပြီးတော့ ကွဲသွားတဲ့ နေရာက"

ပြောရင်းနှင့်ကျွန်မ အသံတွေ ငိုသံပါလာကာ တစ်ချက်ရှိုက် ကိုက်မိ၏။

"မြူရယ် နှာခေါင်းရိုးကျိုးမှတော့ ငါ ဒီလိုတောင် မနေနိုင်ဘူး၊ ကွဲသွားတယ်ဆိုတာလည်း ငယ်ငယ်က ချော်လဲသလောက်ပဲ ရှိပါတယ် ဘာ ဘာလုပ်ဖို့ အလဟဿ ငိုနေတာတုန်း"

မာန်က ကွဲသွားသည့် နားထင်စပ်နာကို လက်နှင့်အသာစမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ကပ်ပါလာသော သွေးစများကိုကြည့်ရင်း ပြော၏။

"နင် အဲလိုသွေးတွေထွက်နေတာကို ငါ ဘယ်လိုကြည့်ရက်မှာလဲ မာန်ရဲ့၊ ငါတို့ ဆေးခန်းသွားမှဖြစ်မှာပါ၊ ဒီမှာက တက္ကစီတွေလည်း သိပ်မလာဘူး၊ ငါတို့ဟိုးလမ်းမဘက် နည်းနည်းလျှောက်ကြည့်ရမယ်နဲ့တူတယ်"

"ဘာဆေးခန်းမှ မသွားဘူး၊ ရေခဲကပ်လိုက်ရင် အားလုံးသက်သာသွားလိမ့်မယ်"

"အဲဒါဆို ငါ ရေခဲဝယ်ပြီး ကပ်ပေးမယ်လေ၊ နင့်ကိုဒီအတိုင်းတော့ အိမ်ပြန်မလွှတ်နိုင်ပါဘူး၊ ငါလည်း မပြန်နိုင်ဘူး ဟား ဟုတ်ပြီ"

ခေါင်းထဲတွင် လက်ခနဲပေါ်လာသော အတွေးကို အကောင်အထည်ဖော်ရန် ကျွန်မ ဆုံးဖြတ်လိုက်၏။ အိတ်ထဲကို ဖွင့်ကြည့်လိုက်တော့ ကွန်ဒိုတိုက်ခန်းသော့နှင့်တွဲလျက်ရှိသော သော့ချောင်းပေါင်းများစွာ။

"လာ နင့်ကိုငါ အန္တရာယ်ကင်းတဲ့ နေရာတစ်ခု ခေါ်သွားမယ်"

"ဟဲ့ ဘယ်ကိုသွားမလို့လဲ ခဏနေရင်ပဲ မှောင်တော့မှာ"

"နင် စောဒက မတက်နဲ့၊ ငါ့နောက်က ပါးစပ်ကလေး ပိတ်ပြီးလိုက်ခဲ့"

လမ်းမဘက်ရောက်တော့ တက္ကစီတစ်စီးတားပြီး မာန့်ကို နောက်ခန်းမှာ ထိုင်စေသည်။ ကျွန်မကတော့ ဒရိုင်ဘာဘေးက ထိုင်ခုံမှာထိုင်လျက် လမ်းပြလုပ် လိုက်ခဲ့၏။ နှစ်ဆယ့်လေးနာရီဖွင့်သော မီနီမတ်သေးတစ်ခုမှာဆင်းပြီး လိုအပ်တာလေးတွေ နည်းနည်းပါးပါး ဝယ်လိုက်သည်





နောက်ဆုံး ကျွန်မတို့ ကားရပ်လိုက်သည့်ခရီးဆုံးက ရွှေတောင်ကြားထဲက ခြံကျယ်ကြီးတစ်ခုရှေ့မှာ။

"ဒါက ဘယ်ကိုလာတာလဲ မြူ"

ကျသင့်ငွေရှင်းပေးပြီး တက္ကစီလေး ပြန်ထွက်သွားတော့မှ အိတ်ထဲမှသော့တွဲကိုထုတ်ပြီး ခြံတံခါးကို ဆွဲဖွင့်လိုက်သည်။

"လာ ဝင်"

"ဒါက"

"ငါ ငယ်ငယ်ကနေခဲ့တဲ့ အိမ်လေ၊ သွားရလာရ လွယ်ပြီး ကုမ္ပဏီနဲ့နီးအောင် နောက်ပိုင်းမှ ငါတို့နေတဲ့ကွန်ဒိုခန်းကို ပြောင်းလိုက်တာ၊ တစ်ပတ်တစ်ခါ အိမ်သန့်ရှင်းရေး လာလုပ်ပေးတဲ့ မိန်းမကြီးနှစ်ယောက်ရှိတယ်၊ ခြံစောင့်အဘိုးကြီးတစ်ယောက် ထားထားပေမယ့် လွန်ခဲ့တဲ့နှစ်ပတ်ကျော်လောက်ကမှ သူ့ရွာခဏပြန်မယ်ဆိုပြီး ခွင့်ယူသွားတာ၊ လောလောဆယ်တော့ ဘယ်သူမှမရှိဘူး၊ ငါတို့ကို အန္တရာယ်ပေးမယ့်လူလည်း မရှိဘူး၊ အေးအေးဆေးဆေး နေလို့ရတယ်"

ခြံဝင်းကျယ်ကြီးဖြတ်ကာ ခမ်းနားသော သုံးထပ်အိမ်ဖြူဖြူကြီးရှေ့ကို ရောက်လာတော့ ကျွန်မက နောက်ထပ်သော့တွေနှင့် ထပ်ဖွင့်ပြန်သည်။ အိမ်ထဲမှာ ပရိဘောဂအသုံးအဆောင်တွေ အားလုံးကသူတွေရှိနေစဉ်တုန်းကအတိုင်း နေရာမပျက်။ သန့်ရှင်းသပ်ရပ်လျက်။

"လာပါ မာန်ရဲ့ နင်ဘာတွေစဉ်းစားနေတာလဲ"

တွန့်ဆုတ်နေသော မာန့်လက်တစ်ဖက်ကို ဆွဲခေါ်ရင်း ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်ကြီးတစ်လုံးတွင် ထိုင်စေလိုက်၏။

"နင် ဒီမှာ ခဏထိုင်နေဦးနော်၊ ငါ ရေနွေးသွားလုပ်လိုက်ဦးမယ်၊ နင့်ဒဏ်ရာကို ရေနွေးနဲ့ဆေးပြီးမှ ဆေးဘာညာထည့်လို့ရမှာလေ"

ရေနွေးရလို့ ပြန်ထွက်လာတော့ ကုလားထိုင်နောက်မှီကို မှီလျက် မျက်လုံးများမှိတ်ထားသော မာန်က ကျွန်မအနားရောက်လာတာတောင် သတိထားမိပုံမပေါ်။ ဘယ်လိုပဲ ယောကျ်ားရင့်မာကြီးဆိုပေမယ့်လည်း သူ တော်တော်တော့ နာကျင်နေမှာပါ။ ကျွန်မ စိတ်ညစ်သွားမှာစိုးလို့ ထုတ်မပြောတာပဲ ဖြစ်ရမည်။

ဘေးချင်းကပ်ထိုင်လိုက်သည်ထိ မာန် မလှုပ်မယှက်မို့ မှေးခနဲ ဖြစ်နေတာပဲလို့ ကျွန်မ တွေးလိုက်မိ၏။ မှိတ်ထားသော မျက်တောင်လေးတွေက မည်းနက်ပြီး ထူထူထဲထဲလေး တင်းတင်းရင်းရင်း စေ့ပိတ်နေသော နှုတ်ခမ်းကော့ကော့လေးများ။

အဲဒီနှုတ်ခမ်းတွေကို မြင်လျှင် ကျွန်မရင်တွေ ထိန်းမနိုင်သိမ်းမရ ခုန်လာပြန်၏။ လက်ချောင်းထိပ်လေးများဖြင့် သူ့နှုတ်ခမ်းလေးများကို ဖွဖွလေး ပွတ်သပ်ကြည့်မိသည်။ နူးညံ့သော အထိအတွေ့က လက်ဖျားလေးတွေကတစ်ဆင့် နှလုံးသားထဲ စီးဆင်းသွားသလိုပါပဲ။

အို ငါ ဘာလို့များ ဒီလောက်တောင် အရှက်မဲ့ရတာလဲ။ ယောကျ်ားတစ်ယောက်ရဲ့အနမ်းကို တမ်းတမ်းတတ ဖြစ်နေမိတာ ဘယ်လောက်တောင် အရှက်နည်းလိုက်တဲ့အဖြစ်လဲနော်။ အတွေးနှင့်အတူ လက်ချောင်းများကို ဆတ်ခနဲ ရုပ်သိမ်းလိုက်မိ၏။





ပန်းကန်လုံးအတွင်းရှိ ရေနွေးထဲကို ဝယ်လာခဲ့သော ဂွမ်းစတွေ စိမ်လိုက်သည်။

"အမေ့ ပူလိုက်တာ"

တစ်ယောက်တည်း ကျူးလွန်မိသော အပြစ်အတွက် ကိုယ့်ဘာသာ ပြန်ရှက်ကာ အလျှင်စလို ဖြစ်နေမိသည်မို့ ဂွမ်းစကို နှစ်လိုက်ချိန်မှာ လက်ချောင်းလေးများပါ အပူလောင်ကာ အလန့်တကြား အော်မိခြင်း။

"မြူ ဘာဖြစ်သွားတာလဲ"

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး၊ ရေနွေးနည်းနည်းပူသွားလို့ပါ၊ ငါ အော်လိုက်တာနဲ့ နင်တောင် မှေးနေတာ လန့်နိုးသွားပြီ လာ နားထင်က ဒဏ်ရာကို ငါ ရေနွေးလေးနဲ့ ဆေးပေးမယ်နော်"

ရေနွေးစိမ်ထားသော ဂွမ်းစလေးများဖြင့် စေးကပ်နေပြီဖြစ်သော သွေးစများကို ဖြည်းဖြည်းလေး ဆေးကြောသန့်စင်ပေးရ၏။ နောက်တော့ ဝယ်လာသော အနာကျင်ဆေးလိမ်းပေးလိုက်၏။

ခုလိုမျိုး တစ်ယောက်နှင့်တစ်ယောက် နီးကပ်စွာရှိနေပြီး တစ်ယောက်အသက်ရှူသံကိုတောင် ကျန်တစ်ယောက်က ပီပြင်စွာ ကြားနေရသော အနေအထားမျိုးမှာ မာန်ရော ကျွန်မလို ရင်တွေခုန်မနေဘူးလား။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ ပိုင်ဆိုင်ခဲ့ဖူးသော အနမ်းတွေဟာ အသက်ပါ ထွန်းနေခဲ့ဖူးတာပဲလေ။

"ခဏလေးနော် မာန်၊ လမ်းက ဝယ်လာတဲ့ရေခဲတွေ အရည်



www.burmeseclassic.com

www.burmeseclassic.com



ပျော်သွားမှာစိုးလို့ ရေခဲသေတ္တာထဲ ထည့်ထားတာ သွားထုတ်လိုက်ဦး မယ်၊ နင့်ပါးက အညိုအမည်းတွေက ရေခဲကပ်ပေးမှ အရောင်ကျသွား မှာ''

ရေခဲတုံးလေးများကို မွှေးပွသဘက်အသေးလေးထဲ လက်တ ဆုပ်စာ စုထည့်ပြီး သူ့ပါးပြင်ပေါ် အသာဖိကပ်ပေးရသည်။ ညိုမည်းနေ တာ နှစ်နေရာလောက် ရှိသည်မို့ သူလည်း နာကျင်ရခြင်းကို ကြိတ်မှိ နေပုံပါပဲ။

''အ''

''နာသွားလို့လားဟင်''

''နင်က ဖိလိုက်တာကိုး''

''နည်းနည်းတော့ ဖိပေးမှ တော်ကြာ အရောင်မကျဘဲ နေလိ မယ်''

''ပေးပါ ငါ့လက်တွေက အကောင်းကြီးပဲ၊ ရေခဲကပ်ထ လောက်တော့ ငါ့ဘာသာ လုပ်ပါ့မယ်''

မာန်က ကျွန်မလက်ထဲမှ ရေခဲထုပ်လေးကို လှမ်းယူဟန်ပြ သည်။

''ငြိမ်ငြိမ်နေစမ်းပါ မာန်ရယ်၊ ငါ့ကြောင့်နဲ့ ဖြစ်ရတာ၊ ငါကိ တိုင်ပဲ လုပ်ပေးပါ့မယ်''

''နင့်ကြောင့် ဖြစ်တာမှမဟုတ်တဲ မြူ၊ နင့်လူကြောင့် ဖြစ် လေ''





''အဲဒီလိုတော့ မပြောပါနဲ့၊ အခု ဒီလူတွေ ဒီလိုပြုမူတယ်ဆို တည်းက ဘယ်လိုအတန်းအစားတွေလဲဆိုတာ သိသာနေပြီးသားပဲ၊ ကိုဘုန်းရင့်အမှားတစ်ခုမှ မရှိနိုင်ဘူး၊ ကိုဘုန်းရင့်က စီးပွားရေးလုပ်နေ ပေမယ့် လောဘဇောတိုက်နေတဲ့ လူစားမဟုတ်ဘူး''

''အမယ်လေးဗျာ သူ့လူထိတော့ နာတတ်လိုက်တာ''

''ငါက အမှန်တရားကို ပြောပြရုံပဲ''

''ဟုတ်လို့လား မြူရယ်''

''နင်ခုထိ ဘာလို့ မယုံတာတုန်း''

''နင့်ရင်ထဲမှာ ဘုန်းရင့်မြတ်ဆိုတဲ့လူ ရှိနေတယ်လို့ နင် မထင် ဘူးလား''

''မထင်ပါဘူး''

''အဖြေက ပြတ်သားမြန်ဆန်လှချည်လား၊ နည်းနည်းပါးပါး တောင် မစဉ်းစားတော့ဘူးလား''

''ဒီလောက်တောင် ဖြစ်လှတာ ကဲဟယ်''

''အား''

သူ့စကားတွေကို စိတ်တိုလာသည်မို့ ရေခဲထုပ်ကို တအားဖိကပ် ပစ်လိုက်မိခြင်း ဖြစ်သည်။ ကျွန်မ အဖြေတွေက ပြတ်သားမြန်ဆန်မှာ ပေါ့။ ရင်ထဲမှာ ရှိနေတဲ့လူက ဘယ်သူဆိုတာ ကိုယ့်ဘာသာ သေချာနေ ခဲ့တာကြာပြီပဲ။

''နင်တော်တော် ရက်စက်တယ်၊ နာလိုက်တာဟာ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ငါ့ကို ဘာလို့စနေတာတုန်း"

"ငါဘယ်မှာစလို့တုန်း၊ အတည်တွေပြောနေတာကို"

"ပြောပြန်ပြီ တွေ့လား၊ ငါ ထပ်လုပ်လိုက်မှာနော်"

"အေးပေါ့လေ ငါ့ကျတော့ လုပ်ရက်မှာပေါ့"

"မာန်"

မာန့်စကားတွေကို သည်းမခံနိုင်တော့သည့်အဆုံး လည်ချောင်းကိုခြစ်ပြီး အသံကုန်အော်ပစ်လိုက်တော့ မာန်ကိုယ်တိုင်ပင် ကြောင်သွား၏။

"ဘယ်လိုဖြစ်တာတုန်းဟ"

မာန့်ကို ဘာစကားမှ မပြောချင်တော့တာမို့ ကျွန်မ ငြိမ်သက်စွာ ထိုင်နေမိသည်။ ရင်ထဲမှာလည်း ဝမ်းနည်းပြီး ဆို့နင့်နေ၏။ ကျွန်မရင်ထဲက ခံစားချက်တွေကို မမြင်ဘဲ သူ ပြောချင်တာတွေပဲ အမြဲစွတ်ပြောခဲ့သော မာန့်ကိုလည်း စိတ်တိုမိလာသည်။

ကျွန်မမှာတော့ သူ့ရဲ့အနမ်းမှားလေးတစ်ခုကို တမြတ်တနိုးတန်ဖိုးထားပြီး လွမ်းဆွတ်တမ်းတနေလိုက်ရတာ။ သူကတော့ ဘာကိုမှ မမှတ်မိတော့သလို လမ်းဘေးက ပိုက်ဆံပေးပြီး လုပ်ချင်တိုင်းလုပ်လို့ရသည့် မိန်းမတစ်ယောက်ကို ဆက်ဆံခဲ့သလိုမျိုး ပြီးပျောက်မေ့ပစ်ထားနိုင်ခဲ့သည်။

မူးနေသည့်ခဏမှာ ကျူးလွန်မိသည့် အမှားသေးသေးလေးဆိုပြီး အဲဒီအမှားလေးကိုတောင် မလွန်ဆန်နိုင်ခဲ့သည့် ကျွန်မကို သူ





တန်ဖိုးထားမှာလည်း မဟုတ်ပါဘူး။ လွယ်ကူလွန်းသည့်မိန်းမတစ်ယောက်အဖြစ် အဖက်မတန်သလို ဆက်ဆံခံခဲ့ရတာပဲလေ။

မာန်ရဲ့လျစ်လျူရှုခံခဲ့ရမှုတွေဟာ ကျွန်မကို အသည်းပေါ်မှာ မိုးကြိုးပစ်သလို နာကျင်စူးနစ်စေပေမယ့် ခုတော့ ကျွန်မအဖြစ်က အရှုံးမှန်းသိသိလျက်နဲ့ ဖွတ်ချစ်နေမိတာမျိုး။

ကိုယ်တိုင်တောင် မသိလိုက်ပါဘဲ ပါးပြင်ထက် စီးဆင်းသွားသော မျက်ရည်များကြောင့် ကိုယ့်တာသာ ပြန်လန့်သွားမိပြီး ကပျာကသီသုတ်ပစ်လိုက်မိ၏။ သို့သော် ကျွန်မနောက်ကျသွားပါသည်။ မာန်က ထိုမျက်ရည်တွေကို မြင်ဖြစ်အောင် မြင်လိုက်၏။

"ဘာလို့ ငိုနေတာလဲ မြူ"

"မငိုပါဘူး ဘယ်မှာငိုလို့လဲ"

မာန့်နားကနေ ကမန်းကတန်း ထထွက်သွားဖို့ ကြိုးစားပေမယ့်လည်း မအောင်မြင်တော့ပါ။ ရပ်မိပြီးဖြစ်နေသော ကျွန်မ လက်တစ်ဖက်ကို မာန်က ဆောင့်ဆွဲချကာ ပြန်ထိုင်စေလိုက်၏။

"နင်ငိုနေရက်သားနဲ့ ဘာလို့ညာနေတာတုန်း"

"ငါ့ဟာငါ ငိုတော့ရော ဘာဖြစ်လဲ၊ နင်နဲ့ဘာဆိုင်လို့လဲ၊ နင်ဘယ်တုန်းက ငါငိုတာ မငိုတာကို ဒီလောက် ဂရုစိုက်တတ်သွားတာလဲ"

"ဘာပြောတယ် မြူ"

"ဟုတ်တယ်လေ နင်ဘယ်တုန်းက ငါငိုနေရလား ပျော်ရွှင်နေရလားဆိုတာကိုဂရုစိုက်ခဲ့ဖူးလို့တုန်း၊ ခုမှလာပြီး အပိုတွေလုပ်မနေစမ်း



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့''

''အပိုတွေ လုပ်တယ် ဟုတ်လား၊ ငါ နင့်ကို ဘယ်တုန်းက ဂရုမစိုက်ဘဲ နေခဲ့လို့လဲ မြူ၊ နင်ပျော်ရွှင်အေးချမ်းစေဖို့အတွက်ပဲ ငါ နင့်နားကနေ ရှောင်ခွာထွက်ပေးခဲ့တာ၊ ဒါတွေ နင့်ကိုပြောပြခဲ့ဖူးပါတယ် ခုပဲကြည့် နင် ငါ့နား ပြန်ရောက်လာတာနဲ့ ဒုက္ခကြုံရတော့တာပဲ မဟုတ်လား''

''အဲဒါ ဘာဖြစ်သေးလဲ မာန်၊ ငါချစ်တဲ့သူနားမှာ နေနေရရင် ဒီလောက်ကိစ္စလေးကို ငါမှုမယ်လို့ နင်ထင်နေတာလား''

ပြောလိုက်ပြီးပြီးချင်းမှာပဲ သွားပြီ လို့ စိတ်ထဲက ရေရွတ်လိုက်မိပေမယ့် နောက်ကျသွားခဲ့ပြီ၊ ကြမ်းကျွံတာမဟုတ်တဲ့ စကားတွေကျွံကျွံတာ။ ပြန်နုတ်လို့မရနိုင်တော့၊ နေရာကနေ ထထွက်သွားလိုက်ချင်ပေမယ့် ဆံခြည်မျှင်သွေးကြောလေးတစ်ခုစာတောင် လှုပ်ရှားလို့မရနိုင်လောက်အောင် ခန္ဓာကိုယ်က အေးစက်တောင့်တင်းနေခဲ့ပြီ။

မာန့်ထံမှလည်း ဘာစကားတစ်လုံးမှ ထပ်ထွက်မလာတော့ နှစ်ဦးသားလုံး နေရာတွေမှာ မလှုပ်မယှက် ထိုင်နေလျက်သား။ တိတ်ဆိတ်အေးစက်မှုက ကျွန်မတို့ကြားမှာ နေရာလပ်မကျန်အောင် တိုးဝင်နေလိုက်တာ မိနစ်ပေါင်းများစွာ။

ဘိုးဘိုးရဲ့ဖခင် လက်ထက်တည်းက ရှိခဲ့သည်ဆိုသော ချိန်သီးပါသည့် နာရီကြီးထံမှ ရှစ်ချက်ထိုးသံကြားမှပင် လှုပ်လှုပ်ရှားရှား ပြန်ဖြစ်လာသူက မာန်။ ကျွန်မကတော့ ကိုယ့်စကားနှင့်ကိုယ် မျက်နှာပူစွာဖြင့်





မလှုပ်ရှားနိုင်သေး။

ဒီလောက် ထိန်းချုပ်လာခဲ့ပြီးမှ လွှတ်ခနဲ ပြောထွက်သွားခဲ့သော ကိုယ့်ပါးစပ်ကိုယ် ဖြတ်ရိုက်ဖို့သာ ရှိတော့သည်။

''ငါ့ဖုန်းရော''

''ဖုန်းနှစ်ခုစလုံး စက်ပိတ်ပြီး ငါ့အိတ်ထဲ ထည့်ထားတယ်''

''ဟင် ဘာလို့ အဲဒီလိုလုပ်ထားတာတုန်း''

''ဘွား ဖုန်းဆက်နေမှာစိုးလို့''

''ဒါဆို ငါ့ဖုန်းကရော''

ကျွန်မ မြေရကျပ်သွားမိသည်။ တကယ်တော့ ကျွန်မ မကောင်းတာပါ။ မာန်နဲ့အတူ ရှိနေချိန်လေးမှာ ရွှေမိုးညိုဆီက ဖုန်းဆက်သွယ်လာမှာကိုနည်းနည်းမှ မလိုလားနိုင်ခဲ့၊ ဒါကြောင့်လည်း ရွှေတောင်ကြား အိမ်ထဲရောက်တည်းက မာန့်ဖုန်းကိုပါ ယူထားပြီး စက်ပိတ်ပစ်လိုက်တာ ဖြစ်သည်။

''ဖြေလေ ငါ့ဖုန်းကိုပါ ဘာလို့စက်ပိတ်လိုက်တာလဲဆိုတာ''

''နင့်ဆီ ရွှေမိုးညို ဖုန်းဆက်မှာစိုးလို့''

ကိစ္စတစ်ခုလုံး ဘွင်းဘွင်းကြီးပေါ်နေပြီမို့ သေးသေးမွှားမွှားလေးတွေကိုလည်း ကျွန်မလိုက်မဖုံးဖိချင်တော့ပါ။ မာန်က ဒေါသတကြီး ပြောဆိုညည်ဆိုလည်း ကျွန်မ ခံယူဖို့ အသင့်ပြင်ထားလိုက်သည်။

''ဘာလဲ နင်က ရွှေမိုးညို ဖုန်းမဆက်သေးလို့ စိတ်ပူနေတာလား၊ ငါက စက်ပိတ်ထားလိုက်တယ်ဆိုတော့ ငါ့ကို တော်တော် အမြင်



www.burmeseclassic.com

www.burmeseclassic.com



ကပ်သွားမှာပဲနော်''

ရင်တစ်ခုလုံး နာကျင်ရမှုတွေကြောင့် ကျွန်မ စကားတွေက လည်း အရွဲ့တိုက်ပြောသလို ဖြစ်နေခဲ့မှာပါ။ ပါးပြင်ပေါ် တရစပ်စီးကျ လာသော မျက်ရည်တွေကို မာန် မမြင်အောင် ဖုံးကွယ်ပစ်ဖို့လည်း ကျွန်မ မကြိုးစားမိတော့။

''ဟာ ဘာဖြစ်လို့ ငိုပြန်တာတုန်း''

အေးချင်းကပ် ထိုင်နေတာကိုပင် မာန်က ကျွန်မနားသို့ အသား ချင်းပူးကပ်မိသည်ထိ တိုးကပ်လာခဲ့ပြီး

''ငါ ဘာလို့ဖုန်းတောင်းတာလဲ သိလား''

''တစ်ယောက်ယောက်စီကို ဖုန်းဆက်မလို့ မဟုတ်ဘူးလား''

တုန်ယင်နေသော အသံကို မနည်းထိန်းကာ ပြောလိုက်ရ၏။ ရွှေမိုးညို့ဆီကိုလို့တော့ တိုက်ရိုက်ပြောမနေချင်တော့ပါ။ ကျွန်မ ဘာကို ဆိုလိုမှန်း သူ သိမှာပါလေ။

''စက်ပိတ်ပစ်လိုက်မလို့ တောင်းတာ''

''ဟင်''

''ဟုတ်တယ် တခြားဖုန်းတွေ ဝင်လာရင် ငါတို့ကို အနှောင့် အယှက်ဖြစ်မှာစိုးလို့လေ''

''ဘယ်လို မာန်''

သူ့ဘက်လှည့်ကာ နားမလည်နိုင်ခြင်းတွေဖြင့် မေးနေမိသော ကျွန်မကို သူက ငေးစိုက်ကြည့်နေရင်း နဖူးပြင်လေးဆီ ဖျတ်ခနဲ နမ်း





မွှေးပစ်လိုက်၏။

''မာန်''

နှုတ်ခမ်းလေးများ ဖွင့်ဟရုံ တီးတိုးရေရွတ်မိလိုက်သော နာမည် လေး။

''နင့်ကို အရင်စပြောရအောင် လုပ်မိတာ ငါ့ကိုခွင့်လွှတ်ပါ နော် မြူ။ နင်တောင် ပြောထွက်ခဲ့တဲ့ကိစ္စကို ငါက တွန့်ဆုတ်နေမိတယ်''

''နင် ဘာတွေပြောနေတာလဲ မာန်''

ခုချိန်ထိ ဘာတွေဘယ်လိုဖြစ်ကုန်သည်ဆိုတာကို ကျွန်မ မယုံ ကြည်နိုင်သေး။

''တကယ်ဆို ငါလည်း နင့်ကိုချစ်ခဲ့တာပါ မြူရယ်''

''မာန် နင် နင်''

''ဟုတ်တယ် နင့်ကိုရည်းစားရသွားမှာ သိပ်ကြောက်မိတဲ့ ငါက ကိုဘုန်းရင့်နဲ့နင် သိပ်ရင်းနှီးတာကို မြင်လိုက်ရတော့ အရမ်းသဝန်တို သွားမိတယ်၊ ဒါပေမဲ့လေ စိမ်းလန်းက ပြန်လာတဲ့ညတည်းက ငါစဉ်းစား တယ်၊ နင့်အတွက် ဘုန်းရင့်မြတ်လို ယောကျ်ားမျိုးက အသင့်တော်ဆုံး ပဲလို့ အပြင်မှာ သူ့အကြောင်းတွေ စုံစမ်းကြည့်တော့လည်း နင် ယုံကြည် ထားခဲ့သလိုပဲ သိပ်ကိုရိုးသားဖြောင့်မတ်ပြီး အနေမှန်တဲ့လူဆိုတာ ငါ သိခဲ့ရတယ်''

''မာန်ရယ်''

''ဟုတ်တယ် နင့်ကိုဘုန်းရင့်မြတ်နဲ့ သဘောတူဖို့ ဆုံးဖြတ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် တကယ်တမ်း သူနဲ့နင့်ကို အတူတူတွဲတွေ့ရတဲ့အခါတိုင်း ငါ ဟန်မဆောင်နိုင်လောက်အောင် နာကျင်မိတယ်၊ ဒါကြောင့် နင့်ကိုမတွေ့ရအောင် ငါ ရှောင်ခဲ့တာပဲ''

''ဒီလိုဆို နင်က ငါ့ကို ငါချစ်ခဲ့သလိုပဲ ချစ်ခဲ့တာပေါ့နော်''

''သေချာတာပေါ့ မြူရယ်၊ အလွန်အကျွံ မူးချင်ယောင်ဆောင်ပြီး ဟောဒီနှုတ်ခမ်းလေးတွေကို ညာနမ်းခဲ့တဲ့အထိပဲလေ''

မာန်က ကျွန်မနှုတ်ခမ်းလေးကို လက်ချောင်းလေးများဖြင့် ထိခတ်ရင်း ပြောလိုက်သော စကားကြောင့် ကျွန်မ တစ်ကိုယ်လုံး နွေးထွေး စွာ လှိုက်ဖိုသွားခဲ့ရ၏။

''ငါကလေ အဲဒီအနမ်းတွေကို နင်မေ့သွားပြီလို့ထင်ပြီး ဝမ်းနည်းနေခဲ့ရတာ''

''မြူရယ် တစ်သက်လုံးစာအတွက် ရည်ရွယ်ပြီး တစ်ကြိမ်တည်း လုပ်ကြံပြီး နမ်းခဲ့ရတာလေးကို ငါက ဘယ်လိုမေ့နိုင်ပါ့မလဲ''

''မာန်ရယ် နင့်ကိုငါ အရမ်းချစ်တယ် သိလား''

မာန်က ကျွန်မပခုံးစွန်းလေးကို ညင်သာဖွဖွ ဆုပ်ကိုင်လိုက်ချိန်မှာ အလိုက်သင့်လေးပင် သူ့ရင်ခွင်ထဲ တိုးဝင်လိုက်မိ၏။ ဒီရင်ခွင်ရဲ့ နွေးထွေးမှုကို ကျွန်မ တစ်သက်လုံး ခံစားခိုလှုံခွင့် မရတော့ဘူးလို့ ထင်နေခဲ့တာလေ။

''ဒီလိုဆို ရွှေမိုးညိုကရော ဘာလဲ မာန်''

မျက်လုံးလေးမှိတ်လျက် ရင်ခွင်တွင်းငြိမ်သက်နေမိရာမှ





ဒီမေးခွန်းကို ကျွန်မ ရှုန်းထွက်မေးမိတော့ မာန့်နှုတ်ခမ်းတွေက ပြုံးလျက်ရှိသည်။

''မိုးက သိပ်ကိုနားလည်ပေးတတ်တဲ့ မိန်းကလေးတစ်ယောက်ပါ၊ ငါ့စိတ်ထဲမှာ သူ မရှိဘူးဆိုတာ သိသိကြီးနဲ့ ငါ့ကိုလမ်းခွဲမသွားဘူး၊ အရင်က မိန်းကလေးတွေနဲ့ပတ်သက်ခဲ့ဖူးတာကိုလည်း ဘယ်တော့မှ အစဖော်ပြီး စကားနာမထိုးဘူး၊ တစ်နေ့မှာ သူ့ကိုလက်ထပ်နိုင်မှာ မဟုတ်ဘူးဆိုတဲ့အကြောင်း ငါ သူ့ကိုဖွင့်ပြောထားခဲ့တာ ဟိုးအစတည်းက၊ ဒါတောင် ငါ့နားမှာပေကပ်ပြီး ဆက်နေခဲ့တာ၊ သူ့မှာ ဘာအပြစ်မှမရှိတဲ့ လမ်းခွဲစကားကိုပစ်ပစ်ခါခါကြီး ပြောရလောက်အောင်လည်း ငါ မတတ်နိုင်ခဲ့ဘူး''

''ငါ သူ့လောက် နင့်ကိုချစ်နိုင်မယ်လို့ နင်ထင်လားဟင်''

''နင်မချစ်နိုင်လည်း ရတယ်၊ မလိုဘူး ငါကပဲ ချစ်ပေးမှာမို့လို့''

''ငါ ရွှေမိုးညိုနဲ့ မျက်နှာချင်းဆိုင်ဖို့ သတ္တိမရှိဘူး မာန်၊ ငါက ကြောင်တောင်နိုက်တဲ့မိန်းမကြီး ဖြစ်သွားပြီလေ''

''မြူရယ် ရွှေမိုးညိုကလေ နင့်ကိုငါ ချစ်နေမှန်း ပထမဆုံး ရိပ်မိခဲ့တဲ့ မိန်းကလေးပါ၊ အဲဒီအတွက် သူ့ဘက်က တောင်းဆိုခဲ့တာက တစ်ခုတည်း၊ နင့်ကိုချစ်တယ်လို့ ငါမပြောနိုင်မချင်း ငါ့နားမှာ သူ့ကို နေခွင့်ပေးရမယ်ဆိုတာပဲ၊ ဒီနေ့ဆိုရင် သူ့မှာ အိမ်စောစောပြန်စရာ ဘာအကြောင်းမှ မရှိဘူး၊ ငါနဲ့ရုပ်ရှင်ကြည့်ဖို့ လုပ်ထားခဲ့တာ၊ မထင်မှတ်ဘဲ နင်နဲ့တွေ့တော့ ရှောင်ထွက်သွားပေးခဲ့တာလေ''



www.burmeseclassic.com

www.burmeseclassic.com



"ရွှေမိုးညိုက ဒီလောက်တောင်နားလည်ပေးနိုင်စွမ်းတွေ ပြည့်နက်နေတဲ့ မိန်းကလေးတဲ့လား။ ငါလေ သိပ်ကိုမှားခဲ့တယ်၊ သူ့ကို ငါ့ကမ္ဘာထဲမှာ သွင်းပေးခဲ့တာ ငါ့လက်အောက်မှာဆိုတဲ့အရှိန်နဲ့ နှိပ်ကွပ်ချင်လို့ပဲ၊ နင်နဲ့တွေ့ဖြစ်မှာစိုးလို့ ဆန်းဒေးတွေတိုင်း သူ့ကိုအချိန်ပိုမဆင်းဆင်းရအောင် ငါလုပ်ကြံခဲ့တာ၊ ငါက တော်တော်ယုတ်မာတဲ့ မိန်းမကြီးဖြစ်ခဲ့ပြီနော်၊ ဒီထက်ပိုဆိုးတဲ့ကိစ္စမျိုးတွေတောင် ငါလုပ်ဖို့ ရည်ရွယ်ထားခဲ့မိသေးတယ် ဘုရား ဘုရား"

တကယ်ပင် ကိုယ့်ကိုယ်ကိုယ် ထိတ်လန့်စွာ ရင်ဘတ်လေးပေါ် ဘုရားတမိ၏။ ဘာမှလက်လွန်ခြေလွန် မလုပ်မိသေးတာ တကယ့်ကံ ဘုရားမတာပါပဲ။ ရွှေမိုးညိုကိုင်တွယ်ရသော ငွေစာရင်းရှင်းတမ်းတွေမှာ ပြဿနာ မပေါ်ပေါ်အောင် ဖန်တီးပြီး အရှက်ခွဲပစ်ဖို့ထိ ကျွန်မ စဉ်းစားထားခဲ့မိတာ။

စိတ်တစ်ခုကို မထိန်းချုပ်ဘဲ လွှတ်ပေးလိုက်ဖို့ ကြိုးစားနေသော ကျွန်မ စိတ်ဓာတ်ကအောက်တန်းကျလိုက်တာနော်။

"ဟုတ်ပ တော်တော်ယုတ်မာတဲ့ ကောင်မလေးပဲနော်၊ ငါ့ကို အဲဒီလောက်တောင် သဝန်တွေတိုနေခဲ့တာလား မြူရယ်"

"မာန်ရယ် ငါလေ နင့်ကိုချစ်တာကလွဲရင် ဘာမှမမြင်နိုင်တာအမှန်ပါ၊ တခြားတစ်ယောက်လက်ထဲလည်း ဘယ်လိုနည်းနဲ့မှ ရောက်မခံနိုင်ဘူး"

"ခု နင့်လက်ထဲမှာ အပိုင်ရပြီလို့ မှတ်ပြီး ငါ့ကိုစိတ်ကြိုက်





ချစ်တော့နော်"

အဲဒီ စူးရှနက်နဲသည့် အကြည့်တွေကနေ ကျွန်မ ဘယ်လိုရုန်းထွက်နိုင်ပါ့မလဲ။ ပြီးတော့ တောင့်တလွမ်းခဲ့ရသော အနမ်းတွေက ကျွန်မပါးပြင်လေးအနှံ့။ နောက်တော့ နှုတ်ခမ်းလေးမှာ အချိန်ကြာမြင့်စွာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

တစ်ညလုံး ဖုန်းပိတ်ကာ ပျောက်ချင်းမလှ ပျောက်သွားခဲ့သော ကျွန်မအတွက် ဘွား ဘယ်လောက်တောင် စိတ်ပူပန်နေမလဲဆိုတာ ကျွန်မ တွေးကြည့်တာနဲ့တင် ရင်တစ်ခုလုံးပြောင်းဆန်အောင်တုန်လှု မိ၏။ ဓာတ်လှေကားထဲတွင် နံပါတ် ၄ ခလုတ်ကို မာန်ကနှိပ်လိုက်ပြ ကျန်လက်တစ်ဖက်က အေးစက်နေသော ကျွန်မ လက်ဖျားလေးများ ထွေးဆုပ်ပေးထားသည်။

ညက မာန့်ရင်ခွင်ထဲမှာ နွေးထွေးလုံခြုံစွာနှင့် အရာအားလုံး မေ့ပျောက်ထားခဲ့သမျှ ခုတော့ ကျွန်မ ရင်တွေတုန်နေမိသည်။ ရင်ဆ တွေ့ရမည့် အခြေအနေတွေကို အဆိုးဆုံးထိ ကျွန်မ မျှော်လင့်ထား ဖြစ်ပေမယ့် ဘေးမှာမာန်ပါလာတာမို့ အားတော့ဖြစ်မိပါ၏။





အခန်းတံခါးကို သော့ဖွင့်ပြီး ခြေလှမ်းလှမ်းမည် ပြင်နေဆဲမှာပင်။

"ဒါတွေ ကျွန်မ ဘယ်လိုလုပ်ပြီး ယုံကြည်နိုင်မှာလဲ ဦးနိုင်ဘုန်းလူရယ်"

ငိုသံရောစွက်နေသော ဘွားအသံ။ ဦးနိုင်ဘုန်းလူဆိုတာ ကိုဘုန်းရင့်ရဲ့ ဘိုးဘိုးပဲ။ ကျွန်မခြေလှမ်းတွေကို ရှေ့ဆက်မလှမ်းသေးဘဲ နေရာမှာတင် ငြိမ်သက်နားထောင်နေမိ၏။

"ဘာလို့များ ဒီလိုရေစက်မျိုး ကျွန်မတို့နှစ်အိမ်ကြားမှာ ရှိနေခဲ့တာလဲ"

"ကျွန်တော် ကျွန်တော်လည်း ဘယ်လိုမှကို လက်ခံပေးလို့ မရသေးပါဘူး အန်တီ၊ မနေ့က ဘိုးဘိုးက အရေးကြီးကိစ္စရှိလို့ အမြန်ပြန်လာဖို့ ပြောပြီး ခေါ်တော့မှ အဖြစ်မှန်တွေအားလုံးကို ကျွန်တော် သိခဲ့ရတာ၊ နှင်းမြူမြူဟာ ကျွန်တော့်ညီမလေးတစ်ယောက်အဖြစ် ရေစက်ဆုံလာမယ်မှန်း ကျွန်တော်နည်းနည်းမှ မရိပ်မိခဲ့ဘူးဗျာ၊ ဒါကြောင့်လည်း ကျွန်တော် ကျွန်တော်လေ"

"သားရယ် စိတ်ကိုလျှော့ပါကွာ ဖေဖေ မင်းကိုဒူးထောက်ပြီး တောင်းပန်ဆိုလည်း တောင်းပန်ပါ့မယ်"

အိမ်ထဲမှာ ရောက်နေကြတာ ကိုဘုန်းရင့်အပြင် သူ့ဘိုးဘိုး။ နောက်တော့ ဖေဖေတဲ့။ ကိုဘုန်းရင့်ဖေဖေက မိန်းမတစ်ယောက်နဲ့ ထွက်သွားခဲ့ပြီ မဟုတ်လား။ အဲဒီစိတ်ဒဏ်ရာကြောင့် သူ့မေမေဟာ အိပ်ရာထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ လဲနေခဲ့ပြီး ဆုံးပါးခဲ့ရတာလေ။

ပြီးတော့ ပြီးတော့ ကြောက်ရွံ့စရာကောင်းသည့် စကားကြီး။ နှင်းမြူမြူဟာ ကျွန်တော့်ညီမလေးအဖြစ် ရေစက်ဆုံလာမယ်မှန်း ဟာ ဘာတွေလဲ ကျွန်မ ကြားနေရတာ ဘယ်လိုစကားမျိုး ဘယ်လိုအဖြစ်အပျက်မျိုးတွေလဲ။

"ကျွန်တော်ဟာ သိပ်ကိုမိုက်မဲခဲ့တယ်၊ ဆယ်နှစ်အရွယ် သားတစ်ယောက်ရှိနေခဲ့တာတောင် ဒီက သမီးလေးနှင်းမြူမြူရဲ့အမေကို လူပျိုပါလို့ လိမ်လည်ပြီး ချစ်ခွင့်ယူခဲ့တယ်၊ နောက်ပိုင်း သူ့အိမ်ကယောကျ်ားပေးစားပြီး နိုးပြေးပါတော့လို့ ပြောတဲ့အချိန်မှာ ကျွန်တော် မလုပ်နိုင်ခဲ့ဘူး။ ကျွန်တော့်မှာ တရားဝင်အိမ်ထောင်ကြီးနဲ့လေ၊ မလွှဲသာလို့ တခြားယောကျ်ားကို လက်ထပ်လိုက်ရပေမယ့် သူနဲ့ကျွန်တော်ဟာ စာနဲ့တစ်မျိုး ဖုန်းနဲ့တစ်မျိုး အဆက်အသွယ်မပျက်ခဲ့ဘူး။ ဒီလိုနဲ့ပဲ တစ်ရက်မှာ ကျွန်တော်တို့နှစ်ယောက် အမိုက်မဲဆုံးနဲ့ လူမဆန်ဆုံးလုပ်ရပ်ကြီးကို လုပ်မိခဲ့ကြတာပဲ"

ကြားနေရသော စကားသံတွေကို မယုံကြည်လက်မခံနိုင်စွာပင် ခေါင်းကိုခါရမ်းလျက် နားနှစ်ဖက်ကိုပိတ်ပစ်လိုက်မိသည်။ အောက်နှုတ်ခမ်းကို ပြတ်ထွက်မတတ် ဖိကိုက်ထားမိပေမယ့် အ[illegible]က မနာကျင်ဘဲ အသည်းနှလုံးက နာကျင်နေတာ ခံရခက်လွန်းသည်။

အားလုံးကို ကျွန်မနည်းတူ ကြားသိလိုက်ရသော မာန်က ကျွန်မ ပခုံးလေးကိုထွေးပွေ့ဖက်ထားပေး၏။





"ဒီမှာ နှစ်ဖက်မိသားစု ဘယ်လိုကျန်ခဲ့မယ်ဆိုတာ ကျွန်တော်တို့မတွေးဘူး၊ အင်္ဂလန်မှာ ဘယ်သူမှမသိဘဲ ပျော်ရွှင်မှုကို ခံစားနေရတဲ့ဘဝမျိုးကိုပဲ မက်မောသာယာခဲ့ကြတယ်၊ အဆိုးထဲက အကောင်းလို့ပြောရမှာကတော့ အခု သူဆုံးပါးသွားတဲ့အချိန်ထိ ကျွန်တော်တို့နှစ်ယောက် သစ္စာရှိရှိနဲ့ တစ်ယောက်ကိုတစ်ယောက် ဖေးမပြီး နေနိုင်ခဲ့တာပါပဲ၊ သားသမီးလည်း ထပ်မယူဖြစ်တော့တာမို့ ဘဝရဲ့အချိန်တွေကို အပြန်အလှန်ပေးဆပ်ရင်းနဲ့ ကုန်ဆုံးနိုင်ခဲ့တယ်"

သစ္စာ.ဟုတ်လား။ အဲဒီ သစ္စာဆိုတဲ့စကားလုံးက ရှင်တို့တွေအတွက် တန်လို့လား။ ကိုယ့်မိသားစု အသီးသီးဆီမှာ နာကျင်ကြေကွဲမှုတွေ တစ်သက်စာမကျက်နိုင်တဲ့ ဒဏ်ရာတွေပေးပြီးတော့မှ သစ္စာ ဟုတ်လား။

ရင်ထဲမှာ ခံပြင်းလွန်းသောကြောင့် နှုတ်ခမ်းနှစ်ဖက်လုံး မဲ့ကွေးပြုံးလိုက်မိသည်။

"ခုလည်း အန်တီ့မှာ အပူကြီးတစ်ခု ဖြစ်နေရတယ် မောင်ဘုန်းရင့်ရယ်၊ မြေးလေးက မနေ့က မောင်ဘုန်းရင့်နဲ့ထွက်သွားပြီးတည်းက ပြန်ရောက်မလာခဲ့ဘူး၊ ဖုန်းကိုလည်း စက်ပိတ်ထားတယ်"

"ဗျာ သူ ပြန်ရောက်မလာဘူး ဟုတ်လား၊ ကျွန်တော်က သူ့ကို အခန်းထဲမှာ ကျွန်တော့်လိုပဲ မျက်နှာပူပြီး ထွက်မလာနိုင်တာလို့ ထင်နေတာ၊ ဒီလိုဆို ဘယ်ဖြစ်မလဲ၊ ကျွန်တော့်အပြစ်တွေပါဗျာ ဘာလုပ်ကြမလဲဟင် ကျွန်တော်တို့ ဘယ်ကနေ စရှာကြမလဲ၊ သူ့သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



မာပ်ဆိုတဲ့ကောင်လေး ဖုန်းနံပါတ် အန်တီမှာများ ရှိမလား''

ဘုန်းရင့်မြတ် တကယ့်ကို ပျာယာခတ်စွာ ဖြစ်နေတာမြင်တော့ ကျွန်မ မနေနိုင်တော့ဘဲ ဧည့်ခန်းတွင်း လှမ်းဝင်လိုက်ရ၏။

''ဟင် သမီး သမီး မြူ ဘယ်လိုဖြစ်တာလဲ ဘွားကိုပြောစမ်း ဘာတွေဖြစ်လာတာလဲ''

''သမီးကိုခွင့်လွှတ်ပါ ဘွား၊ သူက သမီးတစ်ခါက ပြောဖူးတဲ့ ယောက်ျားလေးသူငယ်ချင်းဆိုတာပါ မာန်တဲ့၊ သမီးတို့နှစ်ယောက် ရွှေတောင်ကြားအိမ်မှာ ညဥ့ အတူရှိခဲ့ကြတာပါ၊ အဲဒီအတွက် သမီးကို ကြိုက်တဲ့အပြစ်ပေးနိုင်ပါတယ် ဘွား''

''ကျွန်တော် မှားခဲ့တာပါ၊ မြူ့မှာ ဘာအပြစ်မှမရှိပါဘူး၊ သူ့ကို အိမ်မပြန်ဖြစ်အောင် ကျွန်တော်တားမြစ်ခဲ့တာပါ''

''မဟုတ်ပါဘူး မာန့်မှာ အပြစ်မရှိပါဘူး၊ သမီး မိုက်တာပါ''

ကျွန်မကိုမြင်လို့ ဝမ်းသာအားရနှင့် ထိုင်ခုံမှ မတ်တပ်ထရပ်မိသည်ထိ ဖြစ်ခဲ့ရသော ဘွားသည် ခုတော့ မျှော်လင့်မထားသော အခြေအနေတစ်ခုကို တစ်မနက်တည်းမှာပင် နှစ်ခါကြုံလိုက်ရသည်မို့ ထိုင်ခုံပေါ်သို့ သက်မဲ့အရုပ်တစ်ခုလို ပုံကျသွားခဲ့၏။

''ဘွား သမီးကို ခွင့်လွှတ်ပါ ဘွားရယ်''

ဘွားရှေ့မှာ ဒူးထောက်လျက် ဘွားပေါင်ပေါ်မျက်နှာအပ်ပြီး ကျွန်မ ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိ၏။ ဘုန်းရင့်မြတ်တို့သားအား သုံးယောက်မှာလည်း ဘာပြောလို့ ပြောရမှန်းမသိ။ ဒီတစ်ခါတော့ သူတို့





ပွဲကြည့်ပရိသတ် လုပ်နေရသည်။

''ခုမှတော့ ဘာတတ်နိုင်တော့မှာလဲလေ၊ ငါ့မြေးရွေးချယ်တဲ့ ချစ်သူက ဆိုးဆိုးရွားရွား မဟုတ်မှာတော့ ဘွား ယုံကြည်ပါတယ်''

''မြူ့ကိုတစ်သက်လုံးစာအတွက် ကျွန်တော့်ဆီမှာ ယုံကြည်ပြီး အပ်နှံလို့ရပါတယ်၊ ကျွန်တော့်အသက်နဲ့လဲပြီး မြူ့ကိုတန်ဖိုးထားချစ်ပေးမှာမို့ ဘွား စိတ်ချပါနော်၊ ခုမနက် ဒီကိုမလာခင်ဘဲ ကျွန်တော့်အိမ်ကိုလည်း ဖုန်းဆက်ပြီးခဲ့ပါပြီ၊ မကြာခင်မှာ မေမေတို့လိုက်လာကြမှာပါ''

''ချစ်တဲ့သူကို ငါ့မြေးစိတ်ကြိုက် ရွေးချယ်ခဲ့တာမို့ တစ်သက်တာလုံးစာအတွက် ဒီအိမ်ထောင်ကို ထိန်းသိမ်းနိုင်မယ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရဲ့လား။ ဘွား ဖြစ်စေချင်တာ တောင့်တမိတာကတော့ အဓိက အဲဒီအချက်ပါပဲ''

''သမီးကိုယ်သမီး ယုံကြည်မှုရှိပါတယ် ဘွား၊ သူနဲ့သာဆို ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် သမီး ရပ်တည်နေနိုင်မှာပါ၊ သမီးရဲ့ ပျော်ရွှင်မှုက သူပါဝင်မှ ပြည့်စုံမှာမို့ပါ''

ဘွားမျက်နှာတွင် ကျေနပ်ပြုံးလေးတစ်ခု တွေ့လိုက်ရသောကြောင့် ကျွန်မလည်း ဝမ်းသာခဲ့ရသည်။ အပူပေါ် အပူဆင့်သလိုဖြစ်သွားပြီးကာမှ ထိုအပူထဲက အကောင်းတစ်ခုကို ဘွား ရှာဖွေခဲ့ခြင်းဖြစ်ပါလိမ့်မည်။

အဲဒီအတွက် ဘွား စိတ်ချမ်းသာပြီး တစ်သက်လုံးကျေနပ်နေစေမည့် အိမ်ထောင်တစ်ခု ဖြစ်စေရမယ်လို့ စိတ်ထဲမှာခိုင်မာစွာ ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ချလိုက်မိ၏။

"ဘြော် ဒါနဲ့ ငါ့မြေး"

ဘွားက ကိုဘုန်းရင့်တို့ သားအဖဘက်လှည့်ပြီး တစ်ခုခုပြောရန် ပြင်သည်။ သို့သော် ဘယ်ကစပြောရမှန်းမသိပုံနှင့် စကားက တစ်ဝက်တစ်ပျက်မှာတင် ရပ်တန့်သွားခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ ဘုန်းရင့်မြတ်အပါအဝင် အားလုံးဟာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး နှုတ်ဆွံ့အနေခဲ့ကြသည်။

"သမီး တံခါးဝမှာရောက်နေတာ ကြာပါပြီ၊ အိမ်ထဲမှာလူကြီးတွေ စကားပြောနေလို့ ဝင်မလာသေးဘဲ ရပ်နေမိရင်းကနေ အားလုံးကိုလည်း ကြားပြီးပါပြီ"

"ဟင် အားလုံးကြားပြီးသွားပြီဆိုတော့"

"ဟုတ်ပါတယ် ကိုဘုန်းရင့်ရယ် ကျွန်မတို့မိသားစုနှစ်ခုကြားက ရေစက်ဆိုးအကြောင်းကို အားလုံးကြားခဲ့ပြီးပါပြီ"

"ဦးကို ခွင့်လွှတ်ပါ သမီးလေးရယ်၊ တကယ်တော့ ဦးတစ်ယောက် မိုက်လုံးကြီးခဲ့သမျှကို နောင်မျိုးဆက်တွေက ခံစားခဲ့ကြရတာပါ"

ဦးနိုင်ဘုန်းလူလည်း သားမက်ဖြစ်သူကိုကြည့်ပြီး ပြောစရာစကား ရှာမရသလို တွေတွေကြီးဖြစ်နေခဲ့၏။

"အဖေလည်း ကျွန်တော့်ကိုခွင့်လွှတ်ပါဗျာ၊ အဖေ့သမီးတစ်ယောက်ကိုပဲ စဉ်းစားကြည့်ရင်တောင် ကျွန်တော့်ကို ဆယ်ခါပြန်သတ်လို့ မဝနိုင်မှာ နားလည်ပေမယ့် ကျွန်တော် ကျွန်တော် အဖေ့ကိုရော ဒီကအမေ့ကိုပါ ရှိခိုးပြီး တောင်းပန်ပါတယ်၊ ကျွန်တော့်အပြစ်တွေကို ဆေးကြောဖို့ ရာသက်ပန် သာသနာ့ဘောင်ကို ဝင်တော့မယ်လို့လည်း ဆုံးဖြတ်ပြီးပါပြီ၊ အဲဒီဆုံးဖြတ်ချက်ကြောင့်ပဲ မြန်မာပြည်ကို ပြန်လာခဲ့တာပါ၊ အားလုံးဆီမှာ ဝန်ချတောင်းပန်ပြီးမှ ကျွန်တော် သေရင်တောင် စိတ်အေးချမ်းနိုင်မှာမို့ပါ"





အဖြစ်အပျက်တွေက နှစ်ကာလကြာမြင့်စွာ တိမ်မြုပ်နေခဲ့ပြီးမှ ခုလို ဟုန်းခနဲ ပေါ်ပေါက်လာခဲ့၍ အားလုံးရဲ့ရင်ထဲမှာလည်း ပြောပြနိုင်ရန်ခက်ခဲသည့်ဒဏ်ရာတွေ ကိန်းအောင်းနေကြမှာပါပဲ။ ဒါပေမဲ့ ခုချိန်မှာတော့ ဘယ်သူတစ်ဦးတစ်ယောက်ကမှ အပြစ်ဆိုခြင်း စွပ်စွဲခြင်းအမှုတွေ မလုပ်မိကြတော့ပါ။

မေမေဆုံးပါးသွားခဲ့ပြီဆိုတာကို ကြားလိုက်ရတာတောင် ကျွန်မစိတ်တို့က ဝမ်းနည်းပေးလို့မရနိုင်အောင် စိမ်းသက်နေခဲ့ပြီဖြစ်၏။

"သာသနာ့ဘောင်ဝင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မြန်မာပြည်ပြန်လာခဲ့တာဆိုတော့ မင်းရဲ့ရည်ရွယ်ချက်ကိုအောင်မြင်အောင်လုပ်ပါ၊ နှစ်တွေ ဘယ်လောက်ကြာကြာ မင်းတို့လုပ်ခဲ့တဲ့ အပြစ်က ကြီးမားလွန်းတာမို့ ခွင့်လွှတ်ဖို့ ခဲယဉ်းပေမယ့် ခုချိန်ကစပြီး ခွင့်လွှတ်နိုင်အောင် အထူးသဖြင့် မေ့နိုင်အောင် ကြိုးစားကြည့်မယ်၊ ဒီလောက်ဆိုရင် မင်းကျေနပ်သင့်ပါတယ်"

ဘွားအသံက ပြတ်သားရှင်းလင်း၏။ ဘွားရဲ့သဘောထားကိုလည်း ကျွန်မ လေးစားအားကျသွားမိပါသည်။ ကိုယ်မွေးထားတဲ့သမီး



www.burmeseclassic.com

www.burmeseclassic.com



ကိုတောင် တစ်သက်လုံး မုန်းတီးစိတ်တွေဖြင့် နေထိုင်လာခဲ့သော ဘွားဆီကာ ဒီလိုစကားမျိုး ဆုံးဖြတ်ချက်မျိုး ကြားလိုက်ရတာမို့လည်း လေးစားသွားရခြင်းဖြစ်သည်။

ဘွားက တကယ့်ကို ချစ်ခင်နှစ်လိုဖွယ်ကောင်းလွန်းသည့် သဘောထားပြည့်ဝသူ အမျိုးသမီးကြီးမှန်း ကျွန်မ လက်ခံလိုက်သည်။

ဘွားလိုမျိုး ခွင့်လွှတ်ချိန်တန်လျှင် ခွင့်လွှတ်တတ်သည့်စိတ်၊ မေ့ချင်တန်လျှင် မေ့ပစ်နိုင်သည့်စိတ် ပြီးတော့ ရွှေမိုးညိုလိုမျိုး ကိုယ်ချစ်သောသူအပေါ် နားလည်သိတတ်သည့်စိတ်၊ ကျွန်မသည်လည်း အဲဒီလိုစိတ်မျိုးတွေ မွေးမြူနိုင်အောင်ကြိုးစားရပါဦးမည်။

"ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦးခင်ဗျာ"

ဦးနိုင်ဘုန်းလူ စတင်နှုတ်ဆက်စကားဆိုလိုက်တာ ဖြစ်ပေမယ့် ရှေ့ဆုံးက ထွက်သွားသူက ဘုန်းရင့်မြတ်ဖြစ်၏။

"ခဏလေးနော် မာန်"

မာန်က ခေါင်းလေးတစ်ချက် ဆတ်ပြ၏။

"ကိုဘုန်းရင့် ခဏနေပါဦး"

ခြတ်လှေကားဆီ မရောက်ခင် မီလိုက်တာမို့ တော်ပါသေးသည်။ ကျွန်မကိုရပ်စောင့်နေသော သူ့မျက်ဝန်းများ၌ ကျွန်မတစ်ခါမှ မမြင်ဖူးသော အရိပ်အငွေ့တွေ ကြေကွဲခြင်း နာကျင်ခြင်း မယုံကြည်နိုင်ခြင်း ရှက်ရွံ့တုန်လှုပ်ခြင်း များပြားလွန်းလှတာမို့ အမျိုးအမည်ခွဲခြားပြဖို့ရန်တောင် ခက်ခဲလွန်းနေပါသည်။ အမြဲလိုလို နူးညံ့မှုတွေ





ပျော်ဝင်နေတတ်သည့်မျက်ဝန်းများကို ပိုင်ဆိုင်ထားခဲ့ဖူးတဲ့ လူတစ်ယောက်ဆိုတာတောင် မယုံကြည်နိုင်စရာ ကောင်းလောက်အောင်။

မနေ့ကထိ ရှင်းသန့်တောက်ပြောင်နေခဲ့သော ယောကျ်ားတစ်ယောက်သည် တစ်ရက်အတွင်းမှာပင် မျက်တွင်းတွေကျလျက် ပိုသီဖတ်သီပုံပေါက်နေခဲ့ပြီ။

"ကျွန်တော် ဒီတစ်ပတ်အတွင်း မြန်မာပြည်ကနေ ထွက်သွားဖို့ စီစဉ်ထားပါတယ်၊ ကျွန်တော့်ကိုမျက်နှာပူစရာ မလိုပါဘူး"

"ဪ ကိုဘုန်းရင့်ရယ် ခုချိန်ထိ ကျွန်မကို တွေးပေးနေသေးတာလား"

"နှစ်ယောက်လုံးအတွက်ပါ၊ မောင်နှမလိုစိတ်ဓာတ်မျိုးနဲ့ မျက်နှာချင်းဆိုင်နိုင်ဖို့ ကျွန်တော် တော်တော်ကြိုးစားယူရဦးမှာမို့ပါ၊ ကျွန်တော့်ကိုနားလည်ပေးပါနော်"

"နားမလည်ပေးနိုင်စရာ ဘာအကြောင်းမှမှ မရှိတာပဲလေ၊ ခုချိန်မှာ ကျွန်မလောက် ကိုဘုန်းရင့်ကို ဘယ်သူမှ နားလည်နိုင်မှာတောင် မဟုတ်ပါဘူး"

"မာန်နဲ့နှစ်ယောက်သား ပျော်ရွှင်နိုင်ဖို့ ကျွန်တော် အမြဲဆုတောင်းပေးနေပါ့မယ်"

"ကျွန်မ စိတ်မကောင်းပါဘူးရှင်"

"ဘာကို စိတ်မကောင်းတာလဲ၊ ခုတို့နှစ်ယောက်က မောင်နှမတွေပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဟုတ်တာပေါ့နော်"

နှစ်ဦးလုံးအတွက် လက်ခံဖို့ခဲယဉ်းလွန်းနေသေးသော အဖြစ်အပျက်မို့ တစ်ယောက်ကိုတစ်ယောက် နားလည်စွာပင် ကြည့်လိုက်မိကြ၏။ ဒီအတိတ်ဆိုးတွေနှင့်ပတ်သက်ပြီး ဘယ်သူတစ်ဦးတစ်ယောက်မှ ထပ်မနာကျင်ရလျှင် သိပ်ကောင်းပါလိမ့်မည်။

ဒါဟာ ကျွန်မရဲ့စစ်မှန်သော တကယ့်စိတ်ရင်းပါ။ ကိုဘုန်းရင့် ဖေဖေကိုလည်း အပြစ်စကားတွေ မဆိုချင်တော့။ မမျှော်လင့်ထားခဲ့သော အဖြစ်တွေက ဒီနှစ်ရက်တာအတွင်းမှာ အံ့သြစရာကောင်းလောက်အောင် ဖြစ်ပျက်သွားခဲ့ပြီ။ အရင်က အကုန်မြန်ခဲ့သောနေ့တွေသည် ခုတော့ ကြာမြင့်လွန်းနေသလိုလို။

ဖြစ်ပျက်ခဲ့ပြီးသားကိစ္စတွေကို နာကျည်းမုန်းတီးပြီး ပူလောင်နေမည့်အစား လက်ရှိပစ္စုပ္ပန်ကိုသာ တန်ဖိုးထားနိုင်ဖို့က အရေးကြီးတာ မဟုတ်လား။

အဓိကကတော့ စိတ်တစ်ခုကိုလိုသလို ထိန်းချုပ်နိုင်သွားဖို့ပါပဲ။ ဒီလိုစကားမျိုးကို ကျွန်မအား ပြောပြခဲ့ဖူးသည့် ဘုန်းရင့်မြတ်ကိုယ်တိုင် လည်းသူ့စိတ်သူ အမြန်ဆုံးထိန်းချုပ်သွားနိုင်မှာပါ။ ကျွန်မအပေါ်ထားရှိခဲ့သော ချစ်ခြင်းတရားတွေကို ဖြူစင်မှုတွေအဖြစ် သူ အကောင်းဆုံး ပြောင်းလဲပစ်နိုင်ခဲ့မှာပါ။

ဓာတ်လှေကားတံခါးလေး ပိတ်သွားပြီး ကိုဘုန်းရင့်ပုံရိပ် မျက်စိရှေ့မှ ပျောက်ကွယ်သွားသည်ထိ ရပ်ကြည့်မိပြီးမှ ခြေလှမ်းတွေကိုနောက်





သို့ ဖြည်းညင်းစွာ လှည့်လိုက်တော့ ဘယ်ချိန်တည်းက ကျွန်မကိုရပ်စောင့်နေမှန်းမသိသော မာန့်ကိုတွေ့လိုက်ရ၏။

"ဘွားကို တစ်ယောက်တည်း ထားခဲ့တာလား"

"မေမေတို့ မလာခင်ထိ ခဏနားချင်တယ်ဆိုလို့ အခန်းထဲက ခုတင်ပေါ်ထိ တွဲပို့ပေးခဲ့တာပါဗျာ"

"ကျေးဇူးတင်ပါတယ်နော်"

"အဲဒါတွေ မလိုပါဘူး"

မာန်က ကျွန်မ ပခုံးစွန်းလေးနှစ်ဖက်ကို ဆုပ်ကိုင်ရင်း သူ့ရင်ခွင်တွင်း ဆွဲသွင်းလိုက်သည်။ ကျွန်မလည်း အလိုက်သင့်လေးပင် သူ့ရင်ခွင်ကျယ်ကျယ်မှာ ခေါင်းလေးမှီနွဲ့ထားမိ၏။

ဒီရင်ခွင်ရဲ့နွေးထွေးမှုတွေကို ကျွန်မဘယ်လောက်ထိ မက်မောမျှော်လင့်ခဲ့ရတာလဲနော်။

"ပြီးတော့ ငါ့အတိတ်တွေကို မပြောပြခဲ့မိတာတွေအတွက် လည်း ငါတောင်းပန်ပါတယ်ဟာ"

"အဲဒါတွေလည်း မလိုဘူး"

"ဟင် ဒါဆို ဘာလိုတာလဲ"

မာန့်ရင်ခွင်တွင်းကနေ ကျွန်မ ခေါင်းလေးမော့လျက် မျက်လုံးလေး ထောင့်ကပ်မေးမိတော့ မာန်က ကျွန်မနဖူးလေးကို နူးညံ့စွာ နမ်းမွှေးလိုက်ပြီး

"ကောင်းတာတွေပဲကြုံကြုံ ဆိုးတာတွေပဲကြုံကြုံ လောကမှာ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အတူ ရင်ဆိုင်ပြီး ဒီလိုမျိုးလည်း ရင်ခွင်ထဲမှာ တစ်သက်လုံး ရှိနေပေးဖို့ပဲ လိုတာ''

မာန်ရယ် ခုတော့လည်း ငါ့ဘဝရဲ့နာကျင်စရာအတိတ်တွေကို နင့်အကြင်နာတွေနဲ့ အစားထိုးရပ်တည်နိုင်တော့မယ့် လွတ်လပ်စွာမြတ်နိုး ခွင့်တွေ ရနေပြီပေါ့နော်။

ကျွန်မကို ငုံ့မိုးကြည့်နေသော မာန့်ကို လက်နှစ်ဖက်နှင့်တင်း ကြပ်နေအောင် ပြန်ပွေ့ဖက်လိုက်ပြီး သူ့ဘယ်ဘက်ရင်အုံလေးကို ညင်သာစွာ အနမ်းတစ်ပွင့် ခြွေချပေးလိုက်မိသည်။

ဒါဟာ နင့်နှလုံးသားပေါ်မှာ ရေးထိုးပေးလိုက်တဲ့ ဘယ်တော့မှ မပြယ်တဲ့ ငါ့ရဲ့ထာဝရသစ္စာပါ။

အားလုံးအတွက်
နတ်သမီး

www.burmeseclassic.com